www.burmeseclassic.com

... PUBLISHING HOUSE



BURMESE CLASSIC .com

# သိုးဆောင်း



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြေခံစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝ တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အေ ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



သားသား စီစဉ်သည်။

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ်-၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ ဇွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ဈေး၂၀၀၀
(ဟောဒါလက်ယာတောင်ဘက်ပါ) / သိုးဆောင်း ၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၂
၂၁၆ - စာ၊ ၁၂.၅ ၊ ၁၉.၅ စင်တီ။ (၁) ဟောဒါလက်ယာတောင်ဘက်ပါ

www.burmeseclassic.com

www.burmeseclassic.com

# I

ကျောပြင်ဆီမှ ပူနွေးသော အရသာကို ခံစားရသည်။ အေးစက်စက်အရာတွေမှာ ခြေထောက်ပိုင်းဆီမှ အထက်ဘက်သို့ တရွေ့ရွေ့တိုးလာနေ၏။ လည်ပင်းကိုလွန်တော့ . . .

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . "

ပါးစပ်တွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာသော ဆားငန်ရေတွေကြောင့် လည်ချောင်းကွဲမတတ် အက်ရှသွားပါသည်။ မှောက်လျက်လဲနေရာမှ လက်ထောက်ကာ အန်ချတော့ ပါးစပ်တွင်းမှ ရေတွေပြန်ထွက်ကျသွားသည်။ သို့တိုင်အောင် ချောင်းတဟွတ်ဟွတ် ဆိုးနေတုန်း . . .

"အဟွတ် . . . အဟွတ် . . . "

မျက်လုံးပွင့်ပွင့်ချင်း ပထမဆုံးမြင်ရသည်ကား 'ကျဲနောက်နောက်' ရေတွေ။ ကြည့်နေတုန်းပဲ ရေတွေမှာ အောက်ဖက်ဆီ ပြန်လျောဆင်းသွားသည်။ ရေကုန်တော့ သဲသောင်ပြင်ပေါ်လာ၏။ စိတ်နဲ့လူ ကပ်မိသွားချိန်မှာ နားတွင်းဝင်လာသည်ကား . . .

လေတိုက်သံ၊ သစ်ပင်တို့ ယိမ်းထိုးသံ၊ ရေလှိုင်းသံ . . .



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ . . .

သူ့ရှေ့တည့်တည့်မှာ အုန်းပင်တန်းတွေ . . .

အစီအရီပေါက်နေခြင်းမဟုတ်ဘဲ အလေ့ကျ ရှင်သန်နေသည့် သဘောမျိုး။ အုန်းပင်တန်းတို့ နောက်မှာကား တောအုပ်ကြီးတစ်ခု။

ကိုယ့်မျက်စိ ကိုယ်ပင်မယုံနိုင်အောင် ဖြစ်သွားရပါသည်။

ငါဘယ်ရောက်နေတာလဲ။

ထိုမေးခွန်းက သူ့ခန္ဓာတွင်းမှာ အော်မြည်လှိုင်းခတ်သွားသည်။ တောနက်ကြီးတစ်ခုရှေ့ကိုပဲ ရောက်နေသလို။ ထိုစဉ်မှာပဲ နောက်ဖက်ဆီမှ ရေလှိုင်းကြီး မြည်သံတစ်ခုကို ကြား၍ လှည့်ကြည့်စဉ် . . .

"ဟာ . . . ဘုရားရေ"

'ဝုန်း'ခနဲ ရိုက်ခတ်လိုက်သော ရေရှိန်ကြောင့် လူက ပက်လက်လန်ကျသွားသည်။ သူ့ကိုယ်ပေါ်မှ ရေတွေဖြတ်စီးသွား၏။ ရေတွေကြားမှာပင် ကုန်းထတော့ စပ်ဖျဉ်းသောအရသာကို မျက်လုံးဆီမှ ခံစားလိုက်ရသည်။ မျက်နှာပေါ်မှ ရေတွေကို ပွတ်ချလိုက်ပြီးသည့်နောက်မှာ . . .

"အို . . . "

အပြောကျယ်သော ရေပင်လယ်ကြီးကို တခမ်းတနားတွေ့လိုက်ရတော့၏။ မျက်စိတစ်ဆုံး ရေပြင်ကြီးက ရင့်ကျက်တည်ငြိမ်နေသည်။ ကမ်းစပ်မှာ လှိုင်းတွေ တဝုန်းဝုန်းရိုက်ခတ်နေ၏။ ဟိုးမိုးကုတ်စက်ဝိုင်းအဆုံးမှာ ကောင်းကင်နဲ့ရေပြင် ထိစပ်နေသည်ကို မြင်ရသည်။ ကောင်းကင်ကြီးပြာနေသလို ရေပြင်ကျယ်ကြီးမှာလည်း ကောင်းကင်ရောင်တောက်နေ၏။

ထိုအပေါ်မှ နေခြည်တွေ လက်ဖြာနေသည်။ နေမင်းနဲ့ ပင်လယ်ထိစပ်မှုမှာလည်း မျက်စိကျိန်းမတတ်၊ သူ့ကို တွန်းတိုက်သွားသည့်ရေလှိုင်းကြီးမှာတော့ အောက်ခြေကမ်းစပ်ဆီ ပြန်လည်နိမ့်ဆင်းသွားပါပြီ။

ရှေ့တည့်တည့်မှာက ပင်လယ်ပြာ၊ နောက်ဖက်မှာက အုန်းပင်တန်းနဲ့ တောအုပ်၊ ခေါင်းတွင်းသို့ အမေးတစ်ခု ဝင်လာသည်။



"ငါရောက်နေတာ ကျွန်းတစ်ကျွန်းများလား"

ကျွန်းမဟုတ်ပါက ကမ်းခြေတစ်ခုသာ ဖြစ်လိမ့်မည်။ ထိုစဉ်မှာပဲ ရင်ဘတ်တစ်နေရာမှ လေးလံနေသည်ကို သတိထားမိ၏။ တစ်ကိုယ်လုံး ရေတွေရွှဲနေ၍ အဝတ်တွေမှာ လေးလံနေသည်။ သို့ပေမဲ့ ရင်ဘတ်ပိုင်းဆီမှာက ထို့ထက်ပိုကာနေ၏။ ထုတ်ကြည့်လိုက်တော့ . . .

စာအုပ်လေးတစ်အုပ်က နူးအိပျော့ဖတ်ကာ လက်တွင်းပါလာသည်။ ရင်ဘတ်က ခုနထက် အစပေါင်းများစွာ လေးလံသွားရပါပြီ။ ထို့နောက်မှာတော့ . . .

ကမ်းခြေသဲပြင်ပေါ် ဒယိမ်းဒယိုင် ပြေးတက်လိုက်တော့၏။ ဆယ့်လေးငါးလှမ်းရောက်သွားချိန်မှာ ဒူးထောက်ထိုင်ချလိုက်သည်။ ဤနေရာလောက်ဆိုလျှင်ဖြင့် ရေလှိုင်းတို့ ရောက်လာနိုင်မည်မထင်တော့။ သဲပြင်ပေါ်သို့ စာအုပ်လေးကို ဖြန့်ချလိုက်သည်။

ထိုခဏမှာပဲ မျက်လုံးတွေပြာဝေလာသည်။ တဟူးဟူးတိုက်ခတ်နေသည့် လေမှာလည်း သူ့ကို အားတက်သရော တွန်းချနေသယောင်..

ခဏလောက် သတိထားထိန်းကြည့်သေး၏။ မရ။

တရိပ်ရိပ် မူးဝေလာသည်။

ခေါင်းမထူနိုင်တော့လောက်အောင် ရီဝေအုံ့မှိုင်းလာပြီးသည့်နောက်မှာတော့ . . .

ကျယ်ပြန့်လှသော သဲသောင်ပြင် ဖွေးဖွေးပေါ်မှာ လူငယ်တစ်ယောက် လဲကျသွားချေတော့၏။

သူ . . . သတိမရတော့။



www.burmeseclassic.com

www.burmeseclassic.com

## II

"ငါ ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

ဒုတိယအကြိမ် မျက်လုံးပွင့်ပွင့်ချင်း ခေါင်းထဲရောက်လာသည်။ ထိုအကွေး၊ ယခုအချိန်မှာ နေရောင်က သူ့ခန္ဓာကိုယ်ပေါ် တည့်တည့် ရှူးရှူး ကျရောက်နေပေပြီ။ နေမွန်းတည့်ပြီပေါ့။ သို့ပေမဲ့ လေတိုက်နေသည်ကြောင့် အပူချိန်ကို တိုက်ရိုက်မခံစားရ။

ခွေခွေလေး လဲကျနေရာမှ ထထိုင်လိုက်တော့ အနည်းငယ်ပေါ့ပါးလာသလို ခံစားရသည်။ ခုနလို ခန္ဓာကိုယ်က မလှုပ်ချင် မသယ်ချင် မဟုတ်တော့။ အိပ်ပျော်သွားသည့်အတွက် အားပြည့်လာခြင်း ဖြစ်နိုင်သည်။

မျက်လုံးကိုမှိတ်ကာ စဉ်းစားလိုက်တော့ လွန်လေပြီးသော အတိတ်က အကြောင်းတွေ ခေါင်းထဲမှာ တရေးရေးပေါ်လာသည်။ ယူနီဖောင်းဝတ် ပုဂ္ဂိုလ်တွေ သူ့ကိုလက်ထိပ်ခတ်ပြီး သင်္ဘောတစ်စီးနှင့် ခေါ်ဆောင်လာ၏။ သူတို့ထွက်လာတုန်းက မနက်ခင်းရောင်နီပျိုးစဖြစ်သည်။

သူ့ကို သင်္ဘောဝမ်း၌ရှိသော အခန်းတစ်ခန်းထဲတွင် ထည့်ကာ အပြင်မှ သော့ပိတ်ထားသည်။ သင်္ဘောခုတ်မောင်းနေသည်ဆိုတာကလွဲ၍



သူ ဘာမှမသိ။ အချိန်မနည်းကြီး ကြာသွားပြီးတော့ လူတစ်ယောက် အခန်းကို သော့ဖွင့်ကာ သူ့ကို အပြင်ခေါ်ထုတ်သည်။

ကုန်းပတ်ပေါ်တက်လိုက်တော့ ညမှောင်နေပြီဖြစ်၏။ ပင်လယ်ရေပြင်ကလည်း မည်းမည်းလှုပ်နေသည်။ လေတွေက တဟူးဟူး။ ထိုစဉ်မှာပဲ ဦးခေါင်းနောက်ပိုင်းဆီမှ ပူခနဲအရသာကို ခံစားလိုက်ရသည်။

ဒါပဲဖြစ်၏။ သတိရတော့ ယခု ဤနေရာကို ရောက်နေသည်။ ဒါပါပဲ။ ဤနေရာ ဤအရပ်သို့ ဘယ်လိုဘယ်ပုံ ရောက်လာခဲ့သည်ဆိုတာ အထက်ပါ အကြောင်းအရာတွေမှလွဲ၍ သူ ဘာမှပိုမသိ။

ဟယ်စဉ်းစားကြည့်ပေမဲ့ ခေါင်းတွေ ပူလာတာသာ အဖတ်တင်သည်။ ဘာမှ ထပ်ထွက်မလာ။ ဒီတော့ မျက်လုံးကို ပြန်ဖွင့်ကာ ပင်လယ်လေကို ရှူရှိုက်လိုက်၏။ ဆားနံ့သင်းပေမဲ့ အသက်ရှူရတာ စီးစီးပိုးပိုး ရှိသည်။

နံဘေးမှာက သူလဲကျမသွားခင် နေလှန်းထားသော စာအုပ်လေးမှာ နဂိုအတိုင်း ရှိနေသည်။ ကောက်ယူကြည့်လိုက်တော့ အခြေအနေမဆိုးပါ။ လုံးဝ ခြောက်သွားခြင်းမဟုတ်ပေမဲ့ ရေစစ်ကာ ဖန့်သွားပေပြီ။ ရေစို၍ စုတ်ပြဲသွားမှာကို စိတ်ပူစရာ မလိုတော့။

စာရွက်များကို တစ်ရွက်ချင်း လှန်ကြည့်တော့ အဆင်ပြေပါသည်။ ရေစိုထား၍ မင်ပေါက်နေသည်မှလွဲပြီး အားလုံး အခြေအနေကောင်းသည်။ နောက်တစ်ရက်လောက် နေထပ်ပြလျှင် လုံးဝ စိတ်ချရပေပြီ။ ရင်ထဲမှာ အေးသွား၏။ အဖုံးပိတ်လိုက်တော့ ကတ်ထူစက္ကူ၏ အပေါ်ဆုံးမျက်နှာစာမှာ စာလုံးကြီးနဲ့ ရေးထားသော စာသားအချို့ရှိသည်။

စာအုပ်နာမည်ဖြစ်မည် ထင်၏။

"စိတ်၏ အရှည်အသွေး"

စာအုပ်လေးကို တယုတယ ကိုင်တွယ်ရင်း အကျီအတွင်းထဲသို့ ထိုးထည့်ကာ မတ်တတ်ရပ်လိုက်သည်။ သူ့ အာခေါင်တွေ ခြောက်ကပ်



www.burmeseclassic.com

www.burmeseclassic.com

နေပါပြီ။ ရေတစ်ခွက်လောက်ကို ဝမ်းတွင်းက တောင့်တောင့်တတ ဆာလောင်နေသည်။ သို့ပေမဲ့ အခြေအနေ မပေးသေး။ ဘယ်နားမှာ ရေရှိမှန်း သူမသိသေး။

လောလောဆယ် အာခေါင်ခြောက်ခြင်းကို ဖြေရှင်းဖို့အတွက်က တစ်နည်းသာရှိသည်။ သောင်ပြင်ရေစပ်ကို သွက်သွက်လျှောက်လှမ်းသွားလိုက်၏။ ရေစပ်ကိုရောက်တော့ ကိုယ်ကို ငုံ့ကိုင်းကာ လက်ခုပ်ဖြင့် ရေကိုခပ်ပြီး ပါးစပ်တွင်း ပက်သွင်းလိုက်သည်။

ပင်လယ်ရေကိုတော့ သောက်ရန် မဖြစ်နိုင်ပါ။ ခေတ်ဟောင်းတေးတစ်ပုဒ်ထဲမှာ 'သောက်လေသောက်လေ ငတ်မပြေ' ဟု ပင်လယ်ရေကို ညွှန်းဆိုထားတာ ကြားဖူးသည်။ ထို့ကြောင့် သောက်လို့မဖြစ်၊ နှစ်ခါသုံးခါ ပက်သွင်းလိုက်၊ ထွေးထုတ်လိုက် လုပ်ပြီးသွားတော့ ဘာမျှမဆိုင်ပေမဲ့ အနည်းငယ်နေသာထိုင်သာ ရှိသွားသလို ခံစားရသည်။

ထို့နောက်မှာတော့ လုပ်စရာတစ်ခုပဲရှိတော့၏။

ရောက်ရှိရာ ပတ်ဝန်းကျင်ကို စုံစမ်းရပေမည်။ ဒါ ဘယ်နေရာလဲ။ သူ ဒီကို ဘာကြောင့် ရောက်လာတာလဲ။ ပြီးတော့ ဘယ်သူတွေ ရှိသလဲ။ ငါ တစ်ယောက်တည်းလား။ ငါနဲ့အတူ အဖော်ရှိသေးလား။

မေးခွန်းပေါင်းများစွာနှင့် အုန်းပင်တန်းများရှိရာသို့ တရွေ့ချင်းတိုးကပ်သွားလိုက်သည်။ သဲပြင်ပေါ်မှာ ရှုပ်ပွေလျက်ရှိနေ၏။ အုန်းသီးတွေ ဟိုတစ်လုံး ဒီတစ်လုံး ကြွေကာနေသည်။ အုန်းလက်ခြောက်တွေလည်း သဲပြင်ပေါ်မှာ တွေ့ရ၏။

ရှင်းလင်းသူမရှိ၊ ယူငင်သူမရှိလို့ အမှိုက်ဖြစ်ကာ ရှုပ်ပွလို့နေပါသည်။ ထိုအုန်းသီးကြွေများဆီမှထွက်သော ချဉ်စုတ်နံ့မှာလည်း အုန်းတောတွင်းမှာ လွှင့်ပျံ့နေ၏။ နှာခေါင်းတစ်ချက်ရှုံ့ကာ ခြေငါးလှမ်းချပြီးသွားချိန် . . .

"မင်း ဘာအမှုနဲ့ အဖမ်းခံရတာလဲ"

"ဟင် . . ."



ရုတ်တရက် ကြားလိုက်ရသော အသံကြီးကြောင့် လှမ်းလက်စ ခြေလှမ်းတွေ တိခနဲရပ်သွား၏။ ထင်မှတ်မထားသည်မို့ ကြက်သီးတို့ပင် ထမိသွားပါသည်။ အသံပိုင်ရှင်ကို စူးစမ်းတော့ မတွေ့ရ။ အုန်းပင်အုန်းတန်းလေးအတွင်းမှာ သူတစ်ယောက်မှလွဲ၍ မည်သူမျှ ရှိမနေပါ။

ကြောင်တောင်တောင် ဖြစ်နေမိစဉ်မှာပဲ . . .

"ငါ့ကို မတွေ့ဖူးလား။ မင်းရှေ့တည့်တည့်မှာလေကွာ"

ရှေ့တည့်တည့်မှာက အုန်းပင်မှလွဲ၍ တခြား ဘာမျှရှိမနေပါ။

"အပေါ်ကို မော့ကြည့်လိုက်"

ကြားရသော အသံအတိုင်း အပေါ်ကို မော့ကြည့်လိုက်တော့မှ

တွေ့ရပေပြီ။ အသံထွက်ပေါ်ရာနေရာသည် လူမဟုတ်၊ အုန်းပင်နှင့် ကပ်တွဲထားသော speaker တစ်လုံး။ ထို speaker ထဲမှ ထွက်ပေါ်နေခြင်းဖြစ်ပါသည်။ အကြောင်းသား သူ ငေးသားမိစဉ်မှာပဲ . . .

"ကောင်လေး . . . ငါမေးတာကို မင်း မဖြေရသေးဘူးနော်"

ဒီတော့မှ လူက သတိဝင်သွားကာ . . .

"နည်းပညာခိုးမှု"

ယောင်တိယောင်ကန်း ပြန်ဖြေလိုက်တော့ တစ်ဖက်မှ အသံ ဘပ်ထွက်လာပါသည်။

"နည်းပညာ ခိုးမှုဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် နည်းပညာခိုးမှုနဲ့ အဖမ်းခံရတာ"

"အဆန်းပါလားကွ။ ဘယ်လို နည်းပညာ ခိုးမှုလဲ"

"လူတွေရဲ့စိတ်ကို ပြောင်းလဲစေတဲ့ နည်းပညာ"

"ဟော . . ."

ထိုမျှနှင့် အပြန်အလှန် စကားပြောဆိုမှု ခဏရပ်သွားသည်။ သူ့စကားက ကြားရသူအတွက် အဆန်းတကြယ် ဖြစ်သွားသည်ထင်၏။

"လုပ်စမ်းပါဦးကွ။ လူတွေရဲ့စိတ်ကို ဘယ်လိုပြောင်းလဲသွားစေတဲ့ နည်းပညာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကြုတ်သွားမိသည်။ အရေးကြီး တစ်ခုတစ်ရာကို လည်း အခုမှ သတိရသည်။ ပြန်သာ ဖြေနေသည်။ speaker ထဲမှ အသံ ပိုင်ရှင်ကို သူမသိ။

ထို့ကြောင့် . . .

"ခင်ဗျားက ဘယ်သူလဲ"

မာဆတ်ဆတ် သူ့အမေးနှင့် လျော့ညီစွာပင် တစ်ဖက်မှ တုံ့ပြန် လာသည်။

"ငါ့ကို ဘယ်သူလဲ . . . ဟုတ်လား။ ဒီမှာ ကောင်လေး မင်းသိ ထားရမှာက မင်းဟာ ရာဇဝတ်မှုကျူးလွန်ထားတဲ့ ရာဇဝတ်သားနော်။ မင်းကိုယ်မင်း ငါဘာလဲဆို သေချာသိထား၊ ငါ့ကို မေးခွန်းတွေ ပြန်မမေး နဲ့။ ငါမေးတာကိုပဲ ဖြေ"

မာထန်လွန်းသော ဗိုစကားတွေကြောင့် လူက အလိုလို ကျုံ့ သေးသွားသည် ထင်မိသည်။ ထပ်ကြားရပြန်သည်။

"နောက်တစ်ခု ထပ်သိထားလိုက်။ ဒီကျွန်းပေါ်မှာ မင်း အချိန် မရွေးသေသွားနိုင်တယ်"

ထိုစကား သည် ခြိမ်းခြောက်မှုဆိုလျှင်တော့ သူ အေးအေးဆေး ဆေးသာ တုံ့ပြန်နိုင်သည်။ သေရမှာကိုတော့ သူမကြောက်ပါ။ ဒါပေမဲ့

"ပြောစမ်းပါဦး . . . လူတွေရဲ့စိတ်ကို ပြောင်းလဲပေးတဲ့ နည်း ပညာဆိုတာ ဘာလဲ"

နောက်ထပ် မေးခွန်းသံ ထပ်ထွက်လာတော့ သက်ပြင်းကို အသာ ချလိုက်သည်။ မတတ်နိုင်တော့ ၊ ရောမရောက်လျှင် ရောမလို ကျင့်ရ မည်။ ပြီးတော့ အခက်အခဲကြားထဲမှာ လိုက်လျောညီထွေနေတတ်ရမည်။ ထိုအထဲမှ ကိုယ်လိုချင်တာ နှိုက်ထုတ်ယူတတ်ရမည်။ အနည်းဆုံး အမှား ထဲက သင်ခန်းစာတစ်ခုလောက် ရအောင်ယူနိုင်လျှင်မနည်း။

ကျင့်သားရနေသော စိတ်အစဉ်အတိုင်း သိချင်မှုတွေ လျှော့ချ ပြီး အဖြေပေးဖို့ ကြိုးစားလိုက်သည်။



"ဆယ့်ကိုးရာစုနောက်ပိုင်းကစပြီး လူသားတွေရဲ့စိတ်ဟာ တဖြည်းဖြည်း ပုံစံတွေ ပြောင်းလာခဲ့တယ်။ အခုဆို ကမ္ဘာကြီးမှာ လူသား ထောင်သောင်းများများရဲ့ စိတ်တွေ ပျက်စီးယိုယွင်းမှု နောက်ဆုံးအချိန်ကို ရောက်နေပြီ။ အငြိုးတွေ၊ အာဃာတတွေ၊ ကောက်ကျစ်မှုယုတ်မာမှု၊ အကျင့် ကြီးမှုတွေ၊ တစ်ကိုယ်ကောင်းဆန်မှုတွေ၊ အလိုလောဘကြီးမှုတွေကြောင့် လူတွေဟာ မငြိမ်သက်တော့ဘူး။

နည်းပညာရဲ့ ဘေးထွက်ဆိုးကျိုးကြောင့် ကမ္ဘာကြီး ပူလောင်နေ ပြီ။ ပူလောင်နေတဲ့ ကမ္ဘာကြီးအတိုင်းပဲ လူသားတွေဟာလည်း ပူလောင် မှု ဒုက္ခခံနေရပြီ"

စကားကို ခဏနားတော့ . . .

"ဆက်ပြောပါ"

"အဓိက အကြောင်းကတော့ ငွေကြေးစီးဆင်းမှုပေါ့။ ငွေကြေး စီးဆင်းမှုနောက်ကို လိုက်ရင်းနဲ့ လူသားရဲ့ စိတ်ဓာတ်တွေ ပုံပြောင်းသွား တာ။ အရင်လို အေးချမ်းမှုမရှိတော့ဘူး။ အတ္တတွေဖုံးပြီး လောဘကြီး တတ်လာတယ်။ ရက်စက်တတ်လာတယ်။ ယုတ်မာတတ်လာတယ်။ နောက်ဆုံး သတ်ဖြတ်တတ်လာတယ်။

အခု ကမ္ဘာကြီးရဲ့ လူသားဇော်တော်များများမှာ ကိုယ့်ဒုက္ခနဲ့ ကိုယ်သွေးသံရဲရဲ ဖြစ်နေကြပြီ။ အဲဒါကို ကယ်တင်ဖို့ ပညာရှင်တစ် ယောက်က နည်းပညာတစ်ခုကို တီထွင်လိုက်တယ်။ အဲ့ဒီနည်းပညာက ယုတ်ညံ့တဲ့ စိတ်ကနေ ကောင်းမွန်တဲ့စိတ်ကို ပြောင်းလဲသွားစေတဲ့ နည်း ပညာ"

"ဟာ . . . ဒါ ကောင်းတဲ့ တီထွင်မှုပဲ"

"မဟုတ်ဘူး။ ပညာရှင်က အဲ့ဒီနည်းပညာကို တီထွင်ပြီး ရောင်း စားတာ"

"ဟေ . . ."

"တန်ဖိုး အရမ်းကြီးတယ်။ သာမန်လူတွေ မဝယ်နိုင်ဘူး။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com

ယုတ်၊ စိတ်ညံ့တွေမရှိရင် လူက အလိုလို အေးချမ်းလာမှာပဲလေ။ ဒါပေမဲ့ အဲ့ဒီအကျိုးကို လူသားတိုင်း မခံစားရဘူး။ ပိုက်ဆံချမ်းသာတဲ့ အသိုင်းအဝိုင်းကလူတွေ၊ အထက်တန်းလွှာတွေပဲ ခံစားရတာ။

အခုဆို သူတို့တွေက စိတ်ပြောင်းပေးတဲ့ နည်းပညာကြောင့် ဟိုအရင်ရာစုတွေက လူတွေလို အေးအေးချမ်းချမ်း ဖြစ်နေကြပြီ။ ပူလောင်မှုတွေ လျော့ပါးကုန်ကြပြီ။ ပြီးတော့ တစ်ဖက်ကလည်း အရင်ကအတိုင်း ငွေတွေ ဒလဟောစီးဝင်နေကြပြီး အောက်ခြေလူတန်းစားနဲ့ လူလတ်တန်းစားတွေကတော့ ငွေကြေးရဲ့ ဒုက္ခပေးမှုအောက်မှာ အရင်လို သွေးသံရဲရဲပဲ။ ဒါကြောင့် ကျွန်တော် အဲ့ဒီနည်းပညာကို ခိုးဖို့ ကြိုးစားတာ"

"ဘာအတွက်လဲ"

"လူသားအားလုံးအတွက်ပေါ့။ လူတွေရဲ့စိတ်ကို ပုံစံပြောင်းရမယ်လေ။ ဒါမှ လူသားအားလုံး တစ်ပြေးညီ အေးချမ်းရမှာ"

"ခိုးလို့ရခဲ့လား"

"မရခဲ့ဘူး။ မြင်တဲ့အတိုင်းပဲ ကျွန်တော် အဖမ်းခံရတယ်"

"ဟား . . . ဟား . . . ဟား . . . "

speaker ထဲမှ ရယ်သံအကျယ်ကြီးကို ကြားရ၏။



# III

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"လက်ယာ . . . "

"ဟာ . . . နာမည်က အမိုက်စားပါလား"

"အဖေကိုယ်တိုင် ပေးထားတဲ့နာမည်"

"အဲလိုဆို မင်းက နည်းပညာခိုးမှုနဲ့ အဖမ်းခံရတာပေါ့"

"ဟုတ်တယ်"

"ရှားတော့ ရှားသားကွ။ ဒီကျွန်းပေါ်ကို မင်းလိုလူမျိုး တစ်ယောက်မှ ရောက်မလာဖူးဘူး။ သာမန်ရာဇဝတ်မှု ကျူးလွန်သူတွေပဲ အတွေ့များတယ်။ အများစုကတော့ လူသတ်မှုပေါ့။ ထားပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရာဇဝတ်သားတစ်ယောက်အနေနဲ့ ရောက်လာတာဆိုတော့ ဒီကျွန်းနဲ့ပတ်သက်ပြီး မင်းသိထားသင့်တာတွေ ပြောပြရမှာပေါ့။ ဒါနဲ့ မင်းကိုခေါ် လာတဲ့လူတွေ ဒီကျွန်းအကြောင်း ဘာတွေပြောပြထားသေးလဲ"

"ဟင့်အင်း . . . ဘာမှ မပြောပြပါဘူး"

"ကျွတ် . . . အဲဒါခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

စုတ်သပ်သံတစ်ခုနဲ့အတူ စိတ်မရှည်သလို စကားတို့ ထွက်လာ၏ ။

"အမှန်က သူတို့ပြောပြထားရမှာ။ သူတို့ ဘာမှမပြောပြတော့ ရောက်လာသမျှလူတွေကို ငါကချည်းပဲ ပြောပြနေရတယ်"

စကားသံ နားတောင်ရသလောက် ဘဝင်သိပ်ကျဟန်မရှိသည်ကို တွေ့ရသည်။

"ဒါနဲ့ မင်းကို အမိန့်ချတော့ တရားသူကြီးက ဘာပြောလဲ"

လက်ယာ အနည်းငယ်စဉ်းစားလိုက်သည်။ မှတ်မှတ်ရရရှိနေသော စကားမို့ ခဏချင်းပင် ခေါင်းထဲမှာပေါ်လာ၏။

"ကျွန်တော့်ကို ကျွန်းပေါ်ပို့မယ်လို့ ပြောတယ်"

"အေး . . . သူတို့ပို့မယ်ဆိုတဲ့ ကျွန်းက ဒီကျွန်းပဲ။ ပြန်လမ်းမရှိတဲ့ကျွန်းတော့ မဟုတ်ဘူးပေါ့ကွာ။ မင်းရဲ့ ကြိုးစားအားထုတ်မှု၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကံကြမ္မာကိုလိုက်ပြီး အပြောင်းအလဲရှိတယ်။ ဒီကျွန်းက လွတ်အောင်ထွက်နိုင်ရင် ကမ္ဘာလောကကြီးနဲ့ ပြန်ဆုံတွေ့ရလိမ့်မယ်"

ကြားရသော စကားတွေကို သိပ်နားမလည်။ ထို့ကြောင့် . .

"ကျွန်တော် သိပ်နားမလည်ဘူး"

"ရှင်းရှင်းလေးပါ။ ဒီကျွန်းက လွတ်မြောက်တဲ့လူဟာ သာမန်လူ ပြန်ဖြစ်သွားလိမ့်မယ်"

နားထဲမှာ မိုးကြိုးပစ်သလို 'ဒိန်း'ခနဲ ဆူလောင်သွားသည်။ ရင်ခုန်မှုတစ်ခု၏နောက်ကို လိုက်ရင်း . . .

"သာမန်လူဆိုတာ ဘာကိုပြောတာလဲ"

အလျင်စလို ထွက်သွားသော သူ့အမေးကို . . .

"အပြစ်တွေအားလုံး ကင်းလွတ်တဲ့လူပေါ့"

"ဗျာ . . ."

"အရိုးရှင်းဆုံးပြောမယ်ကွာ။ မင်း ပြုလုပ်ခဲ့တဲ့ အပြစ်တွေကို ဆေးကြောဖို့ ဒီကျွန်းကိုပို့လိုက်တာ။ ဒီကျွန်းမှာ မင်းကို ချုပ်နှောင်မထားဘူး။ သာမန်လူတွေအတိုင်းပဲ လွတ်လွတ်လပ်လပ်ထားမှာ။ ဒါပေမဲ့ ထွက်ပြေးဖို့ မကြိုးစားနဲ့။ ဒီကျွန်းက ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်း။ လူသူအရောက်အပေါက် လုံးဝမရှိဘူး။

ကျွန်းရဲ့ မိုင်တစ်ရာပတ်လည်ကတောင် ဘယ်သင်္ဘောမှ ဖြတ်မောင်းကြဘူး။ အဲ့တော့ ထွက်ပြေးဖို့ ကြိုးစားရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်လိမ့်မယ်"

"ဒါဆို ကျွန်တော်က ကျွန်းပေါ်မှာ ဘာလုပ်ရမှာလဲ"

"အသက်ရှင်ဖို့ ကြိုးစားရမယ်၊ လောကကြီးထဲကို ပြန်သွားချင်သေးတယ်ဆိုရင်ပေါ့"

"ဘာအဓိပ္ပာယ်လဲ"

နားမလည်စွာ မေးလိုက်တော့ . . .

"တို့ကျွန်းမှာ ပြစ်ဒဏ်ရယ်၊ ဆုလာဘ်ရယ်ဆိုပြီးတော့ နှစ်ခုရှိတယ်။ ပြစ်ဒဏ်ဆိုတာက မင်းကိုယ်မင်း ရပ်တည်နိုင်အောင် ကြိုးစားဖို့ပဲ၊ နေ့စဉ်နေ့တိုင်း မင်း စားသောက်ဖို့ ငါတို့ စီစဉ်ပေးမထားဘူး။ မင်းရဲ့ လက်၊ ခြေ၊ ဦးနှောက်ကို အသုံးပြုပြီး အသက်ရှင်ရပ်တည်နိုင်အောင် ကြိုးစားရမှာ။ မင်း ဝမ်းရေးတွက် မင်းကိုယ်တိုင် ဖြေရှင်းရမှာ။ မင်းရဲ့ အသက်အန္တရာယ်ကို မင်းကိုယ်တိုင် ကာကွယ်ရမှာ"

"ဆုလာဘ်ကရော . . ."

"ကျွန်းပေါ်မှာ ပြန်လမ်းမရှိ၊ တစ်သက်လုံး မနေချင်သူတွေအတွက် အခွင့်အရေးတစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်းက လွတ်မြောက်အောင် ကြိုးစားဖို့ပဲ"

လက်ယာ ရန်ခုန်သံတွေ မြန်သွား၏။ ဒီလူကြီးရဲ့ စကားအဓိပ္ပာယ်က ဘာလဲ။ စိတ်ဝင်စားသွားသည်။ သူ့ ရင်ခုန်နေစဉ်မှာပဲ ...

"ကျွန်းပေါ်မှာ တစ်ခုတည်းသော ထွက်ပေါက်ရှိတယ်။ အဲဒါကို ရှာတွေ့ပြီး ထွက်ပေါက်က ထွက်နိုင်ရင် မင်း လွတ်မြောက်ပြီပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ဒါက ကျွန်းပေါ်ရောက်လာတဲ့ အပြစ်ကျူးလွန်သူတွေအားလုံးအတွက် ဆုလာဘ်ပဲ"

ကျောက်ရုပ်တစ်ခုလို လူက ထောင်မတ်သွားသည်။ တစ်ကိုယ်လုံးလည်း ရေခဲရိုက်ခံရသလို အေးခဲသွားသည် ထင်မိ၏။ မင်သက်မှုလွန်ကဲကာ စကားပင် ချက်ချင်းလက်ငင်း မပြောနိုင်။

"ထွက်ပေါက်က ထွက်နိုင်တဲ့ လူဟာ လောကကြီးဆီ ပြန်သွားခွင့်ရှိမယ်။ အဲလိုမှမဟုတ်ရင်တော့ မင်းတို့ကို ကျွန်းပေါ်ပို့လိုက်တဲ့ ရည်ရွယ်ချက်ဟာ အစာငတ်၊ ရေပြတ်၊ ဒါမှမဟုတ် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်ပြီး သေဆုံးဖို့ပဲ။ လာပြန်ခေါ်မှာ မဟုတ်တဲ့အတွက် နှစ်တွေအများကြီး အသက်ရှင်ကျန်ရစ်လည်း ထွက်ပေါက်မတွေ့ရင် နောက်ဆုံး အသက်ကြီးပြီး သေမှာပဲ။ အဲတော့ မင်းတို့ လုပ်စရာတစ်ခုပဲ ရှိတယ်"

ကြားရသော စကားက နားတွင်းမှတစ်ဆင့် နှလုံးသားသို့ တအိအိ စီးဝင်သည်။ ပြီး ဦးနှောက်သို့ဝင်ရောက်ကာ အချက်ပေးခေါင်းလောင်းတွေ မြည်ကုန်၏။ တကယ်အမှန်တွေလား၊ သူတို့လို ပြစ်ဒဏ်ကျခံသူတွေအတွက် တကယ်ပင် ထိုအခွင့်အရေးမျိုး ရှိတာလား။

"ခင်ဗျား တကယ်ပြောနေတာလား"

"မယုံရင်တော့ ကျွန်းပေါ်မှာ တစ်သက်လုံး နေသွားလိုက်ပေါ့"

စကားဆက်စရာမလိုအောင်ပင် အဖြေက ပြီးပြည့်စုံသွားသည်။

"မင်း စဉ်းစားတတ်ရင် သဘောပေါက်မှာပါ။ မင်းကို ငါတို့ ကျွေးထားမှာမဟုတ်ဘူး။ မင်းဝမ်း မင်းကျောင်းပြီး မင်းအသက်ကို မင်းကိုယ်တိုင် စောင့်ရှောက်ရမှာ။ ဒီတော့ မင်းသဘောပဲ။ ကျွန်းပေါ်မှာ တစ်သက်လုံးနေသွားချင်လည်း ရတယ်"

အတည်ပြောနေခြင်းဖြစ်မှန်း တဖြည်းဖြည်း သဘောပေါက်လာသည်။ အသံပိုင်ရှင်မှာ မည်သူဖြစ်မှန်း မသိပေမဲ့ ပြောစကားတွေကတော့



လုံးဝစိတ်ဝင်စားဖို့ ကောင်းနေတာ သေချာ၏။ တကယ်အမှန်သာဆိုရင်တော့ သူ့အတွက် နောက်တစ်ခါ မရနိုင်သော အခွင့်အရေးပါပဲ။

"မင်း ဘာလုပ်ဖို့ စဉ်းစားထားလဲ"

မေးခွန်းဆုံးတော့ သူ သေချာစဉ်းစားလိုက်သည်။ ပြီး ရင်ထဲမှ တကယ်တောင့်တနေသော အဖြေတစ်ခုကို ပေးလိုက်၏။

"အခု လောလောဆယ် ကျွန်တော် ရေသောက်ချင်တယ်"

"ဟား . . . ဟား . . . ဟား . . . အဲ့ဒီမှာ စတာပဲ။ မင်းကို ငါ တစ်ခုပြောဖို့ မေ့နေတယ်။ ဒီကျွန်းပေါ်မှာ ရေချိုကန်တစ်ကန်ပဲရှိတယ်"

"ဘယ်နားမှာလဲ၊ ကျွန်တော် ဘယ်ကိုသွားရမလဲ"

အလျှင်စလို သူမေးလိုက်တော့ . . .

"မင်းကို ငါ အဲ့ဒီလောက် ပြောပြခွင့်မရှိဘူးလေ"

"ဒါဆို ကျွန်တော်ဘယ်လိုလုပ်ရမလဲ။ ပင်လယ်ရေတွေ သွားသောက်ရမှာလား"

ဂျစ်ကန်ကန်ပြောလိုက်တော့ . . .

"အကောင်းဆုံးကတော့ ရှေ့ကို နည်းနည်းဆက်လျှောက်လာလိုက်ပါ။ မင်းအတွက် တစ်ခုခု အဆင်ပြေနိုင်ပါတယ်"

ပြီးတော့ speaker မှ အသံတိတ်သွား၏။ နောက်ထပ် စကားသံ ထပ်ထွက်မလာတော့။ တစ်ယောက်တည်းသာ ယောင်တောင်တောင် ကျန်ခဲ့သည်။ အခုမှ ရေကလည်း ပိုဆာလာသလို ရှိ၏။ နောက်ဆုံးတော့ ပြောသလိုသာလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။

ဆက်လျှောက်လာခဲ့လိုက်သည်။ အုန်းပင်တန်းလွန်သွားတော့ ပြန့်ပြူးပြူးသဲပြင်တစ်ခုကို တွေ့ရ၏။ အလယ်မှာ ကျောက်ခုတင်တစ်လုံးရှိလေသည်။ ထိုစဉ်မှာပဲ . . .

"ကျောက်ခုတင်ပေါ်မှာ လက်ဝါးပုံစံပန်းချီပုံ သုံးခုရှိတယ်။ အဲဒီထဲက မင်းနှစ်သက်ရာတစ်ပုံ ရွေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com

အသံ ဘယ်က ထွက်လာတာလဲ ဟိုဟိုဒီဒီ ကြည့်တော့ ခပ်လှမ်းလှမ်းသစ်ပင်ထက်ဆီမှ speaker တစ်လုံးကို တွေ့ရပါသည်။ ဘာပင်မှန်းတော့ သူမသိ။ ဘာပဲဖြစ်ဖြစ် လုပ်စရာတစ်ခုသာရှိသည်မို့ ကျောက်ခုတင်ရှိရာကို လျှောက်သွားလိုက်သည်။ အနည်းငယ် လှမ်းသေးသည်ကြောင့် အပေါ်မှာ ဘာပန်းချီပုံတွေဆွဲထားလဲ သူ မမြင်ရသေး၊ အနီးကပ်ရောက်သွားစဉ် . . .

ကျောက်ခုတင် မျက်နှာပြင်ပေါ်မှာ တွေ့ရသည်က . . .




www.burmeseclassic.com

www.burmeseclassic.com

# IV

လက်ယာ မျက်မှောင်ကြုတ်သွားမိ၏။ ကျောက်သားမျက်နှာပြင်ပေါ်မှာ ဆွဲထားခြင်းဖြစ်ပေမဲ့ လက်ရာက တော်တော်ကောင်းသည်။ ပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလက်ဝါးပုံစံတွေ ဆွဲထားတာနည်း။ သိချင်သွားရကာ မေးမည်းပြင်တော့ . . .

"မင်း ဒီပန်းချီပုံကို မြင်ဖူးလား"

"မမြင်ဖူးဘူး"

"ဒါ ဗင်းဆင့်ဗန်ရိုးရဲ့ 'Three Hands'ဆိုတဲ့ ပန်းချီကားလေ။ ငါတို့ဆီက အတော်ဆုံး ပန်းချီဆရာတွေ ပုံတူကူးဆွဲထားတာ။ ကဲ . . ဒီလက်ပုံစံသုံးခုထဲက မင်းကြိုက်ရာတစ်ပုံကိုရွေး"

ပန်းချီသုံးပုံကိုကြည့်ပြီး ခဏငြိမ်သွားသည်။ ဒါပေမဲ့ သိပ်မကြာပါ။ သူ့စိတ်နှင်ကိုက်ညီသော ပန်းချီတစ်ပုံအား သေချာမြင်တွေ့ခံစားပြီးသွားသည့်နောက် . . .

"ကျွန်တော် လက်သီးဆုပ်ထားတဲ့ပုံကို ယူမယ်"

"လက်သီးဆုပ်ထားတာ နှစ်ပုံလေ။ ဘယ်ပုံကိုပြောတာလဲ"

"လက်ကိုဖြန့်ပြီး ဆုပ်ထားတဲ့ပုံ၊ အောက်ဆုံးပုံ"



သူ့စကားဆုံးဆုံးချင်းပင် . . .

"ဟုတ်ပြီ . . .။ အဲဒီပုံအောက်ကို လက်နှိုက်ကြည့်လိုက်"

"ဗျာ . . ."

သူ ဗျာမိတော့ . . .

"ကျောက်ခုတင်အောက်ကို နှိုက်ခိုင်းတာ"

ထပ်မံကြားရလေမှ ကျောက်ခုတင်အောက်ကို ငုံ့ကြည့်မိသည်။ မြေပြင်နှင့် ကျောက်သားကြားမှာ လက်တစ်ဝါးစာ အနည်းငယ်ဟနေ၏။ သို့ပေမဲ့ လက်တစ်ချောင်းဝင်ဆံ့နိုင်သော အနေအထားရှိသည်မို့ . .

"ဘယ်နေရာလဲ"

"မင်း ရွေးထားတဲ့ လက်ဝါးပန်းချီပုံအောက်တည့်တည့်"

ဘာဘာညာညာ စဉ်းစားမနေတော့ ဖင်ထိုင်ချပြီး ကျောက်သားအောက်ကို လက်ထိုးနှိုက်လိုက်စဉ် အရာတစ်ခုနှင့် သွားစမ်းမိသည်၊ ဆွဲထုတ်လိုက်တော့ သံချေးတွေ အလိမ့်လိမ့်တက်နေသော ဓားရှည်တစ်ချောင်း။ တအံ့တဩ ဖြစ်မိသွားစဉ်မှာပဲ . . .

"ဒီကျွန်းပေါ်မှာ မင်း အသက်အန္တရာယ်ကိုကာကွယ်ဖို့ ငါတို့ပေးနိုင်တာတော့ ဒီလောက်ပဲ"

ဓားကို ကြည့်ပြီး စိတ်ဓာတ်ကျသွားရသည်။ သံအရည်အသွေးကောင်း၍ ကိုင်ရတာလေးလေးပင်ပင်ရှိပေမဲ့ သုံးလို့ရမဲ့ပုံမပေါ်ပါ။ မည်မျှကြာနေပြီမသိ။ သံချေးတွေက တစ်ချောင်းလုံးနီးပါး ဖုံးအုပ်နေသည်။

"ဒီဓားနဲ့သာ ရေငတ်ပြေအောင် ကြိုးစားကြည့်ပေါ့"

ထပ်ထွက်လာပြန်သော စကားကြောင့် လက်ယာ စဉ်းစားသွားပါသည်။ ဘာကိုဆိုလိုတာလဲ။ ခဏချင်းပင် အဖြေတစ်ခု ခေါင်းထဲရောက်လာတော့ . . .

"ဒီဓားနဲ့ အုန်းသီးခွဲလို့ ရနိုင်ပါ့မလား"

"ဒါကတော့ မင်းဘာသာ ကြိုးစားကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

အသံပျောက်သွားသည်။ ဓားကို ကိုင်ကာ ပင်ပေါ်သို့ကြည့်မိသူ က လက်ယာ။ ဒီပုံစံနဲ့တော့ အုန်းသီးမပြောနဲ့ ငှက်ပျောသီးပင်ပြတ်အောင် ခုတ်နိုင်မည်မထင်ပါ။ စိတ်ပျက်လက်ပျက်နဲ့ပင် ဓားကို ကျောက်ခုတင် ပေါ်တင်ကာ ပွတ်တိုက်လိုက်သည်။

သံချေးတွေ ကျောက်သားမျက်နှာပြင်ပေါ် စွန်းထင်းကုန်၏။ အနီးအနားမှာလည်း ဓားသွေးရန် ကျောက်တုံးမရှိသည့်ကြောင့် ဤနေရာ မှာပင် သွေးရပေမည်။ ရေမရှိသည့်အတွက် သိပ်တော့ ခရီးမတွင် ပင် လယ်ရေနှင့် ဓားသွေးရန်လည်း မဖြစ်နိုင်။ ဆားဓာတ်ပါသည်မို့ ခဏ ချင်းပင် သံချေးပြန်တက်နိုင်သည်။

အချိန်တစ်ခု ကြာသွားပြီးတော့ သူ့ခန္ဓာကိုယ်မှာ ချွေးတွေ စိမ့် ထွက်လာသည်။ ထို့အတူ ဓားမှာလည်း အုန်းသီးတစ်လုံး ကွဲလောက် အောင်တော့ အစွမ်းထက်လာ၏။ ဒီတော့ ဓားသွေးခြင်းအလုပ်ကို နား ပြီး အုန်းပင်းတန်းတို့ရှိရာဆီ မျက်နှာမူလိုက်တော့၏။

သူ ရေတော်တော်ဆာနေပြီမဟုတ်ပါလား။



# V

"ချလိ . . . ချလိ . . . ကျွိ . . . ကျွိ . . ."

ပတ်ဝန်းကျင်တစ်ခုလုံးမှာ သံနှင့်ကျောက်သားပွတ်တိုက်သံတွေ သာ မင်းမူနေ၏။ သဲပြင်ပေါ်မှာ အုန်းသီးခွံတွေ၊ အုန်းသီးခြမ်းတွေ ပလူပျံ နေသည်။ အချို့အုန်းသီးခြမ်းတွေမှာ အသားတွေမရှိတော။ ပုံစံကိုကြည့် ရခြင်း အသားတွေ ကော်စားထားကြောင်း သိသာသည်။

ကျောက်ခုတင်ပေါ် တင်ပျဉ်ခွေထိုင်နေသူတစ်ယောက်။ ထိုသူ ကတော့ ဤကျွန်းပေါ် မကြာခင်က လောလောလတ်လတ် ရောက်လာခဲ့ သူ လက်ယာ။ ဓားကို လက်ဖြင့်ဖိရင်း ကျောက်သားပြင်နှင့် ပွတ်ဆွဲနေ သည်။ နံဘေးမှာ ထိပ်ဖောက်ထားသော အုန်းသီးတစ်လုံး။

ဓားသွေးတာကိုရပ်ပြီး အုန်းသီးကိုမော့က်ချလိုက်၏။ ထိပ်ပေါက် ထဲမှ အုန်းရည်တွေ ကျောက်သားပေါ်ကျလာသည်။ ထိုရေတွေဖြင့် ဓား ကို ဆက်သွေးသည်။ ပင်လယ်ရေနှင့်စာလျှင်တော့ အုန်းရည်က သံချေး ဘက် သက်သာပေလိမ့်မည်။

ပြီးတော့ သူ့ခန္ဓာကိုယ်မှာ အရင်လိုမဟုဘ်တော့။ အုန်းရည်ကို ဘကြီး သောက်ထားသည့်အပြင် အုန်းသီးနှတွေလည်း ဗိုက်ပြည့်အောင်



www.burmeseclassic.com

www.burmeseclassic.com

စားထားသည့်အတွက် အားဖြည့်ကာ သွက်လက်နေသည်။ အချိန်အတော်ကြာ မွတ်တိုက်ထားသည်ကြောင့် ဓားမှာ သံချေးတွေကွာကျပြီး အရောင်လက်စ ပြုနေပြီဖြစ်သည်။

ဒါပေမဲ့ မရပ်နားနိုင်သေးပါ။ ဤတောထဲမှာ ဘာတွေရှိသည်မသိ။ ပြီးတော့ အချိန်မည်မျှကြာအောင် သူ ဒီကျွန်းမှာ နေရမည်မသိ။ ထို့အတွက်ကြောင့် ကိုယ့်ရဲ့အသက်ကယ်လက်နက်ကိုတော့ အကောင်းဆုံးအရည်အသွေးရအောင် ပြုပြင်ရပေမည်။

တောရဲ့လှည့်ကွက်၊ တောင်ရဲ့လှည့်ကွက်ကို အန်တုစရာ သူ့မှာ ဒီဓားတစ်လက်ပင်ရှိသည် မဟုတ်ပါလား။ သူ့ဘဝ မည်မျှခက်ခဲကြမ်းတမ်းဦးမည်ဆိုတာ မတွေးရဲ။ လူမရှိ၊ သူမရှိ အပေါင်းအသင်းမိတ်ဆွေမရှိသော ဤနေရာမျိုးမှာ သူ ဘယ်လောက်ထိ အသက်ရှင်နေနိုင်မှာလဲ။

ကိုယ့်ကိုယ်ကိုယ် မည်မျှလောက်ထိ ကာကွယ်နိုင်မှာလဲ။ တည်ဆောက်ထားနိုင်မှာလဲ။ အရာအားလုံးက သူ့ကို စိန်ခေါ်နေသည်။ ဓားကို နေရောင်မှာထောင်ကြည့်တော့ ဝင်းခနဲလက်သွားသော အလင်းတစ်စကို မျက်လုံးမှာ မြင်နေရ၏။ ဓားကတော့ သူ့စိတ်ကြိုက် ဖြစ်သွားချေပြီ။ ထို့ကြောင့် . . .

"ဦးလေး . . . ဦးလေး . . . ဦးလေးကြီး . . ."

လူကို တစ်ပတ်လှည့်ရင်း အော်ခေါ်လိုက်သည်။ speaker ထဲမှ အသံပိုင်ရှင်ကို ရည်ရွယ်တာပါ။ ဦးလေးအရွယ်ဟုတ်မဟုတ် မသိပေမဲ့ အလွယ်တကူပင် ဦးလေးတပ်ခေါ်လိုက်သည်။

"ဦးလေးကြီးရေ . . . ကျွန်တော့်ကို ပြန်ထူးဦး . . . ဦးလေးကြီး . . ."

ကျယ်ကျယ်လောင်လောင် ခေါ်ငင်လိုက်တော့ တုံ့ပြန်မှုတစ်ခု ထွက်လာသည်။

"အေး . . . ကောင်လေး . . ."



အသံထွက်ပေါ်လာရာ speaker ကို ကြည့်ရင်း . . .

"ကျွန်တော် ဓားသွေးလို့ပြီးပြီ အုန်းရေလည်း အဝသောက်ပြီးသွားပြီ။ အုန်းသားလည်း စားပြီးပြီ။ ဘာဆက်လုပ်ရမှာလဲ"

"မင်း ကျွန်းထဲကိုဝင်ဖို့ အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပြီ"

"ဒါဆိုရင် ရှေ့မှာရှိတဲ့ လမ်းလေးထဲကိုဝင်ခဲ့"

ရှေ့တည့်တည့်မှာက လမ်းလေးတစ်ခု ရှိနေသည်။ စကားအတိုင်း တောလမ်းကျဉ်းကျဉ်းလေးကို လျှောက်ဝင်လာခဲ့၏။ သတ်သတ်မှတ်မှတ်မဟုတ်ပေမဲ့ မြက်ပင်တွေက လမ်းလေးတစ်ခုသဖွယ်လဲနေသည်ကြောင့် လမ်းအဖြစ်သတ်မှတ်ကာ ဝင်ခဲ့ခြင်းဖြစ်သည်။ တောလမ်းမှာ အရှည်ကြီးမဟုတ်။ လွန်စွာကြီးမားသော သစ်ပင်ကြီးတစ်ပင်ရှေ့မှာ လမ်းဆုံးသွားပါသည်။ ဆက်သွားလို့မရတော့။

ထိုစဉ်မှာပဲ . . .

"သေသေချာချာ မှတ်ထားတော့"

အရှေ့ဆီမှ အသံပေါ်လာပြန်ပါသည်။ သစ်ပင်ကြီးပေါ်မှဖြစ်၏။ ဤကျွန်းပေါ်မှာ စကားပြောအသံလွှင့်စက်တွေ ဘယ်လောက်များများ တပ်ဆင်ထားသည်မသိ။ အသံလွှင့်စက်တွေ နေရာစုံတပ်ဆင်ကာ ရောက်လာသူတိုင်းကို ထိန်းချုပ်နေသည့် သဘောဖြစ်သည်။

ထိန်းချုပ်နေသူကရော တစ်ယောက်တည်း၊ အများကြီးလား။ ကြားရတာ တစ်သံတည်းဆိုပေမဲ့ ပြောလို့တော့မရ။ တစ်ယောက်တည်းဖြစ်နိုင်သလို အများကြီးလည်း ဖြစ်နိုင်သည်။ ကျွန်းရဲ့နေရာစုံမှာတော့ အသံလွှင့်စက်တွေ အသံဖမ်းစက်တွေ တပ်ဆင်ထားတော သေချာ၏။

ဒီလူကြီးပြောသည့် ထွက်ပေါက်ဆိုတာ ဘယ်နေရာလဲ။ ထွက်ပေါက်ကိုရောက်ရင်ရော ပြောသလို ကင်းလွတ်ခွင့်ရမှာလား။ ဒါမှမဟုတ် ထွက်ပေါက်ကို မရောက်ခင်ဘဲ သူ သေဆုံးသွားမှာလား။ ထိုအချိန် မှတ်သားဖွယ်ကောင်းသော စကားတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

"ဒီကျွန်းပေါ်မှာ ရေချိုကန်တစ်ကန်ပဲရှိတယ်။ အဲ့ဒီကန်ကိုပဲ ကျွန်းပေါ်က သတ္တဝါတွေအားလုံး မှီခိုနေရတာ မင်းအတွက် သောက်ရေဆိုရင်လည်း အဲ့ဒီကန်ကပဲ ရလိမ့်မယ်။ နောက်တစ်ခုက မင်း အသက်ရှင်ရပ်တည်မှုအတွက် ကျွန်းပေါ်က အရာအားလုံးကို စတေးပစ်နိုင်တယ်။ ငါပြောတာ သဘောပေါက်လား"

"ပေါက်တယ်"

ခပ်တည်တည်ပြောလိုက်ပေမဲ့ ကျောထဲမှာ ချမ်းစိမ့်စိမ့်ဖြစ်သွား၏။ အရာအားလုံး စတေးပစ်နိုင်တယ်ဆိုပါလား။သူ အသက်ရှင်ဖို့ ဘာတွေကို စတေးရမှာလဲ။ သူ့ကိုရော မည်သူတွေ စတေးကြမလဲ။

"ဒီနေရာက ထွက်ပြေးမယ်ဆိုတဲ့ စိတ်ကူးရှိနေတယ်ဆိုရင်လည်း တစ်ခါတည်းမေ့ပစ်လိုက်။ ကျွန်းပေါ်ကနေ မင်း ဘယ်ကိုထွက်ပြေးလို့မရဘူး။ ဘာကြောင့် ထွက်ပြေးလို့ မရဘူးဆိုတာလည်း တဖြည်းဖြည်းသဘောပေါက်လာလိမ့်မယ်။ ငါပြောတဲ့စကားတွေကို ယုံမယုံဆိုတာတော့ မင်း အပိုင်းပေါ့"

အသံတိတ်သွား၏။ ခဏအကြာမှာ ပြန်ထွက်လာသည်။

"မေးခွန်းတစ်ခုကိုတော့ မင်းကိုယ်မင်း သေချာမေးထား။ ဒီကျွန်းပေါ်မှာ ငါ တစ်သက်လုံး နေသွားမလား၊ ဒါမှမဟုတ် မျှော်လင့်ချက်ရှိတဲ့ထွက်ပေါက်ကို လိုက်ရှာမလား"

ဒီမေးခွန်းကတော့ မေးဖို့လိုမည် မထင်ပါ။ တကယ်သာ သေချာလျှင် ထွက်ပေါက်ကို မတွေ့တွေ့အောင် ရှာရပေလိမ့်မည်။ ကောက်ရိုးတစ်မျှင်သည်ပင် ရေနစ်သူအတွက် အားကိုးရာမဟုတ်ပါလား။ မျှော်လင့်ချက်ကင်းမဲ့ခဲ့သူအတွက် ဒါသည်ပင် မျှော်လင့်ခြင်းရောင်နီဖြစ်သည်။ ရွေးစရာမရှိပါ။

"ကျွန်းရဲ့ နေရာတော်တော်များများမှာ အခုလိုမျိုး အသံလွှင့်အသံဖမ်းစက်တွေ တပ်ထားတယ်။ မင်းတစ်ယောက်တည်း ပျင်းလို့ပဲ



ဖြစ်ဖြစ်၊ စကားပြောဖော်မရှိလို့ဘဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် သေလုမျောပါး ဒုက္ခခံနေရလို့ပဲ ဖြစ်ဖြစ်၊ ဒီလိုစက်တွေ လိုက်ရှာပြီး ဒါနဲ့ စကားပြောလို့ရတယ်"

". . . . ."

"ကဲ . . . မင်း ဘာပြောစရာရှိသေးလဲ"

သူ အရမ်းသိချင်နေသော မေးခွန်းတစ်ခုကို မေးလိုက်၏။

"ဒီကျွန်းပေါ်မှာ ကျွန်တော်နဲ့ ခင်ဗျား နှစ်ယောက်တည်းလား"

"ဒီမေးခွန်းအတွက် အဖြေမရှိဘူး"

"ကျွန်တော့်ကိုရော ခင်ဗျားမြင်ရလား"

"ဒါလည်း မဖြေနိုင်ဘူး"

လက်ယာ အံသွားချင်း ဖိကိုက်လိုက်မိသည်။ တကယ့် စိန်ခေါ်မှုပါပဲ။

"ဟုတ်ပြီ။ အဲဒါဆို ကျွန်တော် ထွက်ပေါက်ကို ဘယ်ကစပြီး ရှာရမှာလဲ"

"ဒါကတော့ သိပ်မခက်ဘူး။ ငါ့ကို တွေ့အောင်ရှာနိုင်ရင် ထွက်ပေါက်ကိုတွေ့တာနဲ့ အတူတူပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းရဲ့ တစ်ခုတည်းသော ထွက်ပေါက်နေရာမှာ ငါရှိနေတယ်။ ငါ့ကိုတွေ့ရင် မင်း လွတ်မြောက်ပြီပေါ့"

ကြက်သီးတွေ ထမိသွားသည်။ ဘာမှန်းမသိသော ဤကျွန်းကြီးက သူ့ကိုပဲ စိန်းစိန်းကြီး စိုက်ကြည့်နေသလို တွေ့ကြပြီပေါ့။

"ခဏလေး . . . ကျွန်တော် ပြောစရာရှိသေးတယ်"

"လက်ယာ စကားကိုရပ်ပြီး ပတ်ဝန်းကျင်နှင့် ကောင်းကင်ကို မော့ကြည့်လိုက်ကာ . . .

"မကြာခင် နေဝင်တော့မယ်။ ညမှောင်ရင် ကျွန်တော် ဘယ်လိုခရီးဆက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါလည်း သိပ်မခက်ပါဘူး။ ဒီကျွန်းမှာရှိတဲ့ ကျောက်တုံး၊ ကျောက်ခဲတော်တော်များများက တစ်ခုနဲ့တစ်ခု ပြင်းပြင်းထိမိရင် မီးပွင့်တတ်တဲ့ သဘာဝရှိတယ်။ ဟုတ်၊ မဟုတ် အခုစမ်းကြည့်လိုက်"

ပြောစကားကြောင့် နီးစပ်ရာခဲနှစ်လုံးကိုကောက်ယူပြီး ခတ်ကြည့်လိုက်သည်။ ပထမတစ်ချက်မှာ မထူးခြားပေမဲ့ ဒုတိယတစ်ချက်မှာ မီးပွင့်ကြီးတစ်ခုပွင့်သွားသည်ကို တွေ့ရ၏။ စိတ်ထဲမှာ ပြုံးလိုက်ပြီး ...

"ဒီလောက်ဆိုရင် မဆိုးပါဘူး။ ကျွန်တော့်အသက်ကို ကာကွယ်ဖို့ ဓားတစ်လက်ရှိတယ်။ ညအချိန်အတွက် မီးခတ်ကျောက်နှစ်လုံးရှိတယ်။ ဒါဆိုရင် ခင်ဗျားတို့ဘက်က ပြည့်စုံပါတယ်။ ဒီပွဲကိုတော့ ကျွန်တော် လုံးဝကြိုက်သွားပြီ"

သူ့စကားဆုံးသွားချိန်မှာတော့ . . .

"ဒါဆို စတော့မလား"

"အသင့်ပဲ"

အုန်းသီးကြွေသံ၊ အုန်းလက်ခတ်သံတွေကို ကြားရ၏။ ပြီးတော့ ပင်လယ်အော်သံလိုလိုကိုလည်း ကြားရသည်။

"ဒီသစ်ပင်ကြီးရဲ့ နောက်ဖက်မှာ ကျွန်းရဲ့ ဝင်ပေါက်လေးပေါက်က မင်းကို စောင့်နေတယ်။ ဝင်ပေါက်တစ်ခုကို မင်းဝင်လိုက်တာနဲ့ ကစားပွဲစပြီး ကြေးတော့ကြီးတယ်နော်။ အချိန်မရွေး မင်း သေသွားနိုင်တယ်"

သူ 'ဟက်'ခနဲ တစ်ချက်ရယ်လိုက်၏။ မခံချင်စိတ်ရဲ့ အားမာန်တွေ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျံ့နေသည်။ ရင်တွေ တဒိုင်းဒိုင်း ခုန်နေ၏။

စိတ်ဝင်စားလို့။ ပြီးတော့ . . .

အနိုင်ရချင်လို့။

"ခင်ဗျားကို ဘယ်လိုခေါ်ရမလဲ"

"လွယ်လွယ်ကူကူ ကျွန်းစောင့်ကြီးလို့ပဲ ခေါ်ပေါ့"

"အိုကေ . . . ကျွန်းစောင့်ကြီး။ ကျွန်တော့်ဘက်က စပြီ"



သစ်ပင်ကြီးအား ကွေ့ပတ်ကာ နောက်ဖက်ကို ရောက်ဖို့ ကြိုးစားတော့

"တစ်ခါတည်းမှာထားလိုက်မယ် ကောင်လေး။ ဝင်ပေါက်လေးခုရဲ့ တစ်ခုသောဝင်ပေါက်ရဲ့ အဆုံးမှာ အရမ်းအဆိပ်ပြင်းတဲ့မြွေတွေ နေထိုင်တယ်"

သူ တုံ့ခနဲရပ်သွားမိတော့ . . .

"သေဆုံးခြင်းဟာ ဒီကျွန်းရဲ့အဖြေပဲ"



www.burmeseclassic.com

www.burmeseclassic.com

# VI

သစ်ပင်ကြီးနောက်ကိုရောက်တော့ ပြောသလိုပင် လမ်းလေးသွယ်အား 'ဘွား'ခနဲ တွေ့ရှိလိုက်ရသည်။ ပင့်သက်ဖြိုင်ဖြိုင် ရှိုက်မိသွားရ၏။ လမ်းလေးသွယ်(သို့) ဝင်ပေါက်လေးခု။

အထူးခြားဆုံးက ပန်းနွယ်မုခ်ဦး၊ ဝင်ပေါက်လေးခုနဲ့ ပုံသဏ္ဍာန်က လုံးဝထူးခြားဆန်းပြားလွန်းလှသည်။ အုတ်မုခ်ဦးမဟုတ်။ သစ်ဝါးဖြင့်ဆောက်လုပ်ထားသော မုခ်ဦးလေးပေါက်မဟုတ်။ ပန်းခက်၊ ပန်းနွယ်များဖြင့် ဝင်ပေါက်မုခ်ဦးသဏ္ဍာန်ဖော်ထားသော လမ်းလေးသွယ်ဖြစ်ပါ၏။

ပို၍ထူးခြားသည်က ဝင်ပေါက်တစ်ခုချင်းစီရဲ့ထိပ်ပိုင်းမှာ နံပါတ်တစ်ခုစီ ရေးထိုးထားခြင်းဖြစ်သည်။

| | | | |
|---|---|---|---|
| 3 | 6 | 9 | 12 |



ဘာအဓိပ္ပာယ်လဲ။ လမ်းနာမည် တပ်ထားတာလား၊လမ်းတစ်ခုချင်းဆီရဲ့အပေါ် တည့်တည့်မှာရေးထိုးထားသည်မို့ လမ်းနာမည်တပ်ထားသလို ဖြစ်နေသည်။ နံပါတ် (၃) လမ်း၊ နံပါတ် (၆) လမ်း၊ နံပါတ် (၉) လမ်း၊ နံပါတ် (၁၂) လမ်း။

ထူးထူးခြားခြားပါပဲ။ ဒါ သာမန်အကြောင်းအရာတစ်ခုတော့ မဟုတ်နိုင်ပါ။ အဓိပ္ပာယ်တစ်စုံတစ်ရာတော့ ရှိလိမ့်မည်။ လောလောဆယ်တော့ မစဉ်းစားတတ်သေး။ သေချာသည်ကတော့ ဤကျွန်းကို ပေါ့သေးသေး သဘောထား၍ မရ။ အပြင်ပန်းကြည့်လျှင် သာမန် ကျွန်းတစ်ကျွန်းဟု ထင်ရပေမဲ့ အတွင်းပိုင်းမှာ စနစ်တကျ တည်ဆောက်ထားသော ကျွန်းဖြစ်သည်။

ထိုစဉ်မှာပဲ အသံလွှင့်စက်ထဲမှ အသံတစ်ခုကို ပြန်ကြားယောင်မိ၏။

"ဝင်ပေါက်လေးခုရဲ့ တစ်ခုသော ဝင်ပေါက်ရဲ့အဆုံးမှာ အရှမ်းအဆိပ် ပြင်းတဲ့ မြွေတွေနေထိုင်တယ်"

ဘယ်ဝင်ပေါက်လဲ၊ နံပါတ် (၃)လား၊ နံပါတ် (၆) လား၊ နံပါတ် (၉)နဲ့ (၁၂) လားတစ်ခုခုမှာတော့ ထိုလူကြီးပြောသလို ရှိနေလိမ့်မည်။ အခုကက သူ လမ်းရွေးမမှားဖို့ ဘယ်လမ်းက ဝင်ရမလဲ။

စိတ်ကူးနဲ့ တွေးနေမိစဉ် . . .

"အာ့ . . . အာ့ . . ."

ကျီးအာသံကြား၍ မော့ကြည့်လိုက်မိတော့ ကျီးငှက်တစ်ကောင်က သူ့ခေါင်းပေါ်တည့်တည့် သစ်ကိုင်းတွင်နားကာ 'အာ'နေသည်။

"အာ့ . . . အာ့ . . .အာ့"

ထိုကျီးက ဆက်တိုက်အာရင်း ဆတ်ခနဲ ထပျံသွား၏။ ခဏချင်းမှာပင် လက်ယာ ပြုံးလိုက်မိသည်။ ပြီးတော့ ဝင်ပေါက်တစ်ခုကို ဦးတည်လိုက်ပါသည်။

ထိုဝင်ပေါက်က . . .



www.burmeseclassic.com

www.burmeseclassic.com

လမ်းနံပါတ် (၁၂)

သူ ရွေးသောလမ်း မှန်ကန်ပါ့မလား။

မတော်တဆ မှားယွင်းသွားလျှင်တော့ ညကြီးမိုးချုပ် မြွေတောတိုးရတော့မည်။

ကြောက်စိတ်မဖြစ်ပေမဲ့ အံကိုတော့ တင်းတင်းကြိတ်လိုက်မိ၏။ ပြီးတော့ စကားတစ်ခွန်းကို ခပ်တိုးတိုးဆိုသည်။ သို့ပေမဲ့ တစ်တောလုံး ကြားမည်ထင်၏။



ငါ ဝင်လာခဲ့ပြီ၊
ငှက်ဆိုးတွေ ထိုးတဲ့တော
တစ်တောလုံး ကြွေစေရမယ်။

လက်ယာ



www.burmeseclassic.com

www.burmeseclassic.com

## VII

အပြင်မှာ အလင်းရောင်ရှိလိမ့်ဦးမည် ထင်ရပေမဲ့ အတွင်းပိုင်းမှာတော့ အမှောင်သို့ ဦးဆောင်နေပြီ၊ လမ်းမှာတော်တော်ရှုပ်သည်၏။ ဝင်ဝင်ချင်းတုန်းက လမ်းမှာ ကျယ်ပေမဲ့ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်။ ယခု လူတစ်ယောက်လျှောက်ရရုံလောက်သာ ရှိတော့၏။

သစ်ပင်ကြီးငယ်တွေ၊ ဆူးချုံတွေ နွယ်တက်နေသော အသိုက်အမြုံတွေနဲ့မို့ တောက အနည်းငယ်နက်လာကြောင်း သတိထားမိသည်။ သစ်ပင်ကြီးများထက်ဆီမှ အိပ်တန်းဝင် ကျေးငှက်သာရကာတို့၏ ကျီကျီအာအာအော်သံများကိုလည်း ကြားရသည်။

ယခုအချိန်ထိတော့ အရာအားလုံးက အေးဆေးဆဲပင်ရှိသေးသည်။ အခက်အခဲတစ်စုံတစ်ရာ မတွေ့ရသေး။ ထိုစဉ်မှာပဲ သူလျှောက်နေရာလမ်းလေးဆီသို့ ဘယ်ဘက်မှလမ်းသွယ်လေးတစ်ခုက လာဆုံသည်။ လမ်းနှစ်ခုဆုံရာမှာ ရပ်ပြီး လာပေါင်းသောလမ်းလေးဆီ မျှော်ကြည့်မိတော့ . . .



မှောင်နေပြီဖြစ်၍ သိပ်အဝေးကြီးကို မမြင်ရ။ လမ်းလေးသွယ်အနက်တွင်းမှ နှစ်သွယ်ပေါင်းစည်းသည့် သဘောလား၊ လာပေါင်းသောလမ်းလေးအတိုင်း အထက်သို့ ဆန်တက်ကြည့်လျှင်တော့ ထိုအဖြေကိုသိနိုင်သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ပြဿနာမရှိနိုင်ပါ။ လမ်းအဆုံးမှာ မြွေသိုက်နဲ့မတိုးဖို့ဘဲ အရေးကြီးသည်လေ။ ယခုချိန်ထိတော့ ကြွက်ခံကောင် ကြောင်တစ်မြီးမျှ မမြင်ရသေး။

မကြာခင် အမှောင်ဖုံးတော့မည်။ မှောင်လာလျှင် ညအိပ်ဖို့ တစ်နေရာရှာရမည်။ ကမ်းမမြင်၊ လမ်းမမြင်တောကြီးတစ်ခုထဲမှာ ညကြီးအချိန်တော်တစ်ယောက်တည်း ခရီးဆက်ရလောက်အောင်တော့ သူ မမိုက်မိသေး။ ပြီးတော့ လမ်းရှိလို့သာ သွားနေရသည် ဘယ်ရောက်မည်မသိ။

ဓားကိုတော့ လက်ထဲမှာ သေချာဆုပ်ထား၏။ အန္တရာယ်ဟူသည် အချိန်မရွေးရောက်ရှိလာနိုင်သည် မဟုတ်ပါလား။ အတော်သွားပြီးတော့ သစ်ပင်ကြီးတစ်ပင်ကို တွေ့ရသည်။ အင်ကြင်းပင်ကြီးဖြစ်၏။ ပင်စည်မှာ လူတစ်ဖက်နီးနီးလောက် ရှိပြီး အကိုင်းအခက်တွေက လက်တံရှည်ကာ ဘေးသို့ ဖြန့်ကားကျနေသည်။

ပတ်ဝန်းကျင်မှာလည်း မဆိုး။ အခင်းသာသည့်အနေအထားရှိသည့်မို့ စိတ်အေးလက်အေးပင် နားနေရန် အဆင်ပြေနိုင်၏။မကြာခင်မှောင်လာတော့မည်။ ထို့အတွက် ဤနေရာမှာပင် ရပ်နားရန် ဆုံးဖြတ်လိုက်ပါသည်။

တစ်အောင့်ကြာတော့ အနီးနားမှ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်တို့ကို လိုက်စုကာ မီးမွေးလိုက်၏။ တစ်နေကုန် ပူလောင်ထားသည်မို့ မီးက ခဏချင်းပင် တောက်သွားသည်။

မီးရှိန်ကြောင့် ပတ်ဝန်းကျင်မှာ အနည်းငယ် လင်းချင်းသွား၏။ ထိုခဏမှာပဲ တစ်တောလုံး အလင်းရောင် ပျောက်သွားချေပြီ။

• • •



www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်းပင်ကြီးအောက်မှာ မီးတစ်ပုံနှင့် လူတစ်ယောက်။

မီးရှိန်ကျမသွားရန် ထင်းခြောက်တုံးတွေ မီးဖိုထဲ ထပ်ထည့်ရင်း လက်ယာ စဉ်းစားနေမိသည်။ အခြားအကြောင်းတော့ မဟုတ်ပါ။ သူ့ဘဝ၊ သူ့အကြောင်းပါပဲ။

နည်းပညာခိုးမှုဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရပါသည်။ ထိုအခါမှာ သူ့ဘဝအဆုံးသတ်သွားပြီး ထင်ခဲ့၏။ သို့ပေမဲ့ အဆိုးဝါးဆုံးအခြေအနေသို့ မရောက်သေးပါ။ ပြစ်ဒဏ်ကျခံရန် စေလွှတ်လိုက်သော နေရာတွင်မှ ကံကောင်းမှုတစ်ခုက အသင့်စောင့်ကြိုနေပါသည်။

ကျွန်းက လွတ်မြောက်လျှင် လောကကြီးဆီ ပြန်သွားခွင့်ရမယ်တဲ့။ အပြစ်တွေအားလုံးက ကင်းလွတ်မယ်တဲ့။ လွတ်မြောက်ဖို့ကရော လွယ်ကူပါ့မလား။ လုံးဝမလွယ်ကူနိုင်ပါ။ သေဒဏ်နဲ့ညီမျှသော ပြစ်မှုကျူးလွန်ထားသူတွေအတွက် အသက်တစ်ချောင်း ပြန်လည် လွတ်မြောက်ဖို့က ဘယ်လိုမှမလွယ်။

သူ ရောက်နေရာက သေချာတည်ဆောက်ထားသော အကျဉ်းထောင်တစ်ခုဆိုလျှင် မလွဲ။

အင်ကြင်းပင်ကြီးရဲ့ အမြစ်ဆုံတစ်ခုကို မှီရင်း မျက်လုံးမှိတ်လိုက်ပါသည်။ မျက်လုံးတွင်းမှာ သူ့ရဲ့အတိတ်နှင့် အနာဂတ်တွေ တရစ်ဝဲဝဲပေါ်လို့နေ၏။ သူတစ်ယောက်တည်းဟူသော အသိက စိတ်ကို အနည်းငယ်တော့ ချောက်ချားစေသည်။ မနက်ဖြန်မှာ ဘာတွေ ရင်ဆိုင်ရမှာလဲ။

ရင်ဘတ်ကို လက်ရောက်တော့ ခိုးလိုးခုလု အရာတစ်ခုကို စမ်းမိ၏။ ရေစို၍ နေလှန်းထားရသော စာအုပ်လေး။ စာအုပ်လေးကို အပေါ်မှ ဆုပ်ကိုင်ရင်း စိတ်ကို လျှော့ချလိုက်သည်။ ဒီစာအုပ်လေး ပျက်စီးပျောက်ပျက်၍ မရပါ။

တစ်ယောက်တည်း အထီးကျန်တော့မည့် နေ့ရက်များအတွက် ဒီစာအုပ်လေးက အဖော်ပင် မဟုတ်ပါလား။ သူ့ကို လမ်းမှားမရောက်



အောင်လည်း လမ်းပြပေးလိမ့်မည်။ ရင်ထဲမှ ကြီးမားသော ရည်ရွယ်ချက်အောင်မြင်ရန်လည်း ကူညီပေးလိမ့်မည်။ ဒုက္ခတွင်းမှ ကယ်တင်ပေးလိမ့်မည်။

စာအုပ်လေးကို ထိတွေ့စဉ်ခဏမှာပဲ စိတ်က အလိုလို ကြည်လင်လာသည်။ အတိတ်တွေ၊ အနာဂတ်တွေ ပျောက်သွားသည်။ ဗလာဟင်းလင်းနေရာတစ်ခုကို စိတ်ကူးနှင့်ရောက်ရှိသွားသလိုလည်း ခံစားလိုက်ရသည်။

ထို့နောက်မှာတော့ မျက်ခွံတွေ လေးလံလာ၏။ အိပ်ချင်လာပြီး မျက်လုံးပြန်ဖွင့်ပြီး မတ်တတ်ရပ်ကာ သစ်ပင်ကြီးပေါ်တက်ရန် ပြင်သည်။ အောက်မှာတော့ သူ မအိပ်ရဲ။ ထင်းမီးဖိုထားပေမဲ့ စိတ်မချရ။

နောက်ဆုံးတော့ အင်ကြင်းပင်၏ ကိုင်းခွကောင်းကောင်းတစ်ခုမှာ စိတ်ချလက်ချ အိပ်စက်ခဲ့တော့၏။

• • •

မိုးစင်စင်လင်းမှ နိုးလာချေသည်။ နိုးနိုးချင်း အောက်ကိုငုံ့ကြည့်တော့ ထင်းမီးပုံက ပြာဖုံးနေပြီဖြစ်၏။ ဗိုက်က တချုတ်ချုတ်ဆာလောင်နေပြီ၊ သစ်ပင်ပေါ်မှာ အိပ်ခဲ့ရသည့်အတွက် တစ်ကိုယ်လုံး ညောင်းညာလို့နေပါသည်။

ရေချိုးလိုက်လျှင်ဖြင့် လန်းသွားမည်ထင်၏။ ထို့ကြောင့် အင်ကြင်းပင်ကြီးပေါ်မှ မဆင်းသေးဘဲ အသံကို နားစွင့်လိုက်သည်။ ဘယ်ဘက်ခြမ်းဆီမှ ရေလှိုင်းပုတ်သံသဲ့သဲ့ကို ကြားရ၏။ ရေပတ်လည်ဝန်းရံနေသော ကျွန်းဖြစ်သည်ကြောင့် အနီးဆုံးကမ်းခြေဆီမှ ရေလှိုင်းသံများဖြစ်ဟန်တူပါသည်။

သစ်ပင်ပေါ်မှဆင်းကာ ထိုနေရာသို့သွားရန် ဆုံးဖြတ်လိုက်သည်။ အောက်ကိုရောက်တော့ အသံကိုနားစွင့်ကာ ကမ်းခြေရှိရာဘက်သို့ တောတိုး လျှောက်သွားလိုက်၏။ မကြာမီမှာပင် ဝါးသုဉ်းတောတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရသည်။ ဝါးသုဉ်းတောကိုလွန်တော့ မြောင်းပေါက်လေးတစ်ခုရှိရာသို့ ရောက်လာ၏။

ထိုမြောင်းလေးအတိုင်း ဝင်သွားတော့ တဖြည်းဖြည်း ရေသံလေးသံတို့နှင့် နီးနီးကပ်ကပ်ရှိလာသည်။ သူဝင်လာရာ မြောင်းလေးမှာ မိုးတွင်း မိုးအခါ ရေကြီးချိန်တွင် ပင်လယ်ရေများ ဝင်ရောက်ရာမြောင်းလေး ဖြစ်ဟန်တူ၏။

သိပ်အကျယ်ကြီး မဟုတ်ပေမဲ့ လူတစ်ရပ်လောက်တော့ နက်ပေလိမ့်မည်။ ငါးမိနစ်လောက် လျှောက်ဝင်ပြီးတော့ ရေစပ်စပ်ရှိရာသို့ ရောက်လာလေသည်။ ရေရှိသည်ကြောင့် ဆက်မသွားတော့ဘဲ ကမ်းပါးယံပေါ်ကုတ်တွယ်တက်လိုက်၏။ တောင်ကျောလေးပေါ်ရောက်စဉ်မှာတော့ ..

ပင်လယ်ပြာပြာကြီးက အောက်ဖက်မှာ သူ့ကို ဆီးကြိုနေချေပြီ။ စိတ်ထဲမှာ ပျော်သွား၏။ ပို၍ပျော်စရာကောင်းသည်က သူတက်လာခဲ့သော မြောင်းတွင်းသို့ ငုံ့ကြည့်လိုက်ချိန်မှာဖြစ်သည်။

"အားပါး . . . ငါးတွေပါလား"

ခုနတုန်းက မတွေ့။ အပေါ်မှကြည့်မှ မြင်ရခြင်းဖြစ်သည်။ ချက်ချင်းပင် မြောင်းတွင်းသို့ ပြန်တွယ်ဆင်းလိုက်တော့၏။ ရေစပ်ကိုရောက်တော့ ကူးခတ်နေသော ငါးတို့ကိုသေချာရပ်ကြည့်မိသည်။ အရေအတွက်မှာ ခုနစ်ကောင်ထက်မနည်း။ လူကြီးလက်ကောက်ဝတ်ထက် မသေးနိုင်။

ဒီတော့ . . .

ဓားနဲ့ပဲ ခုတ်ဖမ်းရမလား။ ဒီလိုဆိုလျှင်တော့ အလွယ်တကူရနိုင်၏။ သို့ပေမဲ့ ထိုအတိုင်းမလုပ်ချင်။ ကိုယ်တိုင် ဆင်းဖမ်းချင်သည်။ ဤကျွန်းပေါ်တွင် ဘယ်လောက်ကြာကြာ နေရဦးမည်မသိ။ ဓားနဲ့ဖမ်း၍ အဆင်မပြေသည့်နေရာမျိုးမှာ လက်ကိုပင် အားကိုးရမည်မဟုတ်ပါလား။

ဒီတော့ အလေ့အကျင့် ရှိထားဖို့လိုသည်။

ဓားကို မြေပျော့တွင်စိုက်ကာ အိုင်တွင်းသို့ ဆင်းလိုက်၏။ ရေမှာ ဒူးဆစ်မြုပ်အောင်ရှိသည်။ ခြေကိုဖွကာ ရေသံမကြားအောင် တရွေ့



ရွေ့ တိုးသွားလိုက်ပါသည်။ ငါးတို့မှာ အရိုင်းဆန်နေသည်ထင်၏။ နီးလာသည့်တိုင်အောင် သူ့ကို သတိမထားမိဘဲ တွန်းထိုးကူးခတ်လျက်ရှိ၏။

လက်ယာလက်နှစ်ဖက်ကို ရေမှာ ချလိုက်၏။ ပြီးတော့ နီးစပ်ရာငါးတစ်ကောင်ဝမ်းဗိုက်အား အောက်မှပင့်ကာ ကမ်းပေါ်ပက်တင်လိုက်ပါသည်။ အငိုက်မိသွားပုံရသည်။

"ဖလပ် . . . ဖလပ် . . ."

မြေပေါ်တွင် ခုန်ပေါက်သွားတော့ အားတက်ကာ နောက်တစ်ကောင်ကို ပက်တင်လိုက်သည်။ ဒီတစ်ခါတော့ မလွယ်ကူတော့ပါ။ ငါးတွေ ယောက်ယက်ခတ်သွားချေပြီ။ ထို့အတူ သူ့မှာလည်း . . .

နောက်ဆုံးတော့ ပင်လယ်ငါးသုံးကောင်ကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ သူ့တစ်ကိုယ်လုံးလည်း ရွှံ့တွေ၊ ဗွက်တွေ လူးကာသွားသည်။ ဒါပေမဲ့ သူ မမောပါ။ ပျော်လို့ပင်နေသေး၏။

ရရှိသော ငါးသုံးကောင်ကို ဆွဲရင်း ကမ်းပါးပေါ် ပြန်တက်ခဲ့ပါသည်။ အပေါ်ကိုရောက်တော့ အနီးအနားမှ ထင်းခြောက်များကို အလျင်အမြန်လိုက်ရှာသည်။ ထင်းရှာရင်းနဲ့ ကံကောင်းထောက်မစွာ အလေ့ကျပေါက်နေသော ငရုတ်တောင့်ရှည်ပင်အချို့ကို တွေ့လိုက်ရ၏။

လေး၊ ငါး၊ ခြောက်တောင့် ခူးယူခဲ့ကာ ထင်းရတော့ မြေပြောင်ပြောင်တွင် မီးဖိုလိုက်သည်။ ငါးသုံးကောင်ကို ဗိုက်ခွဲအူနှုတ်၍ ငရုတ်တောင့်တို့ကို ဗိုက်တွင်း ချိုးဖွဲ့ထည့်သည်။ ပြီး အပေါ်မှာ ဝါးရွက်တို့နှင့်စည်းကာ တံစို့ထိုးပြီး မီးကင်လိုက်၏။

အားလုံးပြီးသွားချိန်မှာ တောင်ကြောလေးပေါ်ကဆင်းပြီး ကမ်းစပ်ဆီ လျှောက်သွားလိုက်ပါသည်။ အင်္ကျီကိုချွတ်ကာ သဲပြင်ပေါ်ပုံလိုက်၏။ ပြီး ထိုအပေါ်မှာ 'စိတ်၏အရည်အသွေး'စာအုပ်လေးကို ထပ်တင်လိုက်သည်။ ပြီးတော့ ပင်လယ်တွင်းဆင်းကာ ရေကို တစ်ဝကြီးချိုးလိုက်၏။ အချိန်အတော်ကြာသည့်တိုင် ပြန်မတက်ဘဲ ရေမှာ စိမ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောအချဉ်များ ပြေလျော့သွားလောက်တော့မှ ကမ်းပေါ် ပြန်တက်ခဲ့၏။ တောင်ကြောလေးပေါ်ရောက်တော့ ငါးမီးကင်မှာ ကျက်လို့နေပါပြီ။ မီးဖိုဘေးထိုင်ကာ တံစို့တစ်ချောင်းကို ဆွဲနှုတ်လိုက်သည်။ အတွင်းကိုလှန်လိုက်တော့ ငရုတ်သီးကင်နံ့လေးမှာ နှာသီးဝမှာ သင်းခနဲ ရောက်လာ၏။ တစ်ဖဲ့ ယူမြည်းကြည့်လိုက်တော့ ကျက်လို့နေပါပြီ။

ငါးကင်မှာ လတ်ဆတ်လို့လားမသိ အရသာရှိလှသည်။ ငါးကင်ကို ထပ်ဖဲ့ကိုက်လိုက်၊ ငရုတ်သီးနွေးလေး တစ်ဖဲ့ကိုက်လိုက်နှင့် စည်းစိမ်ရှိနေတော့၏။ စားကောင်းကောင်းနှင့် စားလိုက်တာ ငါးကြီးနှစ်ကောင် ကုန်သွားသည်။ ဗိုက်မှာလည်း တင်းပြည့်သွားသည်။ ဒီတော့မှ ရေဆာလာ၏။

ရေရှာမှ ဖြစ်တော့မည်ဟူသော အသိနှင့် မတ်တတ်ရပ်လိုက်ပါသည်။ ပြီးတော့ ကျန်နေသေးသော ငါးကင်တစ်ကောင်ကို နှုတ်ယူကာ ထိုနေရာမှ ထွက်ခဲ့လိုက်၏။ ကျွန်းစောင့်ကြီးပြောသည် ရေချိုကန်ကို ရှာရပေတော့မည်။

ရေကန်မှာ ဘယ်နေရာ၊ ဘယ်အရပ်တွင်လည်း သူမသိ၊ ကံစွပ်လို့စွပ်ငြား၊ ခြေဦးတည့်ရာ လျှောက်လာတော့ တောမှာ အောက်ပေါင်းရှုပ်လာ၏။ ချုံနွယ်ပင်တွေနှင့်မို့ ခရီးက သိပ်မတွင်၊ ဆိုးဆိုးဝါးဝါးကြီးလည်း မဟုတ်သည်မို့ လက်ထဲမှဓားနှင့် လမ်းထွင်၍သာ လျှောက်လာလိုက်သည်။

တောင်ကုန်းနှစ်ခုကိုလွန်တော့ ဝါးပျက်တော၊ တစ်တောကို တွေ့ရ၏။ တိရစ္ဆာန်တို့သွားရာလမ်းလေးလည်းရှိသည်မို့ ထိုလမ်းလေး အတိုင်း ဝင်လာခဲ့သည်။ တစ်နေရာအရောက်မှာ . . .

"ဟာ . . ."

ရှေ့ဆီမှ ဖြတ်ပြေးသွားသော ဒရယ်ပေါက်တစ်ကောင်။

'ဖြုန်း'ဆို သူပြေးလိုက်တော့ ဒရယ်က လှစ်ခနဲ ခုန်ပျံကာ တောတွင်း ဝင်ပြေးသည်။ ဆယ်လှမ်းပင် မပြည့်လိုက်။ ဒရယ်ကောင်မှာ မြင်



ကွင်းမှ ပျောက်သွား၏။ ထိုအခါမှ ကိုယ့်ကိုယ်ကိုယ် သတိရသည်။ ဒီအတိုင်းပြေးလိုက်လို့ ဒရယ်ကောင်ကို ဘယ်လိုလုပ် မှီမည်နည်း။

လက်မှာကိုင်ထားတာက သေနတ်မဟုတ်၊ ဒူးလေးမဟုတ်၊ ပြီးတော့ သူတို့တော့ သူတို့တောင်ထဲမှာ . . .

"ဩော် . . . လူ . . .လူ . . . လူဆိုသည့် သတ္တဝါတွေမှာ အစားတစ်လုတ်အတွက် အမှားအမှန်ပင် မခွဲခြားနိုင်တော့ပါလား"

ကိုယ့်ကိုယ်ကိုယ်ပင် ရှက်မိသွားရသည်။ ထိုစဉ်မှာပဲ ခြေဖဝါးဆီမှ အေးစက်စက် အထိအတွေ့တစ်ခုကို ခံစားရ၏။ ငုံ့ကြည့်လိုက်တော့ ခြေပြင်က စိုစွတ်စွတ်ဖြစ်နေသည်။ ရှေ့နားဆီမှ ရေစီးကြောင်းလေးတစ်ခုကိုလည်း တွေ့ရ၏။

ရင်ထဲမှာ လှပ်ခနဲဖြစ်သွားပြီး ရေစီးကြောင်းစတင်ရာဆီကြည့်လိုက်တော့ . . .

ချုံပုတ်တစ်ခုအတွင်းမှ အပြင်သို့ စီးထွက်နေခြင်းဖြစ်ပါသည်။ အပျာကယာပင် ပြေးသွားကာ ဓားဖြင့်ရမ်းကြည့်တော့ ရေစီးကြောင်းမှာ ချုံတွင်းမှ ထွက်လာခြင်းမဟုတ်။

ချုံအား ပန်းတက်လိုက်စဉ် . . .

"ဟင် . . ."

ခေါင်းနားပန်းကြီးခြင်းမဟုတ်ပါက အပျော်လွန်သွားခြင်းသာဖြစ်တော့၏။ ရေအိုင်လေးတစ်အိုင်၊ တစ်ပေပတ်လည်လောက်သာ ရှိသည်ထင်ရသော ရေအိုင်လေး။ သူမြင်ရသော ရေစီးကြောင်းမှာ ထိုရေအိုင်လေးဆီမှ လျှံကျနေသော ရေစီးကြောင်းဖြစ်သည်။

အနီးအနားမှာလည်း ဒရယ်ခြေရာများကို တွေ့ရ၏။ ခုန ဒရယ်ကောင်ခြေရာများ ဖြစ်ဟန်တူပါသည်။ရေလာသောက်ခြင်း ဖြစ်နိုင်၏။ ဒိုးစားမနေတော့။ ချက်ချင်းပင် ဒူးထောက်ချကာ ရေကိုလက်ခုပ်ဖြင့်ခပ်ယူမြည်းစမ်းတော့ . . .

"အို . . . ဘုရားရေ . . . ရေချိုတွေပါလား"



www.burmeseclassic.com

www.burmeseclassic.com

လူက အတိုင်းမသိ ပျော်ရွှင်မြူးထူးသွားတော့သည်။ အငမ်းမရပင် တဗွမ်းဗွမ်း ခပ်သောက်လိုက်ပါသည်။ လက်ခုပ်ဖြင့် ခပ်သောက်ရသည်မို့ အားရပါးရတော့မရှိ။ သို့ပေမဲ့ ဗိုက်ပြည့်အောင်တော့ အထပ်ထပ် ခပ်သောက်လိုက်သည်။

ပြီးသွားချိန်မှာ ပင်လယ်ရေဖြင့် ဆေးထားသောမျက်နှာကို ပြန်ဆေးသည်။ ဆားငန်ရေဖြင့် တင်းကြပ်နေသော မျက်နှာအရေပြားမှာ ယခုမှ နေသာထိုင်သာရှိသွား၏။ အားလုံးပြီးတော့ ရေအိုင်လေးမှာ တစ်ဝက်မရှိတရှိလောက် ကုန်သွားပါသည်။

ဒါသည် ကျွန်းစောင့်ကြီးပြောသော ရေချိုကန်တော့ မဖြစ်နိုင်ပါ။ ကျွန်းပေါ်ရှိသမျှ သတ္တဝါတွေအားလုံး မှီခိုနေရသော ရေကန်သည် ဤမျှလောက်တော့ သေးငယ်မည်မဟုတ်။

အိုင်လေးမှာ ရှိလှမှ တစ်ပေပတ်လည်လောက်သာ အဝကျယ်ပြီး အနက်မှာလည်း ခြောက်လက်မ ခုနစ်လက်မထက် မပိုနိုင်။ ရေမှာ ကြည်လဲ့နေသည်မို့ အောက်ခြေထိမြင်နေသည်။ ဒါဆို ရေတွေ ဘယ်က ရောက်လာတာလဲ။ ခေါင်းတွင်းသို့ အတွေးတစ်ချက်ဝင်လာသည်။

အလိုလိုနေရင်းနဲ့တော့ အိုင်ပြည့်ပြီး လျှံကျမလာနိုင်ပါ။ မြေကြီးထဲက စိမ့်ထွက်လာတာလား၊ သေချာသိရအောင် လက်ယာကြိုးစားမှုတစ်ခုကို ပြုလုပ်လိုက်သည်။ လက်ထဲမှဓားဖြင့် အိုင်လေးနံဘေး မြေပြင်ကို ဆယ်လက်မလောက်ထိ နက်အောင် တူးယူကြည့်၏။

ရေမထွက်ပါချေ။ ဒါဆို ရေမှာ မြေကြီးမှ စိမ့်ထွက်လာခြင်း မဟုတ်။ အထက်ဘက်မှာလည်း တောင်ကုန်းမြင့်လေးရှိနေရာ လက်ယာတစ်ခု စဉ်းစားမိသည်။ ထိုတောင်ကုန်းလေးရဲ့ ဟိုဘက်မှာများ ကျွန်းစောင့်ကြီးပြောတဲ့ ရေချိုကန်ရှိနေမလား။ ဒီရေတွေသည် ထိုကန်က စိမ့်စီးလာတာလား။

အတွေးရလျှင်ရချင်း တောင်ကုန်းလေးပေါ် ပြေးတက်ကြည့်တော့ ထင်ထားသလို ရေကန်ရှိမနေပါ။ ဒါပေမဲ့ ဆိုင်းဘုတ်နှစ်ခုကိုတော့ သစ်ပင်ကြီးတစ်ပင်ရဲ့ ပင်စည်မှာ ထင်ထင်ရှားရှား တွေ့ရသည်။



သစ်ပင်ကြီးကို အလယ်တွင်ထားတာ လမ်းနှစ်သွယ်က ဆန့်ကျင်ဘက်အရပ်ကို ဦးတည်ဖြာထွက်နေ၏။ ပင်စည်မှာ လမ်းနှင့် သက်ဆိုင်သော ဆိုင်းဘုတ်တို့ကို ချိတ်ဆွဲထားသည်။

ဘယ်ဘက်သို့ ဦးတည်သော လမ်းကို 'cave'ဟု မြားပြထားပြီး ညာဘက်သို့ ဦးတည်သောလမ်းကို 'Lake' ဟု ညွှန်းထားသည်။ ရေကန်ကိုမတွေ့။ ဒါပေမဲ့ ရေကန်ကိုသွားသောလမ်းကိုတော့ တွေ့လိုက်ရပေပြီ။ ဆက်သွားရမလား။

လောလောဆယ် စိတ်ကူးမရှိသေး။ အကြောင်းကား ဤနေရာလေးမှာလည်း သူ့တစ်ယောက်စာ သောက်ရေအလုံအလောက် ရနေပါသည်။

ဒါသည်ပင် ရတနာနှင့် ရောင့်ရဲတတ်သော ပြည့်စုံမှုပင် မဟုတ်ပါလား။ တောင်ကုန်းထိပ်မှ အောက်ဖက်ကိုပြန်ငုံ့ကြည့်တော့ . . .

"ဟာ . . ."

ဘယ်ကမှန်းမသိသော ခွေးလေခွေးလွင့်တစ်ကောင်က သူထားခဲ့သော ငါးကင်ကို ချီပြေးလေ၏။

"ဟာ . . . ဟိုခွေး . . . "

လှမ်းအော်ရင်း ပြေးလိုက်တော့ ခွေးမှာ အဝေးကြီးမပြေးနိုင်ပါ။ သူ အော်ငေါက်လိုက်မှုကြောင့် ကြောက်လန့်တကြား လှည့်ပြေးရင်း ရေအိုင်ထဲ ပြုတ်ကျသည်။

"သွားပြီ"

မျက်လုံးတို့ပင် ပြာသွားမိသလား မသိတော့ပါ။ ရှားရှားပါးပါး ရေအိုင်လေးမှာကား၊ အနီးရောက်တော သူကောင်းသား ခွေးကို ပိတ်ကန်ပစ်လိုက်သည်။

"အိုင် . . . "

ဟု တစ်ခွန်းအော်ရင်း ခွေးမှာ သုံးပတ်လောက် လိမ့်ဆင်းသွား၏။ ပြီး ကြောက်လန့်တကြား ထပြေးသွားပါသည်။ မူလကြည်လင်



www.burmeseclassic.com

www.burmeseclassic.com

နေသော ရေအိုင်လေးမှာ နောက်ကျိုလို့။ ပြီးတော့ ခွေးလေခွေးလွင့်ကိုယ်ပေါ်မှ ချေးနှင့်အမှိုက်တွေ ရေပေါ်မှာ ဝဲလည်နေသည်။ သူရဲ့ ညနေစာ ငါးကင်လေးမှာလည်း အိုင်ထဲမှာ ကူးခတ်လို့။

“တောက် . . .”

'တောက်' တစ်ချက်ခေါက်ရင်း ခွေးကို ရှာကြည့်တော့ မတွေ့တော့ပါ။ နောက်ကျိုသွားသော ရေတွေကိုသာ နှမြောတသကြည့်မိတော့သည်။ ကြည့်ရင်းနှင့် ထူးခြားမှုတစ်ခုကို သတိပြုမိ၏။

ရေတွေ ပြန်ပြည့်နေသည်။

ခုန တစ်ဝက်မရှိတရှိလောက် လျော့နည်းသွားသော ရေတွေ အပြည့်ပြန်ဖြစ်လို့နေသည်။ လက်ယာ မျက်လုံးပြူးသွားမိသည်။ သေချာပါသည်။ ဒါဆိုလျှင်တော့ အောက်ခြေက မဟုတ်တောင် တစ်နေရာရာက ရေတွေ စိမ့်စီးနေတာပါ။ အဖြေသိရအောင် အိုင်တွင်းမှ ရေတွေ ပက်ထုတ်လိုက်၏။

ရေကုန်တော့ အဖြေပေါ်လာသည်။ အောက်ခြေက ထွက်လာခြင်းမဟုတ်။ နံဘေးနံရံသားတစ်နေရာမှ စိမ့်စီးကျလာခြင်း။

ဒီလိုဆိုတော့လည်း ခွေးလေးကို သနားသွားရသည်။ ရှားရှားပါးပါး ရေလေးကုန်ပြီဟူသော အသိဖြင့် ဒေါသထွက်ကာ လုပ်လိုက်ခြင်းဖြစ်ပါသည်။ သတိရသွားလို့လားမသိ။ နားထဲမှာ 'အိုင် . . . အိုင်' ဟူသော ခွေးညည်းသံလိုလိုကို ကြားရသည်။

သေချာ နားစွင့်ကြည့်တော့ ခပ်လှမ်းလှမ်း ချုံပုတ်လေးနောက်ကွယ်မှ ထွက်လာခြင်းဖြစ်ရာ စိတ်မကောင်းစွာနှင့်ပင် သွားကြည့်လိုက်သည်။ သူ့ကိုတွေ့တော့ ခွေးလေးက ထော့နဲ့ထော့နဲ့ ထပြေးသွား၏။ သက်ပြင်းကိုချကာ ငါးကင်ကို တံစို့နုတ်ပြီး ခွေးလေးရှိရာဆီ ပစ်ပေးလိုက်၏။

ခွေးလေးက အပြေးရပ်ပြီး ငါးကင်ကိုတစ်လှည့်၊ သူ့ကိုတစ်လှည့် မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။ သူရှိနေသည်ကြောင့်



စားရဲ။ လက်ယာ သဘောပေါက်စွာဖြင့် ကျောခိုင်းလိုက်သည်။ အိုင်လေးဆီရောက်တော့ ရေမှာ သုံးပုံတစ်ပုံလောက် ပြန်ဝင်နေပါပြီ။

ဤနေရာလေးမှာ အမြင်မဆိုး။ ပြီးတော့လည်း ကမ်းနှင့်နီးပုံလည်း ရသည်။ သူ ထင်မြင်မိသလောက် ဤတောမှာ စားသောက်ဖို့ သိပ်ခက်ခဲမည့်ပုံ မပေါ်ပါ။ ယခု သူတစ်ယောက်စာ ရေအိုင်လေးကလည်း ရှိနေသည်။ ဒီလိုဆိုလျှင်ဖြင့် ဤနေရာ၌ ပုံသေစခန်းချရန် အဆင်ပြေနိုင်သည်။

အားလုံး တွက်ဆပြီးချိန်မှာ သူ့အတွက် ဗိမာန်လေးတစ်ခု ဆောက်လုပ်ရန် စတင်လိုက်တော့၏။ တဲထိုးရန် အနီးအနားမှ ဝါးတွေ ခုတ်သည်။ ခိုင်ခံ့သော သစ်လုံးများကို ရွေးချယ်သည်။ နှစ်နာရီလောက် ကြာပြီးသွားချိန်မှာ . . .

သစ်ပင်ကြီးတစ်ပင်ကို မှီဆောက်ထားသော တစ်ဖက်ရပ်တဲလေးတစ်ခု ဖြစ်ထွန်းလာချေသည်။ တဲအနီး မြေပြင်တစ်ဝိုက်ကို ရှင်းလင်းပြီးသွားချိန်မှာတော့ နေချင်စဖွယ် စခန်းသာလေးတစ်ခု ဖြစ်လာချေတော့၏။

မြေကြီးခဲနှင့်ပင် သစ်ပင်ကိုယ်ထည်မှာ နာမည်ထိုးလိုက်သေးသည်။

“ပျော်အောင်နေ စခန်း”

ပြီးတော့ ကိုယ့်နေရာ ကိုယ်ပြန်ကြည့်ပြီး ပီတိဖြစ်မိသည်။

ဒီလိုပါပဲ . . .

လူဆိုတာ ရောက်ရာနေရာမှာ ပျော်အောင်နေတတ်ဖို့ပင် အရေးကြီးသည် မဟုတ်ပါလား။

ဒါသည်ပင် လူတစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတစ်ခုပဲ။



www.burmeseclassic.com

www.burmeseclassic.com

## VIII

နေ့လယ်ရောက်တော့ တဲပေါ်တက်ကာ တရေးတမော အိပ်လိုက်သည်။ အိပ်ရာနိုးတော့ နေအတော်စောင်းနေပြီဖြစ်၏။ ထို့အတူ ဗိုက်မှာလည်း တချုတ်ချုတ် ဆာလောင်လာသည်။

တဲပေါ်ကဆင်းတော့ ရေ့တည့်တည့်ရေအိုင်လေးမှာ ပြန်လည်ဖြည့်ဖြိုးနေပေပြီ။ ငုတ်တုတ်ထိုင်ကာ အဆာပြေ အာစွတ်လိုက်သည်။ ပြီးတော့ ဓားကိုကိုင်ကာ ညနေစာအတွက် စဉ်းစားခန်းဝင်မိသည်။ တောလည်ပြီးတော့ပဲ အစာရှာရမလား။

ဒါမှမဟုတ် သေချာသော အလုပ်ကိုပဲ လုပ်ရမလား၊ နေမှာ အတော်စောင်းနေပြီဖြစ်သည့်အတွက် တောလည်ပြီး ရှာဖို့က မသေချာပါ။ သေချာတာ တစ်ခုတော့ရှိသည်။ အဲဒါက ငါးရှိခဲ့သောမြောင်းလေးဆီ ပြန်သွားရန်၊ ထိုဟာမှာ သေချာသည့်ကြောင့် မြောင်းလေးရှိရာကိုပဲ ပြန်လျှောက်လာခဲ့လိုက်ပါသည်။

သူ့ကံကြမ္မာ အဆိုးဘက်မှာမရှိသေးပါ။ ငါးတချို့ မြောင်းထဲမှာ ပြန်ဝင်နေသည်။ ဒီတစ်ခါတော့ မနက်ကလို မဆင်မခြင်မလုပ်တော့။ ဉာဏ်ကို လွှာသုံးလိုက်သည်။ အနီးအနားရှိ ကျောက်တုံး၊ ကျောက်ခဲ၊ မြေကြီးနှင့် ရွှံ့နွံတို့ကို အသုံးပြုကာ မြောင်းဝတွင် တမံပိတ်လိုက်ပါသည်။



ပြီးတော့ နိုးစပ်ရာ အုန်းပင်ပေါ်တက်ပြီး အုန်းသီးတစ်လုံးကို ခြွေခဲ့လိုက်သည်။ ခွဲပြီးတော့ အုန်းသီးခြမ်းဖြင့်ပင် မြောင်းတွင်းမှ ရေကို ကော်ထုတ်လိုက်ပါသည်။ မှောင်လုမှောင်ခင်ရောက်တော့ ရေတို့ ကုန်သလောက်ဖြစ်သွားသည်။

ထို့နောက်မှာ သိပ်ခက်ခဲမှုမရှိတော့ပါ။ အနေတော် ငါးနှစ်ကောင်ကို ဖမ်းယူလိုက်သည်။ မြောင်းတွင်းမှာလည်း တချို့ ကျန်ခဲ့သေး၏။ မလုပ်ချင်ပေမဲ့လည်း မတတ်နိုင်တော့။ လောလောဆယ် အသက်ရှင်နိုင်ဖို့က အရေးကြီးနေသည် မဟုတ်ပါလား။

ကျွန်းစောင့်ကြီးပြောသော စကားကိုလည်း နားထဲမှာ ကြားယောင်မိသည်။

"မင်း အသက်ရှင်ရပ်တည်မှုအတွက် ကျွန်းပေါ်က အရာအားလုံးကို စတေးပစ်နိုင်တယ်"

ပြီးတော့ အခုလို သတ္တဝါတွေကို စတေးကာ စားသောက်နေမှုအတွက်လည်း လိပ်ပြာလုံစေသော စကားတစ်ခွန်းရှိသေးသည်။

"ကမ္ဘာမီးလောင် သားကောင် ချနင်းတဲ့"

မတတ်နိုင်တော့။ သူ အသက်ရှင်ရန် လိုအပ်နေသေးပါသည်။

ဒါသည် သူ့အတွက် . . .

လောကကြီးအတွက် . . .

• • •

မီးဖိုလေးတစ်ဖိုဘေးတွင် သက်ရှိနှစ်ယောက် ထိုင်နေကြသည်။ ငါးကင်နံ့မှာ သွားရည်ကျချင်စရာကောင်းလောက်အောင် မွှေးပျံ့နေ၏။ ဘဲစိုတစ်ချောင်းကို ဆွဲနှုတ်ကာ ငါးကင်ကျက်မကျက် တစ်ဖွဲ့ မြည်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆူဖြိုးသော ငါးအသားက ကျက်နေပြီမို့ လျှာပေါ်မှာ စိမ့်သွား၏။ လက်ယာ စိမ်ပြေနပြေပင် သစ်ပင်ကြီးကိုမှီထိုင်ကာ ငါးကင်ကို တစ်ဖဲ့ချင်း စားနေလိုက်ပါသည်။ ဒီလိုဆိုတော့လည်း လူ့ဘဝက ပျော်စရာအကောင်းသား။

ဘာအာမခံချက်မှ မရှိပေမဲ့ စိတ်အေးချမ်းနေသည်။ ဘာမျှမပိုင်ဆိုင်ပေမဲ့ ပြည့်စုံနေသလို ခံစားရသည်။ တစ်ကောင်လုံး ကုန်သွားတော့ ခေါင်းနှင့်အရိုးတို့ကို နံဘေးမှာ လည်တမော့မော့စောင့်နေသော ခွေးလေးအား ချကျွေးလိုက်ပါသည်။

ယခုတော့ သူနှင့်ထိုခွေး အပေးအယူတည့်နေပြီဟု ပြော၍ရပါသည်။ နားလည်သွားပြီထင်၏။ မနက်ပိုင်းကလို ငါးကို ချီမပြေးတော့။ စားပြီးတော့ အိုင်တွင်မှရေကို လက်ခုပ်ဖြင့် ခပ်သောက်လိုက်သည်။ ဗိုက်မှာ တင်းပြည့်သွား၏။ ဓားကိုကိုင်ကာ တစ်နေရာဆီသို့ လျှောက်သွားလိုက်သည်။ မီးဖိုမှ အလင်းရောင်လေးရှိနေသည်မို့ သွားရလာရတာ အဆင်ပြေ၏။

အရွက်ဖားဖား ကျွန်းပင်ကြီးတစ်ပင်ရှေ့ရောက်တော့ နီးစပ်ရာ ခဲတစ်လုံးကို ကောက်ကာ ပစ်ပေါက်လိုက်သည်။

"ဒေါက် . . . "

တည့်တည့်မတ်မတ်ပင် ထိသွား၏။ မကြာလိုက် . . .

"ဘာလဲ ကောင်လေး"

speaker ထဲမှ ထွက်လာသော ကျွန်းစောင့်ကြီးအသံ။

"ကျွန်တော် ပျင်းနေလို့ဗျ"

ညနေကတည်းက ဤနေရာတွင် speaker တစ်လုံး တွေ့ထားခြင်းဖြစ်၏။

"ဘယ်လိုလဲ . . . နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"အခုချိန်ထိတော့ အေးဆေးပဲဗျ"

"ဟုတ်ရဲ့လား"



"ခင်ဗျားကို ဘာလို့လိမ်ရမှာလဲ"

ခဏငြိမ်သွား၏။ ပြီးတော့ . . .

"ငါ့အထင်တော့ မင်း ရေအိုင်ကို မတွေ့သေးပါဘူး"

"ဘာလို့ အဲလိုထင်တာလဲ"

"မင်း အခုရောက်နေတဲ့နေရာကို ငါသိနေတယ်လေ"

ဒီတစ်ခါ စဉ်းစားသွားသူက လက်ယာ။ သူရောက်နေတဲ့ နေရာကို ဒီလူကြီး သိနေတယ်ဆိုပါလား။ ဘေးပတ်ဝန်းကျင်မှာ ကင်မရာတွေများ တပ်ဆင်ထားသလား။ မှောင်ကြီးမည်းကြီးထဲ လိုက်ကြည့်မိသည်။ သူ ကျွန်းပေါ်စရောက်ကတည်းက လေ့လာမိသလောက်တော့ speaker မှလွဲ၍ ကင်မရာတွေရှိမနေပါ။ ထို့ကြောင့် . . .

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

"စဉ်းစားကြည့်လေ"

အတော်ကြာအောင် စဉ်းစားပေမဲ့ အဖြေမထွက်။

"စဉ်းစားလို့ မရဘူးလား။ ထားလိုက်ပါကွာ။ အဲဒါက အရေးမကြီးပါဘူး။ ငါသိတာကို မင်းမသိသလို၊ မင်းသိတာကိုလည်း ငါမသိပါဘူး"

"ခင်ဗျားက ဘာကိုမသိတာလဲ"

"မင်း ဘယ်ကရေကို သောက်နေသလဲဆိုတာကို"

လက်ယာ ခြောက်ကပ်ကပ် ရယ်လိုက်မိ၏။

"ခင်ဗျားပြောတဲ့ ရေကန်ကြီးကို ရှာစရာမလိုတော့ဘူးဗျ။ ကျွန်တော်တစ်ယောက်စာ ကောင်းကောင်းလုံလောက်တဲ့ ရေအိုင်လေးတစ်အိုင်ကို တွေ့ထားတယ်။ အခု ကျွန်တော်နေနေတာလည်း အဲဒီရေအိုင်လေးနားမှာပဲ"

"ဘယ်လို . . . မင်းတစ်ယောက်စာ ရေအိုင်လေးတစ်အိုင် တွေ့ထားတယ် ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားဆုံးတော့ . . .

"ဟုတ်ရဲ့လားကွာ။ မင်းအခုရောက်နေတဲ့ နေရာမှာ ရေအိုင်ရှိတယ်လို့ ငါ မကြားမိပါဘူး"

"အကြီးကြီးတော့ မဟုတ်ဘူးဗျ။ တစ်ပေပတ်လည်လောက်ပဲရှိတဲ့ ရေအိုင်လေး၊ အနက်ကလည်း ခုနစ်လက်မ၊ ရှစ်လက်မထက် မပိုဘူး"

ကျွန်းစောင့်ကြီးက ဖြတ်ပြောသည်။

"သေးသေးလေးပဲ . . . ။ အဲလောက်ရေအိုင်လေးက မင်းတစ်ယောက်တည်း သောက်ရင်တောင် ခဏလေးနဲ့ ကုန်သွားမှာပဲ"

"မကုန်ဘူး။ မြေကြီးထဲက အလိုလို စီးကျနေတာ။ ဒါကြောင့်မို့လို့လည်း ကျွန်တော် အခုလို နေနိုင်တာပေါ့"

"ဟုတ်ရဲ့လားကွ"

မယုံနိုင်သလို အီလည်လည်အသံကြီး ထွက်လာတော့ သူ ရယ်မိ၏။ အရယ်ဆုံးတော့ . . .

"ခင်ဗျား မယုံတာတော့ မတတ်နိုင်ဘူး"

တုံ့ပြန်သူမဲ့စွာ အသံတိတ်သွား၏။ တစ်အောင့်ကြာတော့ . .

"ကဲပါ . . .မင်းပြောသလိုပဲ မြေကြီးထဲက စိမ့်ထွက်နေတယ်ပဲထားပါတော့"

"စိမ့်ထွက်တာမဟုတ်ဘူး။ စီးကျနေတာ။ ကျွန်တော် နောက်တစ်ကျင်း တူးကြည့်ပြီးသွားပြီ။ မြေကြီးထဲက စိမ့်ထွက်တာမဟုတ်ဘူး။ တစ်နေရာကနေ စီးကျလာတာ"

"ဒါဆို ဘယ်နေရာက စီးကျလာတာလို့ မင်းထင်လဲ"

"ကျွန်တော့်အထင်တော့ ခင်ဗျားပြောတဲ့ ရေကန်ကြီးက စီးကျလာတာလို့ ထင်တာပဲ"

"ဟာ . . . မဖြစ်နိုင်တာ၊ ဒီလောက်အဝေးကြီးကို မြေကြီးအောက်ကနေ စီးကျဖို့ ဘယ်လိုဖြစ်နိုင်မှာလဲ"



ကျွန်းစောင့်ကြီးက အကြောက်အကန်ငြင်းသည်။

"ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့ ကျွန်တော်မသိဘူး။ ကျွန်တော်ကြားဖူးနားဝ သိထားတာ တစ်ခုတော့ရှိတယ်။ ကုန်းမြေပေါ်က ရေတွင်းတစ်တွင်းဟာ မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ပင်လယ်နဲ့ မြေအောက်မှာအချင်းချင်း ဆက်သွယ်နေကြတယ်တဲ့"

"ဘယ်လို . . . ဘယ်လို . . . မင်းပြောတာ ငါ မရှင်းဘူး"

"ဒီလိုဗျာ . . . ။ ရေတွင်းထဲကို အုန်းသီးတစ်လုံး ပစ်ချလိုက်ရင် အဲဒီအုန်းသီးက မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ပင်လယ်ဝမှာ နောက်တစ်ရက်ကြာရင် သွားပေါ်တယ်တဲ့။ အခုလည်း အဲဒီလိုပဲဖြစ်မှာပေါ့"

ပြန်ဖြေသံမကြားရ။

"မြေကြီးအောက်မှာ သူတို့အချင်းချင်း ဆက်သွယ်မှု ရှိ၊ မရှိဘယ်သူသိမှာလဲ"

ဒီတစ်ခါတော့ လက်ခံသွားသည်ထင်၏။

"ဟုတ်ပါပြီ။ ငါ မငြင်းတော့ပါဘူး။ အဓိကက မင်းကိုယ်မင်းချုပ်တည်နိုင်ရင် ပြီးတာပဲ။ ဒီလိုဆိုတော့ မင်း ငါပြောတဲ့ရေကန်ကို လိုက်မျှော်တော့ဘူးပေါ့"

"အခု လောလောဆယ်တော့ မလိုအပ်သေးဘူးထင်တာပဲ"

ကျွန်းစောင့်ကြီး၏ ခြောက်ကပ်ကပ် ရယ်သံကို ကြားရသည်။ ပြီးတော့ . . .

"မင်းလည်း ဘာမှမထူးပါဘူး။ အရင်လူတွေအတိုင်းပါပဲ"

"ဘာဖြစ်လို့လဲ"

"လူတော်တော်များများရဲ့ အကျင့်ပေါ့ကွာ။ သူတို့ဟာ မငတ်ရုံတမည် နေရတဲ့ဘဝ။ အလွန်ဆိုး။ သူလိုငါလို အနေအထားမျိုးကို ဆုံးရှုံးမှာကြောက်တဲ့အတွက် ကိုယ်မကြိုက်မနှစ်သက်တဲ့ အလုပ်တွေကို ဆက်တွယ်ရင်း ကြီးပွားချမ်းသာနိုင်တဲ့ အခွင့်အရေး၊ အောင်မြင်နိုင်တဲ့ အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးခံတတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

အခုမင်းလည်း သူတို့လိုပဲ မငတ်ရုံတမည်သောက်ရတဲ့ ရေကို လက်လွတ်ဆုံးရှုံးမှာကြောက်လို့ ဒီကျွန်းက လွတ်မြောက်နိုင်မဲ့ အခွင့်အရေး၊ အခွင့်အလမ်းတွေကို ဆုံးရှုံးခံပစ်လိုက်တော့မယ်ပေါ့"

"လုံး၀ မှားသွားပြီ။ အခု ကျွန်တော် ဘာတွေးနေလဲ ခင်ဗျား သိလား"

"ဘာလဲ . . . မင်းကိုယ်မင်း ငါပြောသလိုမဟုတ်ဘူးလို့ တွေးနေတာလား"

"မဟုတ်ဘူး။ ခင်ဗျားပြောတဲ့ စကားတွေကို ထောက်ပြီးတော့ ရေကန်ဟာ ကျွန်တော်ရောက်နေတဲ့နေရာနဲ့ ဝေးနေလိမ့်ဦးမယ်။ ပြီးတော့ ကျွန်းရဲ့ထွက်ပေါက်ကို တွေ့နိုင်မဲ့ သဲလွန်စတွေ ရေကန်မှာရှိလိမ့်မယ်။ နောက်တစ်ခု . . . ခင်ဗျား ကျွန်တော့်ကိုမမြင်ရဘူး။ စကားပြောတဲ့ speaker ပေါ်မှူတည်ပြီး ကျွန်တော်ရောက်တဲ့နေရာကို သိနေတာ။ ကျွန်တော်ပြောတာ ဟုတ်လား"

အကြာကြီး တိတ်သွား၏။ ပြီးတော့မှ တစ်ခွန်းတည်း တုံးတိတိ ထွက်လာသည်။

"အဟင်း . . . မင်း မဆိုးပါဘူး"



# IX

ဆူဆူညံညံ အသံများကြောင့် ညတစ်ဝက်မှာ ဖျတ်ခနဲနိုးလာသည်။ နိုးနိုးချင်း ခေါင်းထောင်ကြည့်လိုက်တော့ အရှေ့ဘက်တောင်ကုန်းလေးပေါ်မှ မီးရောင်လက်လက်ကို မြင်ရ၏။

မီးဖိုမှအရောင်တွေ အထက်သို့ ဆန့်တက်နေသည့် ပုံစံမျိုး။ ပြီးတော့ ထိုနေရာဆီမှ ခိုညည်းသံလိုလို၊ စကားပြောသံလိုလိုတွေလည်း ကြားရသည်ကြောင့် မျက်လုံးတို့ပြူးကျယ်ကာ ခေါင်းမွေးတို့ ထောင်သွားသည်။

ချက်ချင်း ကုန်းရုန်းထလိုက်တော့ သူ့ရဲ့ တစ်ဖက်ရပ်တဲလေးမှာ ယိမ်းထိုးသွား၏။ သူ အိပ်ပျော်သွားတာ မကြာသေး။ တဲရှေ့မှ မီးဖိုင် မီးတွေရဲနေတုန်းရှိသေးသည်။ သေချာနားစွင့်ကြည့်တော့ လူစကားပြောသံဆိုတာ တဖြည်းဖြည်း သဘောပေါက်လာ၏။ မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။ ဘယ်ကလူတွေ ရောက်နေတာလဲ။

သူ မအိပ်ခင်တုန်းကပင် ကျွန်းစောင့်ကြီးနှင့် စကားပြောနေသေးသည်။ ဤကျွန်းပေါ်ကို လူသစ်တွေရောက်လာသည်ဟု ပြောဆိုသံမကြား



www.burmeseclassic.com

www.burmeseclassic.com

ပါ။ လူသစ်တွေထပ်ရောက်လာတာ မှန်လျှင်တော့ ဓကန်မုချ ကျွန်းစောင့်ကြီး သိရပေမည်။ ပြီး သူ့ကိုလည်း အသိပေးသည့်သဘောမျိုးလောက်တော့ ပြောပြလိမ့်မည်။ ကျွန်းစောင့်ကြီး ဘာမျှပြောမသွား။ ဒါဆို ယခု စကားပြောနေကြတာသည် သူ့အရင်ရောက်နှင့်နေသော လူဟောင်းတွေလား။

ရှေ့တောင်ကုန်းလေး ဟိုဘက်မှာမို့ သိပ်အဝေးကြီးမဟုတ်။ ထိုစဉ်မှာပဲ စိမ်းဖန့်ဖန့်လေတွေ သူ့ကိုလာတိုက်သည်။ ဘာရယ်၊ ညာရယ် မဟုတ် ကျောချမ်းသွားပါသည်။ သံသယတော့ နည်းနည်းဖြစ်မိ၏။ ညကြီးအချိန်မတော်၊ သံသယဟူသည် မွေးထားကောင်းသော အရာဟုတ်သည်မို့ လက်ယာ သွားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

တဲပေါ်မှဆင်းကာ မီးရောင်ထွက်ပေါ်လာရာ တောင်ကုန်းလေးဆီသို့ တရွေ့ချင်း လျှောက်သွားလိုက်ပါသည်။ အနားနီးလာချိန်မှာ လူတွေ စကားပြောနေခြင်းဖြစ်ကြောင်း ပိုသေချာသွားသည်။ တောင်ကုန်းလေးအခြေကိုရောက်တော့ ကြက်သီးတို့ တဖျင်းဖျင်းထလာမိသည်။ ဘယ်သူတွေလဲ ဘာတွေပြောနေကြတာလဲ။

သေချာနားစိုက်ထောင်ပေမဲ့ လူ စကားသံဆိုတာက လွဲ၍ ရှင်းရှင်းလင်းလင်း မကြား။ လက်တွင်းမှဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း စိတ်ကို တင်းလိုက်သည်။ ပြီးတော့ ကိုယ်ကိုကိုင်းကာ ခြေသံကို လုံအောင် ထိန်းရင်း တက်သွားသည်။

တောင်ကုန်းတစ်ဝက်ကျိုးတော့ ရယ်သံကျယ်ကြီးကို အမှတ်မထင် ကြားလိုက်ရပါသည်။ လက်ယာခြေလှမ်းတို့ ရပ်သွား၏။ ပြီး အခြေအနေကို စကားစောင့်ကြည့်လိုက်သည်။ ထူးခြားမှုမရှိတော့မှ သက်ပြင်းချမိပါသည်။

နီးကပ်လွန်းနေပြီးမို့ ခြေလှမ်းဖြင့် တက်ရန်မဖြစ်နိုင်တော့။ ထို့ကြောင့် ဝမ်းလျားထိုးကာ တွားတက်သွားလိုက်ပါသည်။ စိတ်ကိုတော့ တင်းထား၏။ စကားသံတွေ တဖြည်းဖြည်း ကျယ်လောင်လာသည်။



ဆင်းမီးတောက်သံ တဖျစ်ဖျစ်ကိုပင် ကြားရသည့်အကွာအဝေးကို ရောက်လာသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်လာ၏။

ရှေ့တစ်ချက်တက်သွားလျှင် တွေ့ရပေပြီ။ ကံကောင်းစွာ ချုံပုတ်ပင်တွေက ရှေ့မှ ကာဆီးထားသည်။ တော်ရုံတန်ရုံ သူ့ကိုမမြင်ရနိုင်၊

ထိုအသိနှင့် အသက်ကိုအောင့်ရင်း တစ်ချက်တွားတက်လိုက်ချိန်မှာတော့ . . .

သစ်ခက်၊ သစ်ရွက်တွေကြားမှာ မြင်လိုက်ရသည်ကား . . .

“ဟာ . . .”

လူသုံးယောက် ဝိုင်းဖွဲ့ကာထိုင်နေသည်။ သူတို့ အလယ်တည့်တည့်မှာ မီးဖိုလေးတစ်ဖိုရှိ၏။ နှစ်ယောက်ကိုမြင်ရ၍ တစ်ယောက်ကကျောပေးထိုင်နေသည်မို့ မမြင်ရ။ ပြီး ထိုကျောပေးထိုင်နေသူမှာ အဝတ်ဖြင့် ခေါင်းကိုအုပ်ထား၏။ ထို့ကြောင့် မြင်ရသော လူနှစ်ယောက်ကိုပဲ သေသေချာချာ ကြည့်လိုက်သည်။

ပထမတစ်ယောက်က ရစ်ခွေကောက်ထွေးနေသော ဆံပင်များကို ဖားလျားချပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေနှင့် ဖြစ်သည်။ ဖားလျားချထားသည်မို့ ဆံပင်က မျက်နှာတစ်ပြင်လုံးဖုံးအုပ်ကာ ကြည့်ရဆော်တော်ဆိုးသည်။ မျက်နှာမှာလည်း ရင့်ရော်ဟောင်းညစ်ကာ အဆီတဝင်းဝင်းနှင့်။

အဝတ်အစားမှာလည်း ချေးအထပ်ထပ် ပေကျံနေသည်။ နောက်တစ်ယောက်က အပေါ်ပိုင်းကို ဗလာကျင်းထားသည်။ ဆံပင်ကို နောက်မှာ စုသိုင်းချည်းနှောင်ပြီး ရှေ့မှမီးတောက်ကို မျက်တောင်မခတ်စတမ်း ကြည့်နေ၏။ ခန္ဓာကိုယ် အချိုးအဆစ်တောင့်တင်းပြီး မျက်လုံးမှာ ကျားသစ်တစ်ကောင်လို စူးရှနေသည်။ မျက်နှာထားက ကျောက်ရုပ်လို။

ထူးခြားသည်က ခန္ဓာကိုယ်နေရာအနှံ့မှာ ဒဏ်ရာဒဏ်ချက်တွေ များခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်မောင်း၊ ရင်ညွန့်နှင့် ပါးတစ်ဖက်မှာ အမာရွတ်ကြီးကြီး မားမားကို တွေ့ရသည်။ ဘောင်းဘီရှည်ကို ဒူးအထိ ခေါက်တင်ထားပြီး ချေးအထပ်ထပ်စွဲနေသည်။ မြင်ရသော နှစ်ယောက်စလုံးမှာ ညစ်ပတ် ပေကျံကာနေပါ၏။

ထိုစဉ်မှာပင် ဆံပင်ဖားလျားချထားသော ပုဂ္ဂိုလ်က အဝေးကို မျှော်ကြည့်ပြီး စကားပြောသည်။

"ငါတို့လည်း ရောက်နေတာ ကြာလှပြီ။ အခုချိန်ထိ ကျွန်းက လွတ်အောင် မထွက်နိုင်ကြသေးဘူး။ တစ်ခါတလေတော့လည်း မြူနစ် လိုပုဂ္ဂိုလ်ကို အားကျတယ်ကွာ။ ကျွန်းပေါ်ရောက်လာသမျှတွေထဲမှာ သုံး ရက်နဲ့လွတ်မြောက်တာဆိုလို့ သူတစ်ယောက်ပဲရှိတယ်"

"လွတ်မြောက်ရုံတင်မကဘူး။ နောက်လူတွေအတွက်လည်း ကျွန်းက လွတ်မြောက်နိုင်မယ့်လမ်းကြောင်းနဲ့ အမှတ်အသားတွေ ရှာ ပေးသွားတယ်ဆို"

"ဟုတ်တယ်လေ"

အပေါ်ပိုင်းဗလာကျင်း လူရဲ့စကားကို ပထမလူက ထောက်ခံ သည်။

"ဒါနဲ့များတောင် ခင်ဗျားက ဘာလို့မထွက်နိုင်ရတာလဲ"

"မြူနစ်ရှာပေးခဲ့တဲ့ လမ်းကြောင်းတွေ အမှတ်အသားတွေကို ငါ မှ ရှာလို့မတွေ့တာ"

"ဩော် . . . သူထားခဲ့တဲ့ အမှတ်အသားတွေက နောက်လူတွေ အတွက် ရှာဖို့ခက်တယ်နဲ့ တူတယ်နော်"

ဆံပင်ဖြန့်ချထားသော လူကြီးက ခေါင်းညိတ်သည်။

"သေချာတာပေါ့။ မြူနစ်ဟာ သာမန်ပုဂ္ဂိုလ်မှ မဟုတ်တာ ကျွန်းပေါ်ရောက်ပြီး သုံးရက်နဲ့ ထွက်ပေါက်တွေ့တာကို ကြည့်လေ။ ဘယ် လောက်တော်တဲ့လူလဲဆိုတာ ခန့်မှန်းလို့ရတယ်။ အဲတော့ သူထားခဲ့တဲ့ အမှတ်အသားတွေကို ငါတို့ရှာမတွေ့ဘူးဆိုတာ မဆန်းပါဘူး"



"ဒါဆို ခင်ဗျားဘာရှာတွေ့လဲ"

"ကျွန်းပေါ်မှာ နေလာခဲ့တဲ့ ဆယ်နှစ်တာပတ်လုံး ငါရှာတွေ့ခဲ့ တာဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါက 'water' ဆိုတာပဲ"

"water ဟုတ်လား"

"ဟုတ်တယ် . . . ငါ ရှာတွေ့ခဲ့တာ အဲဒီစကားတစ်ခွန်းတည်း ပဲ"

ထိုစကားက လက်ယာနှလုံးသားကို လှုပ်ခတ်သွားစေသည်။ water ဆိုပါလား။ ထိုလူကြီး ဆယ်နှစ်လုံးလုံး ရှာဖွေခဲ့ရတဲ့ 'water' ဆို တာ ဘာကိုပြောတာလဲ။ သူ တွေးနေမိစဉ်မှာပဲ . . .

"ညံ့ပါတယ်ကွာ . . . ဆယ်နှစ်လုံးကျွန်းမှာနေပြီး ဒီတစ်ခုတည်း ပဲ ငါသိခဲ့တာ"

ဆံင်ရှည်လူကြီးက မချင့်မရဲ ဖြစ်သလိုပြော၏။ နားထောင်ကြည့် ရသလောက် စကားထဲမှာ ဝမ်းနည်းသံအချို့လည်း ပါဝင်နေသည်။ ဒါ ပေမဲ့ အပေါ်ပိုင်းဗလာကျင်းထားသူရဲ့စကားသံ ထွက်လာစဉ်မှာတော့-

"ခင်ဗျားကမှ တော်ပါသေးတယ်ဗျာ။ ကျုပ်ဖြင့် ကျွန်းပေါ်က ရေချိုကန်ကိုတောင် ရှာမတွေ့ခဲ့ဘူး"

ထိုစဉ်မှာပဲ တစ်ချိန်လုံး ကျောပေးထားသူ ပုဂ္ဂိုလ်ရဲ့စကား ထွက် လာသည်။

"ရှင်တို့နှစ်ယောက်လုံး ကျွန်မထက် အများကြီးသာပါတယ် ရှင်။ ကျွန်မကမှ ဝင်ဝင်ချင်း လမ်းမှားပြီး မြွေတောတိုးခဲ့ရတာ"

လက်ယာ မျက်လုံးပြူးသွားချေပြီ။ ခေါင်းကို အဝတ်အုပ်ထား သူမှာ မိန်းကလေးတစ်ယောက်ပါလား။ ဘယ်လိုပါလိမ့်။ ကျွန်းပေါ်မှာ မိန်းကလေးလည်း ရှိနေပါလား။

သူတို့သုံးဦးကရော ဘာတွေလဲ။ မိတ်ဆွေတွေလား၊ အတူနေ ဆိုင်သူတွေလား။ လက်ယာ တွေးကြည့်နေစဉ်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့လေ . . . မင်းအတွက် ငါတို့ စိတ်မကောင်းပါဘူး"

ဆံပင်ရှည်လူကြီးက ပြော၍။ အင်္ကျီဗလာဖြင့် ပုဂ္ဂိုလ်ကလည်း စိတ်မကောင်းသလို ခေါင်းညိတ်သည်။ ထိုစဉ်မှာပဲ လက်ယာတစ်ကိုယ်လုံး စပ်ဖျင်းပူလောင်သွားသည်။ ဆံပင်ရှည်လူကြီးက စူးရဲသောမျက်လုံးဖြင့် သူရှိရာဘက်သို့ ကြည့်နေသည်။

ရင်ထိတ်ကာ ခေါင်းကို ဆတ်ခနဲငုံ့လိုက်၏။

"ဘုရား . . . ဘုရား . . . ငါ့ကိုများ တွေ့သွားပြီလား"

ထိတ်လန့်ကာ အသက်ရှူတွေ မြန်လာသည်။ လိုရမည်ရ ဓားကိုလည်း အသင့်ပြင်ထား၏။ နားကိုတော့ စွင့်ထားပါသည်။ ထိုစဉ်မှာပဲ အမိန့်ဆန်သော ဆံပင်ရှည်လူကြီး၏ ခေါ်ငင်သံ . . .

"ဟေ့ကောင် . . . ဒီကို လာလေကွာ။ သစ်ပင်အောက်မှာ ဘာထိုင်လုပ်နေတာလဲ"

လူက သေနတ်နဲ့ တော့ပစ်ခံလိုက်ရသလို 'ဒိန်း'ခနဲ ခါထွက်သွားချေပြီ။ ငါကို တွေ့သွားပြီ။

ငါ ဘာလုပ်ရမလဲ။

ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကာ ချွေးပျံသွားစဉ် . . .

"မဟုတ်ပါဘူးဗျ။ ဒီနေရာက အေးလို့ပါ"

"ဟင် . . ."

သူ့ရဲ့ညာဘက်ဘေးမှ ကပ်ထွက်လာသောအသံ။ ဆတ်ခနဲ ခေါင်းပြန်ထောင်ကာ ကြည့်လိုက်တော့ . . .

လိပ်ပြာလွင့်မတတ် ဖြစ်သွားရ၏။ သူ့ရဲ့ လက်နှစ်ကမ်းသာသာ သစ်ပင်အောက်မှာ လူတစ်ယောက် ထိုင်ကာနေသည်။ ခုနတုန်းက မမြင်။ မမြင်ရတဲ့အကြောင်းက ထိုလူရဲ့အသားအရေမှာ ညအရောင်အတိုင်း မည်းမှောင်နေသည်။ သေချာကြည့်မှသာ လူတစ်ယောက်ထိုင်နေတာဖြစ်ကြောင်း တွေ့ရခြင်းဖြစ်သည်။



တော်ပါသေးရဲ့။ သူ့ကို တွေ့တာမဟုတ်။ အနားမှ အသားမည်းပင် သူ့ကို မြင်ဟန်မတူသေး။ ရင်ဝမှ အလုံးကြီးကျကာ သစ်ရွက်ကြားမှ ပြန်ချောင်းကြည့်လိုက်တော့ . . .

"ကျွန်တော့်ခန္ဓာကိုယ်က အမြဲတမ်းပူနေတာလေ။ ခင်ဗျားတို့က မီးဖိုထားတော့ အပူထပ်မခံနိုင်လို့ ဒီမှာ တစ်ယောက်တည်း ထိုင်နေတာ"

ထိုလူ့စကားကြောင့် သုံးယောက်လုံးက လှည့်ကြည့်သည်။ ထိုအခိုက်တွင် ကျောပေးထားသော မိန်းကလေးရဲ့မျက်နှာကို မြင်ရပါသည်။ စိတ်တွေ ချောက်ချားသွားရ၏။ လွန်စွာ ချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်ပေသည်။ ဒီလိုမိန်းကလေးမျိုးက ဘာလို့ ကျွန်းပေါ်ရောက်နေရတာလဲ။

စဉ်းစားမရ။ မိန်းကလေးကတော့ အေးအေးချမ်းချမ်းပဲဖြစ်သည်။ ဘာပူပင်သောကမှ ရောက်နေပုံမရ။ ဆံပင်ရှည်လူကြီးက . . .

"ဒါဆိုလည်း မင်းလက်ထဲက ကျောက်မီးသွေး ငါတို့ကိုပေးဦး။ ဒီမှာ မီးထိုးဖို့လိုနေပြီ။ ငါတို့မှာ ထင်းမရှိတော့ဘူး"

ထိုစကားကြောင့် ထိုင်နေသူ လူမည်းမှာ မတ်တတ်ထရပ်သည်။ ပြီး မီးဖိုနားကို ခြေလှမ်းကျဲဖြင့် လျှောက်သွား၏။ ဒီတော့မှ သေချာတွေ့ရသည်။ ထိုလူမှာလည်း အပေါ်ပိုင်း ဗလာဖြစ်ပေ၏။ အရပ်လည်း တော်တော်ရှည်သည်။ လက်မှာက ကျောက်မီးသွေးဟုထင်သည့် အချွန်အတက်တွေပါသော ကျောက်တုံးအချို့ကို ကိုင်ထားသည်။ ထိုအရာတို့အား ခပ်လှမ်းလှမ်းမှ တောင်းသူလူကြီးဆီသို့ ပစ်ပေး၏။

ကျောက်မီးသွေးပင် ဖြစ်ပါလိမ့်မည်။ ပုံစံကြည့်ရသလောက် ထိုလူကြီးမှာ အားလုံးထဲတွင် အသက်အကြီးဆုံး ဖြစ်ပုံရလေသည်။ သူ့စကားကိုလည်း သုံးယောက်လုံး နာခံသလိုရှိ၏။

လူမည်းကတော့ သူ့ကိစ္စပြီးသွားသလို မူလနေရာမှာ ပြန်ထိုင်သည်။ ဆံရှည်လူကြီးက ကျောက်မီးသွေးတုံးများကို မီးဖိုထဲသို့ ထည့်



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ တွေ့ရသလောက် ယောက်ျားသုံးယောက်မှာ တူညီတာတစ်ခုရှိနေသည်။ အဲဒါက ဝတ်ထားသောအဝတ်နှင့် ခန္ဓာကိုယ်တို့မှာ ချေးအထပ်ထပ် စွဲနေခြင်းဖြစ်သည်။ ဘာကြောင့် ညစ်ပတ်စုတ်ပေနေသည်ကိုလည်း သူ တွေးမရ။

ကျွန်းပေါ်မှာ အနေကြာသည့်အတွက် အဝတ်အစားတွေ ဟောင်းနွမ်းစုတ်ပြဲတာ လက်ခံသည်။ အခုဟာက စုတ်ပြဲရုံမဟုတ် ချေးအလိပ်လိပ်တက်နေခြင်းဖြစ်ရာ လက်ယာ စဉ်းစား၍မရ။ ရေပတ်လည်ဝိုင်းနေသည့်ကျွန်းမှာ ဘာလို့ ဒီလိုပုံစံတွေ ဖြစ်နေရတာလဲ။

မီးပွားတွေ တဖွားဖွား လွင့်စင်နေသည်။ ကျောက်မီးသွေးကို မီးတောက်တွေ ဝါးမျိုဖို့ ကြိုးစားနေပြီထင်၏။ သူကတော့ ယခုချိန်တိုင် တုပ်တုပ်မျှမလှုပ်ရဲသေး။

သတိရကာ အနောက်ကိုလှည့်ကြည့်တော့ ဟိုတော်တော်ဝေးဝေးမှာ သူ့တဲလေးမှ မီးတစ်စကို မြင်ရသည်။ ထိုစဉ်မှာပဲ လေစိမ်းတွေ တိုက်ခတ်လာ၏။ ဘာကြောင့်မှန်းမသိ ကျောထဲမှာ စိမ့်အေးသွားသည်။

နှာခေါင်းတွင်းမှာ ညှီစို့စို့အနံ့လိုလို၊ ငါးညှီနံ့လိုလိုကိုလည်း ခံစားရတော့ . . .

"ကတ်လူကလည်း ကြာလိုက်တာ။ အခုအချိန်ထိ ရောက်မလာသေးဘူး"

ဒဏ်ရာဗရပွ ပုဂ္ဂိုလ်ရဲ့စကားနောက်မှာ လူမည်းက . . .

"ပြောရင်းဆိုရင်းပဲ . . . ဟိုမှာ ရောက်နေပြီ"

မီးဖိုဘေး ထိုင်နေသူသုံးဦး၏ခေါင်းတွေ လှည့်သွား၏။ ထို့အတူ သူကိုယ်တိုင်မှာလည်း . . .

"ဟင် . . . "

သစ်ပင်ကြီးတစ်ပင်အောက်မှာ ကျောက်ရုပ်လို မတ်တတ်ရပ်နေသူတစ်ယောက်။ တစ်ကိုယ်လုံး ရေတွေရွှဲကာ အဝတ်တွေ အသားမှာ



နေ၏။ ခေါင်းတုံး (ကတုံး) နှင့်ဖြစ်ပြီး မျက်စိနှစ်လုံးက အပြင်ကို ထွက်မတတ် ပြူးကျယ်နေသည်။

ပိုဆိုးသည်က ခန္ဓာကိုယ်မှာ မြင်မကောင်းအောင် ပိန်ကပ်နေခြင်းဖြစ်၏။ ညကြီးအချိန်မတော်တွေ့ရပါက သွေးပျက်လောက်သည့် ရုပ်သည်မျိုး။ ထိုလူ့ကိုတွေ့တော့ အသက်အကြီးဆုံး ဆံပင်ရှည်လူကြီးက . . .

"မင်းကလည်း ကြာလိုက်တာ၊ ဘယ်တွေလျှောက်သွားနေတာလဲ"

လူနဲ့လိုက်ဖက်စွာ နှုတ်ထွက်စကားမှာလည်း အေးစက်စက်။

"အခုမှ ရေထဲက တက်လာတာ။ ကျွန်းရဲ့အခြေအနေကို ဆင်းကြည့်တာ"

ထိုစကားကြောင့် အကုန်လုံး ခေါင်းတွေထောင်သွားသည်။ မေးကပင် အလျင်စလိုဖြင့် . . .

"အခြေအနေ ဘယ်လိုရှိလဲ"

"အနောက်ဖက်မှာ အခြေအနေ မကောင်းဘူး။ သုံးပုံတစ်ပုံလောက် ရေအောက်မြုပ်သွားပြီ။ ကျွန်တော့် စိတ်ထင် . . . "

စကားမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်သွား၏။ အားလုံး မရိုးမရွ ဖြစ်ကာ . . .

"ဘာ . . . ဘာဖြစ်လို့လဲ . . . ဒီကျွန်းကြီး ဘာဖြစ်နိုင်လို့လဲ"

"ကျွန်တော် တွက်ကြည့်ရသလောက် . . . "

စီးကျနေသော ရေတွေကို လက်ဖြင့် သပ်ချကာ . . .

"ဒီတစ်ခါ ခေါင်ရေမှာ တစ်ကျွန်းလုံးမြုပ်သွားနိုင်တယ်"

"ဘာ . . . "



www.burmeseclassic.com

www.burmeseclassic.com

# X

မျက်လုံးနှစ်လုံးပွင့်တော့ မိုးစင်စင်လင်းနေပါပြီ။ ကမန်းကတ... ထိုင်လိုက်တော့ ပတ်ဝန်းကျင်မှာ အမြင်စိမ်းနေ၏။ မြေပေါ်တွင် သူ... အတိုင်း အိပ်ပျော်နေခြင်းဖြစ်ပါသည်။

ဘယ်လို ဖြစ်သွားတာလဲ။ နားထင်ကို လက်ထောက်ကာ စဉ်... စားတော့ ညကအဖြစ်အပျက်တွေ တရေးရေးပြန်ပေါ်လာသည်။ သတိ... လျှင်ရချင်း နောက်လှည့်ကြည့်တော့ မည်သူမျှ ရှိမနေတော့ပါ။ ည... လူတွေ ဘယ်ရောက်သွားကြပြီလဲ။ ပြီးတော့ သူကရော ဘယ်လိုအိ... ပျော်သွားတာလဲ။

စဉ်းစား၍ မရခဲ့။ ထိုလူတွေရဲ့ ပြောစကားကို နားထောင်ရင်... အိပ်ပျော်သွားတာ ဖြစ်နိုင်ပါသည်။ သူ့အရင် ကျွန်းပေါ်ရောက်နေသ... လူဟောင်းတွေ ဖြစ်ပေမည်။ ပြီး အကုန်လုံးမှာလည်း ထွက်ပေါက်... ရှာမတွေ့သေးသူများဖြစ်၏။ ဘာပဲပြောပြော လက်ယာ အဖော်ရသွ... ပေပြီ။

ကျွန်းပေါ်မှာ သူတစ်ယောက်တည်း မဟုတ်တော့။ ဘယ်ထွ... သွားကြပြီမသိပေမဲ့ တစ်နေရာရာမှာတော့ ဆုံတွေ့ကောင်းဆုံတွေ့နိုင်... သည်။ အကုန်လုံးက မလွတ်မြောက်သေးသူများပင် မဟုတ်လား။



လက်ယာ တောင်ကုန်းအောက်ဖက် အတော်ဝေးဝေးမှာရှိသော သူ့တဲလေးကို လှမ်းကြည့်ရင်း မတ်တပ်ရပ်လိုက်သည်။ ပြီးတော့ လေးပင်စွာဖြင့်ပင် ဆင်းလာခဲ့လိုက်၏။

ဝေဝါးနေတာတစ်ခုကတော့ လုံးဝကို ရှင်းသွားပေပြီ။

ကျွန်းစောင့်ကြီးကိုလည်း သံသယမရှိတော့။

ဤကျွန်း၌ တကယ်ပင် လွတ်မြောက်ရန် ထွက်ပေါက်ရှိနေသည် မဟုတ်ပါလား။

ပြီးတော့ စိတ်ဝင်စားဖွယ် လူတစ်ယောက်ကိုလည်း ညက ကြားသိခဲ့ရ၏။

သုံးရက်နဲ့ လွတ်မြောက်ခဲ့သည်ဆိုသော ပုဂ္ဂိုလ်။ သူတို့အခေါ် 'မြူနစ်' အခြေအနေပေးလျှင်တော့ မေးကြည့်ချင်ပါသည်။

'မြူနစ်'ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်။

• • •

ခေါင်းထဲမှာ နောက်ကျိသလို ဖြစ်သွားသည်မို့ တဲရှေ့ရောက်ရောက်ချင်း မျက်နှာသစ်လိုက်သည်။ ပြီး တဲပေါ်တက်ကာ ခေါင်းရင်းပိုင်းမှ စာအုပ်လေးကို ယူလိုက်ပါသည်။

နောက်ကျိသွားသော စိတ်ကို ကြည်လင်ရန်နှင့် တစ်နေ့တာအတွက် အေးချမ်းမှုရစေရန် ကြိုးစားရပေဦးမည်။ စာအုပ်လေးကို ဖွင့်တော့ မင်ပြာဖြင့် ရေးခြစ်ထားသော လက်ရေးလက်သားတွေပေါ်လာသည်။

ပညာရှိပေါင်းများစွာ၏ဦးနှောက်မှ ဆင်းသက်လာသော အသိဉာဏ်ပညာတွေ၊ ထိုအသိဉာဏ်များစွာထဲကမှ သူ့ဘဝနှင့် လိုက်လျောညီထွေဖြစ်တာတွေကို စုစည်းမှတ်သားထားခြင်း ဖြစ်ပါ၏။ ဒါတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝကို သူကိုယ်တိုင် တည်ဆောက်ထားခြင်းဖြစ်သည်။ အပြာရောင်ကို သဘောကျသည်မို့ တစ်အုပ်လုံးကို မင်ပြာဖြင့်သာ ရေးထား၏။

တချို့တွေက အပြာရောင်ကို သဘောမကျ၊ အရောင်ရဲ့နာမည်အတိုင်း ပြာသွားသည်။ ပျာယာခတ်သည်ဟု မှတ်ယူကြသည်။ ထို စကားများကြားလျှင် သူ ရယ်မိ၏။ သက်မဲ့အရာတစ်ခုရဲ့ ခေါ်တွင်စရာ အမည်နာမက လူကို ပြောင်းလဲသွားစေတယ်တဲ့။

ဘာမဟုတ်သော အရောင်တစ်ခုရဲ့ အစွမ်းအစကို သူ မြင်တွေ့လိုက်ရသလို ဘာမှ အသုံးမကျသော အရောင်တစ်ခုရဲ့ ပြောင်းလဲခြင်းကိုခံရသည့် လူပုဂ္ဂိုလ်တွေရဲ့ အရည်အချင်းကိုလည်း ဝမ်းနည်းနမြောမိသည်။

သူကတော့ အပြာရောင်ကို သဘောကျပါသည်။ ကောင်းကင်ရောင်ဖြစ်နေသည့်အတွက် လေးစားအထင်ကြီးသည်။ ဘာနှင့်မျှ တုနှိုင်းမရသော တည်ငြိမ်မှုတွေ ကောင်းကင်မှာရှိနေ၏။ တန်ခိုးစွမ်းအားတွေလည်း ကောင်းကင်ရဲ့ အတွင်းနက်နက်ထဲမှာ သန္ဓေတည်နေသည်။

ကောင်းကင်ကြီးကို မော့ကြည့်လျှင် တည်ငြိမ်မှုကို မြင်ရ၏။ တန်ခိုးစွမ်းအားကြီးကြောင်း ခံစားရသည်။ လူတွေ မွေးကြသည်။ သေကြသည်။ သက္ကရာဇ်တွေ တစ်ခုပြီးတစ်ခု ပြောင်းကြသည်။ သို့ပေမဲ့ ဘယ်ကာလမှာပဲ မော့ကြည့်မော့ကြည့် ကောင်းကင်ရဲ့ ပင်ကိုအရောင်သည် မပြောင်းလဲ။

ရာသီဥတုကိုလိုက်ပြီး အကာအကွယ်တွေတော့ တစ်ခါတစ်ရံမှာ ရှိတတ်ပါသည်။ ဒါပေမဲ့ ထိုအရာတွေမှာလည်း ကောင်းကင်ပြာပြာကြီးကို ထာဝရမပြောင်းလဲနိုင်ပါ။ ဒါသည်ပင် အပြာရောင်ရဲ့ စွမ်းအားပါပဲ။ စနစ်တကျတည်ဆောက်ထားတဲ့ တည်ငြိမ်မှုပါပဲ။

ထို့ကြောင့်လည်း သူ့ဘဝရဲ့ ရှေ့ဆောင်လမ်းပြစာအုပ်လေးမှာ ကောင်းကင်ရဲ့ စွမ်းအားတွေကူးစက်အောင် အပြာရောင်ကိုသာ သုံးထားပါသည်။



စာအုပ်လေးထဲမှာက သူ့ဘဝအတွက် အကောင်းဆုံးနေထိုင်နည်းတွေပါဝင်၏။ လူတစ်ယောက်မှာ ရှိသင့်သော ကိုယ်ကျင့် အဘိဓမ္မာနှင့် မေတ္တာတရား၊ စိတ်ခာတ်ပိုင်းဆိုင်ရာ တည်ဆောက်မှုများ ပါဝင်သည်။ ဒါတွေသည် သူ့သက်တမ်းတစ်လျှောက် စုဆောင်းရရှိခဲ့သမျှနေထိုင်နည်း သီအိုရီတွေပါ။

ထို့ကြောင့်လည်း ဤစာအုပ်လေးကို ကိုယ်နှင့်မကွာ အမြဲဆောင်ထားသည်။ ယခုလောလောဆယ်အတွက်တော့ စိတ်ဓာတ်နှင့်ပတ်သက်သော တည်ဆောက်မှု စာမျက်နှာများကို လှန်လိုက်၏။ အလွတ်ရထားပြီးသမျှတွေဖြစ်ပေမဲ့ အိပ်ပျော်နေသော ဦးနှောက်နှင့် နှလုံးသားကို ပြန်လည်နိုးကြားလာစေရန် စာတစ်ကြောင်းချင်း တစ်လုံးချင်းကို စိတ်ဝင်တစား ဖတ်ရှုလိုက်သည်။

ပြီးတော့ စာအုပ်ကိုပိတ်ကာ အလွတ်ထိုင်နည်းဖြင့် ဆယ့်ငါးမိနစ်လောက်ကြာအောင် ထိုင်နေလိုက်၏။ မျက်လုံးပြန်ဖွင့်ချိန်မှာ ခန္ဓာကိုယ်က အရင်လို မဟုတ်တော့။ ယခင်ထက် ပိုမိုပေါ့ပါးကာ စိတ်ကြည်လင်လာသည်။ ဒီတော့မှ တဲပေါ်ကဆင်းကာ တစ်နေရာကို ထွက်သွားလိုက်၏။

ခန္ဓာကိုယ်အတွက် လိုအပ်မှုကို ဖြည့်ဆည်းရပေဦးမည်။ မနေ့က တမံတုတ်ထားသော မြောင်းလေးဆီရောက်တော့ . . .

"ဟာ . . . ရေတွေ ဘယ်ရောက်ကုန်ပါလိမ့်"

မနေ့က ခပ်ထုတ်ထားပေမဲ့ ခြေချင်းဝတ် မရှိတရှိလောက်တော့ ကျန်သေးသည်။ ယခု မြောင်းလေးအတွင်းမှာ ရေလုံးဝ မရှိတော့။ ထို့အတူ ငါးတွေမှာလည်း . . .

ရေစစ်ကာ ရွံ့မြေက ပြောင်ရှင်းနေသည်။ တအံ့တသြဖြင့် ခပ်သွက်သွက်လျှောက်ကာ စူးစမ်းလိုက်တော့ . . .

တမံပေါက်သွားခြင်းမဟုတ်။ မြောင်းတွင်းတစ်နေရာမှာ လက်တစ်ဝါးစာ အဝိုင်းပေါက်လေးတစ်ပေါက် ပေါက်နေတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးတိုးပေါက်ဖြစ်နိုင်သည်။ ရေတွေမှာလည်း ထိုအပေါက်အတိုင်း စီးဆင်းသွားသည်ထင်၏။

အပေါက်လေးကို အနီးကပ်ငုံ့ကြည့်တော့ မှောင်မည်းနေသည် ခဦးစားလို့မရအောင်လည်း ဖြစ်သွားသည်။ ငါးတစ်ကောင်ရဲ့ တိုးအားက မြေကြီးပေါက်လောက်အောင် ဖြစ်နိုင်ပါ့မလား။ ပြီးတော့ ထိုအပေါက်က ဘယ်ကိုသွားတဲ့ အပေါက်လဲ။

တိုးလျှိုးပေါက်ဖြစ်၍သာ အိုင်တွင်းမှရေတွေ ကုန်စင်အောင် စီးကျသွားခြင်းဖြစ်နိုင်ပါသည်။ အခြေအနေကိုသိရန် လက်တွင်းမှ ဓားရှည်ကို ထိုးထည့်ကြည့်လိုက်သည်။ ဓားတစ်ချောင်းဆုံးအောင်မဝင်။

"အပေါက်က တိုတိုလေးပါလား။ ဒါဆို ရေနဲ့ ငါးတွေ ဘယ်အပေါက်က ထွက်သွားတာလဲ"

တစ်ကိုယ်တည်း ရေရွတ်ရင်း ဓားကိုပြန်ထုတ်ကာ လိုက်နှိုက်ကြည့်လိုက်၏။ တကယ်ပင် လက်တစ်ချောင်းမဆုံးခင် လမ်းဆုံးသွားပါသည်။ ဒါပေမဲ့ . . .

လက်ကောက်ဝတ်က လေတိုးမှုတစ်ခုကို ခံစားရသည်။ လက်ကို ပြန်ထုတ်ပြီး လေတိုးရာနေရာကို စူးစမ်းတော့ . . .

အောက်ဖက်မှာ အပေါက်တစ်ပေါက်ရှိနေသည်။ ထိုအပေါက်ထဲမှလေတွေ အပေါ်သို့ ကန်နေခြင်း။ မထူးတော့ပြီမို့ လက်ထည့်ကာ စမ်းကြည့်သည်။ အတော်ရှည်ပုံရ၏။ ခန္ဓာကိုယ်ကို မြေမှာကပ်ရင်း လက်ကို ရောက်နိုင်သမျှရောက်အောင် စမ်းသပ်ကြည့်စဉ်မှာပဲ . . .

မြေကြီးမှာ ပတ်ကြားတွေ အက်လာသည်။ သူမသိ။ အာရုံရောက်နေသည်က ဒီအပေါက် မည်မျှရှည်သနည်း။ အဆုံးမှာ ဘာရှိသနည်း။

"ဗျစ် . . . ဗျစ် . . ."

အနီးကပ်ကြားရပေမဲ့ သတိမမူမိပါ။ လက်ကိုသာ အတွင်းသို့ ရောက်သထက်ရောက်အောင် ထိုးထွင်းစမ်းကြည့်နေသည်။



"ဗလစ် . . . ဗျစ် . . . ဗျစ် . . ."

သူရှိနေရာ မြေကြီးပတ်ပတ်လည်၌ အက်ကွဲကြောင်းတွေပေါ်လာသည်။ မြေပေါ် လှဲနေသည်မို့သူကတော့ မမြင်။ ပက်ကြားအက်တွေ တမုဟုတ်ချင်း များပြားလာသည်။ အက်ကွဲကြောင်းတွေ ကြီးလာသည်။ အသံတွေ ပိုကျယ်လာသည်။

"ဖျစ် . . . ဗလစ် . . . ဗျစ် . . .ဗျစ် . . ."

ထိုခဏလေးမှာပဲ . . .

"ဝေါ . . . ဝရော . . ."

မြေစိုင်၊ မြေခဲတွေနှင့်ရောကာ သူ့ခန္ဓာကိုယ်သည် အောက်ဖက်သို့ တစ်ရှိန်ထိုး ပြုတ်ကျသွားတော့၏။

"ဝုန်း . . ."



www.burmeseclassic.com

www.burmeseclassic.com

## XI

သတိထားမိတော့ သူ့ကိုယ်ပေါ်မှာ ဖုန်တွေသဲတွေ ပေကျံနေသည်။ အရှိန်နှင့် ပြုတ်ကျလာမှုကြောင့် တင်ပါးဆုံရိုးအောင့်ကာ ဘယ်ဘက်လက်ကောက်ဝတ် နာသွားသည်။ အေးပတ်ပတ်လည်မှာလည်း သူနှင့်အတူပြုတ်ကျလာသော မြေခဲတွေ၊ ဖုန်တွေ၊ သဲတွေနှင့်။

ကုန်းရုန်းထကာ နေရာဒေသကို စူးစမ်းတော့ ရှေ့တည့်တည့်မှာ လိုဏ်ခေါင်းသဖွယ် လမ်းတစ်ခု။ ဟိုဘက်ခပ်ဝေးဝေးမှာ အလင်းရောင်ကို မြင်ရသည်။ အပေါ်ကိုမော့ကြည့်တော့ သစ်ပင်ကိုင်းဖျားနှင့် ကောင်းကင်ကို မြင်ရ၏။

ပြုတ်ကျလာသည်က ခန့်မှန်းခြေ ဆယ်ပေလောက် အနက်ရှိပေမည်။ အိုင်ထဲမှ ရေနှင့်ငါးတွေ ဒီထဲကျလာခြင်းဖြစ်နိုင်သည်။ မြေကြီးအောက် ဆယ်ပေအနက်လောက်တွင်ရှိသော လိုဏ်ခေါင်းလေးတစ်ခုဖြစ်၏။ ဖန်တီးပြုလုပ်ထားတာလား၊ သဘာဝအလျောက်ဖြစ်နေသည့် လိုဏ်ခေါင်းလေးလား။

သေချာငုံ့ကြည့်တော့ အတော်အတန်ရှည်လျားကြောင်း တွေ့ရသည်။ အပေါ်ပဲ ပြန်တက်ရမလား၊ အတွင်းသို့ပဲ ဝင်ရမလား။ အတန်ငယ် စဉ်းစားလိုက်၏။ နောက်ဆုံးတော့ စူးစမ်းတတ်သော ဉာဉ်အတိုင်း အတွင်းဝင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။



လူတစ်ရပ်မလွတ်သည်မို့ ခေါင်းငုံ့၍ ဝင်သွားရသည်။ ခြေငါးလှမ်းလောက်ဝင်ပြီးသွားချိန်မှာပဲ လိုဏ်ခေါင်းလေးရဲ့သဘာဝကို နားလည်လိုက်တော့၏။ လူတို့ ပြုလုပ်ထားခြင်းမဟုတ်ပါ။ သဘာဝဖြစ်ပေါ်နေသော လိုဏ်ခေါင်းလေးဖြစ်သည်။

ခေါင်မိုးနှင့် နံရံတို့မှာ ကျောက်ခက်၊ ကျောက်ခက်တွေ တွဲကျနေ၏။ မှိုလိုလို၊ ရေညှိလိုလိုအနံ့ ပေါင်းစုံလည်း လှိုင်ထွက်နေသည်။ အလင်းရောင် တိတိပပမရှိသည်မို့ ထိုအနံ့တွေ ထွက်နေခြင်းဖြစ်သည်။ သူ ပြုတ်ကျရာဝင်ပေါက်မှ အလင်းရောင်လေး ရှိလို့သာ တော်သေး၏။

မဟုတ်ပါက ကျောက်သားအချွန်အတက်တွေနှင့် သွားလာရခက်ခဲပေမည်။ လမ်းတစ်လျှောက်တွင်တော့ ဘာအန္တရာယ်မှုမရှိ။ မိုးတွင်းမိုးအခါ ရေစီးဝင်ရာကလိုင်ပေါက်လေး ဖြစ်နိုင်သည်။ ခြေလှမ်းငါးဆယ်လောက် လျှောက်ပြီးစဉ်မှာတော့ အဝမှလှမ်းမြင်ရသော အလင်းရှိရာသို့ရောက်လာသည်။

ရောက်ရောက်ချင်းပင် လမ်းကြောင်းမှာလည်း တစ်ဆစ်ချိုးကွေ့သွား၏။ အလင်းဖောက်ဝင်လာရာ လမ်းကြောင်းကိုလည်း မြင်ရသည်။ အပေါ်ဘက်တွင်ဖြစ်၏။ ထိုနေရာရောက်အောင် သွားရမည့်လမ်းမှာလည်း ကုန်းတက်သဘောမျိုး မတ်စောက်စောက်လေးဖြစ်နေသည်။ ပြီးတော့ ရေညှိနှင့်ချောနေ၏။ ဘာပဲဖြစ်ဖြစ် ရောက်အောင်တော့ သွားရမည်။ အပေါက်ရဲ့ဟိုဘက်မှာ ဘာရှိသလဲ သိချင်လှပြီ။

ခြေရောလက်ရော အသုံးပြု၍ ခက်ခက်ခဲခဲတက်သွားလိုက်ရာ အပေါက်ဝသို့ ရောက်စဉ်မှာပင် . . .

သူတွေ့လိုက်ရသည်ကား . . .

'ဝုန်း' ခနဲ လှိုင်းပုတ်သံတစ်ချက်နှင့်အတူ မျက်စိတစ်ဆုံး မြင်လိုက်ရသည့် ပင်လယ်ပြင်ကြီး။ အပေါက်မှခေါင်းထွက်ကာ ကြည့်လိုက်သော့ ပင်လယ်လှိုင်းတွေက အောက်ဖက်ကျောက်နံရံကို တဝုန်းဝုန်းရိုက်



www.burmeseclassic.com

www.burmeseclassic.com

ခတ်နေသည်။ မြင်ရသော မြင်ကွင်းကိုကြည့်ကာ ရင်ထဲမှာ ဟာဆင်းသွားသည်။

မျှော်လင့်ချက် တသီကြီးဖြင့် ကြိုးစားလာခဲ့သမျှအားလုံး ပျောက်ကွယ်သွားပေပြီ။ လမ်းလည်း ဆုံးသွားခဲ့ပြီ။ ဆက်သွားလျှင်လည်း ပင်လယ်တွင်း ပြုတ်ကျရုံသာ ရှိတော့၏။ သူရောက်ရှိရာ နေရာဒေသကိုလည်း သဘောပေါက်လိုက်သည်။

ပင်လယ်ပြင်နှင့် ထိစပ်နေသော ကျောက်သားနံရံအမြင့်ကြီးပါ ကျွန်း၏ ဘယ်နေရာလောက်မှာရှိသော ကျောက်ဆောင်ကြီးဖြစ်သည်ကိုတော့ သူ မပြောတတ်။ ကျောက်တောင်မဟုတ်။ လှိုင်းပုတ်မှုနှင့် ရေတိုက်စားမှုကြောင့် ပင်လယ်ထဲသို့ အလွှာလိုက် ကွာကျထားပုံရသော ကျောက်ဆောင်အမြင့်ကြီး။

ခေါင်းထွက်ကြည့်ရာ ကလိုင်ဝမှာလည်း ပင်လယ်ပြင်မှာ ပေနှစ်ဆယ်လောက် မြင့်မည်ထင်၏။ အောက်ဖက်မှာ လှိုင်းတွေ တဝုန်းဝုန်းပုတ်နေသည်။ အပေါ်ဘက်မှာလည်း အမြင့်ကြီးရှိနေသေး၏။

"ဟူး . . ."

သက်ပြင်းမောကို ချလိုက်သည်။ လမ်းဆုံးပေပြီ။ ဘာမှဆက်လုပ်လို့မရတော့။ အပေါ် ပြန်တက်ဖို့သာရှိတော့သည်။ လေတွေတဟူးဟူး ဝင်ရောက်နေသည်မို့ မျက်လုံးကိုမှိတ်ကာ အသက်ကို တဝကြီး ရှူလိုက်သည်။ ပြီးတော့ ကလိုင်ဝ၌ ပင်လယ်ပြင်ကို ခေါင်းပေးကာ အမောဖြေသည့်သဘော လှဲချလိုက်သည်။

ပက်လက်အနေအထားမို့ သူ့မျက်လုံးတွေက ခေါင်မိုးဆီမှာ။ အပေါ်မှ အိတွဲကျနေသော ကျောက်သားချွန်တွေ၊ ရေညှိတွေ၊ ကျောက်ကပ်ပင်တွေကို မြင်ရသည်။

အသက်ကို ပုံမှန်ရှူကာ အမောဖြေနေမိပါသည်။ ခေါင်မိုးကို ကြည့်နေရာမှ မျက်လုံးတွေက တဖြည်းဖြည်း ကလိုင်အပေါ်ဘက်ကို ရောက်သွားသည်။ ဤကျောက်ဆောင်ကြီး ဘယ်လောက်မြင့်ကြောင်း



သိလိုသည်ကြောင့် အပေါက်ဝမှ ပင်လယ်ဘက်သို့ ခေါင်းတစ်ဝက်ထုတ်ကာ မော့ကြည့်လိုက်တော့ . . .

"ဟင် . . ."

မျက်လုံးပြူးကာ ရင်တစ်ချက် ဆောင့်ခုန်သည်။ သူ မြင်တွေ့လိုက်ရသည်ကား ဂဏန်းတွေ။

ကလိုင်ဝအပေါ်ဘက် ကျောက်သားနံရံမှာ ရေးသွင်းထားသော ဂဏန်းတွေ၊ စိတ်ဝင်စားသွားပြီး ခန္ဓာကိုယ်ကို တတ်နိုင်သမျှ အပြင်ဆန့်ထုတ်လိုက်သည်။ ပခုံးအောက်ပိုင်းလောက်ထိ ပင်လယ်ဘက် လွတ်ထွက်သွား၏။

ထိုအခါမှပင် ရေးထွင်းထားသော စာလုံးကြီးများကို ထင်ထင်ရှားရှား တွေ့ရတော့သည်။ စာလုံးကြီးတွေနှင့်မို့ ပင်လယ်ပြင် အတော်ဝေးဝေးမှ ကြည့်လျှင်ပင် ရှင်းလင်းစွာ မြင်တွေ့နိုင်၏။

သူကတော့ ကပ်ကြည့်သည်မို့ အနည်းငယ် ခက်ခဲသည်။ စာလုံးကြီးတွေဖြစ်ရာ တစ်ခါတည်း ဆုံးအောင်မကြည့်နိုင်။ အောက်သို့ပြုတ်ကျမသွားစေရန်လည်း ထိန်းထားရသေးသည်။ အချိန်တစ်ခုကြာပြီးသွားသည့်နောက်မှာ . . .

အားလုံးမှတ်ပြီးတော့ ကိုယ်ကို အတွင်းပြန်ဝင်လိုက်သည်။ ချက်ချင်းပင် ကလိုင်အတွင်းမှထွက်ကာ ကုန်းပေါ်ပြန်တက်လိုက်၏။ ကုန်းမြေပေါ် ရောက်ရောက်ချင်း တဲစခန်းရှိရာသို့ အလျင်အမြန်ပြေးသွားလိုက်ပါသည်။

တဲစခန်းရှေ့ကိုရောက်တော့ နီးစပ်ရာတုတ်ချောင်းဖြင့် မြေပြင်မှာ တစ်ခုချင်း ရေးခြစ်လိုက်သည်။

ခဏချင်းပင် တဲစခန်းရှေ့ မြေပြောင်ပြောင်မှာ ဂဏန်းတွေ၊ အမှတ်အသားတွေပေါ်လာ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# 1954

## 12 3 x 7 ( ) +

ရေးပြီးတော့ တစ်လုံးချင်းကို အသေအချာလေ့လာမိ၏။

"ဘာအဓိပ္ပာယ်လဲ"

နောက်ထပ် စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းတစ်ခုလည်း သူ့ရဲ့တဲစခန်းလေးမှာ ဖြစ်ပွားထားပါသည်။ အဲဒါက . . .

သူအားကိုးအားထားပြုထားသော သောက်ရေအိုင်လေးမှာ တစ်ဝက်မျှသာ ရှိတော့သည်။

ᨒ ᨒ ᨒ



# XII

တဲပေါ်တွင်ထိုင်ကာ မြေမှာရေးထားသော ဂဏန်းနှင့် အက္ခရာအမှတ်အသားများကို ကြည့်နေမိပါသည်။ ဘာအဓိပ္ပာယ်လဲ၊ ဘာကိုဆိုလိုတာလဲ၊ ပင်လယ်ဘက်မျက်နှာမူကာ ဘာလို့ စာလုံးကြီးများဖြင့် ရေးသားရတာလဲ။

အဝေးမှကြည့်လျှင်ပင် ထင်ထင်ရှားရှားမြင်နိုင်သော အရွယ်အစားဖြစ်၏။ ဘယ်နေရာကကြည့်ကြည့် မြင်ရနိုင်သော အနေထားမျိုး။ ဖြတ်သွားဖြတ်လာသင်္ဘောများကို တွေ့စေချင်တာလား။ ဒါမှမဟုတ် ကောင်းကင်က မောင်းနှင်သည့် လေယာဉ်၊ ရဟတ်တို့ကို မြင်တွေ့စေချင်တာလား။

ဒါဟာ ဘာအမှတ်အသားလဲ။ ကျွန်းကို ပင်လယ်ပြင်၌ ထင်ရှားစေရန် ရေးထိုးထားတာလား။ အဓိပ္ပာယ်တစ်စုံတစ်ရာတော့ ရှိနေမှာ သေချာပါသည်။ အကြောင်းမဲ့တော့ ကျောက်ဆောင်နံရံမှာ စာလုံးကြီးများဖြင့် ရေးထိုးထားမည်မဟုတ်။ ဘာကို ဆိုလိုသည်ဆိုတာလည်း သူ ဆွေးလို့မရ။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကိစ္စမရှိသေးပါ။

ယခုလောလောဆယ် ထိုအရာများသည် သူ့အတွက် အရေးမကြီးသေး။ အရေးကြီးသည်က တစ်ဝက်လောက်သာ ကျန်တော့သည့် သောက်ရေ။

မနက်က ရေသောက်၊ မျက်နှာသစ်ပြီးချိန်မှာ ရေအိုင်လေးက တစ်ဝက်မရှိတရှိလောက်သာ ကျန်တော့ပါသည်။ ယခု နာရီတော်တော်များများကြာပြီးသည့်တိုင် အရင်လို ပြန်ပြည့်မလာတော့။

ဘယ်လိုဖြစ်သွားတာလဲ။ အောက်က စမ်းဖြတ်သွားတာလား။ ဒါမှမဟုတ် တစ်ယောက်ယောက်ပဲ ဖြတ်တောက်လိုက်တာလား။ အချိန်အတော်ကြာအောင် သူစောင့်ကြည့်နေမိသေး၏။ သေချာပါသည်။ ရေတစ်စက်ကလေးတောင် တိုးမလာတော့ပါ။

ချက်ချင်းလက်ငင်းကြီး ဖြစ်ပျက်သွားသော အခြေအနေကို သူတော်တော် အံ့အားသင့်သွား၏။ လူ့ဘဝ၏ အစိုးမရသောပိုင်ဆိုင်မှုများကိုလည်း လက်တွေ့ကျကျ သဘောပေါက်နားလည်လိုက်သည်။ **တကယ်တော့ လူ့ဘဝမှာ ငါတို့ပိုင်တာဆိုလို့ ရေလေးတစ်စက်မျှပင် မရှိပါလား။**

အချိန်ကြာလာသည်နှင့်အမျှ နေလုံးကြီးက အရှေ့မှအနောက်သို့ တရွေ့ရွေ့ ကူးပြောင်းသွားသည်။ အလင်းရဲ့ ဖွဲ့စည်းပုံမှာလည်း တဖြည်းဖြည်း ပါးလျလာ၏။ ထို့အတူ ဆာတိုင်းသောက်နေရသော ရေ့မှ ရေချိုအိုင်လေးမှာလည်း . . .

နောက်ဆုံးတစ်ခေါက် သောက်ပြီးသွားချိန်မှာ သူ့အတွက် သောက်ရေက စိုးရိမ်ရေအမှတ်ကို ရောက်လာသည်။

အိုင်လေးတွင်းမှာက အနည်းအကျဉ်းမျှသာ ကျန်တော့သည်။ မနက်ဖြန်အတွက် ရေတစ်ခွက်ပင် မသေချာတော့ . . .။

ᨀ ᨀ ᨀ



# XIII

"ကျွန်တော် ဒုက္ခရောက်နေပြီဗျ။ တဲရှေ့ရေအိုင်က ရေ ထပ်ထွက်တော့ဘူး"

"အဟတ် . . . ဟား . . . ဟား . . . ဟား . . . ဟုတ်လား"

"ဘာလဲ . . . ခင်ဗျားက ပျော်နေတာလား"

"ရယ်ချင်သွားတာတော့ အမှန်ပဲ။ ဒီလိုဆို မင်း ရေလိုက်ရှာရတော့မှာပေါ့"

"ဟုတ်တယ် . . . ဒါနဲ့ နေပါဦး။ ရေ ထပ်မထွက်တော့ဘူးဆိုတာနဲ့ ခင်ဗျားက ဘာလို့ရယ်ချင်ရတာလဲ"

ပြောမှပင် ခြောက်ကပ်ကပ် ရယ်သံရှည်ကြီးကို ထပ်ကြားရ၏။ ပြီး အရယ်ကိုရပ်ကာ . . .

"မမြဲခြင်းသဘောကို မင်း လက်တွေ့ခံစားရပြီမလား။ မနေ့ကတော့ မင်းစိတ်ထဲမှာ ငါ့အတွက် ဒီရေအိုင်လေးက အမြဲတမ်း ရေတွေထွက်ပေးနေမယ်လို့ ယုံကြည်ထားတယ်မလား။ အခုတစ်ရက်ပဲ ခြားသေးတယ်။ အခြေအနေက အားလုံးပြောင်းလဲသွားပြီ။ လူ့ဘဝဆိုတာ ဒါပဲကွ။ ဘယ်အရာမှမမြဲဘူး"



www.burmeseclassic.com

www.burmeseclassic.com

လက်ယာ 'ဟက်'ခနဲ ရယ်လိုက်ပြီး နှုတ်ခမ်းကို မထေ့ပြုံးပြုံးကာ . . .

"ဒါ လူတော်တော်များများ ပြောနေကျစကားပေါ့ဗျာ။ ဒါပေမဲ့ အဲဒီပြောနေတဲ့ လူအများစုက မတည်မြဲမှာကိုသိရက်နဲ့ မတည်မြဲတဲ့ အရာတွေကို ဖက်တွယ်ထားကြတယ်။ ဆုံးရှုံးမှာလည်း သေမလောက် ကြောက်ကြတယ်။ ကျွန်တော်ကတော့ မကြောက်ဘူး။

အခု ကျွန်တော်သောက်စရာ ရေမရှိဘူး။ ဒါ သွေးပျက်စရာ မဟုတ်ဘူး။ ကျွန်တော် အသက်ရှင်နေသေးတယ်။ အသက်ရှင်နေသေးတဲ့အတွက် အားလုံးလုပ်နိုင်တယ်။ မနက်ဖြန်ကစပြီး ခင်ဗျားပြောတဲ့ ရေချိုကန်ကို ရှာတာပေါ့။ သူများတွေတောင် ဒီကျွန်းပေါ်မှာ အသက်ရှင်နိုင်သေးတာပဲဗျာ။ ကျွန်တော်က ဘာလို့ မရှင်သန်နိုင်ရမှာလဲ"

"ဟုတ်ပြီကွ။ မင်းစိတ်ဓာတ်ကိုတော့ ကြိုက်သွားပြီ။ သူများတွေလည်း အသက်ရှင်နိုင်တယ်ဆိုတာ ငါ့ကိုပြောတာလား"

ကျွန်းစောင့်ကြီးစကားကြောင့် လက်ယာမျက်လုံးတို့ မှေးကျဉ်းသွား၏။ ဒီလူကြီး မသိချင်ယောင်ဆောင်နေတာလား။

"ခင်ဗျားက ဝန်ထမ်းကောင်းဟုတ်ရင်ဟုတ်၊ မဟုတ်ရင်တော့ ဖုံးကွယ်တာကို တော်တော်ဝါသနာပါတဲ့ လူပဲဗျ"

"ဘာဖြစ်လို့လဲ . . ."

"ကျွန်းပေါ်မှာ ကျွန်တော့်အပြင် တခြားလူတွေ ရှိသေးတယ်ဆိုတာတော့ ပြောသင့်တာပေါ့"

"ဟေ . . ."

"ဖုံးကွယ်ဖို့မကြိုးစားနဲ့တော့။ ညကတင် မီးဖိုပြီး စကားထိုင်ပြောနေတဲ့ လူငါးယောက်ကို ကျွန်တော် မြင်ပြီးသွားပြီ"

တုံ့ပြန်မှုမရှိ။ တိတ်ဆိတ်ကာသွား၏။ အတော်ကြီးကြာတော့မှ . . .



"သူတို့ငါးယောက်က ဘယ်လိုပုံစံတွေလဲ"

အလိမ်ပေါ်၍ထင်သည်။ ကျွန်းစောင့်ကြီးလေသံက အားပျော့သွား၏။ သူကတော့ ညကတွေ့ခဲ့ရသော တစ်ယောက်ချင်းစီရဲ့ ပုံစံကို မှတ်မိသလောက် ပြောပြလိုက်သည်။ စကားဆုံးပြီးသည့်တိုင် ပထမအတိုင်းပဲ တိတ်ဆိတ်ကာ သွားပါသည်။ ဒီတစ်ခါပိုကြာ၏။

"ဟေ့လူ . . . ဘာလို့ တိတ်သွားတာလဲ"

လက်ယာ လှမ်းသတိပေးတော့မှ . . .

"ဩော် . . . မင်း တကယ်တွေ့လိုက်ရတာကိုး . . ."

"တကယ်တွေ့လို့ ပြောတာပေါ့ဗျ။ ပြီးတော့ ခင်ဗျားကို မေးစရာရှိသေးတယ်။ မြူနစ်ဆိုတာ ဘယ်လိုလူလဲ"

"မြူနစ် . . . ဟုတ်လား"

"အင်း . . ."

စဉ်းစားသလို ငြိမ်သွားပြန်ပါသည်။ သို့ပေမဲ့ သိပ်မကြာပါ။

"မြူနစ်ဆိုတာ အရမ်းတော်တဲ့ လူတစ်ယောက်ပေါ့ကွာ။ ဒီကျွန်းကိုရောက်လာသမျှ လူတွေထဲမှာ အတော်ဆုံးလို့ ပြောလို့ရတယ်။ ကျွန်းကလွတ်အောင် ထွက်နိုင်တာလည်း သူနောက်ဆုံးပဲ"

"သုံးရက်တည်းနဲ့ လွတ်အောင်ထွက်နိုင်တာဆို"

သူ့အမေးစကားကို အံ့သြသွားသည်ထင်၏။ ပြီးမှ အကြောင်းရင်းမှန်ကို တွေးမိသွားပုံရကာ . . .

"မင်း တော်တော်သိထားတာပဲကွ။ ဟုတ်တယ် . . .။ မြူနစ်က သုံးရက်တည်းနဲ့ ကျွန်းကလွတ်အောင် ထွက်နိုင်တဲ့သူ။ ငါ့သက်တမ်းမှာ လွတ်မြောက်တဲ့လူ နှစ်ယောက်ရှိတယ်ကွ။ မြူနစ်က ဒုတိယလူ။ ဒါပေမဲ့ နံပါတ်စဉ်အရ သူက 'လေး' "

"ဟင် . . . ဘယ်လိုဖြစ်သွားတာလဲ။ မြူနစ်က ဒုတိယလူဆို"

"ဟုတ်တယ်လေ . . .။ ငါ့ရှေ့ကကျွန်းစောင့် လက်ထက်မှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း နှစ်ယောက်လွတ်ဖူးတယ်။ ငါ့လက်ထက်မှာလည်း နှစ်ယောက် ဆိုတော့ နံပါတ်စဉ်အရ သူက 'လေး' ပေါ့"

"ဪ . . ."

လက်ယာ သဘောပေါက်လိုက်သည်။ မမြင်ဖူးပေမဲ့ စကားနှင့် တင် မြူနစ်ဆိုသော ပုဂ္ဂိုလ်ကို လေးစားသွားရပါသည်။ သုံးရက်တည်း နဲ့ လွတ်မြောက်ဖို့ဆိုတာ လွယ်ကူသော ကိစ္စတစ်ခုမဟုတ်ပါ။ မြူနစ် ကိုသာ အပြင်မှာတွေ့လျှင်လည်း လေးစားဖွယ်ကောင်းသော ပုဂ္ဂိုလ်ကြီး တစ်ယောက်ပင် ဖြစ်လိမ့်မည်။

"အမှန်ကိုပြောတဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ အရင်က ဒီကျွန်းကို ရောက်လာသူတွေအတွက် လွတ်မြောက်နိုင်တဲ့ အခွင့် အရေးတစ်ခုရှိတယ်ဆိုတာ ကျွန်တော် မယုံဘူး။ အခုတော့ တကယ်ယုံ သွားပြီ"

"ယုံရင် လွတ်အောင်ကြိုးစားပေါ့ကွာ"

"ကြိုးစားချင်ပါတယ်။ ဒါပေမဲ့ အချိန်မလောက်ငှမှာကို စိုးရိမ် နေတယ်"

"ဘာဖြစ်လို့"

"ဒီတစ်ခါ ခေါင်ရေတက်ရင် တစ်ကျွန်းလုံး မြုပ်သွားနိုင်တယ် ဆိုတဲ့သတင်းကို ကျွန်တော်ရထားလို့"



# XIV

စာအုပ်လေးကို ရင်ဘတ်တွင်းထိုးထည့်ကာ နှစ်ညတာ နားခို ခဲ့သော တဲစခန်းလေးကို နှမြောတသစွာ ကြည့်လိုက်၏။ ခွဲခွာရတော့ မည်။ ပြန်ရောက်ဖို့က မသေချာ။

အသက်ဆက်ဖို့အတွက် ရေလိုက်ရှာရဦးမည်။ ရေကန်သည် ဘယ်အရပ်တွင် ရှိမည်မသိ။ တဲရှေ့ ရေအိုင်လေးမှာတော့ လုံးဝဥဿုံ ပြောင်ရှင်းနေပေပြီ။ မြေပြင်မှာရေထားသော ဂဏန်းနှင့် အက္ခရာများကို နောက်ဆုံးအကြိမ် ကြည့်လိုက်ပါသည်။

မနေ့က အမှတ်မထင်တွေ့ရှိခဲ့သော ကျောက်တောင်နံရံမှ အမှတ် အသားတွေဖြစ်၏။ ထိုကိစ္စနဲ့ပတ်သက်ပြီး ကျွန်းစောင့်ကြီးအား မေးရန် စဉ်းစားမိပေမဲ့ တကယ်တမ်းမမေးဖြစ်ခဲ့။ မေးလည်း ထူးခြားမှုသိပ်ရှိ မည်မထင်။ ကျွန်းစောင့်ကြီးသည် လျှို့ဝှက်သိပ်သည်းလွန်းသော လူ တစ်ယောက်ပင်မဟုတ်ပါလား။

တဲပေါ်တင်ထားသော အနေတော် မီးခတ်ကျောက်နှစ်တုံးကို ဘောင်းဘီအိတ်အတွင်း ထည့်လိုက်သည်။ ပြီး . . . တဲစခန်းလေးနှင့် ပတ်ဝန်းကျင်ကို နောက်ဆုံးတစ်ခေါက် ကြည့်ရှုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် လှည့်ထွက်လိုက်ပါသည်။ ဦးတည်ရာက လမ်းနှစ်သွယ်ခွဲထွက်နေသော တောင်ကုန်းလေးပေါ်သို့ . . .

အပေါ်ကိုရောက်တော့ ပထမအကြိမ်တုန်းကလို သစ်ပင်ကြီးကို အလယ်တွင်ထားကာ လမ်းနှစ်သွယ်ကွဲနေသည်။ ဘယ်ဘက်လမ်းကို 'cave'ဟု မြားပြထားပြီး ညာဘက်လမ်းကိုတော့ 'Lake'ဟု ညွှန်ပြထားပါသည်။ ရေကန်ရှိရာအရပ်ကို သွားရမည်မို့ 'Lake'ဟူသော လမ်းကြောင်းအတိုင်း ဝင်ခဲ့သည်။

ဆယ့်ငါးမိနစ်လောက် လျှောက်ဝင်ပြီးတော့ ခပ်ဝေးဝေးဆီမှ မျောက်အော်သံကို ကြားရသည်။ သို့ပေမဲ့ လမ်းက သွေဖည်ထွက်မသွားရဲ။

"ပိစ် . . . ပိစ် . . . "

အရှေ့ဘက်ဆီမှ ဒရယ်သံလိုလို ထွက်လာသည့်ကြောင့် အလျင်အမြန် လျှောက်သွားလိုက်ပါသည်။ သို့ပေမဲ့ တောင်ကုန်းလေးလွန်သွားချိန်မှာ ထိုအသံပျောက်သွား၏။ ရှေ့မှာက တပင်တိုင်ဝါးတွေသာ တန်းစီပေါက်နေသော ဝါးတော၊ လမ်းက မဆုံးသေးဘဲ ဝါးတောတွင်းသို့ ဦးတည်ထားသည်။ ဒရယ်ကောင်အော်သံမှာ ထိုဝါးတောအတွင်းမှ ဖြစ်လောက်သည်။

အတွေးနှင့်အတူ တောင်ကုန်းလေးမှဆင်းကာ ဝါးတောတွင်းဝင်လိုက်တော့ . . .

"ဟင် . . ."

လူရိပ်တစ်ခုကို လှစ်ခနဲ တွေ့လိုက်ရ၏။ ကျောပေးကာ ဝါးတောကို ဖြတ်လျှောက်နေခြင်းဖြစ်သည်။ ဝါးပင်တွေ ကွယ်နေသည်မို့ သေသေချာချာ မမြင်ရ။ ရိပ်ခနဲရိပ်ခနဲ ပေါ်လိုက်၊ ပျောက်လိုက်ဖြစ်နေရာ လက်ယာ ဝေခွဲရခက်သွား၏။

လူတစ်ယောက်နှင့် ကျောပြင်ဆိုတာတော့ သေချာသည်။ ဒါပေမဲ့ သွားပုံမှာ အရမ်းမြန်နေ၏။ လမ်းလျှောက်တာနှင့်ပင်မတူ။ အတော်



သည်း ဝေးနေရာ မည်သူမည်ဝါ ဝေခွဲလို့မရ။ စဉ်းစားမနေတော့ဘဲ ထိုသူ့နောက်ကို အပြေးလိုက်သွားလိုက်ပါသည်။

ဝါးရွက်ပေါ်နင်းဖြတ်သော သူ့ခြေသံတွေ တချွတ်ချွတ်မြည်တော့ ရှေ့ကလူမှာ ယခုမှ တကယ်ပြေးလေတော့သည်။ နောက်ကလိုက်လာသည်ကို သိသည့်အလား လှစ်ခနဲ . . . လှစ်ခနဲ။

ဝါးတောစပ်ကိုရောက်သွားချိန်မှာ ရှေ့ကပြေးသူသည် တောအုပ်တွင်း ဝင်ရောက်ပျောက်ကွယ်သွားချေပြီ။ အရိပ်အယောင် မတွေ့ရတော့။

အတော်ကြာအောင် နေရာအနှံ့ လိုက်ရှာကြည့်ပေမဲ့ မတွေ့ရတော့ပါ။ ပျောက်ခြင်းမလှကို ပျောက်ကွယ်သွားပါပြီ။

ခေါင်းထဲမှာ တွေးစရာတွေ ပလုံစီသွား၏။ ထိုလူ ဘယ်သူလဲ။ ညက တွေ့ခဲ့ရသော ငါးယောက်ထဲက တစ်ယောက်လား။ မြင်ရသောကျောပြင်ကို မှန်းဆကြည့်ရသလောက် မဟုတ်နိုင်ပါ။ ဒါဆို ဘယ်သူလဲ။

ဘာကြောင့် ထွက်ပြေးရတာလဲ။ နောက်ဆုံးတော့ မေးခွန်းတွေ ဘသီကြီးဖြင့်ပင် လာရာလမ်းကို ပြန်ခဲ့ရတော့သည်။ မူလနေရာကိုရောက်တော့ ရှေ့ကိုဆက်လျှောက်လိုက်၏။ ဝါးတောကိုလွန်တော့ စိမ်းစိုစိုတောအုပ်လေးကိုမြင်သည်။ အစပ်မှ တောချောင်းလေးတစ်ချောင်း။

မိုးတွင်း၊ မိုးအခါမှာ ရေစီးသော တောင်ကျချောင်းလေးဖြစ်နိုင်ပါသည်။ ယခုနေခါတော့ ရေလုံးဝမရှိ။ သဲပင် ထူနေလိုက်သေးသည်။ လမ်းမှာ ထိုအတိုင်းဦးတည်ထားသည်မို့ လျှောက်လို့သာ လာခဲ့ပါသည်။

ခန့်မှန်းခြေ မိနစ်နှစ်ဆယ်လောက်လျှောက်ပြီးတော့ ချောင်းမှာ အဝကျဉ်းပြီး ကောသွား၏။ လမ်းက အပေါ်ဘက်ကိုတက်သွားရာ . . .

မကြာခင်မှာပင် လျှိုလေးတစ်ခု 'ဘွားခနဲ' ပေါ်လာသည်။ အတွင်းဆင်းရပြန်ပါ၏။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ထွက်တစ်ခုအား အောက်ခြေမှ ကွေ့ဝိုက်ဖြတ်ကျော်ပြီးသွားချိန်မှာတော့ . . .

"ဟင် . . ."


အဝင်ရှိ၍ အထွက်မရှိတော့ပါ။ လမ်းဆုံးသွားပါပြီ။ ပတ်ပတ်လည်မှာက မြေစိုင်ခဲတွေ၊ ကျောက်သားချပ်တွေ သဘာဝအတိုင်း ကာရံလို့။ သူရောက်သည့်နေရာသည် လမ်းဆုံးခဲ့ပြီဖြစ်သော လှိုဏ်တစ်ခုအတွင်း။

အပေါ်ဘက်မှာ ကျောက်တောင်နှင့် ကုန်းမြင့်တွေ စီးမိုးနေသည်။ လမ်းဆုံးပြီဆိုတော့ ဒါသည် ရေကန်လား၊ လုံးဝ မဟုတ်နိုင်ပါ။ ဒါဆို သူလမ်းမှားလာတာလား။ လမ်းညွှန်ဆိုင်းဘုတ်အတိုင်းပင်လာခဲ့ခြင်းဖြစ်ပါသည်။ လက်ယာ ခေါင်းခြောက်သွားရ၏။ အတွင်းကိုနည်းနည်းဆက်ဝင်ကာ မျက်လုံးကစားကြည့်တော့ . . .

နံရံပေါ်မှာ စာအချို့။ ပြီးစလွယ် ရေးထားပုံရသော မညီမညာလက်ရေးလက်သားတွေပါ။ ဒါပေမဲ့ သေချာဖတ်ကြည့်လျှင် သဲကွဲနိုင်သည်။ သုံးထားသော colour က အနက်ရောင် . . .

What the eyes do not see,

The heart does not believe for.




"ဘာလဲဟ"

နှုတ်မှ ခပ်တိုးတိုးထွက်သွား၏။ စာကိုဖတ်ကာ မျက်မှောင်လည်း ကြုတ်သွားရသည်။



"မျက်စိနဲ့ မမြင်တာကို နှလုံးသားက လိုက်မယုံနဲ့"

"ဒါ ဘာကို ပြောတာလဲ"

ထိုစဉ်မှာပင် သူ့မျက်လုံးက လိုအပ်မှုတစ်စုံတစ်ရာကို ရှာဖွေ...ခိုက်ပါသည်။ အလျှင်အမြန်ပင် ကမ်းပါးပေါ် ကုတ်တက်လိုက်၏။ ...နေသောနေရာမှာမို့ ခက်ခဲမှုသိပ်မရှိ။ အပေါ်ကိုရောက်တော့ သစ်ရွက်...ထားသော speaker ရဲ့ မျက်နှာပြင်ကို သုံးချက်ခေါက်လိုက်ပါသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ခဏအကြာမှာ . . .

သမ်းဝေသံတစ်ခုကို အသံရှည်ဆွဲပြီး ကြားရပါသည်။ ယခုမှ ...ရာထသည်ထင်၏။ လက်ယာ စိတ်မရှည်နိုင်တော့စွာ . . .

"ဟေ့လူကြီး . . . ခင်ဗျားတို့က အနိုင်ကျင့်လို့ရတယ်ဆိုပြီး ကျုပ်တို့ကို လှည့်စားတယ်ပေါ့"

"ဟေ . . . ဘာလဲ"

သူပြောလာသော စကားကို ချက်ချင်းနားမလည်သလို ယောင်...အသံဖြင့် တုံ့ပြန်သည်။

"ကျွန်တော် အခု ဘယ်ကိုရောက်နေလဲ ခင်ဗျားသိလား"

"ခဏလေး"

ဟုဆိုကာ တတ်တီအသံများကိုကြားရ၏။ ခလုတ်တွေနှိပ်နေ...သင်သည်။ တစ်အောင့်ကြာတော့ . . .

"သြော် . . . ဒါကြောင့်ကိုး . . . ငါနားလည်ပြီ"

"ဟုတ်တယ် . . . ခင်ဗျားတို့ အခုလိုလှည့်စားတာ ကောင်းလား"

ဒေါနှင့်မောနှင့်ပြောလိုက်ပေမဲ့ ကျွန်းစောင့်ကြီးကတော့ အေးဆေးပါပင်။ အေးအေးလူလူ တုံ့ပြန်သည်။

"လှည့်စားတာ မဟုတ်ပါဘူးကွ။ မင်းကို ဘဝနဲ့ပတ်သက်တဲ့ အသိဉာဏ်တစ်ခုပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

ထင်မှတ်မထားသော စကားကြောင့် လက်ယာ ကြောင်သွား
သည်။

"ဘာလဲဗျ . . . အသိဉာဏ် . . ."

နားမလည်သလို မေးလိုက်တော့ . . .

"မင်း အခုထိ မတွေ့သေးဘူးလား။ ငါက မင်းဖတ်ပြီးသွားပြီ
တောင် ထင်နေတာ"

ထိုအခါမှ သူ သဘောပေါက်သည်။ နံရံမှာ ရေးထားသော စာ
နှစ်ကြောင်းကို ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် . . .

"နံရံမှာရေးထားတဲ့ စာနှစ်ကြောင်းကို ပြောတာလား"

"သိပ်ဟုတ်တာပေါ့။ အဲဒါ မင်းဘဝမှာ အမြဲစောင့်ထိန်းရမဲ့ အသိ
ဉာဏ်ပဲ"

မျက်မှောင်ကြုတ်ရင်း . . .

"အယုံမလွယ်နဲ့လို့ ပြောတာလား"

"အနှစ်ချုပ်ရင်တော့ အဖြေက ဒါပါပဲ။ လောကမှာ လူတော်
တော်များများက အယုံလွယ်တတ်ကြတယ်။ အခုမြင်၊ အခုပျောက် ခဏ
တာတွေ့ဆုံရတဲ့ လူအချင်းချင်းကို လွှတ်ပြီး ယုံကြည်ကြတာ။ ယုံအောင်
ပြောတတ်ရင် ယုံကြည်လောက်တဲ့ အလုပ်လေး မဖြစ်စလောက်လုပ်ပြ
ရင်ကိုပဲ တစ်ဘဝလုံး စိတ်ချရပြီထင်ပြီး အကြွင်းမဲ့ယုံကြည်သွားကြတာ။
အဲဒီယုံကြည်လွန်းတဲ့စိတ်ကြောင့် နောင်တစ်ချိန်မှာ သူတို့ပဲ ဒုက္ခ
ကောင်းကောင်းရောက်ရတယ်။ တကယ်တော့ ယုံကြည်မှုဆိုတာ ခဏ
လေးနဲ့ ဆုံးဖြတ်လို့မရဘူးကွ။ အချိန်ယူပြီး တည်ဆောက်ရတာ"

ကျွန်းစောင့်ကြီးစကားတွေက သူ့အသိဉာဏ်ထဲသို့ တိုက်ရိုက်
တိုးဝင်သည်။ ငြိမ်နေမိတော့ . . .

"အဲ့ဒီစာနှစ်ကြောင်းကို မင်းနှလုံးသားမှာ စွဲအောင်မှတ်သွား။
ရှေ့လျှောက်ဖြစ်သန်းရမယ့် မင်းဘဝမှာ ဒီစာနှစ်ကြောင်းကို မပြတ်ဆင်



[illegible] မင်း အများနည်းသွားလိမ့်မယ်။ မင်းက လက်တွေ့ကျတဲ့
လူတစ်ယောက်ဖြစ်လာမယ် . . ."

လက်ယာ စကားပြန်မဆိုမိ။ ကျွန်းစောင့်ကြီးစကားနှင့် လေသံ
က သူ့အကျိုးအတွက်ပြောနေကြောင်း သိသာသည်။ ဘာပဲပြောပြော
သူ့အတွက် အကျိုးမယုတ်နိုင်ပါ။

"ကျွန်တော် လမ်းမှားလားရတဲ့ ရလဒ်က ဒါပဲပေါ့"

"မင်းက ဒီထက်ပိုလိုချင်သေးလို့လား။ ဒီလောက်သိရင်ပဲ မင်း
အတွက် တော်တော်အကျိုးများနေပြီ ကောင်လေးရဲ့။ အမှန်က လမ်း
မှားတာမဟုတ်ပါဘူး။ အယုံလွယ်တာပါ။ ချက်ချင်းလက်ငင်း မဆုံးဖြတ်
ဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းနှစ်ခုအဝင်ကို လေ့လာမယ်ဆိုရင် မင်း
ဒီကိုရောက်လာစရာ အကြောင်းမရှိဘူး"

သူ့ကို အယုံလွယ်သည်ဆိုခြင်းကြောင့် အနည်းငယ်တင်းသွား
၏။ ထို့ကြောင့် . . .

"အယုံလွယ်တာ မဟုတ်ဘူးဗျ။ သေချာကြည့်ပြီးမှ ဝင်တာ။
'Lake'လို့ မြားပြထားတဲ့လမ်းအတိုင်းပဲ။ ခင်ဗျားတို့ တမင်တကာ လမ်းမှား
အောင် မြားပြထားတာတော့ ကျွန်တော်လည်း မတတ်နိုင်ဘူး"

ကျွန်းစောင့်ကြီးက ခြောက်ကပ်ကပ် ရယ်၏။ ပြီးအရယ်တစ်ဝက်
နဲ့ . . .

"မင်း သေချာလေ့လာခဲ့တယ်ဆိုတာ ဟုတ်ရဲ့လားကွ။ ငါ့
အထင်တော့ လမ်းနှစ်ခုအလယ်က သစ်ပင်ကြီးကိုတောင် တစ်ပတ်ပတ်
ကြည့်ခဲ့မယ် မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် မင်း အကျိုးမယုတ်ပါဘူးကွာ။ မင်းသာ ဒီလမ်း
မလျှောက်ရင် ဘဝအတွက် အရေးကြီးတဲ့ အသိဉာဏ်တစ်ခုကို မင်း လက်
လွှတ်ဆုံးရှုံးရမှာ"

သက်ပြင်းကိုသာ ချမိပါသည်။ ထပ်မငြင်းချင်တော့။



www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့...အဲဒါဆို ဟို စာနှစ်ကြောင်းအောက်မှာ မြား ထိုးတာတဲ့ 'cave' ဆိုတာ ဘာကို ပြောတာလဲ။ ဂူကို သွားရမယ်လို့ဆို လိုတာလား"

"ဒါကတော့ မင်း သဘောပဲ"

"တီ . . ."

အသံရပ်သွားသည်။



# XV

ဆက်သွားစရာမရှိတော့သည်မို့ နောက်ကြောင်းသာ ပြန်လှည့် ရသည်။ လမ်းနှစ်လမ်းဆုံရာ ပြန်သွားပြီး 'cave' ဟု မြားပြရာလမ်းသို့ သာ ဝင်ရောက်ရမည်။

တပင်တိုင် ဝါးတောကိုပြန်ရောက်တော့ သူ၏ ရှေ့တည့်တည့် တောင်းမကမ်း၌ မြားတန်းလန်းစိုက်ဝင်နေသော ဒရယ်သေတစ်ကောင်ကို တွေ့ရ၏။ လမ်းပေါ်တည့်တည့်မှာမို့ အလျင်အမြန် သွားလိုက်တော့။

ဒရယ်သေမှာ သွေးသံရဲရဲနှင့် ပေါင်တစ်ချောင်းပြတ်နေသည်။ ကိုယ်ယာ အံ့ဩသွား၏။ ဘယ်သူပစ်သွားတဲ့ ဒရယ်သေလဲ။ ဘာလို့ ဒူ ပြန်လာမဲ့လမ်းတည့်တည့်မှာ ချထားတာလဲ။ ပေါင်တစ်ချောင်းက ရော ဘာလို့မရှိတော့တာလဲ။

လာတုန်းက ဤဝါးတောမှာတွေ့ရတဲ့လူပဲ ပစ်သွားတာလား၊ ဒူပြန်လာမှာသိနေ၍ စားရန် ချထားခဲ့တာလား ဖြစ်နိုင်စရာတော့ရှိ၏။ ဘယ်သူဘယ်ဝါ ပစ်သွားမှန်းမသိပေမဲ့ စိတ်ကောင်းရှိသည့် လူတစ် ယောက် ဖြစ်နိုင်ပါသည်။ ပြီးတော့ ဤတောင်ကို ကျွမ်းကျင်သူလည်း ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်သာ သူပြန်လာရမည်လို့ သိနေသည်ဟုတ်ပါလေ
ဆာလောင်နေတာမို့ ကျေးဇူးတွေ အကြိမ်ကြိမ်ထင်မိ၏။ ဘာဘာညာညာ
တွေးမနေဘဲ နီးစပ်ရာ ဝါးရွက်တွေကို စုပုံမီးရှို့လိုက်သည်။ ပြီး ဒရယ်
ပေါင်တစ်ချောင်းဖြတ်ကာ တံစို့ထိုးမီးတင်လိုက်၏။ ဒရယ်ပေါင်ကျ
အောင် စောင့်ရင်း ဝါးရွက်ကြွေတွေပေါ် လှဲနေလိုက်သည်။

နာရီဝက်နီးနီးကြာတော့ အသားကင်နံ့မှာ မွှေးလာ၏။ ဒရယ်ပေါင်တစ်ချောင်းလုံးလည်း နီရဲလာပြီဖြစ်သည်။ ကျက်မည်ထင်ရသော နေရာမှ အသားတစ်ဖဲ့ကို လှီးယူသည်။ ပြီး ပါးစပ်တွင်းထည့်ကာ ဝါး ကြည့်လိုက်တော့ . . .

အကြောပေါင်းတစ်ထောင် ခုန်သွား၏။ စားလို့ကောင်းလေ ဆာဆာနှင့် တစ်ဖဲ့ချင်းလှီးစားလိုက်ရာ ခဏချင်းမှာပင် ဒရယ်ပေါင်တစ် ချောင်းလုံး ကုန်စင်သွားရသည်။ ဗိုက်မှာလည်း တင်းကားသွားသည်။ ကျေးဇူးရှင်လူသားကိုလည်း မေတ္တာပို့မိပါသည်။

ပြီးတော့ မီးကိုငြိမ်းကာ ထိုင်ရာမှထသည်။ မပြီးသေးသော ခရီးကို ဆက်ရပေဦးမည်။ လျှောက်လာလိုက်တာ မကြာသောအချိန်တွင် မှာပဲ လမ်းနှစ်လမ်းဆုံရာကို ရောက်လာ၏။ တစ်ဖက်လမ်းထဲသို့မဝင် ခင် ကျွန်းစောင့်ကြီးပြောသော စကားတစ်ခွန်းကို သတိရသည်။ မျက် လုံးတွင်းမှာလည်း နံရံမှ စာနှစ်ကြောင်းကို မြင်ယောင်မိ၏။

ထို့ကြောင့် သစ်ပင်ကြီးကို တစ်ပတ်ပတ်ကြည့်ရန် ဆုံးဖြတ်ကာ အနောက်ဖက် ဝင်လိုက်ပါသည်။ ဝင်ဝင်ချင်းမှာပဲ သစ်ပင်ကိုယ်ထည် မှာ မြားတစ်စင်း ချိတ်ဆွဲထားသေးကြောင်း တွေ့ရသည်။ ပစ်ရန်မြား မဟုတ်။ သူမစူးစမ်းခဲ့မိသော လမ်းညွှန်များ။

မြား၏ဦးခေါင်းက လမ်းတစ်ခုကို ညွှန်ပြနေ၏။ ညွှန်ပြထား သော ထိုလမ်းမှာ သူဝင်သွားရာနှင့် ဆန့်ကျင်ဘက် 'cave' ဟူသည့် လမ်း။ ဒါပေမဲ့ ယခုတွေ့ရသော လမ်းညွှန်မြားမှာတော့ 'cave'ဟု ရေး မထား။



'Lake' ဟု ရေးထားသည်။ ပြီးလေပြီ။ ကျွန်းစောင့်ကြီးပြော သလို သူအယုံလွယ်ခဲ့တာပါ။ 'ရေကန်'ဟု လမ်းညွှန်ထားရုံဖြင့် ယုံ ကြည်မိခဲ့တာပါ။ အကယ်၍သာ ခဏလောက်လေးပဲ ပတ်ဝန်းကျင်ကို စူးစမ်းသုံးသပ်မိ ခဲ့မည်ဆိုလျှင် လမ်းမှားမည်မဟုတ်။

နောက်ဆုံးတော့ 'Lake'ဟု အသစ်ညွှန်ပြထားသော 'cave' ဟူ သည့် လမ်းတွင်းသို့သာ ဝင်ရောက်ခဲ့ပါတော့သည်။ ယခုလမ်းကတော့ သွားရတာ သိပ်အဆင်မပြေချင်။ ခဏတွင်းမှာပဲ သူ ချွေးဒီးဒီးကျလာ ပါသည်။

တောအုပ်တစ်ခုလွန်သွားစဉ်မှာပဲ လမ်းမှာ သစ်ပင်ဝါးပင် ကင်း မဲ့ပြီး တောင်ခေါင်းတုံးသဖွယ် ဖြစ်ချေတော့၏။ ပေါင်လယ်လောက် အမြင့် ရှိသော ဟိုတစ်စု၊ ဒီတစ်စုသစ်ပင်ငယ်တွေမှလွဲ၍ အပင်ကြီးမရှိ။ နေလုံး ကလည်း တစ်ဖျားမကတော့၊ ပူလို့ကောင်းနေပြီ။

အတွင်းဘက် နက်သထက်နက်လာပြီမို့ကုန်သည် လေမှလွဲ၍ ပင်လယ်လေကို မခံစားရတော့။ ဒီတော့ ဦးခေါင်းနှင့်ကျောပြင်မှာ နေမင်း ၏ရက်စက်မှုကို ကောင်းကောင်းကြီး ခံနေရပြီ။ ဒီလိုနှင့် လျှောက်လာ လိုက်တာ မွန်းတည့်ခါနီး၌ . . .

ရှေ့တောင်ပြတ်လေးအလွန်မှာ သစ်ပင်ဝါးပင်အုပ်အုပ်ဆိုင်းဆိုင်း ကို ပြန်တွေ့လိုက်ရသည်။ သစ်တောသို့ ပြန်ရောက်လာချေပြီ။ ဝမ်းသာ စိတ်တွေ တစ်မုဟုတ်ချင်း ဖြစ်သွားရ၏။ တောအုပ်လေး၏ အပေါ်ဘက် တစ်နေရာမှာတော့ ကျီးကန်းတွေအုပ်လိုက် ဝဲပျံနေကြသည်။

တောအုပ်လေးအတွင်းမှ အေးချမ်းမှုနှင့် အောက်စီဂျင်မှာလည်း လေနှင့်အတူ သူ့ဆီပျံ့လွင့်လာသလို . . .

ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက်ရောက်လျှင် ရောက် ချင်းမှာပဲ . . .

"ဘုန်း . . ."



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကို မြေပေါ် ပစ်လှဲချလိုက်သည်။ ခန္ဓာကိုယ်မှ အငွေ့တွေ ရှိန်းရှိန်းထွက်နေ၏။ မျက်လုံးမှိတ်ကာ အသက်ကို ဝဝရှူမိသည်။ အသက်ရှူမြန်ကာ ရင်ဘတ်မှာ မို့မောက်လှုပ်ရှားနေ၏။ အရိပ်အောက် ရောက်လာလို့လားမသိ။ မကြာခင်မှာပဲ အမောဇေ့လာသည်။ ပြီးတော့ အသက်ရှူ ပုံမှန်ပြန်ဖြစ်ကာ ခန္ဓာမှာလည်း ချွေးတိတ်ပြီး ငြိမ်သက်လာ၏။

အေးမြသော လေမှာလည်း သစ်ပင်ရနံ့တို့နှင့်ပေါင်းကာ သူ့ကို အမောပိုပြေစေပါသည်။ မျက်လုံးအစုံကိုတော့ မှိတ်ထားဆဲ။

ထိုစဉ်မှာပင် . . .

"အာ့ . . . အာ့ . . ."

ကျီးတစ်ကောင်က သူ့ခေါင်းတည့်တည့်မှာ လာအာသည်။

"အာ့ . . . အာ . . . အာ့ . . ."

မျက်လုံးကိုဖွင့်ကာ 'ဝုန်း'ခနဲ ခုန်ထလိုက်၏။ အလျင်စလိုပင် သစ်ပင်ကြီးနောက်ပိုင်း တောအုပ်ဘက်ဆီ ကြည့်လိုက်တော့ . . .

"ဟင် . . ."

* * *



# XVI

ကြီးမားလှသော အဝကျယ်ဂူကြီးတစ်ဂူရှေ့၌ လူတစ်ယောက် ရပ်နေပါသည်။ သူ့ပုံစံက ဂူကြီးကိုကြည့်ပြီး အံ့သြနေသလို ပြီးတော့ မယုံကြည်နိုင်ဖြစ်နေသလို။

ဂူကြီးရဲ့အဝင်ဝမှာ ကြီးမားလှ၏။ ကျောက်တောင်ကြီးရဲ့ အောက်ခြေပိုင်းမှာ အတွင်းသို့ လိုဏ်ခေါင်းသဖွယ် ဖြစ်နေခြင်းဖြစ်သည်။ အတွင်းဘက်မှာ မည်းမည်းမှောင်နေ၏။

လက်ယာ ဂူကြီးအားကြည့်ပြီး တအံ့တသြ ဖြစ်နေမိပါသည်။ သူ လုံးဝ ထင်မထား။ အဝေးက လှမ်းကြည့်စဉ် ဤဂူကြီးကို မတွေ့ရ။ သစ်ပင်အောက် အမောဖြေနေတုန်းကလည်း သတိမထားမိ။ ယခုမှ သစ်ပင်ကြီးနောက်သို့ထွက်ကြည့်ချိန် ဘွားခနဲ တွေ့လိုက်ရခြင်းဖြစ်ပါသည်။

ဤတော၊ ဤတောင်မှာ ဂူတစ်လုံးတွေ့၍တော့ လွန်လွန်ကျူးကျူး အံ့သြစရာမရှိပါ။ လက်ယာ အံ့သြမိသည်က ဂူကြီးရဲ့အပေါ်တည့်တည့် ကျောက်သားပေါ်မှာ ရေးထွင်းထားသော ဂဏန်းတစ်လုံး။

1



www.burmeseclassic.com

www.burmeseclassic.com

ဤဂူကြီးကို နံပါတ် (1)လို့ဆိုလိုတာလား။ ဒါဆို နံပါတ် (2) ဆိုပြီး ဂူ နောက်တစ်လုံးရှိဦးမလား။ မတွေးတတ်အောင် ရှိတော့၏။

'cave' ဟု မြားပြားသောလမ်းကို ဝင်ခဲ့သည့်အတွက် 'ဂူ' ကို တွေ့တာ ထူးဆန်းသောကိစ္စမဟုတ်။ ဤဂူကိုပင် လမ်းညွှန်ထားခြင်း ဖြစ်နိုင်ပါသည်။ သူ လမ်းမမှားခဲ့ပါ။ ညွှန်ပြထားသည့်အတိုင်း ယခု 'ဂူ'ကို ရောက်ခဲ့ပါပြီ။

ဒါဆို လမ်းဆုံက သစ်ပင်ကြီးနောက်ဖက်မှာ ထပ်တွေ့ရသည့် 'Lake' ဟု လမ်းညွှန်ထားသော တတိယမြားကရော ဘာကိုဆိုလိုတာ လဲ။

'cave' ဟု ညွှန်ပြထားသော လမ်းကိုပင် နောက်တစ်ခါ 'lake' ဟု ညွှန်ပြထားခြင်းဖြစ်သည်။ ဒါဆို ဤဂူက ရေကန်ကြီးလား။ ထိုမေး ခွန်းရဲ့အဖြေကို သိဖို့အတွက်ကတော့ ဂူတွင်းဝင်ကြည့်မှပင် ရပေမည်။ ဂူအတွင်းထဲမှာ ကျောက်ရေကန်သဘောမျိုး ရှိနေမလား။

ဒါမှမဟုတ် ဂူရဲ့ ဟိုဘက်မှာပဲ ရေကန်ကြီးတစ်ကန်က သူ့ကို စောင့်ကြိုနေမလား။ ဘာပဲဖြစ်ဖြစ် မဖြစ်မနေ ဝင်ရောက်ရတော့မည်။ အတွင်းပိုင်းမှာ မှောင်မှောင်မည်းနေ၏။ ဂူတွင်းမှ အငွေ့အသက်တစ်ခု က သူ့ရင်ကို လာရိုက်ခတ်သည်။

အံ့ကိုကြိတ်တော့ တစ်ကိုယ်လုံး သွေးဆူလာသည်။ အချိန် မဆိုင်းတော့ မြေမှာထိုးစိုက်ထားသော ဓားကိုဆွဲနှုတ်ကာ . . .

"ဟေး . . . "

အသံကို ဟစ်အော်ရင်း ဂူဝမှာ မတ်တတ်ရပ်စောင့်နေလိုက်၏။ ဂူတွင်းမှာ သူ့ကို အန္တရာယ်ပြုနိုင်သည့် အကောင်ဗလောင်တွေရှိပါက ထွက်လာစေရန် အသံပေးလိုက်ခြင်းဖြစ်ပါသည်။ သို့ပေမဲ့ . . .

"ဟေး . . . ဟေး . . . "

ဟူသော ကိုယ့်အသံကိုယ် ခဏတွင်းမှာပြန်ကြားရသည်။ အော်



…က်သော အသံက ပဲ့တင်ထပ်ပြီး သူ့ဆီပြန်ရောက်လာခြင်းဖြစ်ပါသည်။ …က်ယာမျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုဖြစ်တာလဲ။ ဂူက အပိတ်ကြီးပါလား"

တစ်ကိုယ်တည်း ရေရွတ်ရင်း နောက်တစ်ကြိမ် ထပ်အော်လိုက် …သည်။ ပထမအကြိမ်အတိုင်းပင် ဂူတွင်းမှ ပဲ့တင်သံကို ထပ်ကြားရ …။ ဒီလောက်ဆိုလျှင်ဖြင့် သေချာပေပြီ။ ဂူမှာ တစ်ဖက်ပိတ်ဂူဖြစ်ပြီး …အရှည်ကြီးလည်း မဟုတ်နိုင်။

အကြောင်းက ပဲ့တင်သံသည် ခဏအတွင်း ပြန်ရောက်လာသည် …ဘ်ပါလား။

ခြေငါးလှမ်းခန့်ဝင်ပြီးသွားတော့ ဂူကြီးမှာ အဝထက် အတွင်း …က်မှာ ပိုကျယ်သည်ဖြစ်ကြောင်း သတိထားမိ၏။ ပြီးတော့ အတွင်း … မမြင်ရတော့လောက်အောင် မှောင်ကျသွားပါသည်။ လယ်ယာ တင် …ဦးနွေထိုင်ချကာ စိတ်ကို စုစည်းလိုက်သည်။ ပြီး မျက်လုံးကို အမှောင် …င်း ကျင့်သားနေအောင် လေ့ကျင့်လိုက်သည်။

ပထမတော့ အဆင်မပြေ။ ဒါပေမဲ့ အမှောင်တွင်းကြည့်တာ ကြာ …သည်နှင့်အမျှ မျက်လုံးမှာ ကျင့်သားရလာ၏။ ကျောက်ဆောင် …သေးလေးတွေ ဂူ ခေါင်မိုး၊ နံရံနှင့် ခက်ခဲကြမ်းတမ်းသော လမ်းကျဉ်း …ကို ဝေဝေဝါးဝါးမြင်လာရ၏။ ဂူတွင်းသို့ ဆက်လက်ဝင်ရောက်ရမည့် …မှာ ပြေပြစ်ညီညာခြင်းမရှိဘဲ ကျောက်တုံး၊ ကျောက်ခဲတွေဖြင့် သဘာဝ …ချောက် ခက်ထန်နေသည်။

အမှောင်တွင်း ကျင့်သားရသလောက်ရှိပေမဲ့ ထိုလမ်းအတိုင်း …ရာယ်မဖြစ်အောင် သွားရဖို့က သိပ်အဆင်မပြေနိုင်၊ ညာဘက်ခြမ်း … ကြည့်မိတော့ ပိုမိုမှောင်မိုက်ကာ အဝကျင်း ဂူသိမ်၊ ဂူငယ်လေးတွေ …နေကြောင်း တွေ့ရသည်။

ဘယ်ဘက်မှာလား . . .



www.burmeseclassic.com

www.burmeseclassic.com

နံရံပြင်ကြီးဖြစ်ကာ တစ်နေရာရောက်တော့ ချိတ်ဆွဲထားသော အရာတစ်ခုကို တွေ့ရ၏။ လက်ယာ ထိုင်ရာမှ မတ်တတ်ရပ်လိုက်ပါ သည်။ ပြီး ဘယ်ဘက်သို့တိုးကပ်ကာ မြင်ရသော ထိုအရာလေးရှိရာသို့ သွားလိုက်၏။ အနီးကပ်ကြည့်တော့ တစ်တောင်သာသာ တုတ်တစ် ချောင်းဖြစ်ပါသည်။

ထုတ်ယူလိုက်တော့ ဖုန်မှုန့်တွေ၊ ပင့်ကူမျှင်၊ ပိုးမျှင်တွေနှင့် ရှု ထွေးပေကျံနေ၏။ လက်တွင်းရောက်မှ မီးတုတ်တစ်ခုဖြစ်မှန်းသိရသည်။ ကျွန်းအား တည်ဆောက်သွားသူတွေမှာ သူတို့လို လွတ်မြောက်အောင် ကြိုးစားသူတွေအတွက် အဆင်သင့်ပြုလုပ်ချိတ်ဆွဲထားခြင်း ဖြစ်နိုင်ပါ သည်။

ဘောင်းဘီအိတ်တွင်းမှ မီးခတ်ကျောက်ကိုထုတ်ကာ မီးခတ်၍ မီးတုတ်ကို ညှိလိုက်သည်။

'ဟုပ်'ခနဲ အော်မြည်ကာ မီးတောက်တစ်ခုက တုတ်ချောင်း ထိပ် ပိုင်းမှာ စွဲလောင်သွားပါသည်။ ခဏချင်းမှာပဲ ဂူအတွင်းပိုင်း ပတ်ဝန်း ကျင်မှာ မီးတုတ်အရှိန်နှင့် လင်းရှင်းသွား၏။ ဒီတော့မှ ဂူကို သေချာ ထပ်ကြည့်မိသည်။ မီးရောင်နှင့်ကြည့်တော့မှ ပိုမိုရင်ခုန်ဖွယ်ကောင်းသော ဂူတစ်လုံးဖြစ်မှန်း တွေ့ရသည်။ အတွင်းပိုင်းက ကျယ်ဝန်းသည်ဆိုပေမဲ့ အန္တရာယ်တော့များလှ၏။

မြေကြီးပြိုကျ၍ အမှတ်မထင်တွေ့ရသော ဂူမြောင်လေးအတိုင်း ပင် ခေါင်းမိုးမှ အိကျနေသော ကျောက်ခက်ကျောက်စက်များ။ အောက် ခြေပိုင်းမှာ သဘာဝအလျောက် ဖြစ်တည်နေသော ကျောက်စက်မိုးမျှော် များ၊ ကျောက်တိုင်များနှင့် ပြည့်နှက်နေ၏။

အစပိုင်းသာ ကျယ်ဝန်း၍ အတွက်ဘက်ရောက်လေ ဂူကျဉ်း သွားလေဖြစ်သည်။ မီးရောင်တစ်ပြမှာပင် သိသိသာသာ ကျဉ်းသွားပြီး ညာဘက်သို့ တစ်ဆစ်ချိုး ကွေ့ဝင်သွားကြောင်းတွေ့ရသည်။ ထူးခြား



သည်က ဤဂူကြီးမှာ မြေကြီးပြိုကျ၍ တွေ့ရသော ဂူမြောင်လေးလို မှိုနံ့ ချဉ်သိုးနံ့မရ။

ခြောက်သွေ့လျက်ရှိပြီး ဖုန်နံ့နှင့် သစ်ရွက်ခြောက်နံ့သာရလေ သည်။ လေတိုက်တိုင်း ဝင်ရောက်ထားသော သစ်ရွက်ခြောက်၊ မြက် ခြောက်နှင့် အမှိုက်တွေမှာလည်း ဂူအောက်ခြေမှာမနည်း။

လက်ယာ မီးတုတ်ကိုမြှောက်ပြီး အတွင်းဝင်ဖို့ ဆုံးဖြတ်လိုက် သည်။ ခြေလှမ်းစတော့ ဓားကို အောက်ခြေကျောက်သားပေါ် ချပြီး ဒရွတ် တိုက် ဆွဲလာခဲ့၏။ ကျောက်သားနှင့် ဓားဦး ထိတွေ့ပွတ်ဆွဲသံ တချွင် ချွင်က သူလျှောက်ရာလမ်းတစ်လျှောက် ပါလာသည်။

အတွင်း၌ အန္တရာယ်ပြုနိုင်မည့် သတ္တဝါများရှိပါက ထွက်ပြေး ပုန်းအောင်းရန် သတိပေးသည့်သဘော ဖြစ်ပါသည်။ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သည်မို့ သတိကိုတော့ မပြတ်ထားရှိသည်။

အကွေ့လေးကိုလွန်တော့ ဂူမှာ အောက်ဖက်သို့ အနည်းငယ် နိမ့်ဆင်းသွားကြောင်းသတိထားမိသည်။ လက်ယာ မီးတုတ်ကိုမြှောက်၍ ခြေကို မချော်အောင် သတိထားရင်း လမ်းလေးအတိုင်း ဆင်းလာခဲ့ပါ သည်။ ဒါပေမဲ့ ခြေလှမ်းနှစ်ဆယ် မပြည့်လိုက်။ ဂူမှာ ထင်မှတ်မထား ဘဲ လမ်းဆုံးသွား၏။

ဂူလမ်းဆုံးဆုံးချင်း မြင်လိုက်ရသည်ကား . . .

"အရိုးစုတစ်ခု . . ."

"ဟာ . . ."

နှုတ်မှ အာမေဍိတ်သံပင် ထွက်သွား၏။ လူရိုးစုတစ်ခုပါ။ ဂူ လမ်းဆုံးကျောက်နံရံကို မှီထိုင်လျက် ပုံစံမျိုးဖြင့် အရိုးကြီးဖွေးဖွေးဖြူနေ ခြင်းဖြစ်သည်။ ဘယ်သူ့အရိုးစုလဲ၊ ဘာလဲ၊ ညာလဲ သူ မစဉ်းစားအား ချက်ချင်းလက်ငင်း ခေါင်းထဲရောက်လာသည်က ဤဂူတွင်း၌ ပုန်းအောင်း ပုန်းထားသည်ဟူသော အသိ။



www.burmeseclassic.com

www.burmeseclassic.com

လက်ယာ တုန်လှုပ်သွားပါသည်။ အရိုးကျနေပြီကိုကြည့်ခြင်းအားဖြင့် ဟိုလွန်လေပြီးသော အတိတ်တော်တော်ဝေးဝေးမှ သေဆုံးထားခြင်းဖြစ်ကြောင်း သိသာသည်။ ဒါပေမဲ့ . . .

"ချလွတ် . . . ချွတ် . . . ဖုတ်"

ကြည့်နေစဉ်မှာပင် အရိုးစုက ခေါင်းကြီးပြုတ်ထွက်ပြီး အောက်ပြုတ်ကျသွားသည်။ ထိုအခြင်းအရာအားကြည့်ကာ မီးတုတ်ကိုင်လျက် ထိတ်လန့်သွားသူက လက်ယာ။ ပါးစပ်ဟောင်းလောင်းဖွင့်ပြီးနောက်မှာ အပြင်ပြန်ထွက်ဖို့ ဆုံးဖြတ်လိုက်တော့၏။

ခန္ဓာကိုယ်ကို အနောက်ဆွဲလှည့်တော့ မီးတုတ်က အပေါ်ဘက်ကျောက်သားကို သွားခြစ်မိသည်။

"ဂျိ . . ."

ဟူသော မီးတုတ်နှင့် ပွတ်တိုက်သံထွက်သွားချိန်။

မြင်ရသည်ကား . . .

12 Lake 37 = 4 4 4

လက်ယာ မျက်လုံးပြူးရပြန်ပါပြီ။ ဘာနှင့် ရေးထားမှန်းမသိပေမဲ့ ထိုစာကြောင်းကတော့ သူနှင့် လက်တစ်ကမ်းအကွာ ကျောက်သားပေါ်မှာထင်နေ၏။

"ငါ ဒီစာတွေကိုမြင်ဖူးပါတယ်။ ဘယ်မှာမြင်ဖူးတာပါလဲ"

ချက်ချင်းပင် အကြောင်းအရာတစ်ခုက ခေါင်းထဲမှာပေါ်လာတော့ . . .

"ဟုတ်သားပဲ။ ဒါ ပင်လယ်ဘက်မျက်နှာမူထားတဲ့ ကျောက်ဆောင်မှာ ရေးထားတဲ့ စာလုံးတွေပဲ"

သတိရလိုက်ပေမဲ့ ကွဲလွဲချက်တွေတော့ ရှိနေသည်။ ဘာတွေ



ကွဲလွဲနေလဲ သူချိန်ထိုးကြည့်တော့ ခေါင်းထဲမှာ အနည်းငယ် ရှုပ်ထွေးသွားသည်။ ထို့ကြောင့်လက်ထဲမှ ဓားဖြင့် ချရေးလိုက်ပါသည်။

ခဏချင်းပင်မူလ စာကြောင်းရဲ့အောက်မှာ နောက်တစ်ကြောင်းပေါ်လာသည်။

12 Lake 37 = 444 (ဂူတွင်းတွေ့ရသော မူလစာကြောင်း)

12 3x7 ( ) + (ကျောက်ဆောင်ပေါ်မှ ဂဏန်းနှင့် အက္ခရာ)

ဘာတွေကွာဟ၍ ဘာတွေ ကွဲလွဲနေတာလဲ။ ကြည့်ရင်းနှင့် အတွေးတစ်ချက်ရကာ (12) နှင့် (37) ကို မြှောက်ကြည့်လိုက်၏။ အဖြေက (444)။ လက်ယာ နားလည်လိုက်ချေပြီ။

ဒုတိယစာကြောင်း (3) နှင့် (7) ကြားမှ ကြက်ခြေခတ်သည် အမြှောက်လက္ခဏာဖြစ်သည်။ (12) နှင့် (37) ကို မြှောက်ခိုင်းခြင်းဖြစ်၏။ အမြှောက်လက္ခဏာကို (3)နှင့် (7)ကြားမှာထားသည်ကတော့ တမင်အကာ ခက်ခဲအောင် လွယ်လွယ်ကူကူမရအောင် လုပ်ထားခြင်းဖြစ်နိုင်သည်။ ဒါဆို . . .

12 x 37 (444)

ဒုတိယစာကြောင်းမှ ကွင်းစကွင်းပိတ်သည် (444)ပေါ့။ 12နှင့် 37တို့ရဲ့ မြှောက်လဒ်ပေါ့။ ဒါဆို ဘာလဲ။ ဘာကို ထပ်ပြောထားတာလဲ။ ရရှိသော အဖြေအောက်မှာ ဂူတွင်းမှ မူလစာကြောင်းကို ပြန်ရေးလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

12 x 37 (444) (မြောက်လဒ်အဖြေ)

12 lake 37 = 444 (ဂူတွင်းတွေ့ရသော မူစာကြောင်း)

ချက်ချင်းပင် ကွဲလွဲမှုတစ်ခုကို မြင်တွေ့လိုက်ရကာ ကွင်းဝိုင်းလိုက်သည်။ ဂူမှာရေးထားသော မူလစာကြောင်းမှာက 12နှင့် 37ကြားမှာ 'Lake' ရေကန်ရှိနေပါသည်။ ရသောအဖြေမှာကား 12နှင့် 37အကြားမှာ အမြှောက်လက္ခဏာရှိသည်။ ထိုနှစ်ခုမှလွဲ၍ ကျန်သည့်ဂဏန်းနှင့် မြှောက်လဒ်တွေ အတူတူသာဖြစ်၏။

သူရှာနေသည်က 'Lake' (ရေကန်)၊ ရေကန်သည် 12နှင့် 37ကြားမှာ၊ ဘာသဘောလဲ။ 12နှင့် 37ကြားဆိုတာ ဘယ်နေရာလဲ။ စဉ်းစားမရသည်မို့ နောက်တစ်မျိုး ပြောင်းစဉ်းစားလိုက်သည်။ 12နှင့် 37ကြားမှာ ရေကန်သာရှိသည်မဟုတ်။ မြှောက်လဒ်အဖြေအရ အမြှောက်လက္ခဏာလည်း ရှိနေပါသည်။

'Lake'နေရာ၌ အမြှောက်လက္ခဏာရှိမှသာ မြှောက်လဒ် (444) ရမည်ဖြစ်သည်။ ဒါဆို ရေကန်နှင့် အမြှောက်လက္ခဏာသည် အတူတူပင်ဖြစ်သည်ဟု ဆိုလိုတာလား။ အမြှောက်လက္ခဏာမှာ ရေကန်ရှိတယ်ဆိုသည့် သဘောလား။

ရေကန်တွေ့ရန် သဲလွန်စရပြီမို့ လူရိုးစုကြီးအနီးနား ရှိနေတာပင် သတိမရတော့။ အစပထမတုန်းကလို မတုန်လှုပ်တော့။ ထိုစဉ်မှာပင် ခေါင်းထဲမှာလင်းသွားသော အတွေးတစ်ချက်။ အမြှောက်လက္ခဏာ (x)ဆိုတာ ကြက်ခြေခတ်ပဲ။ ကြက်ခြေခတ်ဆိုသည့် သဘောက အမှား (သို့) ဆန့်ကျင်ဘက်ဖြစ်သည်။

ဒါဆို ကြက်ခြေခတ်မှာ ရေကန်ရှိတယ်ဆိုတော့ . . .

ဆန့်ကျင်ဘက် အရပ်မှာများ . . .

"ဟင် . . ."



[illegible]နောက်သို့လှည့်ကာ ဂူတွင်းမှ တစ်ရှိန်ထိုး ပြေးထွက်လိုက်ပါတော့၏။

အပြင်ရောက်ရောက်ချင်း အပေါ်ဘက်တောင်ကြီးကို မော့ကြည့်တော့ သူ့အား သရော်သလို ပြုံးပြနေသည်။ ဆန့်ကျင်ဘက်အရပ်ဆိုတာ ဤတောင်ကြီးရဲ့ အနောက်ဖက်အရပ်ပဲ ဖြစ်ပါလိမ့်မည်။ ဂူဖြစ်တည်ရာအဝင်ဝနှင့် ဆန့်ကျင်ရာအရပ်။

အချိန်မဆိုင်းတော့ လက်တွင်းမှ မီးတုတ်ကို ဂူတွင်းပြန်ပစ်ထည့်တာ သူကိုယ်တိုင်ကား . . .

ခက်ခဲလှသော တောင်မြင့်ကြီးကို ခြေနင်းတုံးလုပ်ရင်း . . .

နောက်ဆုံးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ရောက်ရောက်ချင်း လက်ထဲမှ ဓားမှာ လွတ်ကျသွား၏။ သူကိုယ်တိုင်လည်း ဒူးညွတ်ကျသွားသည်။

ဝေဒနာတစ်ခုက ရင်ထဲမှာ တလိပ်လိပ်တက်လာကာ . . .

မျက်လုံးတွင်းမှာ မျက်ရည်တွေ စီးကျလာ၏။ အာခေါင်တွေ ခြောက်ကပ်ပြီး လည်ချောင်းမှာ ကွဲမတတ်။

လက်သီးကိုဆုပ်ကာ အံကြိတ်ရင်း စကားဆိုသည်။

သူနှင့် သေးကွေးသောပတ်ဝန်းကျင်တစ်ခု ကောင်းကောင်း ကြားရနိုင်၏။

ခပ်တိုးတိုး . . .

"ငါ အသက်ဆက်နိုင်ပြီ . . . "

ꕥ ꕥ ꕥ



# XVII

ရေကန်မှာ ကြီးမားကျယ်ဝန်းလှ၏။ငါးဧကလောက် အကျယ်အဝန်း ရှိလိမ့်မည်ထင်သည်။ ဤမျှကြီးမားသော ရေကန်ကြီးမှာ သဘာဝအတိုင်း ဖြစ်တည်နေတာတော့ မဖြစ်နိုင်ပါ။ ကျွန်းအား တည်ဆောက်သူ ဆွေမှာ ကျွန်းပေါ်ရောက်လာမည့် ပြစ်မှုကျူးလွန်သူများအတွက် အသက်ဆက်နိုင်ရန် တူးဖော်ပေးသွားခြင်း ဖြစ်နိုင်ပါသည်။

သို့ပေမဲ့ ရှင်းလင်းသူမရှိ။ သန့်စင်သူမရှိမို့ ကြည့်ရသည်မှာ အရုပ်ဆိုးလှ၏။ ကန်ဘောင်ပတ်ပတ်လည်မှာ မြက်ရိုင်းတွေက တောသဖွယ်ဖြစ်နေသည်။ ရေစပ်မှာလည်း မြက်ပင်၊ ဒိုက်ပင်တွေသာ ထူထည်ကြီးကြီးမားမား အခြေတည်နေ၏။

ဒါပေမဲ့ ရေမှာ ကြည်လင်နေသည်။ နေရာအတော်များများမှာလည်း ကြာပင်ကြာရွက်များ ဖုံးအုပ်နေသည်မို့ ကြည့်ကောင်းလှ၏။ သူရှိရာဘက်ခြမ်းမှာက မြက်ရိုင်းပင်၊ ချုံနွယ်ပင်တွေနှင့်ဖြစ်သော်လည်း မျက်နှာချင်းဆိုင် ရေကန်ဟိုဘက်ခြမ်းမှာတော့ ကျောက်တုံးကျောက်ဆောင်များကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားကျယ်ဝန်းလှသည်မို့ ကျွန်းပေါ်ရှိသမျှ သတ္တဝါအားလုံး မှီခိုအားထားပြုနိုင်သော ရေကန်ကြီးဆိုတာကိုလည်း သံသယဖြစ်ဖွယ် မရှိတော့။

ရေသောက်ရန် ကန်တွင်းဆင်းတော့ ခြေရာပေါင်းစုံကို ရေစပ် ရွှံ့ပျော့မှာ တွေ့ရသည်။ အရွယ်စုံ၊ အမျိုးစုံ။

ဒါပေမဲ့ ထူးခြားသောခြေရာတစ်ခုက ရွှံ့ပျော့တစ်နေရာမှာ ထင် ထင်ရှားရှားပေါ်လွင်နေသည်။ မကြာခင်က နင်းသွားသော ခြေရာလတ် လတ်ဆတ်ဆတ်။

"လူခြေရာ"

• • •

ညနေစာကိုတော့ကန်တွင်းမှ ဖမ်းယူရရှိသည်။ ကျောက်ပုစွန် လုံးလေးကောင်ဖြင့် ပြီးဆုံးလိုက်သည်။ ညအိပ်ရန်အတွက်ကိုတော့ သစ်ပင် ကြီးတစ်ပင် ရှာဖွေလိုက်သည်။

ဤကန်တွင်းသို့ သတ္တဝါပေါင်းစုံ ရေသောက်ဆင်းသည်ကြောင့် မြေပေါ်တွင် သူ မအိပ်ရဲ။ ဒုက္ခများသွားနိုင်သည်။

ထို့ကြောင့် . . .



## XVIII

ကိုယ်ကိုလှည့်လိုက်တော့ အင်္ကျီတွင်းမှစာအုပ်မှာ အောက်သို့ အမှတ်မထင် ပြုတ်ကျသွားသည်။

'ဘုတ်' ဟူသော စာအုပ်နှင့်မြေကြီး ထိမိသံခပ်အုပ်အုပ်ကြောင့် သစ်ပင်ထက်မှ စာအုပ်ကျသွားရာနေရာဆီ ငုံ့စမ်းလိုက်တော့ . . .

စာအုပ်ကျသွားရာနေရာနှင့် မလှမ်းမကမ်း လရောင်အောက်မှာ လူသုံးယောက် ဝိုင်းထိုင်ကာနေ၏။ ဘယ်အချိန်ရှိပြီမသိပေမဲ့ လခြမ်း ကွေးကွေးကတော့ အရောင်တော်တော် ထွက်နေပါပြီ။ ပုံစံကြည့်ရတာ လပြည့်ရန် နီးလာပြီထင်၏။ ကန်ရေပြင်ကြီးမှာလည်း လရောင်နှင့် ဝါဝင်း နေပါသည်။ ထိုလူသုံးဦးထိုင်နေရာက ရေကန်စပ်တွင်ဖြစ်သည်။

သူ စာအုပ်ပြုတ်ကျသည့်အသံကို ကြားပုံမပေါ်။ သစ်ပင်ပေါ် တွင် သူရှိနေသည်ကိုလည်း သိဟန်မတူ။ အိပ်ပျော်နေစဉ် ထိုလူသုံးဦး ဘယ်အချိန် ရောက်လာမှန်းလည်း သူမသိ။ အနည်းငယ်လှမ်းနေပေမဲ့ လရောင်နှင့် ဘယ်သူဘယ်ဝါတွေဖြစ်ကြောင်း ရိပ်ဖမ်း၊ သံဖမ်း သဘော ပေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com

• ပြီးတော့ ထိုလူတွေပြောနေသည့် စကားများကိုလည်း တိုးတိုး
ရိရိ ကြားရ၏။

"မင်းပြောပုံအရဆိုရင် ငါတို့ကျွန်းကြီးက ရေအောက်မှာ ထုနဲ့
ထည်နဲ့ မရှိဘူးပေါ့"

"မရှိဘူး . . . ဦးစိုင်းလုံ . . ."

"ဒါဖြင့် ဘယ်လိုပုံစံရှိတာလဲ"

"အလွယ်ကူဆုံး ပြောရရင်တော့ မှိုပွင့်ပုံစံလို့ ပြောရမှာပဲ"

ရေစိုလူစကားကြောင့် မေးသူမှာ နားလည်သလို ငြိမ်သွား၏။
ပြီးတော့ သူသိလိုက်တာတစ်ခုလည်း ရှိနေပါသည်။ ဆံရှည်ပုဂ္ဂိုလ်ကြီး
အမည်မှာ ဦးစိုင်းလုံဆိုပါလား။ ရေစိုလူရဲ့ နာမည်ကိုတော့ ဟိုနေ့ကတည်း
က သိထားတယ်။

"ကတ်လူ"

ရေစိုလူက စကားဆက်သည်။

"ပင်လယ်ထဲ ရှိရှိသမျှကျွန်းတွေအားလုံးက ရေပေါ်မှာရှိနေတဲ့
အစိတ်အပိုင်းထက် ရေအောက်မှာရှိနေတဲ့အပိုင်းက အများကြီး ထုထည်
ကြီးမားတယ်။ ကျွန်တော်တို့ကျွန်းက အဲလိုမျိုးမဟုတ်ဘူး။ ရေအောက်
မှာ ရှိတဲ့အပိုင်းထက် ရေပေါ်မှာပေါ်နေတဲ့အပိုင်းက အများကြီး ပိုကြီး
နေတယ်"

"ဟုတ်လား"

တစ်ချိန်လုံးငြိမ်နေသော လူမည်းက စကားထောက်၏။ ယ
မှာ ငါးယောက်မဟုတ်ပါ။ ဦးစိုင်းလုံခေါ် ဆံရှည်ပုဂ္ဂိုလ်ရယ်၊ ကတ်လူ
ခေါ် ရေစိုလူရယ်နှင့် လူမည်းတို့သာဖြစ်သည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်ကထိ ကိစ္စမရှိသေးဘူး။ အခုတော့
စိုးရိမ်စရာ အခြေအနေဖြစ်သွားပြီ။ ရေအောက်ကအပိုင်းက တိုက်စား
ဒဏ်ကြောင့် တဖြည်းဖြည်း သေးသထက်သေးလာပြီ။ အပေါ်က အလေး
ချိန်ကို မခံနိုင်တော့ဘူး"



အချိန်မရွေး ရေအောက်မြုပ်သွားနိုင်တယ်ဆိုတဲ့ သဘောလား"

"အမှန်ပဲ။ ကျွန်းရဲ့အနောက်ဖက်မှာ တချို့နေရာတွေ ရေ
အောက်မြုပ်သွားပြီ။ အဲဒါဘာဖြစ်လို့လဲဆိုတော့ အောက်မှာ တောင့်ခံ
နိုင်တဲ့ ထုထည်မရှိလို့ ပင်လယ်ထဲ ပွဲကျကုန်တာ။ ဒါကြောင့်လည်း အခု
လို ငါတို့နေလို့ ရသေးတာပေါ့"

ဆံရှည်လူကြီး စဉ်းစားသလို ငြိမ်သွား၏။ ပြီးတော့မှ . . .

"ရေထဲပွဲကျကုန်တဲ့ တချို့နေရာတွေကြောင့် ကျွန်းကပေါ့ပြီး
အလေးချိန်ထိန်းလို့ ရနေတာလို့ ဆိုလိုတာလား"

"ဟုတ်တယ်။ တချို့နေရာတွေ ပင်လယ်ထဲပွဲကျကုန်လို ရေ
အောက်အူတိုင်က အခုချိန်ထိကျန်တဲ့ နေရာတွေကို ထိန်းထားနိုင်တာ။
မဟုတ်ရင် တစ်ကျွန်းလုံး မြုပ်သွားတာကြာပြီ"

လက်ယာ နားထောင်ရင်းနှင့် ကြက်သီးတွေထလာ၏။ မတော်
လို့များ အောက်ခြေအူတိုင်ပြတ်ပြီး တစ်ကျွန်းလုံး ရေအောက်မြုပ်သွား
ရင် သူမတွေးရဲ။ မသေချင်သေးပါ။ သူ့မှာ လုပ်စရာအလုပ်တွေ အများ
ကြီးကျန်သေးပါသည်။ နားထောင်နေစဉ်မှာပင် မကြားချင်ဆုံးစကားကို
ထပ်ကြားရ၏။

"ဘယ်အချိန်လောက်ထိ တောင့်ခံနိုင်မယ်လို့ မင်းထင်လဲ"

"လပြည့်ကျော် (၂) ရက် . . ."

"ဟေ . . ."

"ဘာ . . ."

ဆံရှည်အဘိုးကြီးရော၊ လူမည်းရော အာမေဋိတ်သံ ကိုယ်စီ
ထွက်လာသည်။ သူတို့ပင်မဟုတ်။ လက်ယာကိုယ်တိုင်လည်း တုန်လှုပ်
သွားရကာ . . .

"လပြည့်ကျော် (၃) ရက်ဆို ခေါင်ရေတက်ပြီ။ ဒီတစ်ခါ
ခေါင်ရေကိုတော့ ကျွန်တော်တို့ကျွန်းကြီး တောင့်ခံနိုင်မယ်မထင်တော့
ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ . . ."

လက်ယာ ဘုရားတသွားမိပါသည်။ ဒီနေ့ ဘယ်နရက်လဲဆို တာကို အရမ်းကြီးသိချင်သွားရ၏။ ဒီကျွန်းကြီးရဲ့ အသက်ရှင်ချိန် ဘယ်နှစ်ရက်များ ကျန်ပါတော့သလဲ။ ဤကျွန်းကြီးနှင့်အတူ သူတို့ရဲ့ အသက်ရှင်မှုကရော . . .

"ကျွန်တော်ကတော့ သဘောကျတယ်ဗျာ။ ဒါမှ အပူဒဏ်က မြန်မြန်လွတ်မှာ"

ပြောသူက သွားနှင့်မျက်လုံးကလွဲပြီး ကျန်တာအားလုံး မည်းမည်းလှုပ်နေသည့် လူမည်း။ အရင်တစ်ခါတုန်းကလည်း ပူလို့ဆိုပြီး သစ်ပင်အောက်မှာ တစ်ယောက်တည်းထိုင်နေသည်ကို လက်ယာ မြင်ဖူးထားသည်။ ယခုလည်း အပူဒဏ်ခံနေရတုန်းတဲ့။

ထူးတော့ထူးဆန်းပါသည်။ အချိန်ပြည့် ဒီလောက်ပူနေရအောင် ထိုလူ မီးလောက်တိုက်ထဲများ ရောက်နေလို့လား။ သူကပင် . . .

"ကျွန်တော်က ခင်ဗျားကို တအားသဘောကျတာဗျ။ ခင်ဗျားတို့ အမြဲတမ်း ရေစိုနေရတော့ အေးနေမှာပဲ"

လူမည်းက ရေစိုလူကိုကြည့်ပြီး စိတ်ရောကိုယ်ပါ ပြောခြင်းဖြစ်သည်။ လူမည်းစကားကြောင့် ရေစိုလူက ဟက်ခနဲတစ်ချက်ရယ်ကာ –

"ထင်လို့ပါကွာ . . . အေးတိုင်းလည်း မကောင်းဘူး သားထွေးရ"

ထပ်သိလိုက်ပြန်ပါပြီ။ လူမည်းနာမည်မှာ 'သားထွေး'။

"ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော်ကတော့ ခင်ဗျားကို သဘောကျတယ်။ ဖြစ်နိုင်ရင် နေရာချင်းတောင် လဲချင်တာ"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲကွာ"

ပြောသူက ရေစိုလူမဟုတ်။ ဦးစိုင်းလုံ။

ဦးစိုင်းလုံစကားကြောင့် နှစ်ယောက်လုံး ငြိမ်သွားသည်။ သူကပင် စကားဆက်တော့ . . .



"ငါတို့ အကုန်လုံးက တစ်ယောက်နေရာကို တစ်ယောက်မှ မသိဘဲ"

ဒီတစ်ခါ အံ့ဩသွားသူက လက်ယာကိုယ်တိုင်ပါပဲ။ သူတို့ အကုန်လုံးက တစ်ယောက်နေရာကို တစ်ယောက်မသိဘူးဟူ၍ ဖြစ်သည်။ ဘာတွေလဲ၊ ဘယ်လိုနားလည်ရမှာလဲ။

တစ်ယောက်နေရာကို တစ်ယောက်မသိဘဲ အခုလို ဆုံတွေ့စကားပြောကြသတဲ့။ မဖြစ်နိုင်တာ . . .

"ဒါပေမဲ့ ခင်ဗျားနေရာတော့ ခင်ဗျား သိတယ်မလား"

ရေစိုလူ အမေးကို . . .

"ဒါတော့ သိတာပေါ့။ ငါ့နေရာက နံပါတ် (၆) လေ၊ နံပါတ် (၆) နယ်မြေကို ရောက်ပြီးကတည်းက ငါ လမ်းပျောက်သွားတာ"

"ကျွန်တော်က နံပါတ် (၅) ။ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်နေရာကို မရောက်ခဲ့ဖူးဘူးမလား"

လက်ယာ မှတ်သားမိ၏။ ဆံရှည်အဘိုးကြီးက နံပါတ် (၆) နေရာ လူမည်းက နံပါတ်(၅)နေရာဆိုပါလား။ ဒါဆို ရေစိုလူကရော –

"ကျွန်တော့်နေရာကတော့ နံပါတ်မရှိဘူးဗျ"

ရေစိုလူကပြောတော့ နှစ်ဦးလုံးမှ သဘောပေါက်သလို ခေါင်းညိတ်သည်။

"ဒါပေမဲ့ ကျွန်တော် သိထားတာ တစ်ခုတော့ ရှိတယ်။ နံပါတ် (၅) နဲ့ နံပါတ် (၆) နယ်မြေက တစ်ခုနဲ့တစ်ခု ဆက်နေတယ်။ နံပါတ်(၄) ကတော့ နံပါတ် (၆) နယ်မြေထဲမှာ ပျောက်နေတာဗျ။ ဘယ်သူမှ ရှာလို့ တွေ့ဘူး။ နံပါတ် (၄) ကို ရှာတွေ့ရင်တော့ ခင်ဗျား လမ်းစပြန်ရမှာပါ"

ရေစိုလူ၏ ခပ်သွက်သွက်ပြောစကားကို ဆံရှည်အဘိုးကြီးက–

"မင်းက ဘယ်လိုလုပ်သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ရေစိုလူက ခြောက်ကပ်ကပ်ရယ်၏။ သူရယ်ပုံက ကြက်သီးထဖွယ်ကောင်းလှသည်။ ပြီးအရယ်ကိုရပ်ပြီး မခိုးမခန့်ပုံစံဖြင့် . . .

"ခင်ဗျားတောင် water ဆိုပြီး သိထားသေးတာ။ ကျွန်တော်လည်း အဲလောက်တော့သိတာပေါ့"

water ဆိုသော စကားက လက်ယာနားတွင်းသို့ ဒုတိယအကြိမ်ရောက်လာပြန်ပါသည်။ ထိုစဉ်မှာပဲ . . .

"ဝုန်း . . ."

တစ်ကျွန်းလုံး တုန်ခါသွားသည်ထင်ရလောက်အောင် အသံကျယ်ကြီးတစ်ခုက ကြောက်ခမန်းလိလိ ထွက်လာသည်။ လက်ယာ တုန်လှုပ်သွားရသလို ရေစပ်တွင် ထိုင်နေသူ သုံးယောက်လည်း ခေါင်းထောင်သွားတော့ . . .

"ပင်လယ်ထဲကို ပဲ့ကျသွားတဲ့အသံပဲ။ တော်တော်ကြီးတယ်နဲ့တူတယ်"

ရေစိုလူရဲ့ အသံကျယ်ကြီးထွက်လာပြီး နောက်ပိုင်း . . .

"ဘယ်နေရာက ပဲ့ကျသွားတာလဲ မသိဘူး။ သွားကြည့်ရင်ကောင်းမယ်"

လူမည်းစကားနောက်မှာ အလျင်စလို ထွက်လာသော အသံတစ်ခု . . .

"အေး . . . ဟုတ်တယ်၊ သွားကြည့်ရအောင်"

ထို့နောက်တော့ . . .

ဣ ဣ ဣ



# XIX

လက်ယာ သစ်ပင်ပေါ်မှ အလျင်စလို ဆင်းလိုက်၏။ ပြီး သူမှတ်ကျထားသော စာအုပ်ကိုကောက်ကာ လူသုံးယောက်ပြေးထွက်သွားရာနောက်သို့ အပြေးလိုက်ပါတော့သည်။

ဒါပမဲ့ သိပ်မသွားလိုက်ရ။

"ရှီး . . . ရှီး . . . ရှီး . . ."

ရှေ့တည့်တည့်ဆီမှ ကြားလိုက်ရသော မြွေတွန်သံကြောင့် ပြေးလက်စခြေလှမ်းတို့ တိခနဲရပ်သွားသည်။ ပြီး ကြားရသောနေရာဆီသို့ သေချာကြည့်လိုက်တော့ . . .

"ဘုရားရေ . . ."

နီရဲသောမီးသီးနှစ်လုံးလို စူးတောက်တောက် မျက်စိနှစ်လုံးအား မြေပြင်ဆီမှ တစ်တောင်လောက်အမြင့်မှာ တည်ငြိမ်စွာတွေ့ရ၏။ ကြက်သီးတို့ ဖျင်းခနဲသီးသွားသည်။ မြွေတစ်ကောင်၏မျက်လုံးဆိုတာ လွဲမှားစရာမရှိ သေချာနေသည်။

"ရှီး . . ."

ဒီတစ်ခါ တွန်သံကတော့ ကျယ်လောင်လွန်းလှ၏။ အပေါ်ဘက်ဆီမော့ကြည့်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ထက်မှာ ဖန်ဂေါ်လီလုံးအရွယ်ရှိသော နီတောက်နေသည့် မျက်လုံးကြီးနှစ်လုံး။ လူက လန့်ဖျပ်ကာ သွေးပျက်မတတ် ဖြစ်သွားစဉ်မှာပဲ . . .

"ရှီး . . . ရှီး . . . ရှီး . . . ရှီး . . ."

မြွေတွန်သံတွေ အရပ်မျက်နှာအနှံ့ဆီမှ တစ်ပြိုင်နက်ကြားရတော့သည်။ အားလုံးကို မေ့ထားပြီး လက်ငင်းအခြေအနေမှ ပြေးထွက်ခဲ့ရတော့၏။ မူလအိပ်စက်ခဲ့ရာ သစ်ပင်ထက်ရောက်သည်အထိ ခပ်လှမ်းလှမ်းမှာ မြွေတွန်သံတွေ ဆူညံနေတုန်း . . .

ညက ဆက်အိပ်လို့မရနိုင်တော့ . . .

ဓားကို အနီးဆုံး လက်တစ်ကမ်းမှာထားရင်း တွေးမိသည်။ သူ အခုရောက်နေရာသည် မြွေဆိုးတွေ ကျက်စားသော နေရာတစ်ခုများလား။ ရေနှင့်နီးသောနေရာမို့ ဖြစ်ကောင်းဖြစ်နိုင်သည်။

တော်သေး၏။ သူ အပြေးမြန်ပေလို့။ မိုးလင်းလျှင်တော့ အရာရာ သတိရှိရတော့မည်။

မိုးလင်းပိုင်းရောက်ခါနီးမှာ မှေးခနဲ အိပ်ပျော်သွား၏။

• • •

မိုးလင်းလာတော့ မိုးစင်စင်လင်းရုံမဟုတ်။ နေပင် တော်တော်မြင့်နေပြီ၊ အောက်ကိုငုံ့ကြည့်တော့ ကြီးမားတည်ငြိမ်သော ရေကန်ကြီးကို ကျက်သရေရှိစွာ တွေ့ရပါသည်။ ကျေးငှက်တို့၏ စကားသံချိုများကိုလည်း နေရာအနှံ့မှကြားရသည်။ မနက်ခင်းရဲ့ တက်ကြွမှုနှင့်အတူ ကြာပန်းတို့ပင် ပွင့်ဖူးနေသေး၏။

ယခုလိုတော့လည်း ကြည့်ရတာ ကြည်နူးဖွယ်ကောင်းလှသည်။ ရေကန်ကြီး၏ အလယ်တည့်တည့်မှာ ကုန်းမြေမို့မို့လေးပေါ်နေသည်။



ထိုအပေါ်မှာ ငွေဖျိုင်းဖြူဖြူတွေ အုပ်စုလိုက်နားနေကြသည်။ တချို့လည်း လည်တံတဆန့်ဆန့်ဖြင့် ရေစပ်မှာ ငါးရှာနေကြပါသည်။

ဟိုဘက်ခြမ်းကမ်းစပ်မှာက ဒရယ်တစ်ကောင် ရေသောက်ဆင်းနေသည်။ ဒရယ်ကောင်ပုံစံကိုကြည့်ရသည်မှာ နောက်ကျော သိပ်လုံးပုံမပေါ်။ ရေငုံ့သောက်လိုက်၊ ခေါင်းမော့ကာ ဟိုဟိုဒီဒီကြည့်လိုက် ငြိမ်သက်သွားလိုက် ဖြစ်နေသည်။

ရေပြင်ပေါ်မှာက အမည်မဖော်တတ်သော ငှက်အဖြူအနက်ကြားလေးတွေ ယိမ်းထိုးဝဲပျံနေပါသည်။ ရေပြင်မှာ ကြည်လင်ငြိမ်သက်နေ၏။ ကြည့်နေရင်းနှင့် သူ့စိတ်တွေ အလိုလို ကြည်လင်လာသလို ခံစားရသည်။ အတော်ကြာတော့ လက်ယာ သစ်ပင်ပေါ်မှဆင်းလိုက်၏။

သူဆင်းလာသည်ကို မြင်တော့ ဟိုဘက်ကမ်းမှ ဒရယ်ကောင် လှည့်ပြေးသွားသည်။ ကျောက်တုံးတွေရှိရာ ရေကန်စပ်သို့သွားပြီး မျက်နှာသစ်၊ ခြေလက်ဆေးလိုက်ပါသည်။ ကျောက်တုံးပေါ်ထိုင်ကာ ခြေလက်ဆေးနေရာမှ ခပ်လှမ်းလှမ်း ကန်ရေထဲတွင် ငါးကြီး၊ ငါးသွယ် အသွယ်သွယ်ကူးခတ်နေကြောင်း တွေ့တော့ . . .

ခြေတစ်ဖက် ရေထဲရောက်သွားစဉ် . . .

"မဆင်းနဲ့"

ခက်ထန်သော တားမြစ်သံတစ်ခု။

လူက တစ်ချက်တုန်သွားကာ နောက်ဖက်ကို လှည့်ကြည့်တော့ . . .

"အဲ့ဒီနေရာက ထန်းတစ်ပင်လောက် နက်တယ်"

ပြောပြီး ထိုလူက နောက်ဖက်သို့ လှည့်ထွက်သွားသည်။ လက်ယာ ခဏတော့ ကြောင်သွားပါသည်။ ထိုလူ့ကျောပြင်ကိုကြည့်ပြီးလည်း တစ်စုံတစ်ရာကို သတိရသွား၏။ တစ်ပင်တိုင်ဝါးတောထဲမှာ တွေ့ခဲ့သောသူ။



www.burmeseclassic.com

www.burmeseclassic.com

သေချာသည်။ ဒီလူ့နောက်ကျောနှင့် လမ်းလျှောက်ပုံကို သူ မှတ်မိသည်။ တစ်ခုပဲ ကွဲလွဲနေ၏။ ယခု ထိုလူက ကျောမှာလေးနှင့် မြားပလိုင်းကို လွယ်ထားသည်။ လက်ယာ စဉ်းစားမနေတော့ပါ။ ရှား ရှားပါးပါးတွေ့ရသည့် ထိုလူ့နောက် ပြေးလိုက်ခဲ့တော့၏။

သူနောက်မှလိုက်လာတာကိုသိပေမဲ့ ထိုလူက တစ်ချက်မျှလှည့် မကြည့်ပါ။ ခပ်တည်တည်ပင် ရှေ့မှ သွားနေ၏။ အေးအေးသက်သာ သွားနေပုံဖြစ်ပေမဲ့ လက်ယာကတော့ နောက်မှ မပြေးရုံတစ်မည်ပင် လိုက် ခဲ့ရသည်။ ထိုလူ့ကို ကြည့်ပြီးလည်း မှတ်ချက်အချို့ကို ချမိ၏။

တောတွင်းမှာ အနေကြာနေသော တောတွင်းသားတစ်ယောက် ဆိုတာ သေချာသည်။ အသားအရေညိုမှောင်ကာ နောက်ပိုင်းကြွက်သား တွေ ဖုထစ်နေ၏။ အမည်ဖော်ရန် ခက်ခဲသော ဆောင်းဘီတိုတစ်ထည် ကို ဝတ်ထားပြီး လေးနှင့်မြားပလိုင်းကို လွယ်ထားသည်။

မျက်နှာကို တစ်ခဏသာတွေ့လိုက်ရပေမဲ့ မျက်လုံးနှစ်လုံးက ကျားတစ်ကောင်လို စူးရှနေသည်။ ကြီးမားတုတ်ခိုင်သော မေးရိုးကြီး များမှာလည်း ကားစွင့်နေ၏။ ဆံပင်က မတိုမရှည်၊ သတ္တိရှိပြီး ရဲရင့်ပုံရ သည်။ ရှေ့က သွားနေပုံမှာလည်း ကိုယ့်အိမ်ကိုယ့်ယာအတွင်းမှာ လမ်း လျှောက်နေသလိုမျိုး။

သူလိုက်လာတာကို သိပေမဲ့ တစ်ချက်မျှ လှည့်မကြည့်တာတော့ အံ့ဩဖို့ကောင်းသည်။ ထို့ကြောင့် ဘာရယ်မဟုတ် သွေးတိုးစမ်းသည့် သဘော လက်ယာ စကားစလိုက်သည်။

"ကျွန်ုတော် ဒီကျွန်းကိုရောက်လာတာ သိပ်မကြာသေးဘူး။ ခင်ဗျားရောက်နေတာ ကြာပြီလား"

ပြောပြီး ခဏစောင့်ကြည့်ပေမဲ့ ပြန်ဖြေသံ ထွက်မလာပါ။ ရှေ့ ကိုသာ တစ်လှမ်းချင်း လှမ်းနေသည်ကြောင့် . . .

"ကျွန်တော့်နာမည် လက်ယာလို့ခေါ်တယ်။ ခင်ဗျားကရော ဘယ်သူလဲ"



ဒီတစ်ခါလည်း လှည့်မကြည့်။ လက်ယာ ခဏငြိမ်နေလိုက် ၏။ ရှေ့ကိုသာ သဲကြီးမဲကြီးသွားနေသည်ကြောင့် ဘာများ အရေးကြီး ကိစ္စရှိသလဲ သိချင်သွားတာလည်း ပါသည်။ ဒါပေမဲ့ အချိန်သာကြာ သွားပါသည်။ ခြေလှမ်းက မပျက်။

ပိုဆိုးသည်က ရှေ့မှလူမှာ သူ့ကိုရှိသည်လို့ပင် ထင်မထားပုံ ရပါသည်။ ကြာလာတော့ တဖြည်းဖြည်း ဒေါသထွက်လာရ၏။ ထို့ ကြောင့် . . .

"ဟေ့လူ . . . ခင်ဗျားက ဘာလဲဗျ။ စကားမပြောတတ်ဘူး လား"

ရှေ့ကိုသာ သွားနေဆဲ . . .

"ကျုပ်လည်း လူပါပဲဗျ။ ခင်ဗျားလည်း ကျုပ်ထက် ဘာမှ ပို သောပါဘူး။ ခင်ဗျားက ဘာကို မာန်တက်နေတာလဲ"

ရှေ့မှလူ တခဏ ခြေစုံရပ်သွားလေသည်။ ပြီး သူ့ဘက်ကို ဒိုင်း ခနဲလှည့်ကာ . . .

"မလိုအပ်ဘဲ ဘာလို့ စကားတွေအများကြီး ပြောနေတာလဲ"

မအော်ရုံတမည်ပြောကာ မာထန်သောအကြည့်တွေ သူ့ဆီ ရောက်လာတော့ လက်ယာ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ရင်း . .

"ခင်ဗျား စကားပြောတတ်သားပဲ"

လူကောင်ထွားထွား၊ အားကောင်းမောင်းသန်ဖြစ်ပေမဲ့ လက်ယာ ကြောက်စိတ်မရှိပါ။ ပေါ့ပေါ့ပါးပါးပင် ဖြစ်ကာနေသည်။ အတန်ကြာ အောင် သူနှင့် ထိုပုဂ္ဂိုလ် မျက်လုံးချင်းစုံကာသွား၏။ ပြီးတော့ အရှေ့ကို ပြန်လှည့်သွားလေသည်။ လက်ယာ နောက်မှပင် ဆက်လိုက်သွားပါ သည်။ စကားတော့ ထပ်မမေးတော့။ အခြေအနေက အနည်းငယ် တင်း မာသယောင်ရှိနေသည်ကိုး . . .

ရန်မဖြစ်ချင်ပါ။ မိတ်ဖွဲ့လိုခြင်းသာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြော ဤကျွန်းမှာ ရှားရှားပါးပါး အဖော်တစ်ယောက် ရပြီ မဟုတ်ပါလား။ တစ်ခေါ်လောက်လျှောက်ပြီး သွားစဉ်မှာတော့ ရှင်းလင်းသော မြေကွက်လပ်တစ်ခုမှာ ခိုင်ခိုင်မာမာ ဆောက်လုပ်ထားသော ဝါးတဲလေးတစ်လုံးကို မြင်လိုက်ရတော့၏။

ရှေ့မှာ သစ်ခြောက်တုံးကြီးများဖြင့် မီးဖိုတစ်ဖိုကို ဖိုထားလေသည်။ ပုံစံကြည့်ရတာတော့ တစ်နေ့တာလုံး မီးမသေစေရန် ထင်းတုံးကြီးများ ထည့်ထားဟန်တူပါသည်။ ဝါးတဲမှာ လူသူကင်းမဲ့နေ၏။ သို့ပေမဲ့ ပိုင်ရှင်ရှိသော ဝါးတဲတစ်လုံးဆိုတာတော့ မြင်ရုံနှင့်သိသာပါသည်။

ထိုပိုင်ရှင်မှာလည်း အခြားသူမဟုတ်၊ ရှေ့မှာပုဂ္ဂိုလ်ပင် ဖြစ်ပါလိမ့်မည်။ ထိုလူက ခပ်တည်တည်ပင် ဝါးတဲပေါ်တက်ကာသွားသည်။ လက်ယာမှာတော့ ဘာလုပ်ရမှန်းမသိ။ တဲပေါ်ပဲ လိုက်တက်ရမလို၊ တဲရှေ့မှာပဲ ရပ်နေရမလိုနှင့် . . .

ဒါပေမဲ့ . . .

"ရော့ . . ."

ဟုဆိုကာ အရာတစ်ခုက လက်ယာရင်ဘတ်ကို လာမှန်သည်။ လက်နှင့် ပိုက်ဖမ်းကာ ကြည့်လိုက်တော့ ငှက်ပျောသီးတစ်ဖီး ဖြစ်နေ၏။ တအံ့တသြ တဲပေါ်မော့ကြည့်စဉ် . . .

"ဗိုက်ဆာနေပြီမလား။ အဲဒါကို အရင်စားလိုက်။ ပြီးမှ မင်းသိချင်တာမေး"

ပြောပြီး တဲအတွင်းဘက် ပြန်ဝင်သွားလေသည်။ လက်ယာမှာတော့ ငှက်ပျောသီးတစ်ဖီးကိုပိုက်ကာ ဘာလုပ်ရမှန်းမသိ၊ နောက်ဆုံးတော့ ဗိုက်ကလည်း ဆာနေပြီမို့ အရင်ဆုံးတစ်လုံး ဖြုတ်စားလိုက်သည်။

ကုန်သွားတော့ နောက်တစ်လုံး။ ထိုစဉ်မှာပဲ တဲအတွင်းမှ ပုဂ္ဂိုလ် ပြန်ထွက်လာသည်။ လက်ထဲမှာ တစ်ဝါးသာသာရှိသော သစ်ရွက်ခြောက် ပြန့်ပြန့်ကို ကိုင်ကာထား၏။ တဲအပြင်မှာ ငှက်ပျောသီးကို ပလုတ်ပလောင်းစားနေသော သူ့ကိုတွေ့တော့ . . .



"ဟို သစ်ပင်အောက်မှာ ဝါးကျည်တောက်တွေ ထောင်ထားတယ်။ စားပြီးရင် အဲ့ဒီထဲက ရေငုံ့သောက်လိုက်"

ညွှန်ပြရာဆီ လှည့်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းသစ်ပင်ကြီးတစ်ပင်အောက်မှာ ဝါးကျည်တောက်ကြီးငယ်တွေ အစီအရီ ထောင်ထားကြောင်း တွေ့ရ၏။

စကားအတိုင်းပင် ဝါးကျည်တောက်များရှိရာကိုသွားကာ ရှုမ်းတော့ အကုန်လုံးလိုလိုမှာ ရေများပြည့်နေပါသည်။ အနီးနားမှာလည်း ရေခွက်ပုံစံ ဝါးဆစ်ပိုင်းငယ်တစ်ခုချထား၏။ ထို့ကြောင့် အနီးဆုံးဝါးကျည်တောက်မှ ရေတစ်ခွက်ငှဲ့သောက်လိုက်သည်။

ရင်ထဲတွင် အေးမြသက်ဆင်းသွား၏။ ဆာလောင်မှုဒဏ်မှုလည်း ခဏတာ ကင်းလွတ်သွားသည်။ ဝါးတဲဘက်ဆီ ပြန်လှည့်ကြည့်တော့ ထိုလူ့ကို မတွေ့တော့ပါ။ ဘယ်များရောက်သွားလဲ ဟိုဟိုဒီဒီ လိုက်ကြည့်မိစဉ် တဲခေါင်းရင်းဘက်မှ ထွက်လာပါသည်။

လက်ထဲမှာ ဝါးပြားကြီးကြီးဖြင့် ရက်လုပ်ထားသော ဆန်ကောတစ်ချပ်ကို ကိုင်လာသည်။ ပြီး တဲပေါ် တင်ပျဉ်လွှဲထိုင်ကာ ဆန်ကောထဲမှအရာတွေကို လက်ဖြင့် ထိုးဆွနေ၏။ သေချာကြည့်မိတော့ သစ်ရွက်ခြောက်တွေ ဖြစ်နေသည်။ လက်ဖက်ခြောက်ပုံစံ မည်းမည်းအရွယ်ငယ်လေးတွေပါ။

လူကြီးကတော့ အေးအေးလူလူပင်။ လက်တစ်ဝါးသာသာ သစ်ရွက်စိမ်းခြောက်ပေါ်သို့ ထိုမည်းမည်းအရွက်ခြောက်လေးတွေကို လက်ဖြင့်ချွေထည့်သည်။ ပြီးတော့ ဆေးလိပ်လိပ်သလို လက်ဝါးနှစ်ဖြင့် ပွတ်လိပ်၏။ ခဏတွင်းမှ ဆေးလိပ်တစ်လိပ်ဖြစ်သွားသည်။ ဒီတော့မှ ပါးစပ်တွင်းကိုက်ကာ ထိုင်ရာမှထသည်။

ပြီး ရှေ့မီးဖိုထဲမှ ထင်းချောင်းတစ်ချောင်းဆွဲကာ မီးညှိသည်။ ထို့နောက်မှာတော့ အငွေ့တလူလူ ထွက်နေသော လက်ဖြစ်ဆေးလိပ်တိုကိုခဲရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ . . . ဒီကျွန်းမှာ အဆင်ပြေရဲ့လား"

ပြောလည်းပြော၊ မီးဖိုရှေ့မှာ ထိုင်ချလိုက်၏။ ထို့ကြောင့် လက်ယာလည်း မီးဖိုနားတိုးကပ်သွားကာ မြေမှာလိုက်ထိုင်သည်။ မျက်နှာကို အနီးကပ်ကြည့်မိတော့ ထိုလူမှာ အသက်သိပ်မကြီးသေးမှန်း သိရ၏။ တောတွင်းမှာ အနေကြာလို့သာ အသက်အရွယ်ရင့်နေသည် ထင်ရခြင်းဖြစ်သည်။

လက်ယာစိတ်ထင် ထိုလူ့အသက်မှာ ခန့်မှန်းခြေ သုံးဆယ်၊ သုံးဆယ့်ငါးဝန်းကျင်လောက်သာ ရှိလောက်၏။

"ထွက်ပေါက်ကို မတွေ့သေးတာကလွဲပြီး နေရထိုင်ရ မဆိုးပါဘူး"

သူ့စကားကြောင့် ထိုလူမှာ တဟားဟား အော်ရယ်ပါသည်။ ပြီးတော့ ဆေးလိပ်ငွေ့တွေကြားမှ . . .

"မင်း ဒီကျွန်းပေါ်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

လက်ယာ အနည်းငယ်စဉ်းစားကာ . . .

"(၅) ရက်"

"ငါက (၃) နှစ်"

"ဗျာ . . ."

လက်ယာ တအံ့တဩ 'ဗျာ" မိသွားတော့ . . .

"ဟုတ်တယ် . . .။ ငါ ဒီကျွန်းပေါ်ရောက်နေတာ (၃) နှစ်ရှိသွားပြီ"

ပြောပြီး လူကြီးက ဆေးလိပ်ကို အားရပါးရဖွာနေ၏။ လက်ယာမှာတော့ ထိုလူ့ပုံစံကိုကြည့်ရင်း မေးခွန်းတွေ မေးချင်နေမိသည်။ ကျွန်းပေါ်ရောက်နေတာ သုံးနှစ်တောင်ရှိနေပြီဆိုတော့ ထွက်ပေါက်ကို မရှာလို့ များလား။ ဒါမှမဟုတ် ရှာရင်းနှင့် မတွေ့တာလား။

မေးဖို့ ဟန်ပြင်စဉ်မှာပဲ . . .

"မင်း ဘာပြစ်မှုကျူးလွန်လို့ ဒီကိုရောက်လာတာလဲ"



"နည်းပညာခိုးမှု"

သူ့စကားကြောင့် မျက်လုံးပင့်က ကြည့်၏။ ဘာမှတော့မပြော။ ပြီးမှ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း . . .

"ငါကရော ဘာပြစ်မှုလို့ထင်လဲ"

"မသိဘူး"

ထိုလူက ခနဲ့တဲတဲ့ပြုံးရင်း ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်၍ မြေမှာထိုးစိုက်ကာ . . .

"လူသတ်မှု"

ပြောပုံက ခက်ထန်မာကျောလွန်းနေသည်။ မြေမှာ ထိုးစိုက်လိုက်သော ဓားမြှောင်ကိုကြည့်ပြီး လက်ယာစိတ်ထဲမှာ ထင့်ခနဲဖြစ်သွား၏။ ဘာရယ်မဟုတ် နံဘေးမှာချထားသော ဓားကို လှမ်းကြည့်မိတော့ ထိုလူက ရိပ်မိသည်ထင်၏။

"မပူပါနဲ့ . . . မင်းကို ဘာမှမလုပ်ပါဘူး။ ငါသတ်ချင်တာ မင်းမဟုတ်ပါဘူး"

ပြီးတော့ ဆေးလိပ်ကို ပြန်ဖွာနေပါသည်။ လက်ယာ သက်ပြင်းချမိသည်။ ဒီလူ့ကို နားလည်ဖို့ အချိန်အတော်ယူရပေဦးမည်။ ထိုစဉ်မှာပဲ . . .

"မင်းနာမည် ဘယ်သူ . . ."

"လက်ယာ . . ."

သူ့စကားဆုံးတော့ ခေါင်းကိုညိတ်ကာ . . .

"ငါ့နာမည် မိုးကြီး . . ."

"ကိုမိုးကြီး"

တစ်ကိုယ်တည်းကြားလောက်ရုံ တိုးတိုးခေါ်ကြည့်မိသည်။ မဆိုးပါ။ ခေါ်လို့ အဆင်ပြေပါသည်။

"ဒါဆို ကိုမိုးကြီးက ဒီမှာ တစ်ယောက်တည်းပေါ့"

ခေါင်းညိတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရေထဲမဆင်းဖို့ ကျွန်တော့်ကို ဘာလို့တားတာလဲ။ ကန်ထဲမှာ ငါးအကြီးကြီးတွေဗျ"

မိုးကြီးဆိုသူက သူ့ကိုသေချာကြည့်ကာ . . .

"ငါတွေ့ရသလောက်တော့ မင်းမှာ အသက်ပိုမပါပါဘူး"

"ဗျာ . . ."

"မင်းက ရေနစ်ပြီးသေချင်လို့လား"

လက်ယာ ပါးစပ်ပိတ်သွားရပါသည်။ ထိုစဉ်မှာပဲ သေဆုံးခြင်းနှင့်ပတ်သက်သော သတိရစရာတွေ ခေါင်းထဲမှာ ပေါ်သွားသည်။ ထို့ကြောင့် ချက်ချင်းပင် . . .

"ကိုမိုးကြီး . . . ဒီနေ့ လဆန်း ဘယ်နရက်နေ့လဲ။ ခင်ဗျားသိလား"

မိုးကြီးက ခေါင်းကိုယမ်းကာ တစ်နေရာကို လက်ညှိုးထိုးရင်း–

"သူ့ကို မေးကြည့်"

လှမ်းကြည့်တော့ သစ်ပင်ထက်မှာ speaker လေးတစ်လုံး ချိတ်ဆွဲထားကြောင်း တွေ့ရပါသည်။ လက်ယာ သဘောပေါက်လိုက်သည်။ ထိုင်ရာမှထတော့ မိုးကြီးဆိုသူလည်း မတ်တတ်ထရပ်၏။

ပြီး တဲနံရံမှာ ချိတ်ဆွဲထားသော လေးနှင့်မြားပလိုင်းကို ဖြုတ်ယူကာ ပခုံးမှာလွယ်သည်။ ကြည့်နေစဉ်မှာပဲ မိုးကြီးမှာ သူနှင့် ဝါးတဲကို စွန့်ခွာရင်း တောတန်းဘက် ထွက်သွားလေတော့သည်။

ကျန်ရစ်သူလက်ယာမှာတော့ မိုးကြီး၏ကျောပြင်ကို အကြောင်သား ရပ်ငေးလို့ . . .

* * *



# XX

"ကျွန်းစောင့်ကြီး . . . ကျွန်းစောင့်ကြီး"

တုံ့ပြန်မှုမရှိပါ။

"ဗျို့ . . . ကျွန်းစောင့်ကြီး . . ."

အထပ်ထပ်ခေါ်ပေမဲ့ တစ်ဖက်မှ တုံ့ပြန်မလာပါချေ။ လက်ယာ အချိန်အတော်ကြာအောင်တုံ့ပြန်မှုရှိလိုရှိငြား စောင့်ကြည့်နေသေးသည်။ သို့ပေမဲ့ အချိန်သာကြာသွားသည်။ ထူးခြားမှုမရှိ။ ထိုအခိုက် . . .

"ဝုန်း . . ."

ဝါးတဲနောက်ဖက် အတော်ဝေးဝေးမှ ကြားလိုက်ရသော အသံကြီး။ ထိုအသံကြီးကြောင့် လူက မတ်တတ်ရပ်နေရင်း တုန်ခါသွားရသည်။ ပြီး အသံကြားရာအရပ်သို့ တအံ့တဩရပ်ငေးမိတော့ . . .

ခေါင်းထဲမှာ ညကဖြစ်ပျက်ခဲ့သော တစ်စုံတစ်ရာကို သတိရသွား၏။ ညကလည်း သစ်ပင်ပေါ်မှာရှိနေခိုက် ယခုလိုအသံကြီးကို ကြားရသည်။ ထိုအသံထွက်ပေါ်ရာအရပ်ကို ဦးစိုင်းလုံတို့သုံးဦး သွားကြည့်သည်ဆိုတာကိုလည်း မျက်ဝါးထင်ထင် မြင်ထား၏။

ကျွန်းစောင့်ကြီးကို ခေါ်မရသည့်အတူတူ အသံကြားရာအရပ်သို့ သွားကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။ ထို့ကြောင့်ချက်ချင်းပင် တဲ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဖက်ကို ထွက်ခဲ့သည်။ ဆယ့်ငါးမိနစ်လောက် လျှောက်ပြီးသွား
ချိန်မှာ ပင်လယ်ပြင်ကြီးကို 'ဘွား'ခနဲ တွေ့လိုက်ရ၏။

ထို့အတူ သူမတ်တတ်ရပ်နေသော နေရာကိုလည်း ချက်ချင်
လက်ငင်း သတိပြုမိလိုက်သည်။ လွန်စွာမြင့်မားနက်ရှိုင်းလွန်းသော ကမ်
ပါးယံကြီးတစ်ခုပေါ်မှာဖြစ်သည်။ အောက်ဖက်မှာ လှိုင်းတွေ တဝုန်းဝုန်
ရိုက်ခတ်နေသည်။

သူရပ်နေရာတစ်ဝိုက် မြေပြင်မှာ များစွာသော ပက်ကြားအက
များကို တွေ့ရ၏။ အချိန်မရွေး ပဲ့ကျသွားနိုင်သည့်သဘောမျိုး မျက်
တစ်ဆုံး မြင်ရသည်မှာလည်း တူညီသော ကမ်းပါးယံများပင်ဖြစ်ပြီး အာ
လုံးက စက္ကန့်နှင့်အမျှ အစိုးမရစွာ ပဲ့ကျနိုင်နေသည်။

ကြည့်ရင်းနှင့် ကြက်သီးတို့ထလာကာ နောက်ဖက်သို့ လှည့်ရ
ပြင်တော့ . . .

ကမ်းစပ်တစ်နေရာမှာ ထူးခြားမှုတစ်ခုကို မြင်ရသည်။ မသဲ
သည်မို့ သေချာစူးစိုက်ကြည့်မိတော့ . . .

"ဟင် . . ."

မျက်လုံးတို့ ပြူးကျယ်သွားရ၏။



# XXI

ဝါးတဲကို ပြန်ရောက်တော့ ကိုမိုးကြီး ရောက်မလာသေး။ ထို့အတွက်ကြောင့် ဝါးတဲရှေ့ သစ်ပင်ခြေရင်းတွင်ထိုင်ကာ မှိန်းနေလိုက်သည်။ တဲပေါ်တက်နားလျှင်ရပေမဲ့ ပိုင်ရှင်ကြိုက်၊ မကြိုက်မသိသည်မို့ ဒီအတိုင်းပဲနေတာ ကောင်းပါသည်။ ကိုမိုးကြီးပုံစံကြည့်ရတာ သဘောကောင်းပုံရပေမဲ့ သူ့ကို သိပ်ဟက်ဟက်ပက်ပက် ရှိပုံမရ။

မျက်လုံးမှိတ်ထားပေမဲ့ ကမ်းပါးအောက်ခြေမှာ သူတွေ့ခဲ့ရသော အရာကသာ သူ့အာရုံကို စိုးမိုးနေပါသည်။ ဖျောက်ပစ်ပေမဲ့ လွယ်ကူခြင်းမဲ့စွာ မျက်လုံးတွင်းမှာ တရစ်ဝဲဝဲပေါ်နေ၏။ ပြီးတော့ သူ့ကို ခြောက်လှန့်နေသည်။

စိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထိန်းရင်း ကိုမိုးကြီး ပြန်အလာကို စောင့်နေလိုက်သည်။ သို့ပေမဲ့ ကိုမိုးကြီးက တော်တော်နှင့် ပြန်ပေါ်မလာ။ ညနေစောင်းခါနီးမှ ပြန်ရောက်လာသည်။

သူ့ချည်းမဟုတ်။ ပခုံးပေါ်မှာ တောကြက်သေနှစ်ကောင်ကို ပါးလုံးလျှိုထမ်းလာ၏။ သူ့ကိုတွေ့တော့ ခပ်တည်တည်ပင် တစ်ချက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး တောကြက်နှစ်ကောင်ကို တဲရှေ့မြေပြင်ပေါ် ပစ်ချသည်။ ပြီး ဝါးကျည်တောက်များထားရာ သစ်ပင်ဆီသွားပြီး ရေကို နှစ်ခွက်ဆင့် သောက်၏။

လက်ယာမှာတော့ ဘာလုပ်ရမှန်းမသိ။ ကိုမိုးကြီး လုပ်ကိုင်ပုံ တွေကိုသာ အကြောင်းသား ငေးနေမိပါသည်။ ရေသောက်ပြီတော့ ကိုမိုး ကြီးက ခါးကြားမှ ဓားမြှောင်ကိုထုတ်ကာ ကြက်နှစ်ကောင်ကိုဆွဲရင်း တဲ နောက်ဖက်ဝင်သွားပါသည်။

ကြည့်ရတာ အသားဖျက်ရန် သွားသည်ထင်၏။ ထို့ကြောင့် လက်ယာ ထိုင်ရာမှထပြီး ကိုမိုးကြီးနောက် လိုက်သွားလိုက်သည်။ ထင် ထားသလိုပါပင် တဲနောက်ဖက်မှာ ကြက်သေနှစ်ကောင်ကို မြေပေါ်ချ ရင်း အမွေးနှုတ်ရန် ပြင်နေသည်ကြောင့် . . .

"ကိုမိုးကြီး . . . ကျွန်တော် ဘာဝိုင်းကူရဦးမလဲ"

တစ်ချက်မျှ လှည့်မကြည့်ပါ။ ဒါပေမဲ့ . . .

"မင်းနိုင်သလောက် ရေသယ်လာခဲ့"

ပြီးတော့ သူ့အလုပ်သူ ဆက်လုပ်နေသည်။ ဘာဆက်ပြောဦး မလဲ ခဏစောင့်ကြည့်နေသေးသည်။ အသံမကြားတော့မှ လှည့်ထွက် ခဲ့လိုက်၏။ သစ်ပင်အောက်သို့သွားကာ ရေနည်းနေပြီဖြစ်သော ဝါးကျည် တောက်နှစ်ခု ရှာယူသည်။ ပြီးတော့ ရေကန်သို့သွားရာ လမ်းအတိုင် လျှောက်ဝင်ခဲ့ပါတော့၏။

အချိန်တစ်ခု ကြာသွားပြီးစဉ်မှာ ရေကန်ကြီးဆီသို့ ရောက်လာ သည်။ ကန်သာယာကြီးကတော့ တွေ့စကအတိုင်း ပြောင်းလဲမှုမရှိ ကြည်လင်ညွတ်နူးနေသည်။ ကျေးငှက်သာရကာ အပေါင်းမှာလည်း အိ တန်းတက်ခါနီး မြူးတူးပျံသန်းနေ၏။ ကန်အလယ် ကုန်းမို့မို့လေးပေ မှာလည်း အမည်မဖော်တတ်သော ငှက်တစ်အုပ် အနားယူအိပ်စက်နေ ပါသည်။



နီးစပ်ရာ ကျောက်တုံးတစ်တုံးပေါ်တက်ရင်း ဝါးကျည်တောက် ကို ရေမှာ ထိုးနှစ်လိုက်သည်။ ကျည်တောက်နှစ်ခုလုံး ရေဖြည့်ပြီးသွား စဉ် ပခုံးပေါ်ထမ်းရင်း လာလမ်းအတိုင်း ပြန်လျှောက်ခဲ့၏။

ကိုမိုးကြီး ဝါးတဲဆီ ပြန်ရောက်စဉ်မှာ တောကြက်နှစ်ကောင် က မီးဖိုပေါ်သို့ပင် ရောက်နေပါပြီ။ ကိုမိုးကြီးက မီးဖိုဘေးတွင်ထိုင်ကာ ကြက်နှစ်ကောင်ကို ဟိုဘက်၊ ဒီဘက် လှည့်ပေးနေသည်။ သူပြန်ရောက် လာတာသိပေမဲ့ လုံးဝ စောင်းငဲ့မကြည့်။

ထို့ကြောင့် လက်ယာမှာလည်း ဘာလုပ်ရမှန်းမသိစွာ မြေမှာ ပြန်ထိုင်နေလိုက်သည်။ ဒီလိုနှင့် နေ့ရက်တစ်ခုမှာ အလင်းပျောက်ပြီး အမှောင်ဘက်သို့ တဖြည်းဖြည်းကူးလာခဲ့၏။

မီးဖိုမှ ထင်းမီးတောက်သံ တဖျောက်ဖျောက်ကို ကြားနေရ သည်။ ပတ်ဝန်းကျင်ကို အမှောင်ဖုံးသွားပြီမို့ မီးဖိုမှ အလင်းရောင်ဖြင့် သာ ဝါးတဲတစ်ဝိုက်နီကျင်ကျင် ဖြာကျနေသည်။ ကိုမိုးကြီးနှင့်လက်ယာ ဆက်ဆံရေးမှာတော့ လုံးဝတိုးတက်မှုမရှိစွာ အေးဆေးလျက်ရှိနေ၏။

ကိုမိုးကြီးမှာ အဆီရဲရဲဖြင့် ဝင်းပြောင်နေသော တောကြက်နှစ် ကောင်အား ကျက်မကျက် မြည်းစမ်းနေသလို လက်ယာမှာတော့ ကိုမိုး ကြီးလုပ်ကိုင်ပုံကိုကြည့်ပြီး သွားရည်တမြမြ ဖြစ်နေသည်။ တောကြက် တင်နံ့က စားချင်စဖွယ် နှာသီးဝမှာ ဝေ့ဝဲနေ၏။ ထိုအနံ့နှင့် ဗိုက်မှာ တချုတ်ချုတ် ဆာလောင်နေသည်။

သို့ပေမဲ့ လက်ယာ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရင်း စိတ်ကို တင်းထားမိ၏။

ကျက်သွားချေပြီ။

ကိုမိုးကြီးက ကြက်ကင်တစ်ကောင်ကို တစ်စို့ဖြုတ်ကာ ဘယ် အချိန်က ခူးထားမှန်းမသိသော ကြာရွက်ပေါ်တင်သည်။ ပြီးတော့ ဓား ဖြင့်လှီးကာ တစ်ဖဲ့စား၏။ လက်ယာရှိရာဆီသို့ လုံးဝလှည့်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်းသာ စားဖြင့် လှီးလိုက်၊ ပါးစောင်တွင်း ထည့်ဝါးလိုက်လုပ်နေသည်။

လက်ယာမှာတော့ ထိုအခြင်းအရာအားကြည့်ကာ ပါးစပ်တပြင်ပြင်နဲ့ တံတွေးကိုသာ ထပ်ခါတလဲလဲ မျိုချနေရသည်။ ကိုမိုးကြီးမှာတော့ ကြက်ကင်တစ်ကောင်နှင့် နတ်မင်းစည်းစိမ်ဖြစ်လို့နေပါသည်။

သူ့ကို ဘယ်အချိန်များ လှမ်းခေါ်မလဲ။

စောင့်ရတာပင် စိတ်မရှည်ချင်တော့။ ဟိုတစ်ယောက်မှာတော့ စားနေတာ ခဏချင်းပင် ကြီးမားဆူဖြိုးသော တောကြက်တစ်ကောင်မှာ ကုန်သွား၏။ အသားကုန်တော့ စိမ်ပြေနပြေပင် အရိုးကိုက်နေသည်။ ယခုအချိန်ထိ သူ့ကို စားပါဦးလားမပြောသလို လှည့်လည်းမကြည့်ပါ။

တော်တော် ကိုယ်ချင်းမစာတဲ့လူကြီးပဲ။

လက်ယာစိတ်ထဲမှ မှတ်ချက်ချမိပါသည်။ ပြီးတော့ မစာမနာ စားဝါးပြနေပုံကို ကြည့်ပြီးလည်း ဒေါသတွေ တလိပ်လိပ်ထွက်လာ၏။

ထိုစဉ်မှာပင် ခေါင်းထဲမှာ အကြံတစ်ခု လင်းခနဲဝင်လာသည်။ ထိုအကြံ ရလျှင်ရချင်းပင် . . .

"ကျွန်တော်ကတော့ ထွက်ပေါက်တွေ့ပြီဗျ။ မနက်ဖြန်ဆို ကျွန်းကလွတ်ဖို့ သေချာနေပြီ။ ခင်ဗျားကရော ဘယ်လိုလဲ"

သူ့စကားကြောင့် ကိုမိုးကြီးက အရိုးကိုက်နေရာမှ တစ်ချက်မော့ကြည့်သည်။ ပြီး ကိုက်လက်စအရိုးကို မီးပုံထဲသို့ပစ်ထည့်ရင်း တဟားဟားအော်ရယ်သည်။

"ဟား . . . ဟား . . . ဟား . . ."

သူ့စကား အလုပ်ဖြစ်သွားပေမဲ့ လှောင်ရယ်သလို အဟားခံရသည့်အတွက် ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားရ၏။ ထို့ကြောင့် မခံချင်စိတ်ဖြင့် . . .

"ခင်ဗျား . . . ဘာရယ်တာလဲဗျ"



ခပ်ဆတ်ဆတ်မေးလိုက်တော့ အရယ်ကိုရပ်ရင်း . . .

"ပေါက်ကရတွေ လျှောက်ပြောမနေပါနဲ့ကွာ။ မင်း ဘာဖြစ်နေတယ်ဆိုတာ ငါသိပါတယ်။ ဟောဒီကျန်နေသေးတဲ့ ကြက်ကင်ကို မင်းစားချင်နေတာမလား"

ရင်ကို တည့်တည့်ထိသည်မို့ မျက်နှာတစ်ပြင်လုံး နွေးခနဲဖြစ်သွားသည်။ သို့ပေမဲ့ ဟန်ကိုယ့်ဖို့ဆိုသလိုပင် မျက်နှာကိုတည်ရင်း . . .

"ဘာလို့စားချင်ရမှာလဲဗျ။ သန့်လားမသိ၊ မသန့်လားမသိ"

နှုတ်ခမ်းကိုမဲ့ရင်း ဂရုမစိုက်သလို ပြောတော့ . . .

"အေးလေ . . . ဒါဆိုလည်း ပြီးတာပဲ။ တစ်ကောင်တည်းစားရတော့ ငါ့ဗိုက်က သိပ်မဝချင်ဘူး။ ကျန်တဲ့တစ်ကောင်ပါ ငါစားလိုက်တော့မယ်"

လက်ယာ ရင်ထဲမှာ 'ဟာ' ဆင်းသွားသည်။ ပြောသလိုပင် တကယ်ပဲ စားတော့မှာလား။ ကိုမိုးကြီးကို လှမ်းကြည့်တော့ ကျန်နေသော တစ်ကောင်ကို တံစို့ဖြုတ်နေပါပြီ။ ထို့ကြောင့် ကပျာကယာပင် ..

"ကျွန်တော်ပြောတာကို ဘာလို့မယုံတာလဲ"

"မနက်က ငါမေးတော့ မင်းပဲ ထွက်ပေါက်ကိုမတွေ့သေးတာ ကလွဲလို့ နေရထိုင်ရ မဆိုးပါဘူးဆို။ အခုအချိန်လေးနဲ့ ထွက်ပေါက်ကို ရှာတွေ့တယ်ဆိုတာ ယုံနိုင်စရာမဟုတ်တာ။ မင်းလိုသာဆို သုံးနှစ်သုံးလုံး ကျွန်းပေါ်နေလာတဲ့ ငါက လွတ်တာကြာပြီပေါ့"

ကိုမိုးကြီးစကားက ငြင်းကွက်မရှိအောင် လုံနေသည်မို့ လက်ယာ နှုတ်ဆိတ်နေလိုက်ရသည်။ မငြိမ်လို့ကလည်း မရ။ အလိမ်ပေါ်သွားခဲ့ပြီကိုး။

"မင်း တကယ်မစားဘူးနော်"

လှမ်းကြည့်တော့ ကျန်ရှိသော ကြက်ကင်တစ်ကောင်မှာ ကြာရွက်ပေါ် ရောက်နေချေပြီ။ လက်ယာ ဟန်မလုပ်နိုင်တော့။ ဒီတစ်ခါ ဟန်ထပ်လုပ်ရင် ညစာငတ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . စာ . . . စားမှာပေါ့ဗျ။ ခင်ဗျားကလည်း . . ."

ရှက်အန်းအန်းတားတော့ ကိုမိုးကြီးက ပြုံး၏။ ပြီး သစ်ပင်အောက်မှာထိုင်နေဆဲဖြစ်သော သူ့ကိုလှမ်းကြည့်ကာ . . .

"စားရင် လာလေကွာ။ ဘာလဲ မင်းစားဖို့ ငါက ယူလာပေးရမှာလား"

ဒီလိုဆိုတော့လည်း မရှက်နိုင်တော့။ 'ကြိုက်မရှက်၊ ငတ်မရှက်' ဆိုသော ခေတ်ဟောင်းစကားက ယခုအချိန်ထိ မှန်နေပါသေး၏။ လက်ယာ ကပျာကယာရာပင် ထသွားလိုက်သည်။ မီးဖိုဘေးဝင်ထိုင်တော့ ကိုမိုးကြီးက ကြာရွက်ခင်းထားသော ကြက်ကင်ကို သူ့ရှေ့ထိုးပေး၏။ ကြက်သားမှာ မီးကျက်နေပြီမို့ အရောင်ရဲနေသည်။ ကြက်သားမီးတိုက်နံ့မှာလည်း သွားရည်ယိုဖွယ်ဖြစ်သည်။

"ဒီတစ်ကောင်က ကျွန်တော့်အတွက်ချန်ထားမှန်း အစကတည်းက သိသားပဲ"

"ဟုတ်ရဲ့လား . . ."

"သိပ်ဟုတ်တာပေါ့။ ခင်ဗျားတစ်ကောင်ကုန်တော့ ဒါကို ဆက်မစားဘဲ အရိုးကိုက်နေတယ်လေ။ အဲ့ဒီကတည်းက ကျွန်တော် သဘောပေါက်တယ်"

"ဒါပဲလား"

"နောက်တစ်ခုက ခင်ဗျားမှာ မေတ္တာစိတ်ရှိတယ်ဆိုတာ ခပ်စောစောကတည်းက ကျွန်တော်သိထားတယ်။ ကျွန်တော့်ကို ငှက်ပျောသီးကျွေးတယ်။ ရေတိုက်တယ်။ ပြီးတော့ ခင်ဗျား မျက်လုံးတွေထဲမှာ တစ်ကိုယ်ကောင်းစိတ် မတွေ့ရဘူး"

သူ့စကားကြောင့် ကိုမိုးကြီး ရယ်ပြန်ပါသည်။

"ဟား . . . ဟား . . . တယ်ဟုတ်တဲ့ကောင်ပါလား။ မင်းအတွေးနဲ့ မင်းကတော့ ဟုတ်နေတာပဲ"



"ကျွေးမဲ့အတူတူ ခုနကတည်းက ခေါ်ကျွေးလိုက်ရင် ပြီးရောဗျာ"

ပါးလုတ်ပါးလောင်းစားရင်း မချိတင်ကဲပြောတော့ . . .

"မင်းရဲ့ သည်းခံနိုင်မှုကို စမ်းကြည့်တာပါ"

ထို့နောက် ကိုမိုးကြီးက တဲပေါ်တက်သွားသည်။ ပြန်ဆင်းလာတော့ လက်ထဲမှာ သောက်လက်စ ဆေးလိပ်တိုတစ်ခုပါလာ၏။ မီးဖိုထဲမှ ထင်းချောင်းရဲရဲကိုဆွဲကာ မီးညှိပါသည်။

ထိုအခိုက်မှာပင် နားမလည်မှုပေါင်းများစွာ၏ ဖြစ်တည်ရာကို သတိရလိုက်သည့်ခဏ . . .

"ကိုမိုးကြီး . . . ကျွန်တော်တို့နေနေတဲ့ အခုကျွန်းပေါ်မှာ လူတွေအများကြီး သေဖူးတယ်နဲ့တူတယ်နော်"

ချက်ချင်းမဖြေ။ ဆေးလိပ်တိုကို စိမ်ပြေနပြေဖွာကာ ပါးစပ်မှ ဆေးလိပ်ငွေ့တွေကို အရသာခံ ဖွာထုတ်ရင်းနှင့်မှ . . .

"ဘာလို့မေးတာလဲ"

"မနက်က ကမ်းပြိုသံကြားလို့ အနောက်ဖက်ကို သွားကြည့်တော့ ကမ်းပါးကြီးအောက်ခြေမှာ လူရိုးစုတစ်ခုကို ကျွန်တော် တွေ့ခဲ့ရတယ်။ ပြီးတော့ ရေကန်အောက်ဘက် ဂူထဲမှာလည်း အရိုးစုတစ်စုရှိတယ်"

ကိုမိုးကြီး အတန်ကြာငြိမ်သက်သွား၏။ ညိုမည်းနေသောမျက်နှာပြင်မှ နဖူးကြောကြီးတွေပင် တွန့်ကွေးကာ စဉ်းစားသွားပါသည်။ ဒါပေမဲ့ အထိတ်တလန့် မဟုတ်။ အေးအေးသက်သာပင် ပြောမည့်စကားအတွက် စကားလုံးစီ တွေးတောနေပုံမျိုး။

"သေဖူးတာပေါ့။ ငါတို့လို အပြစ်သားတွေအရေအတွက် အများကြီးကို သေဖူးမှာ"

"ဘာဖြစ်လို့လဲ"

"အမျိုးစုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကိုမျိုးကြီးက ဆေးလိပ်ကို တစ်ချက်ရှိုက်သည်။

"မင်းပဲ စဉ်းစားကြည့်လေ။ ကျွန်းပေါ်မှာ ငါတို့ အသက် အန္တရာယ်ကိုကာကွယ်ဖို့ လက်နက်ဆိုလို့ တစ်ခုတည်းပဲ ပေးထားတာ။ ရေရှည်မှာ အဲဒါက အသုံးမဝင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျွန်းက သားရဲတိရစ္ဆာန်ပေါတယ်။ အထူးသဖြင့် မြွေပေါတယ်။

မမြင်ရတဲ့အန္တရာယ်ကို ကာကွယ်ဖို့ မဖြစ်နိုင်ဘူး။ ပြီးတော့ သားရဲကောင်ကြီးတွေနဲ့ ရင်ဆိုင်တိုးရင် ဒီလက်နက်တွေက အလကားပဲ။ အများစုကတော့ သားရဲကောင်တွေလက်ချက်နဲ့ အသက်ဆုံးရှုံးရတယ် ထင်တာပဲ"

စကားကို ခဏရပ်၏။ ဆေးလိပ်ကိုဖွာကာ သက်ပြင်းနှင့် စကားဆက်သည်။

"အသက်မသေဘူးပဲထား။ ခန္ဓာကိုယ်မှာ ဒဏ်ရာတစ်ခုခု ရသွားတယ်ဆိုပါစို့။ ဆေးမရှိ၊ ဝါးမရှိ အနာရှိန်နဲ့ ဖျားနာပြီးသေကြမှာပဲ။ နောက်တစ်ခုကတော့ မနက်က မင်းတွေခဲ့သလိုပေါ့။ ကမ်းပါးမြင့်ကြီးတွေကနေ ခြေချော်လက်ချော်ပြုတ်ကျရင်းလည်း သေနိုင်တာပဲ"

"ဩော် . . ."

သက်ပြင်းတစ်ခုနှင့်အတူ မွန်းကြပ်သွားသည်။ ကြက်သီးမထပေမဲ့ စိုးရိမ်စိတ်တော့ အနည်းငယ်ဖြစ်မိသည်။

"ကျွန်တော်ကတော့ ကံကောင်းတယ်ပဲ ပြောရမလား မသိဘူး။ အခုချိန်ထိ သားရဲကောင်ဆိုလို့ ဒရယ်လောက်ပဲ အကြီးဆုံးမြင်ဖူးတယ်"

ကိုမိုးကြီးက မချိပြုံးပြုံးရင်း ခေါင်းညိတ်သည်။ ပြီးတော့ . . .

"ငါကတော့ ခဏခဏ တိုးဖူးတယ်ကွ။ အဲ့ဒီကြားကပဲ ငါ့ကိုယ်ငါ အကောင်းဆုံး ကာကွယ်ထားတာ။ ငါသေလို့ မရသေးဘူးလေ။ ဒီကျွန်းကလွတ်ရင် လောကကြီးထဲမှာ လုပ်စရာတွေ ကျန်သေးတယ်"

"ဘာလုပ်ရမှာလဲ"

"လူသတ်ရမှာ . . ."



"ဗျာ . . ."

လက်ယာ ကြောင်သွား၏။ ကိုမိုးကြီးကတော့ အေးဆေးပင် ဖြစ်သည်။ ပုံစံကြည့်ရတာလည်း နောက်နေခြင်း မဟုတ်နိုင်ပါ။

"ဘာဖြစ်လို့လဲဗျ။ ဘယ်သူ့ကိုသတ်မှာလဲ"

ကိုမိုးကြီးနှုတ်ခမ်းသားတွေ တွန့်ကွေးသွားကြောင်း သတိထားမိသည်။ အံကြိတ်သံကိုလည်း ကြားရ၏။ ပြီးတော့မှ ရွံမုန်းနာကျည်းသော မျက်နှာထားကို ပြုရင်း . . .

"ဗမော် . . ."



www.burmeseclassic.com

www.burmeseclassic.com

## XXII

လေတွေ တဟူးဟူးတိုက်ခတ်လို့နေပါသည်။ ထို တိုက်ခတ်လာသော လေတွေထဲမှာ သဲစု၊ သဲနုလေးတွေ ကပ်ငြိပါဝင်လာကြောင်း အပေါ်ယံအရေပြားတွေက သိနေ၏။ မျက်နှာပြင်နှင့် အဝတ်လွတ်နေသောနေရာတို့တွင် တစ်ခါတစ်ရံစပ်ဖျဉ်းဖျဉ်း ထိရှမှုကို ခံစားရသည်။

ရှေ့ မီးဖိုမှာလည်း လေရှိန်နှင့်ပင့်မြှောက်ကာ ယိမ်းနွဲ့လို့နေပါသည်။ ထို့အတွက်ကြောင့် နဘေးတွင် ထိုင်နေသော သူတို့ရဲ့ ကိုယ်ရိပ်တွေမှာ ယိမ်းနွဲ့သော မီးတောက်နှင့်အတူ မညီမညာ ကခုန်နေ၏။ ထိုအတိုင်းပင် ကိုမိုးကြီး စကားတွေမှာလည်း နာကျည်းမှုတွေနှင့် အဖျားခတ်ယိမ်းထိုးကာ ထွက်လာ၏။

"တကယ်တော့ ဗမော်ဆိုတာ ငါ့ရဲ့အလုပ်ရှင် သူဌေးပဲ။ သူ့ကြောင့်ပဲ ငါ ဒီဘဝရောက်ရတာ"

ကိုမိုးကြီး စကားတွေက အတိတ်တစ်ခုမှ ခံပြင်းမှုတွေ ပွင့်အန်လာတာမို့ သူ ငြိမ်၍ပင် နားထောင်နေလိုက်သည်။

"ကောင်းရောင်းကောင်းဝယ်နဲ့ ချမ်းသာသူတော့ မဟုတ်ဘူး။ မကောင်းတဲ့ အလုပ်ပေါင်းစုံလုပ်ပြီး ချမ်းသာနေတဲ့သူဌေး။ သူ့ဆီမှာ



ငါက အားကိုးရတဲ့ လူယုံတစ်ယောက်ပေါ့။ တစ်နေ့ ငါတို့ အလုပ်ကိစ္စ စကားပြောနေတုန်း တစ်ဖက်နဲ့တစ်ဖက် စကားများကြတယ်။ ထိုးကြိတ်ကြတဲ့အဆင့်ကို ရောက်လာတယ်။

အဲမှာပဲ ဗမော်က တစ်ဖက်အဖွဲ့ရဲ့ခေါင်းဆောင်ကို သေနတ်နဲ့ ပစ်သတ်လိုက်တယ်ကွ။ သေနတ်သံကြားတော့ အကုန်လုံး ကြောက်လန့်တကြား ထွက်ပြေးကြတယ်။ ထိုးကြိတ်သတ်ပုတ်နေကြတော့ တစ်ဖက်အဖွဲ့ကလူတွေလည်း သူတို့ခေါင်းဆောင် သေနတ်မှန်လဲကျသွားတယ်ဆိုတာကလွဲပြီး ဘယ်သူပစ်မှန်း မမြင်လိုက်ရဘူး။

မြင်လိုက်တာက ငါရယ်၊ ပစ်သူဗမော်ရယ် နှစ်ယောက်တည်းပဲ။ အဲ့ဒီအချိန်မှာပဲ ဘယ်သူ့ဘက်က သတင်းပေါက်ထားတယ် မသိဘူး ရဲတွေရောက်လာတယ်"

ရှေ့ဆက်မည့်ဇာတ်လမ်းကို သဘောပေါက်သလိုရှိပေမဲ့ ကိုမိုးကြီးအပြောကိုသာ နားစွင့်နေလိုက်သည်။

"အရိုးရှင်းဆုံးပြောရရင်တော့ ငါက လူယုံပီသစွာနဲ့ သူ့ကိုလွတ်အောင်ပြေးခိုင်းပြီး သူ့အစား လူသတ်လက်နက်ကိုကိုင်၊ ပြီးတော့ အရောင်းအဝယ်လုပ်နေတဲ့ တရားမဝင်ပစ္စည်းတွေ တသီကြီးနဲ့ အဖမ်းခံလိုက်တယ်ပေါ့"

"ဪ . . ."

ဇာတ်ရည်လည်သွားပြီမို့ လက်ယာ ခေါင်းညိတ်ပြလိုက်သည်။

"သူ ငါ့ကို အကောင်းဆုံး ပြန်လုပ်ပေးခဲ့ပါတယ်။ နောက်ဆုံးတရားခွင်ထိ ငါ့ဘက်က လိုလေသေးမရှိလုပ်ပေးခဲ့တယ်။ ဒါပေမဲ့ ပြစ်မှုထင်ရှားတော့ ဘယ်လိုမှ လုပ်မရခဲ့ဘူးပေါ့။ စီရင်ချက်ချအပြီးမှာ ဗမော်က လူတစ်ယောက်လွှတ်ပြီး ငါ့ကိုပြောခိုင်းတယ်။ ငါ့မိသားစုကို ငါ ပြန်လွတ်လာတဲ့အထိ အစစအရာရာ ဖြည့်ဆည်းစောင့်လျှောက်ပေးပါမယ်တဲ့"

"အဲဒါကို ခင်ဗျားက ဘာလို့ ပြန်သတ်ချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကြီးမျက်နှာ အစွမ်းကုန် မဲ့ရွဲ့သွား၏။

"ငါ ဒီကိုရောက်မလာခင်ဘဲ ထောင်ထဲမှာ သတင်းကြားတယ်။ ဗမော်က ငါ့ရဲ့ တစ်ဦးတည်းသောညီမလေး နှင်းနုကို ခြိမ်းခြောက်ပြီး မတရားသဖြင့် သိမ်းပိုက်ထားတယ်တဲ့။ အမေအိုကြီးနဲ့ ငါ့ညီမလေးပဲ ကျန်ခဲ့တာဆိုတော့ ဘာမှမတတ်နိုင်ဘူးပေါ့ကွာ"

လက်ယာ တကယ်ပင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရသည်။ ကိုမိုးကြီးကိုလည်း ကိုယ်ချင်းစာသနားသွားရ၏။

"အဲဒါကြောင့် ငါ အသက်ရှင်နေဖို့လိုတယ်။ ဒီကျွန်းက လွတ်အောင် ကြိုးစားရမယ်။ ဒါမှ ဗမော်ကို သတ်လို့ရမှာ"

လက်သီးနှစ်ဖက်ကို ကျစ်လျစ်ပါအောင်ဆုပ်ရင်းပြောသည့် ကိုမိုးကြီးစကားနှင့် မျက်နှာက လုံးဝကို ခက်ထန်မာကြောနေပါသည်။ တိကျသေချာလွန်းနေသော ရည်ရွယ်ချက်တစ်ခုကို ပွေ့ပိုက်ကာ အသက်ဆက်နေသော လူသားတစ်ယောက်ရဲ့ မျက်နှာမျိုး။

"သြော် . . . ဒါကြောင့် သူ့စိတ်တွေ ခက်ထန်ကြမ်းတမ်းလွန်းနေတာကိုး"

လက်ယာစိတ်ထဲမှ တွေးမိခြင်းဖြစ်သည်။ ပြီးတော့ အမှတ်မထင် ရည်ရွယ်ချက်တစ်ခုကိုလည်း တကယ့်စေတနာအပြည့်နှင့် ရလိုက်သည်။ ထို့ကြောင့် ကိုမိုးကြီး၏ မျက်ဝန်းညိုညိုဆီသို့ သေချာစူးစိုက်ကြည့်ကာ . .

"အဲလိုကြီး စိတ်ထဲမှာထည့်ထားရတော့ ခင်ဗျား မပင်ပန်းဘူးလား"

"ပင်ပန်းပါစေ . . . ဒါ ငါ့အလုပ်ပဲ"

"မဟုတ်ဘူးလေ။ ခင်ဗျားအတွက် သက်သာစေမဲ့ နည်းလမ်းတစ်ခု ကျွန်တော့်မှာရှိတယ်။ ခင်ဗျားရည်ရွယ်ချက်လည်း မပျက်ရဘူး။ လောလောဆယ်လည်း ချမ်းသာရမယ်။ ဘယ်လိုလဲ . . ."

လက်ခံရန် ခက်ခဲသောအကြည့်တွေ သူ့ထံရောက်လာ၏။ အားတက်သရော ပြောနေခြင်းဖြစ်သည်မို့ ဝေခွဲရခက်နေပုံလည်းရသည်။



ခင်ဗျားအတွက် သက်သာစေချင်လို့ ပြောတာပါ။ အခုလည်း ခင်ဗျားစိတ်တွေ ပင်ပန်းနေတယ်။ နောင်လည်း ခင်ဗျားရည်ရွယ်ချက်အတိုင်းလုပ်လို့ စိတ်ရော၊ လူရော ပင်ပန်းရဦးမယ်ဆို ခင်ဗျားအတွက် အရှုံးတွေချည်းပဲ ဖြစ်နေမှာပေါ့။

ကျွန်တော်ပြောမဲ့နည်းက လောလောဆယ် ခင်ဗျားသက်သာစေမဲ့နည်း။ ခင်ဗျားလုပ်ချင်တာကို ကျွန်တော် မတားဘူး။ အဲ့ဒီအတွက် ရလာမဲ့အကျိုးရလဒ်ကိုလည်း ကျွန်တော်တာဝန်မယူဘူး။ ကျွန်တော် တာဝန်ယူတာတစ်ခုပဲ။ အဲဒါက လောလောဆယ် ခင်ဗျား သေချာပေါက် နိုင်ရမယ်"

သူပဲ စည်းရုံးရေးကောင်းလို့လား မသိ။ ကိုမိုးကြီး စိတ်ပါသလို ရှိလာသည်။ မျက်လုံးတွေလည်း အရောင်ဝင်းလာသလို ထင်ရသည်။ ထိုအခွင့်အရေးကို လက်ယာ လက်လွှတ်မခံတော့ . . .

"ဘယ်လိုလဲ . . . စိတ်ဝင်စားတယ်မလား . . ."

ခေါင်းညိတ်သလား၊ ခေါင်းခါသလား၊ သူကြည့်မနေတော့၊ ရည်ရွယ်ချက်ကိုပဲ အမြန်ဆုံး အကောင်အထည်ဖော်လိုက်သည်။

အင်္ကျီအတွင်းဘက်ထဲမှ သူ၏ ဘဝတည်ဆောက်မှု သက်စောင့် စာအုပ်လေးကို ထုတ်ကာ . . .

"ရော့ . . . တစ်ရွက်၊ နှစ်ရွက်လောက်ပဲ ဖတ်ကြည့်လိုက်၊ သုံးရွက်မြောက်မှာ ခင်ဗျားဘဝအတွက် အနိုင်တွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)



(a)

"အမိကကတော့ မေတ္တာပဲဗျ။ မေတ္တာထားရင် ခင်ဗျားစိတ်တွေ တဖြည်းဖြည်း ပုံစံပြောင်းလာလိမ့်မယ်"

"ဘယ်လိုပုံစံ ပြောင်းလာမှာလဲ"

"ဒေါသတွေ၊ မောဟတွေ၊ နည်းပါးလာတာပေါ့။ ပြီးတော့ ဒေါသကြောင့်ဖြစ်တဲ့ သောကတွေ၊ ပင်ပန်းဆင်းရဲမှုတွေ၊ မောဟကြောင့် ဖြစ်တဲ့ သောကတွေ၊ ပင်ပန်းဆင်းရဲမှုတွေ မရှိသလောက်ရှားလာမယ်။ အဲဒီအခါမှာ ခင်ဗျားစိတ်တွေ ပျော့ပျောင်းလာမယ်။ နူးညံ့လာမယ်။ နောက်ဆုံးလူသတ္တဝါတွေ အများစု ခံစားရတဲ့ လောဘရဲ့ နောက်ဆက်တွဲ ပူဆောင်မှုတွေကိုပါ သိမြင်ပြီး သင့်သလောက် တားဆီးနိုင်မယ်။ ပယ်ဖြတ်နိုင်မယ်ဆိုရင်တော့ ခင်ဗျားစိတ်တွေ အေးချမ်းသွားပြီပေါ့။ အဲဒီအခါမှာ လူ့ဘဝရဲ့ တကယ့်ချမ်းသာစစ်ကို ခင်ဗျား ခံစားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

(၆)

"မေတ္တာထားတယ်ဆိုတာ ဘယ်လိုမျိုးလဲ"

"ပထမအဆင့်အနေနဲ့ကတော့ ကိုယ်ချင်းစာစိတ်လေး ရှိဖို့ပါပဲ။ ကိုယ်က စိတ်ဆင်းရဲကိုယ်ဆင်းရဲ ကင်းချင်သလို သူတစ်ပါးလည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ကင်းချင်မှာပဲ။ ကိုယ်ချမ်းသာချင်သလို သူတစ်ပါးလည်း ချမ်းသာချင်မှာပဲ။

ကိုယ်အောင်မြင်ချင်သလို သူတစ်ပါးလည်း အောင်မြင်ချင်မှာပဲ။ ကိုယ်ဘေးအန္တရာယ်ကင်းချင်သလို သူတစ်ပါးလည်း ဘေးအန္တရာယ်ကင်းချင်မှာပဲ။ ကိုယ်ပျော်ချင်သလို သူတစ်ပါးလည်း မျက်ရည်ကြီးယ်ဘယ်ကျချင်မှာလဲ . . . စသဖြင့်ပေါ့ဗျာ။ အဲလို ကိုယ်ချင်းစာစိတ်လေး ရှိနေမယ်ဆို ခင်ဗျားစိတ်ထဲမှာ မေတ္တာစိတ်အခံလေး ရောက်လာပြီလို့ ဆိုနိုင်တယ်"

နောက်တစ်ဆင့်ကတော့ မေတ္တာပွားဖို့ပဲ . . .

ᅎ ᅎ ᅎ



(၇)

"မေတ္တာပွားတယ်ဆိုတာကရော . . ."

"ဒါကတော့ လွယ်ပါတယ်။ ခင်ဗျား နှုတ်ကနေပြီးတော့ စိတ်ဆောကိုယ်ပါ သေသေချာချာ အာရုံပြုပြီး . . .

"ဘယ်သူ၊ ဘယ်ဝါ ဘေးရန်ကင်းပါစေ၊
စိတ်ဆင်းရဲ ကင်းပါစေ
ကိုယ် ဆင်းရဲကင်းပါစေ"လို့
တဖွဖွ ရွတ်ဆို ဆုတောင်းပေးတာပဲ။

"ဒါပဲလား . . ."

"ဒီလောက်လုပ်နိုင်ရင်ပဲ အကျိုးတော်တော်များနေပြီ"

ᅎ ᅎ ᅎ



www.burmeseclassic.com

www.burmeseclassic.com

(d)

"ဘယ်သူ့ကို မေတ္တာအရင်စပို့ရမှာလဲ"

"ကိုယ့်ကိုယ်ကိုယ် . . ."

"ဟေ . . ."

"လူဆိုတာ ကိုယ့်ကိုကိုယ် အချစ်ဆုံးလေ။ ကိုယ်မဟုတ်တဲ့ တ ခြားတစ်ယောက်ကို ဘယ်လိုပဲ နှုတ်ကနေ 'အချစ်ဆုံးပါ' လို့ပြောပြော တကယ့်တကယ်တော့ အတွင်းစိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ် သူ့ကိုမှ ပိုမချစ်နိုင်ပါဘူး"

ကိုယ်ကိုယ်တိုင် ကျန်းမာနေမှ စိတ်ဆင်းရဲကင်းနေမှလည်း တခြားအရာတွေအပေါ် မေတ္တာပွားလို့ရနိုင်မယ်လေ။ ကိုယ့်ပို့လိုက် မေတ္တာစွမ်းအင် ပိုထိရောက်နိုင်မယ်လေ။ ဒီတော့ မေတ္တာပွားတဲ့ နေရာ ကိုယ့်ကိုယ်ကိုယ် စပွားရမယ်"

ѫ ѫ ѫ



(e)

"ပြီးရင်ရော . . ."

"ကိုယ်ချစ်ရတဲ့ သူ။ ကိုယ်ချစ်ရတဲ့သူဆိုတာ ချစ်သူသမီးရည်းစားကို ပြောတာမဟုတ်ဘူး။ ကိုယ့်အပေါ် ကျေးဇူးကြီးထားတဲ့မိဘ၊ ဆရာသမား၊ ကျေးဇူးရှင် အဲဒါတွေကိုပြောတာ"

"အဲဒါတွေပြီးရင်ရော"

"တတိယအနေနဲ့ မေတ္တာပွားရမှာက သာမန်အားဖြင့် ထိတွေ့ဆက်ဆံနေရတဲ့ လူပုဂ္ဂိုလ်အားလုံးပဲ။ ဥပမာ မိတ်ဆွေ၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်တွေပေါ့"

"ဒါဆို ပြီးပြီပေါ့"

"မပြီးသေးဘူး။ နောက်ဆုံးတစ်ယောက်ကျန်သေးတယ်"

"ဘယ်သူလဲ . . ."

"ခင်ဗျားရဲ့ ရန်သူ"

"ဘာ . . ."

ѫ ѫ ѫ



www.burmeseclassic.com

www.burmeseclassic.com

# XXIII

ဒီလိုနှင့်ပင် သူနှင့် ကိုမိုးကြီးမှာ တဖြည်းဖြည်း ရင်းနှီးလာခဲ့ပါသည်။ ရင်းနှီးပြီးမှသိရသည်မှာ ကိုမိုးကြီးသည် ပင်ကိုစိတ် ခက်ထန်ကြမ်းတမ်း သူတစ်ယောက်မဟုတ်ပါချေ။ ဖြတ်သန်းခဲ့ရသော ပတ်ဝန်းကျင်နှင့် ခံစားခဲ့ရသော နာကျည်းဖွယ်ဖြစ်ရပ်တို့ကြောင့်သာ စိတ်အစဉ်မှာ ဒေါသနှင့်ခံပြင်းမှုတို့ ဖုံးပြီး ကြမ်းတမ်းနေရခြင်းဖြစ်ပါသည်။

ထိုစိတ်ကို ပြုပြင်ပြောင်းလဲရန် အထွက်မှတော့ သူ၏စာအုပ်လေးက များစွာ အထောက်အကူပြုခဲ့၏။

လသာသောညများနှင့် နေ့လယ်ဘက် ထွက်ပေါက်ရှာဖွေစဉ်ခဏတစ်ဖြုတ် အနားယူသောအချိန်များ၌ ကိုမိုးကြီးမှာ 'စိတ်၏အရည်အသွေး' ဟူသော သူရှာဖွေပြုစုထားသည့် စာအုပ်လေးကို မပြတ်တမ်းဖတ်ရှုခဲ့သည်။

နောက်ထပ် ကိုမိုးကြီးဆီမှ ထပ်မံသိရှိခဲ့ရသော အချက်နှစ်ချက်လည်း ရှိပါသေးသည်။ အဲဒါက . . .

ကိုမိုးကြီးဆီမှာ ရှိနေသည့် ဓား၊ ဓားမြှောင် အစရှိသော လက်နက်တို့မှာ ကျွန်းပေါ်၌ ရေးကနဦးသေဆုံးသွားကြသူတို့၏ ရုပ်အလောင်းတို့ဆီမှ ရရှိထားခြင်းဖြစ်ပြီး လေးနှင့်မြားကတော့ သူရရှိထားသော ကိုယ်ပိုင်လက်နက်ဖြစ်ပါသည်။

နောက်တစ်ခုက . . .

ကျွန်းစောင့်ကြီးနှင့် လုံးဝ စကားမပြောခြင်းပင်ဖြစ်သည်။

ထို့ထက် စိတ်ဝင်စားဖွယ်ကောင်းသောအရာတစ်ခုလည်း ရှိသေး၏။ အဲဒါက ကိုမိုးကြီးဆီမှာ ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ထားဟန်ရှိသော သေတ္တာလေးတစ်လုံးရှိပါသည်။ ထိုသေတ္တာလေးကို ကိုမိုးကြီးက တရိုတသေထား၏။ ညဆိုလည်း ခေါင်းရင်မှာထားပြီး နေ့ဘက်အပြင်ထွက်လျှင် လုံခြုံသောနေရာမှာ ဝှက်ထားတတ်ပါသည်။

သူ့ကို လုံးဝ အထိမခံ။ အတွင်းတွင် ဘာရှိတယ်ဆိုတာလည်း မပြော။ ပထမတော့ ထိုသေတ္တာလေးနဲ့ပတ်သက်ပြီး သိချင်ပေမဲ့ နောက်ပိုင်း ကိုမိုးကြီးရဲ့ ဟန်ပန်အမူအရာကိုကြည့်ပြီး မသိချင်တော့ပါ။ သူ့ကိုပေးမသိချင်သော အရာတစ်ခုဟုသာ သိထားလိုက်ပါသည်။ ထိုအရာမှလွဲ၍ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးက အကောင်းဆုံးအခြေအနေကို ရောက်လာသည်။

တစ်ခါတစ်ရံတွင်တော့ ကိုမိုးကြီးက 'စိတ်၏အရည်အသွေး' စာအုပ်မှ တချို့စာသားများနဲ့ပတ်သက်ပြီး ဝမ်းပန်းတသာ ဆွေးနွေးတတ်၏။

"ငါကတော့ မင်းစာအုပ်ထဲက မိလိန္ဒမင်းကြီးရဲ့ စိတ်ပြုပြင်ပုံကို တအားကြိုက်တယ်ကွာ"

ပြီးတော့ စာအုပ်ကိုထောင်ပြီး စာသားများကို အသံနေအသံထားဖြင့် အားတက်ရော ဖတ်ပြသည်။

**"မိလိန္ဒမင်းကြီးသည် အရှင်နာဂသိန်ထံ ပြဿနာများအထိုက်အလျောက် မေးပြီးနောက် သာသနာတော်ဝယ် လွန်စွာအရေးကြီးသော ပြဿနာတို့ကို မေးဖို့ရန် အကြံဖြစ်လာသောအခါ ထိုပြဿနာများကို မမေးသေးဘဲ (၇) ရက်ပတ်လုံး မိမိစိတ်**



www.burmeseclassic.com

www.burmeseclassic.com

ကို သမာဓိရအောင် ထိန်းသိမ်းစောင့်စည်းနေပုံမှာ သူတော်ကောင်းတိုင်း အတုယူစရာကောင်းလှပေသည်။

စောင့်စည်းပုံကား . . .

နံနက်စောစော အိပ်ရာထပြီးလျှင် ကိုယ်လက်စင်ကြယ်အောင် ရေချိုး၍ ဝတ်ရိုးဝတ်စဉ်အဝတ်တန်ဆာများကို မဝတ်တော့ဘဲ ဖန်ရည်ဆိုးသော အဝတ်ဝါကို ဝတ်ကာ ဦးခေါင်းလည်း ခေါင်းတုံး(ကတုံး)အသွင် မှတ်ထင်ရလောက်အောင် ခေါင်းစွပ်ကို စွပ်လျက် (ရဟန်းမဟုတ်သော်လည်း) ရဟန်းဟု မှတ်ထင်ရလောက်အောင် ကြံဆောင်ဝတ်ဆင်ပြီးနောက် (၈) ပါးသော အချက်များကို (၇) ရက်လုံးလုံး မပျက်ပြားအောင် စိတ်၌ စွဲမြဲစွာ ဆောက်တည်လေသည်။

(၈) ပါးကား . . .

၁။ (၇) ရက်အတွင်း မင်းကိစ္စ မပြုတော့ပြီ။

၂။ ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၃။ ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၄။ မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၅။ ကျေးတော်၊ ကျွန်တော်။ အလုပ်သမား အမှုတော်ထမ်းများ အပေါ်၌သော်လည်း စိတ်ကိုနှိမ်ချ၍ မာန်မာနမဖြစ်အောင် စောင့်စည်းမည်။

၆။ ကိုယ်မှု၊ နှုတ်မှုများ ထူးခြားစွာ စောင့်စည်းမည်။

၇။ မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရသမျှသော အာရုံများအတွက် အကုသိုလ်မဖြစ်အောင် မျက်စိ၊ နား စသော ဣန္ဒြေများကို စောင့်စည်းမည်။

၈။ အားလုံးသတ္တဝါတို့ပေါ်မှာ မေတ္တာစိတ်ထားမည်။

ဤရှစ်ပါးသော အချက်ကို (၇) ရက်လုံးစောင့်လျက် (၈) ရက်မြောက်နေ့၏ နံနက်အခါဝယ် နံနက်စာ စောစောစား၍



ဣန္ဒြေကြီးမားသော ရဟန်းတော်ကဲ့သို့ စက္ခုဣန္ဒြေချပြီးလျှင် စကားပြောဆင်ခြင်ကာ အရှင်နာဂသိန်ထံသို့ ကြည်လင်ရွှင်မြူး အားမြသော စိတ်ထားဖြင့် ချဉ်းကပ်လျက် လေးနက်စွာသော ပြဿနာများကို မေးလျှောက်လေသည်။

ဖတ်ပြနေသော ကိုမိုးကြီး အသံဆုံးဆုံးချင်း . . .

"အဲဒါ အရှင်ဇနကာဘိဝံသ ရေးသားတဲ့ 'ကိုယ်ကျင့်အဘိဓမ္မာ' ဆိုတဲ့ ကျမ်းထဲက ကျွန်တော် လေးစားလွန်းလို့ ကူးရေးထားတာလေဗျာ"

ကိုမိုးကြီးက စာအုပ်ကိုပိတ်ရင်း အားရပါးရ မှတ်ချက်ချသည်။

"ကောင်းတယ်ဗျာ . . . တကယ်ကောင်းတယ်"

ပြီးတော့ ချက်ချင်းပင် ဘာကိုသတိရသွားသည်မသိ စာအုပ်ကိုပြန်ဖွင့်ကာ စာမျက်နှာတစ်ခုကိုလှန်ရင်း . . .

"ဒီ . . . having , doing, being ဆိုတာလေးလည်း သဘောကျတယ်"

လက်ယာ ချက်ချင်းပင် နားလည်လိုက်သည်။ ဆရာတော်ဦးဇောတိကရဲ့ တန်ဖိုးမဖြတ်နိုင်သော အဆုံးအမတွေပါ။

"Doing ဆိုတာ အလုပ်ကြီးအကိုင်ကြီးတွေ လုပ်ပြနိုင်တာ၊ အောင်မြင်တာကို ဆိုလိုတယ်။ လူအများမြင်နိုင်တဲ့ သိနိုင်တဲ့ အလုပ်မျိုး။ လူအထင်ကြီးတဲ့ အလုပ်မျိုးကိုလုပ်နိုင်မှ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိတယ်လို့ ယူဆတာ။

အဲဒါကိုမှ တစ်ခုတည်းသော တိုင်းတာစရာ၊ ကျေနပ်စရာလို့ ယူဆရင် လူအထင်ကြီးအောင်လုပ်ပြနိုင်မှ ငါ့ဘဝဟာ အောင်မြင်တာလို့ သဘောထားတဲ့လူဟာ မလုပ်နိုင်တော့တဲ့အခါ စိတ်ဓာတ်ကျသွားမယ်။ လုပ်နိုင်တယ်ဆိုတာ သူများဆီ ပြလို့ရတဲ့အရာ ဖြစ်နေတယ်။ သူများနဲ့ ဆက်စပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

Having ဆိုတာ ငါ့မှာ အိမ်ကောင်းကောင်း၊ ကား ကောင်းကောင်း ပစ္စည်းကောင်းကောင်းတွေရှိတယ်။ ငါ့မှာ ငွေရှိတယ်။ လက်ဝတ်ရတနာ ကောင်းကောင်းတွေရှိတယ်။ ဒီလိုရှိလို့ ငါဟာ တန်ဖိုးရှိတဲ့လူ၊ ဒီလိုရှိလို့ ငါဟာ လေးစားခံရမယ့်လူ။ ဒီလို ရှိရင် လူဖြစ်ကျိုးနပ်တဲ့ လူလို့ သဘောထားတဲ့ လူဟာ Having ပေါ်မှာ မှီနေတယ်။ သူ့ဘဝကို Having နဲ့ တိုင်းတာ တယ်။ ဒါတွေမရှိတဲ့အခါမှာ အကြီးအကျယ် စိတ်ဓာတ်ကျမယ်။ ဒါတွေရှိနေတုန်းမှာလည်း တကယ်တော့ မပျော်ပါဘူး။

Doing နဲ့ Having ဟာ ကိုယ်ကျိုးသက်သက်ဖြစ်နေရင် စိတ်ချမ်းသာမှုအစစ်ကို မပေးနိုင်ဘူး။ ဒါကြောင့် Being ကို လေးလေးနက်နက် နားလည်သင့်တယ်။

Being ဆိုတာဘာလဲ။ မေတ္တာစိတ်နဲ့နေတာ Being၊ ဘာ လို့လဲဆိုတော့ I am a loving person လို့ ပြောလို့ရတယ်။ am ဆိုတာ Being ကို ပြောတာနော်။ ငါဟာ ချစ်တတ်တဲ့သူဖြစ် တယ်။ ကိုယ်ဖြစ်နေတာကို ပြောတာနော်။ လုပ်နေတာကို ပြော တာမဟုတ်ဘူး။ အဲဒီလိုပဲ ငါဟာ ကိုယ်ချင်းစာနာတတ်တဲ့လူ၊ သနားတတ်တဲ့လူဖြစ်တယ်။ သူများမှာ အဆင်ပြေတာကို ဝမ်း သာတတ်တဲ့လူဖြစ်တယ်။

သတိရှိနေတဲ့အခါမှာ I am mindful ၊ am ဆိုတာ being ကို ပြောတာပဲ။ I am peaceful ။ ငါ ငြိမ်းချမ်းနေတယ်။ ဒါလည်း Being။

ဒီလို သတိရှိနေတဲ့စိတ်၊ ငြိမ်းချမ်းတဲ့စိတ်၊ ကိုယ်ချင်းစာ တတ်တဲ့စိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်နဲ့နေရင်းနဲ့ လုပ်သင့်တဲ့ (Doing) အလုပ်တွေကို လုပ်သွားနိုင်ရင် သိပ်ကောင်းတယ်။ အဲဒီလိုလုပ်နိုင်ရင် အမှားနည်းတယ်။ ကိုယ့် Doing ဟာ ကိုယ့်



Being ကိုဖော်ပြတယ်။ ကိုယ့်အလုပ်က ကိုယ်ဘယ်လိုလူဆိုတာ ကို ဖော်ပြတယ်။

ဒီလိုမှမဟုတ်ရင် ကိုယ်လုပ်တဲ့အလုပ် Doing ဟာ သူ များထက်သာဖို့၊ ကြွားဖို့၊ သူများကိုနိုင်ဖို့ဖြစ်သွားရင် စိတ်ပင် ပန်းတယ်။ သူများကို ဒုက္ခပေးတဲ့အလုပ် Doing ဖြစ်သွားမယ်။

Doing လောကအကျိုးကို ဆောင်ရွက်ချင်ရင် အဲ့ဒီ Doing ဟာ Being ဆိုတဲ့ အုတ်မြစ် Foundation ရှိဖို့လိုတယ်။ ဉာဏ်ကြီးကြီးနဲ့ ဒီအချက်ကို သဘောပေါက်ပြီး ဒီအတိုင်းနေ သွားရင်း ကိုယ့်ဘဝကို ကျေနပ်မှု ပြည့်ပြည့်ဝဝရမယ်”

စာဆုံးသွားတော့ လက်ယာ ငြိမ်သက်၍ စဉ်းစားသွားသည်။ အလွတ်ရနေသော အဆုံးအမတွေဖြစ်ပြီး ထိုဆုံးမစကားတွေနှင့် ပတ်သက်၍လည်း သူ ထပ်တွေးထားသော အတွေးအခေါ်တွေ ရှိနေပါသည်။

“အဲ့ဒီဆုံးမစကားတွေနဲ့ ပတ်သက်ပြီးကျွန်တော် တွေးထားတာ တစ်ခုရှိတယ်။ အဲဒါက Being အမြဲရှိနေတဲ့ စိတ်နဲ့ Doing တွေကိုလုပ် ရင် သာမန်ကြိုးစားတာထက် ပိုအောင်မြင်မယ်။ ပြီးတော့ သေချာပေါက် Having ရှိလာလိမ့်မယ်”

သူ့စကားမှာ အနည်းငယ်ရှုပ် ထွေးသွားသည်ထင်၏။ ကိုမိုး ကြီးက . .

“မင်းပြောတာကို ငါ သိပ်နားမလည်ဘူး”

“ဒီလိုလေဗျာ . . . Being ဆိုတာ မေတ္တာစိတ်နဲ့နေတာပဲ။ မေတ္တာ စိတ်နဲ့နေတဲ့အတွက် အေးချမ်းနေမယ်၊ တည်ငြိမ်နေမယ်။ အာရုံစူးစိုက် အားကောင်းနေမယ်။ ဒီအခါမှာ Doing(အလုပ်) လုပ်ရတာ ပိုကောင်း မယ်။ ပိုအဆင်ပြေမယ်။ အကျိုးပိုရှိမယ်။ အဲလိုဆိုတော့ လုပ်တဲ့အလုပ် ဟာ အောင်မြင်ဖို့ သေချာသလောက်ရှိနေပြီလေ။ အောင်မြင်ပြီဆိုရင် တော့ အောင်မြင်မှုရဲ့နောက်မှာ ထိုက်သင့်တဲ့ Having တွေရှိလာပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုကြီး အကြာကြီး တွေးငေးသွား၏။ ပြီးတော့မှ ခေါင်းကို တစ်ချက်ညိတ်ရင်း . . .

"ဟုတ်တယ်ကွနော် . . ."

လက်ယာ ပြုံးမိသွားပါသည်။ ကိုမိုးကြီးစိတ်သည် ထင်သလောက်ပြောင်းလဲပစ်ရန် မခက်ပါ။

ဒီလို အခြေအနေတွေနဲ့ပဲ သူနှင့်ကိုမိုးကြီးမှာ ရင်းနှီးသထက် ရင်းနှီးလာ၏။ တွေ့ဆုံရက်အလွန်နည်းပေမဲ့ သူတို့နှစ်ယောက်ဆက်ဆံရေးမှာ ထင်ထားတာထက် တိုးတက်မြန်ဆန်လာ၏။

ပွင့်လင်းလွတ်လပ်စွာ ပြောဆိုနေထိုင်လာသည်။ ဒါပေမဲ့ ကိုမိုးကြီးပုံစံမှာ လုံးဝ အသေချာကြီး လွတ်လပ်ပုံမရသေး။ ကိုမိုးကြီး၏ မျက်လုံးတွေနှင့် နှုတ်ခမ်းတို့မှာ တစ်စုံတစ်ရာပြောချင်နေသလိုမျိုး။ ဒါမှမဟုတ် တစ်စုံတစ်ရာ ဖုံးကွယ်ထားသလိုမျိုး တစ်ခါတစ်ရံမှာ တွေ့ရ၏။

သူ့အထင်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုတစ်ခုမှလွဲ၍ ကျန်တာအားလုံးမှာ ညီအစ်ကိုအရင်းနှင့်မခြား စိတ်ဓာတ်ချင်း နီးကပ်လို့နေပါပြီ။

အတူနေ၊ အတူစားပြီး ထွက်ပေါက်ကို အတူတူရှာကြသည်။ သို့ပေမဲ့ ရည်ရွယ်ချက်ချင်းကတော့ ကွဲလွဲကောင်း ကွဲလွဲနေလိမ့်ဦးမည်။ ကိစ္စမရှိပါ စိတ်ဆိုတာ သေချာထိန်းချုပ်ကွပ်ကဲတတ်လျှင် လူတစ်ယောက်အစွမ်းအစနှင့် မလုပ်နိုင်သော ကိစ္စရပ်တွေကို လွယ်လွယ်တကူ ပြုပြင်ဖန်တီးပေးနိုင်သော တန်ခိုးရှင်တစ်ယောက်ပင် မဟုတ်ပါလား။

စိတ်ဟူသည်ကား . . .

✻ ✻ ✻



ဤလောကကြီးကို စိတ်သည် ဆောင်ကြဉ်းအပ်၏။
ဤလောကကြီးကို စိတ်သည် ဆွဲငင်အပ်၏။
သတ္တဝါအားလုံးပင် စိတ်တည်းဟူသော
အရာတစ်ခု၏ အလိုသို့ လိုက်နေရသည်။

(တရားတော်)



www.burmeseclassic.com

www.burmeseclassic.com

အတူနေအတူစားရင်း ထွက်ပေါက်ကို အတူရှာရင်း 'စိတ်၏ အရ... အသွေး' စာအုပ်မှ အကြောင်းအရာများကို ဆွေးနွေးရင်း၊ ငြင်းခုန် ...ကြိုးစားလေ့ကျင့်ရင်းနှင့်ပင် တစ်ရက်မှတစ်ရက်သို့ ကူးလာခဲ့သည်။

ဒါပေမဲ့ ကြီးမားသော အန္တရာယ်တစ်ခုကို သူတို့နှစ်ဦးလုံး မေ့ ပျောက်နေခဲ့ပါသည်။ တကယ်မေ့နေတာလည်း ဖြစ်နိုင်သလို တမင် တကာ မေ့ထားတာလည်း ဖြစ်နိုင်သည်။

ထိုသို့မဟုတ်ဘဲ စိတ်တွင်ကြိတ်ကာ ထွက်ပေါက်ကို ကြိုးစား ရှာဖွေခြင်းလည်း ဖြစ်လောက်သည်။

တစ်ညမှာတော့ . . .

ထိုအန္တရာယ်၏ အငွေ့အသက်က သူတို့နှစ်ဦးဆီသို့ တိတိပ ရောက်လာပါသည်။

ထိုညသည် တိမ်ကင်းစင်သော လပြည့်ညဖြစ်သည်။



# XIV

'သိမ့်' ခနဲခါသွားသော တဲကြောင့် အိပ်နေရာမှ လက်ယာ ငုတ်တုတ်ထထိုင်လိုက်သည်။ ထိုင်ထိုင်ပြီးချင်းမှာပင် နောက်တစ်ကြိမ် ယိမ်းထိုးလှုပ်ရှားသွားပြန်ပါ၏။ ပုံစံက တဲအခြေကိုကိုင်ပြီး တစ်စုံတစ်ယောက်က အားနှင့်လှုပ်ယမ်းလိုက်သလို။

ဒီတစ်ကြိမ်တွင်တော့ လက်ယာပင်မဟုတ် ကိုမိုးကြီးပါ နိုးထလာချေပြီ။

"ဟော့ကောင် . . . ဘာဖြစ်တာလဲ"

ငုတ်တုတ်ထိုင်ပြီး ကျီးကြည့်တောင်ကြည့် ဖြစ်နေသောသူ့ကို မေးတော့ . . .

"မသိဘူး . . . တဲကြီးခါသွားလို့ ထကြည့်တာ"

"အေး . . . ငါလည်း အဲဒါကြောင့် နိုးလာတာ"

ကိုမိုးကြီးက တဲပြင်ကိုကြည့်ရင်း သူ့ကိုပြောသည်။

"ပုံစံကြည့်ရတာ အခြေကကိုင်ပြီး လှုပ်ယမ်းလိုက်သလိုပဲ။ တစ်ယောက်ယောက်လုပ်တာလား မသိဘူး"

သူ့ခန့်မှန်းခြေကြောင့် ကိုမိုးကြီး မျက်လုံးပြူးသွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို ဆင်းကြည့်ရအောင်ကွာ . . ."

နံရံမှာထိုးထားသော ဓားကိုဆွဲကာ တဲပေါ်မှဆင်းရန်ပြင်တော့ သူလည်း နံဘေးမှာချထားသော ဓားကိုကိုင်ရင်း လိုက်ဆင်းသည်။ တဲပြင်ကိုရောက်တော့ သစ်ရွက်လှုပ်သံမှတစ်ပါး အားလုံး အေးဆေးကာ နေပါသည်။ သို့ပေမဲ့ တဲကိုတော့ နှစ်ဦးသား တစ်ပတ်ပတ်ကြည့်လိုက်သည်။

မသင်္ကာစရာ ဘာမျှမတွေ့။

ဘာသဘောလဲ။ ဘာဖြစ်တာလဲ။ စဉ်းစားလို့မဆုံးလိုက် . . .

"ဝေါ: . . . ဗရော . . . ဝုန်း . . . ဝရုန်း . . ."

စသော အသံတွေနှင့်အတူ သူတို့ရပ်တည်နေသော မြေပြင်က သွက်သွက်ခါအောင် လှုပ်ယမ်းသွားလေသည်။ မတ်တတ်ရပ်နေရာမှ နှစ်ဦးသား လဲကျသွားသလို သစ်ပင်တွေ၊ သစ်ကိုင်းတွေမှာလည်း အသံစုံမြည်ရင်း ယိမ်းထိုးကုန်၏။ ထို့အတူ သူတို့တဲလေးမှာလည်း . . .

မြေပြင်ပေါ် လဲကျသွားရာမှ သဘောပေါက်လိုက်သည်။

"ဟော့ကောင် . . . ငလျင်လှုပ်တာ။ မြေကြီးမှာပဲ ဝပ်နေ။ မထနဲ့"

ကိုမိုးကြီးက စိုးရိမ်တကြီး လှမ်းအော်သည်။ ကိုမိုးကြီးစကားအတိုင်း လက်ယာ မြေပေါ်မှာပင် ဝပ်နေလိုက်သည်။ သိပ်မကြာလိုက် ဆယ့်ငါးစက္ကန့်မပြည့်ခင်မှာပင် ဒုတိယအကြိမ် မြောက်ရပ်သွား၏။ သို့ပေမဲ့ သူတို့ ချက်ချင်းလက်ငင်း မထရဲသေး။

အချိန်အတော်ကြာအောင် ငြိမ်သက်သွားတော့မှ မဝံ့မရဲဖြင့် နှစ်ဦးသာ မတ်တတ်ပြန်ရပ်ကြသည်။ အရာအားလုံး ပုံစံတကျပြန်ဖြစ်သွားပေမဲ့ သူတို့တဲလေးကတော့ လရောင်အောက်မှာ အနည်းငယ်စောင်းသွားသည် ထင်ရ၏။

"တော်တော်ကြာတယ်ဗျ နော် . . ."



"အေးကွာ . . . ဒီမှာ နေလာတာ သုံးနှစ်ရှိပြီ။ တစ်ခါမှ ငလျင်လှုပ်တာ မကြုံဖူးဘူး။ အခုမှပဲ . . ."

"အဲဒါက အရေးမကြီးဘူးဗျ ကိုမိုးကြီး။ ခင်ဗျားတဲကိုလည်း ကြည့်ဦး"

သူ့စကားကြောင့် ကိုမိုးကြီးက နောက်ဖက်လှည့်ကြည့်ကာ -

"အေးကွာ . . . တဲက တောင်ဘက်နည်းနည်း စောင်းသွားပြီ။ နက်မှပဲ ပြန်ပြင်ရတော့မယ်။ တော်သေးတာပေါ့။ ပြိုကျမသွားတာ"

အနည်းငယ် ယိုင်ထိုးသွားသော ဝါးတဲလေးကို ကြည့်ရင်း နှစ်ဦးသားပြုံးမိသည်။ ထူးထူးဆန်းဆန်း ငလျင်လှုပ်ခြင်းကိုလည်း အံ့ဩခြင်းဖြစ်မိ၏။ ထိုစဉ်မှာပင် နောက်ဖက်ဆီမှ တောတိုးပြေးသွားသံတစ်ခုကို အမှတ်မထင် ကြားလိုက်ရသည်။ လက်ယာ ဆတ်ခနဲ နောက်ကို လှည့်ကြည့်တော့ . . .

"ဟာ . . ."

သူ့နှုတ်မှ အာမေဍိတ်သံထွက်ကာ ကိုမိုးကြီးမှာတော့ . . .

"ဟိုမှာ . . .လူတစ်ယောက်"

မြန်လိုက်သည့်ဖြစ်ခြင်း။ ထိုလူက ကြည့်ရင်းနှင့် လစ်ခနဲနေအောင် ဝေးသွားပါသည်။ ဘယ်သူ၊ ဘယ်ဝါလဲ လက်ယာ ကြည့်လို့ ခဆုံးခင်မှာ ကိုမိုးကြီးက စိတ်မြန်သူပီပီ နောက်မှ ပြေးလိုက်တော့သည်။ ပထမတော့ ဘာလုပ်ရမှန်းမသိ၊ သူကြောင်ငေးလျက်။ နောက်မှ ကိုမိုးကြီးနောက်လိုက်ရန် သတိရကာ . . .

အားသွန်လိုက်ပါသည်။

လရောင်ဝါဝါအောက်မှာ ရှေ့မှ လူပုဂ္ဂိုလ်က လစ်ခနဲ၊ လစ်ခနဲ။ ထို့နောက်မှာ ကိုမိုးကြီးက မျက်ခြည်ပြတ်လုံးဝမခံဘဲ အပြေးလိုက်နေသည်။ ကိုမိုးကြီးနောက် အတော်ဝေးဝေးမှာမှ လက်ယာ။ အတော်လှမ်းသည်မို့ ရှေ့ပြေးနေသောပုဂ္ဂိုလ်ကို လက်ယာ ခန့်မှန်းလို့မရ။



www.burmeseclassic.com

www.burmeseclassic.com

အပြေးတော်တော်မြန်သည်။ [illegible] ရတာ မသဲကွဲ။ ဈေးကြီးသုတ်ပျာနိုင်ရုံတင်မဟုတ်၊ အသက်လုပြေး[illegible] သလိုပင်ဖြစ်နေ၏။ တစ်နေရာရောက်တော့ ကိုမိုးကြီးက အပြေးကို[illegible] ပြီး ချုံပုတ်တစ်ခုနောက်ကွယ် ဝင်သွားသည်။ လက်ယာ နီးကပ်လာ[illegible] မှာ ကိုမိုးကြီးက ရပ်နေဟူသည့်သဘော လက်တားတော့ ကိုယ်ရှိန်သ[illegible] လိုက်ရ၏။

ကိုမိုးကြီးပုံစံက တစ်စုံတစ်ယောက်အား ချောင်းမြောင်းသ[illegible] သဘောဖြစ်နေရာ လက်ယာ အသံမထွက်ရဲတော့။ ထိုစဉ်မှာပဲ ကိုမိုးကြ[illegible] က နှုတ်ခမ်းကို လက်တော့ကာ တိတ်တိတ်လာဖို့လှမ်းပြသည်။ လက်[illegible] ခြေကို ဖွဖွနင်းရင်း ကိုမိုးကြီးနား တိုးသွားလိုက်ပါသည်။

အနားရောက်စဉ်မှာ ကိုမိုးကြီးနည်းတူ ချုံပုတ်ကိုကွယ်ရင်း အ[illegible] ဖက်ကို ခေါင်းပြူကြည့်တော့ . . .

ထူးဆန်းအံ့ဖွယ်ရာ ရှေ့မှာ ရေကန်ကြီးကို တွေ့ရသည်။ ကျ[illegible] ပေါ်မှ တစ်ခုတည်းသော ရေချိုကန်ကြီး၊ ထွက်ပြေးသူနောက်ကိုလို[illegible] ရင်း သူနှင့်ကိုမိုးကြီး ရေကန်ကြီးဆီသို့ ရောက်လာခြင်းဖြစ်ပါသည်။ [illegible] နဲ့မို့ ရေကန်သွားရာလမ်းကိုပင် သတိမထားမိခဲ့။

“ဟိုလူရော . . .”

တိုးရှုရှုသူ့အမေးနောက်မှာ ကိုမိုးကြီးက တစ်နေရာကို လ[illegible] ညှိုးထိုးပြသည်။ လက်ယာကြည့်မိတော့ . . .

“ဟင် . . .”

မျက်လုံးပြူးရုံမှလွဲ၍ လက်ယာ တအံ့တသြကြီး မဖြစ်မိတော့[illegible] ပါ။ ရေကန်ကို ကျောပေးသူတစ်ယောက်နှင့် မျက်နှာမူထားသူတ[illegible] ယောက်။ ထွက်ပြေးသူမှာ ရေကန်အား ကျောပေးထားသူပင် ဖြစ်တော့[illegible] သည်။

သူ သိနေပါသည်။ ပြီးတော့ နှစ်ကြိမ်တိုင်တိုင် မြင်ဖူးသည[illegible] ထိုသူသည် ခေါင်းတုံးဆံပင်နှင့် . . .



[illegible]ကြိမ်လုံးလုံး ခန္ဓာကိုယ်အနံ့ ရေတွေရွှဲနေသူ။

ရှင်းအောင်ပြောရပါက သူတို့အခေါ် “ကတ်လူ”။

ရေကန်ဘက်လှည့်ထားသူကိုတော့ မျက်နှာမမြင်ရပေမဲ့ လက်ယာ ခန့်မှန်းလို့ရနိုင်သည်။ အခြားသူ မဟုတ်ပါ။ သူတို့တဲတွင် အသက်အကြီးဆုံး၊ ဆံပင်ရှည်တွေကို အမြဲတမ်း ကျောပေါ်ဝဲချထားသူ ဦးစိုင်းလုံ။

နှစ်ဦးသား ကြားရုံသာ တီးတိုးပြောနေခြင်းဖြစ်၍ သူနှင့် ကိုမိုးကြီးမှာ မကြားရ။ အံ့သြဖို့ကောင်းတာက ကတ်လူမှာ သူနှင့် ကိုမိုးကြီး နောက်မှပြေးလိုက်လာခြင်းကို အနည်းငယ်ပင် ဂရုပြုမိဟန်မရှိပါ။ သတိမထားမိတာပဲလား၊ ဖြစ်တော့ မဖြစ်နိုင်ပါချေ။

ဒါပေမဲ့ ကတ်လူပုံစံကြည့်ရတာလည်း သူတို့ ကိစ္စမှလွဲ၍ တခြားဘာကိုမှ သံသယမရှိသလိုမျိုး။ လာရာလမ်းကိုပင် တစ်ချက်မျှ လှည့်မကြည့်။ ဦးစိုင်းလုံနှင့်သာ ခေါင်းချင်းဆိုင်၍ စကားပြောနေသည်။

တစ်အောင့်ကြာတော့ စကားပြောနေရာမှ အနောက်ဖက်တောတန်းတွင်းသို့ ကတ်လူ လှည့်ပြေးသွားပါသည်။ ရေကန်စပ်၌ ဦးစိုင်းလုံ တစ်ဦးသာ ကျန်ခဲ့၏။ သို့ပေမဲ့ သူတို့အား ကျောပေးလျက်သား။ သူတို့နှစ်ဦးမှာတော့ ကတ်လူပြေးထွက်သွားနေရာကိုသာ အာရုံစိုက်ပြီးကြည့်မိကြသည်။

ထိုစဉ်မှာပင် ဦးစိုင်းလုံမှာ သူတို့ဘက် လှည့်လာသည်။

လရောင်ဖြင့် ဦးစိုင်းလုံမျက်နှာအား ထင်ထင်ရှားရှား မြင်တွေ့လိုက်ရချိန်မှာ . . .

“ဟာ . . .”

ကျယ်လွန်းသော အာမေဍိတ်သံတစ်သံ ကိုမိုးကြီးဆီမှ ထွက်သွားသည်။ ပြီး နှစ်ရှည်လများကွဲကွာနေသော မိတ်ဆွေတစ်ယောက်ကို အမှတ်မထင် မျက်နှာချင်းဆိုင် ပြန်တွေ့လိုက်ရသလိုမျိုး . . .

အံ့သြမှင်သက်စွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဦးစိုင်းလုံ . . ."

သူတို့ချောင်းမြောင်းနေတာကိုသိသည့်အလား ဦးစိုင်းလုံက ချုံပုတ်ပင်တွေကို စူးစိုက်ကြည့်နေသည်။ ဦးစိုင်းလုံအကြည့်တွေက ရောင်ကြားမှာပင် စူးရှလက်ဖြာနေ၏။ သို့မဟုတ် ဆွေးမြည့်ဝမ်းနည်း နေသလိုလည်း ရှိသည်။ သစ်နွယ်ပင်တွေကိုဖြတ်ကာ သူတို့ဆီ တိုက် ရိုက်လာထိသလိုမျိုး။ မျက်နှာပုံပန်းမှာလည်း တစ်စုံတစ်ရာကို နှမြော တသဖြစ်နေဟန်ရှိသည်။

အချိန် အတော်ကြာ မျက်လုံးမလွှဲဘဲ ကြည့်နေပြီးမှ ခေါင်းကို တစ်ချက်ညိတ်ကာ နောက်ဖက် လှည့်သွားလေသည်။

ပြီးတော့ ကတ်လူပြေးထွက်သွားရာနောက်ကို ခပ်သွက်သွက် လိုက်သွား၏။

ဘာကြောင့်မှန်းမသိ ဦးစိုင်းလုံအကြည့်ကိုခံပြီး သူတို့လည်း ဝမ်း နည်းသလို ခံစားရသည်။

* * *



# XXV

ပထမတော့ နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ကြောင် ကာ ကြည့်နေကြသည်။ ပြီးမှ ဦးစိုင်းလုံထွက်သွားရာနောက် လိုက်ရန် သတိရကာ သူ အရင်ပြေးထွက်လိုက်၏။ သူ့နောက်မှာ ကိုမိုးကြီးပါလာ သည်။

လရောင်နှင့် ဖြစ်ပေမဲ့ ကတ်လူနှင့် ဦးစိုင်းလုံ ထွက်သွားရာ လမ်းကြောင်းအတိုင်း နှစ်ဦးသား ခပ်သွက်သွက်လှမ်းခဲ့ကြပါသည်။ သို့ သော်ငြားလည်း ... ခြေလှမ်းအတော်များများ လှမ်းပြီးသည်ထိ ဦးစိုင်းလုံ အရိပ်အယောင် ကို မတွေ့ရ။ လမ်းမှားလာခြင်းတော့မဟုတ်။ သူတို့လျှောက်လာရာလမ်း ကြောင်းအတိုင်း ရှေ့လူများ သွားခဲ့သည်ဆိုတာ သေချာ၏။

တချို့နေရာတို့တွင် ချုံတိုးလျှောက်သွားမှုကြောင့် သစ်ပင်ငယ် တချို့လဲနေကာ မြေပြင်ပေါ်တွင်လည်း ပျက်ယွင်းထားသော ခြေရာလက် ရာများကို တွေ့ရသည်။ လမ်းမှားခြင်းမဟုတ်သည်မို့ သူနှင့်ကိုမိုးကြီး ခပ်သွက်သွက် ဆက်လှမ်းခဲ့ကြရာ တစ်နေရာအရောက်မှာတော့ . . .

"ဟာ . . ."

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

လန့်ဖျပ်ကာ သွားသည်။ ရှေ့တည့်တည့်မှာ ဘွားခနဲ တွေ့လိုက်ရသည်ကား . . .

မည်းပြာနက်မှောင်နေသော ပင်လယ်ရေပြင်ကြီး၊ ရေခဲတမျှအေးစက်သော ပင်လယ်လေတွေက အောက်မှ ပင့်တိုက်သည်။

ဘုရားရေ . . .ငါတို့ ကမ်းစပ်ကို ရောက်လာတာပါလား။ ကတ်လူနဲ့ ဦးစိုင်းလုံတို့ ရောက်သွားကြပါလိမ့်။ အတွေးနှင့် အတူရှာဖွေကြည့်ပေမဲ့ အမည်းရောင် ဟင်းလင်းပြင်ကြီးမှတစ်ပါး လူရိပ်လူယောင် မတွေ့။ ပြီးတော့ ဤနေရာက ပင်လယ်ပြင်နှင့် ထိစပ်နေသည်ဆိုပေမဲ့ သာမန်ကမ်းစပ်တစ်ခုနှင့်မတူ။

သေသေချာချာကြည့်မိတော့မှ . . .

ရေတွေ။

ရေတွေမှာ တရိပ်ရိပ် ကမ်းပေါ်သို့ တိုးတက်လာနေခြင်းဖြစ်ပါသည်။

ဒီရေတက်လာတာပဲ။

သဘောပေါက်လိုက်ပေမဲ့ ဒီရေတက်လာပုံက ထူးဆန်းနေသည်။ မည်းပြာသော ရေပြင်ကြီးမှာ ကျွန်းပေါ်သို့ တအိအိဖိချရန် အရှိန်ယူနေသလိုမျိုး။ ကြည့်ရင်းနဲ့ ကြက်သီးတွေ ထလာပါသည်။ ဒီရေတက်လာပုံက ကြောက်မက်ဖွယ်ကောင်းလှ၏။ ကြည့်နေရင်းနှင့်ပင် ရှေ့က ကုန်းကမူတစ်ခု မြုပ်သွားသည်။

တော်သေးသည်။ သူတို့နှစ်ဦး ရပ်နေသည်က ပင်လယ်ကြီးကို ဆီးမြင်ရသော ကုန်းတွင်းအမြင့် တစ်နေရာ၊ ပင်လယ်ရေတွေကတော့ လျင်မြန်သောအရှိန်တစ်ခုနှင့် ဆက်ရွေ့လာနေဆဲ။

"ဘုရား . . . ဘုရား . . . ဘာဖြစ်တာလဲ"

စိတ်ထဲမှာ ဘုရားတမိသွားသလို ကိုမိုးကြီးကတော့ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ . . .



"ဒီနေရာက ကျွန်းရဲ့အနောက်ဖက် ကမ်းပါးစောက်ကြီးတွေ ရှိရာပဲကွ"

"ဟင် . . ."

ကိုမိုးကြီးစကားကြောင့် သူလည်း ဘေးဘီဝဲယာကို မျက်လုံး ကစားလိုက်ပါသည်။ ချက်ချင်းပင် ကိုမိုးကြီးစကား မှန်ကန်ကြောင်း လက်တွေ့သိလိုက်သည်။ သူ ဒီနေရာကို ရောက်ဖူးထားပါသည်။ ကိုမိုးကြီးနှင့် စတွေ့စဉ်နေ့က တစ်ယောက်တည်းထွက်လာစဉ် ရောက်ခဲ့သောနေရာ။

ထိုစဉ်က ကမ်းပါးစောက်တွေမှာ ပင်လယ်ပြင်မှ အမြင့်ကြီးတွေ ဖြစ်ပါ၏။ ယခုမြင်ရသည်က ရေတွေမှာ ကမ်းပေါ်အလုံးအရင်းနဲ့ တရွေ့ရွေ့တိုးလာနေသည်။ ဘယ်လိုဖြစ်တာလဲ။ ရေမျက်နှာပြင်မှာ မထင်မှတ်လောက်အောင် မြင့်တက်လာတာလား။

ဝေခွဲလို့မရ၊ သေချာသည်ကတော့ ပင်လယ်ရေတွေမှာ ကမ်းပါးစောက်အမြင့်ကြီးများကို ကျော်လွှန်နေပြီဖြစ်သည်။

"ကိုမိုးကြီး . . . ဘယ်လိုဖြစ်တာလဲ"

တအံ့တသြ သူ့အမေးကို . . .

"ဒီရေတက်တာ တစ်ခါမှမရောက်ဖူးတဲ့ ရေမျက်နှာပြင်အမြင့်ထိကို တက်လာတာ။ သူ တစ်ခုတည်း မဟုတ်ဘူး။ နောက်တစ်ခုရှိသေးတယ်"

"ဘာလဲ . . ."

"ငါတို့ကျွန်းကြီး ရေအောက်ထဲကို တဖြည်းဖြည်း နစ်ဝင်နေပြီ"

"ဗျာ . . ."

ထိုစကားက မိုးကြိုးပစ်သလို နားကိုတုန်ခါသွား၏။ တဒိတ်ဒိတ် ခုန်ဆန်သော နှလုံးခုန်သံတွေနှင့်အတူ လူက မျက်စိတစ်ဆုံး မည်းနက်နေသော ပင်လယ်ရေပြင်ကို ကြောက်ကြောက်လန့်လန့်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာ . . . ဘာဖြစ်လို့လဲ . . . ဘာလို့ နစ်ဝင်နေတာလဲ"

တုန်လှုပ်ချောက်ချားစွာ မေးလိုက်ပေမဲ့ ကိုမိုးကြီးကတော့ အေးဆေးစွာပင် အဖြေပြန်ပေးသည်။

"ငလျင်လှုပ်သွားလို့"

ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်မှလွဲပြီး သူ ဘာမှမလုပ်နိုင်တော့ပါ။ ကိုမိုးကြီးကိုကြည့်သည်။ ပြီးတော့ တခမ်းတနား မျှော်မှန်းထားသော ရည်ရွယ်ချက်တွေလည်း ခဏချင်း ပျောက်ရှသွားသလို ခံစားလိုက်ရကာ လူမှာ အားအင်ကုန်ခမ်းသွား၏။

ကျောက်ရုပ်တစ်ရုပ်လို တောင့်မတ်ကာ လမ်းဆုံးသော လူတစ်ယောက်ရဲ့ စိတ်ဓာတ်လို ချွတ်ခြုံကျသွားပါသည်။ မျက်စိတစ်ဆုံး မည်းနက်သော ကြောက်မက်ဖွယ်ရေပြင်ကြီးကိုကြည့်ပြီး မလှုပ်မယှက်။

"ရပ်သွားပြီ"

ထိုစကားက နှလုံးသားအား လှုပ်နှိုးလိုက်သလို။

ကပျာကယာ ကိုမိုးကြီးဘက်လှည့်ကြည့်တော့ . . .

"ရေအောက်ထဲနစ်ဝင်တာ ရပ်သွားပြီး . . .

ထပ်မံကြားရသောစကားကြောင့် ပင်လယ်ရေတွေဆီအကြည့်တို့ ရောက်သွား၏။ အတန်ကြာ စူးစိုက်ကြည့်ပေမဲ့ သူ မဝေခွဲတတ်။

"ဟုတ်လို့လား"

"ငါ သတိထားပြီး ကြည့်နေတာ။ ဒါပေမဲ့ ဘယ်အချိန် ပြန်နစ်ဝင်သွားမယ် မပြောတတ်ဘူး။ အခုလောလောဆယ်တော့ ရပ်သွားတာ သေချာတယ်"

ထိုစဉ်မှာပင် အနောက်ဖက်မိုးသားကောင်းကင်ဆီမှ တိမ်စိုင်တိမ်လိပ်တွေ တက်လာ၏။ လမှာ သန်းခေါင်ကျော်ခဲ့ပြီမို့ အနောက်ဖက်ကျလုပြီ။ ဒီတော့ မကြာခင်မှာပင် ထိန်ထိန်သာနေသော လမင်းကြီးကို တိမ်မည်းတွေ အုပ်စိုးသွားသည်။ ခဏချင်းမှာပင် တစ်ကျွန်းလုံး မှောင်ကျသွားပါသည်။



ကြည့်နေရင်းနှင့် ရာသီဥတုမှာ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခြင်းဖြစ်သည်။ ပြီးတော့ စိုးရိမ်ဖွယ် မျက်နှာပြင်အမြင့်ထိရောက်အောင် တက်လာသည့် ဒီရေ၊ ငလျင်ဒဏ်ကြောင့် ရေအောက်ထဲ နိမ့်ဆင်းသွားသည့် သူတို့မှီတင်ရာကျွန်း။

ဘာတွေလဲ။

ဘာတွေဆက်ဖြစ်ဦးမှာလဲ။

သေချာတာတစ်ခုကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXVI

"ကျွန်တော်တို့မှာ အချိန်မကျန်တော့ဘူး"

သူ့စကားဆုံးတော့ . . .

"မင်း တစ်ခုခု သိထားလို့လား"

ကိုမိုးကြီးစကားကြောင့် သူခနဲ့တဲ့တဲ့ လှမ်းကြည့်ရင်း . . .

"ခင်ဗျားရောပဲ"

သူ့အပြောကြောင့် ကိုမိုးကြီးက ခြောက်ကပ်ကပ်ရယ်၏။ အချိန်ကား ဝေလီဝေလင်းရောက်လုပြီ။ ကောင်းကင်တစ်ခွင်လုံး တိမ်ညိုတိမ်မည်းတွေ ဖုံးအုပ်လာသည့်အတွက် တစ်ကျွန်းလုံး မှောင်ကျသွားခဲ့ပါသည်။ ဒီအခါမှာ သူတို့နှစ်ဦး စခန်းပြန်ရန် ခက်ခဲသွား၏။ တောတိုးရင်း လမ်းရှာရင်းနှင့်ပင် ညတစ်ညကုန်ဆုံးကာ အရုဏ်လာမှ တဲစခန်းသို့ နှစ်ဦးသား ပြန်ရောက်ခဲ့ပါသည်။

ရောက်ရောက်ချင်းတဲပေါ် မတက်သေးဘဲ အပြန်အလှန်ပြောဆိုနေကြသော (သို့) ခနဲ့နေကြသော အမေးအဖြေတို့ဖြစ်၏။ ဟုတ်သည်။ သူတို့ ပွင့်လင်းဖို့လိုအပ်နေပြီ၊ အခုလောလောဆယ် တစ်ကျွန်းလုံး ငြိမ်သက်နေပေမဲ့ ဘယ်အချိန် ပြန်လှုပ်ရှားလာမယ်မသိ။



ဒီရေက ပြန်ဆင်းသွားပြီ။ သို့ပေမဲ့ နောက်တစ်ကြိမ်မှာ သူတို့ကျွန်းကြီး တောင့်ခံနိုင်မှာလား။ နောက်တစ်ကြိမ်နှစ်ကြိမ် တောင့်ခံနိုင်ဘယ်ထား။ သုံးကြိမ်မြောက်မှာ အသို့နည်း။ ယနေ့မှ လပြည့်ကျော်တစ်ရက်စခြင်းဖြစ်ရာ ခေါင်ရေမဟုတ်သေး။ ခေါင်ရေရောက်ဖို့ နှစ်ရက်လိုသေးသည်။ ခေါင်ရေမှာ လပြည့်ကျော် (၃) ရက်။ ယခုက လပြည့်ကျော်တစ်ရက်။

ဒီရေ၏ သဘောသဘာဝမှာ တစ်ရက်ကို နှစ်ကြိမ်တက်၍ နှစ်ကြိမ်ကျသည်။ လပြည့်နေ့ကို လွန်မြောက်ခဲ့ပြီ။ ဒီနေ့အတွက် နှစ်ကြိမ်တက်ရန်ရှိသည်။ မနက်ဖြန်အတွက် နှစ်ကြိမ်ပြီးလျှင် ခေါင်ရေ။

ထိုအရေအတွက်ကို သူတို့ကျွန်းကြီးတောင့်ခံနိုင်မှာလား။ ငလျင်ဆော်ကရော ပြီးသွားပြီလား။ နောက်တစ်ကြိမ် ကျန်သေးလား။ အောက်သို့နိမ့်ဆင်းသွားခြင်းအဖြစ်မှာ လောလောဆယ် ရပ်သွားပြီဆိုပေမဲ့ အချိန်ရွှေးထပ်ဖြစ်နိုင်သည်။ ဘယ်အချိန်ဖြစ်မလဲ။ သူတို့မသိသလို ဘယ်လောက်အတိုင်းအတာထိ မြုပ်ဆင်းသွားမည်ဆိုတာလည်း ခန့်မှန်းလို့မရ။

တစ်ပေလား၊ ဆယ်ပေလား၊ ပေတစ်ရာလား။ ဒါမှမဟုတ် တစ်ကျွန်းလုံးလား။

သေချာတာက အချိန်မရွေးကျွန်းကြီး ရေအောက်ရောက်သွားနိုင်ပါသည်။ ဒီအန္တရာယ်မှလွတ်အောင် သူတို့ဘယ်လို ဖန်တီးကြမလဲ။ ဘယ်လိုလွတ်လမ်းရှာကြမလဲ။

ကိုမိုးကြီးက . . .

"ဒီအခြေအနေရောက်မှ မထူးတော့ပါဘူး။ အချိန်မရွေးသေမဲ့အတူတူ ငါသိသမျှ မင်းကို အားလုံးပြောပြတော့မယ်"

"ဟုတ်ပြီ . . . ။ ကျွန်တော်လည်း သိထားသလောက် ပြောပြမယ်ဗျာ။ ပြီးမှ ကျွန်တော်တို့တွေ ဘာကြောင့် ဒီအချိန်ထိရောက်အောင် တစ်ယောက်ကိုတစ်ယောက် ဖုံးကွယ်ထားသေးတာလည်းဆိုတာကိုထပ်ဆွေးနွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကြီးမှာ ရယ်လေသည်။ သူလည်း အလိုက်သင့်လိုက်ရယ်ဖြစ်သည်။ ဟုတ်၏။ သူတို့နှစ်ဦးလုံးရဲ့ရင်ထဲမှာ အခုချိန်ထိ တစ်ယောက်ကိုတစ်ယောက် ဖုံးကွယ်ထားမှုတွေ ရှိနေပါသည်။ ဘာကြောင့်ဆိုသည်ကိုတော့ သူတို့မှလွဲ၍ သိလိမ့်မည်မဟုတ်ပါ။

ယခုတော့ ဖုံးကွယ်ရန် အခြေအနေတွေ ကုန်ဆုံးသွားခဲ့ပါပြီ။ ပွင့်လင်းချိန်တန်ပြီ၊ မဟုတ်လျှင် သူတို့အသက်တွေမှာ အတိုင်းမသိ နက်ရှိုင်းလှသော ပင်လယ်သမုဒ္ဒရာ၏ ဟိုးအောက်ဆုံးကြမ်းပြင်၌ ထာဝရ ကိန်းအောင်းရတော့မည် မဟုတ်ပါလား။

သူ မသေချင်သေး။ ထို့အတူ ကိုမိုးကြီးလည်း ရှင်သန်ချင်လိမ့်ဦးမည်။ ထို့ကြောင့် . . .

“ခင်ဗျား အရင်ပြောဗျာ”

မိုးစင်စင်လင်းလာပြီဖြစ်သည်။ သို့ပေမဲ့ ပတ်ဝန်းကျင်က မှုန်ကုပ်ကုပ်ဖြစ်နေပါသည်။ ကောင်းကင်တစ်ခွင်လုံး မိုးတိမ်များ ဖုံးလွှမ်းနေသည်ကြောင့် အရင်နေ့တွေကလို လန်းဆန်းမှုမရှိ။ ကျေးငှက်တွေမှာတော့ ထုံးစံမပျက် သူတို့ဘာသာဘာဝ ပြောဆိုဆက်ဆံနေကြသည်။

ထိုကျေးငှက်သံတွေကြားမှာပင် ကိုမိုးကြီး၏ အသံပျော့ပျော့က တိုးဝင်ရောနှောလာ၏။

“ငါ ဒီကျွန်းပေါ်ကိုရောက်လာပြီး တစ်လမပြည့်ခင်ပေါ့။ တစ်နေ့ ရေကန်စပ်မှာ ရေခပ်နေတုန်း ငါ လူတစ်ယောက်နဲ့တွေ့တယ်။ အဲ့ဒီလူကတော့ မနေ့ညက မင်းနဲ့ငါတွေ့ခဲ့ရတဲ့ ဦးစိုင်းလုံဆိုတာပဲ။ သူ့နာမည်အရင်းက စိုင်းလုံဖ။ ဘယ်လိုပြစ်မှုမျိုးနဲ့ ရောက်လာတယ်မသိဘူး။ စကားလည်း သိပ်မပြောဘူး။ သဘောကတော့ တော်တော်ကောင်းတယ်။ ငါ့ကိုလည်း နွေးနွေးထွေးထွေး ဆက်ဆံတယ်။

ဒါပေမဲ့ တစ်ခုဆိုးတာက သူ့မှာ နေရာအတည်အကျမရှိဘူးကွ။ ကြုံရာမှာအိပ်၊ ကြုံသလိုစားပြီး ကျွန်းကလွတ်အောင် အချိန်ပြည့်ကြံဆနေတာ။ ငါက ဒီကျွန်းပေါ်မှာနေရတာ ဒုက္ခဘယ်လိုရောက်ကြောင်း



ညည်းတော့ ရယ်တယ်ကွ။ သူကမေးတယ်။ မင်းကျွန်းပေါ်ရောက်နေတာ ဘယ်လောက်ကြာပြီလဲတဲ့။ ငါက တစ်လလောက်ရှိပြီပြောတော့ အကြာကြီး ထပ်ရယ်တယ်”

သူဆို ခုနစ်နှစ်ရှိပြီတဲ့။ ဒါပေမဲ့ အခုအချိန်ထိ ထွက်ပေါက်နဲ့ ယောင်လို့တောင် မနီးစပ်သေးဘူးတဲ့။ ငါတော်တော် အံ့သြသွားတယ်။ ခုနစ်နှစ်လုံးလုံးရှာတာတောင် နီးစပ်မှုမရဘူးဆိုတော့ ငါလိုတစ်လမပြည့်တဲ့ကောင်အတွက် ပြေးစရာရှိတော့ဘူးလေ”

လက်ယာ စိတ်ဝင်တစား နားထောင်နေမိပါသည်။ ကိုမိုးကြီးကတော့ အတိတ်ကို ပြန်ပြောင်းအောက်မေ့သွားသည်ထင်၏။ မျက်နှာပေါ်၌ မသိနားမလည်နိုင်သော အရိပ်အငွေ့တွေ ထင်ဟပ်နေသည်။

“သူက ထပ်မေးတယ်။ မင်း ဒီကျွန်းပေါ်ရောက်တာ တစ်လပြည့်တော့မယ်ဆိုတော့ ဘာတွေသိထားပြီးပြီလဲတဲ့။ ငါက သူ ဘာအဓိပ္ပာယ်နဲ့မေးမှန်း နားမလည်ဘူး။ ဒီတော့ သူက ထပ်မေးတယ်။ ထွက်ပေါက်နဲ့ ပတ်သက်ပြီး မေးတာတဲ့။ ငါလည်း ဘာမှ သိမထားတော့ မသိဘူးဘဲ ဖြေလိုက်တယ်။

အဲ့ဒီမှာ ဦးစိုင်းလုံ နာနာကျင်ကျင် တစ်ခွန်းပြောတယ်ကွ။ အင်္ဂလိပ်လိုပြောတာ water တဲ့။ ခုနစ်နှစ်လုံးလုံး ထွက်ပေါက်နဲ့ပတ်သက်ပြီး သူရှာလို့တွေ့တာ 'water' ဆိုတာ တစ်လုံးတည်းပဲတဲ့။ တော်တော်ဝမ်းနည်းပြီးတော့ကို ပြောတာ။

ငါလန့်သွားတယ်ကွာ။ ဒီကျွန်းရဲ့ လွတ်မြောက်လမ်းက အဲဒီလောက်တောင် ခက်လားပေါ့”

'water' ဟူသောစကားက မေ့လျော့နေသော သူ့ဦးနှောက်ကို သတိပေးလိုက်ပါပြီ။ ဒါ ဦးစိုင်းလုံဆီမှ အကြိမ်ကြိမ်ကြားနေရသော စကား။

“အခုတော့ ဒီကျွန်းပေါ်မှာ အသက်ရှင်ရပ်တည်နိုင်ဖို့နဲ့ လွတ်မြောက်ဖို့က ဘယ်လောက်ခက်ခဲကြောင်း လက်တွေ့ခံစားနေရပြီ”



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကြီးရဲ့ မချိတင်ကဲ စကားဆုံးတော့ . . .

"ဦးစိုင်းလုံအကြောင်းကို ဆက်ပါဦး"

"သူနဲ့အတူနေစဉ်တစ်လျှောက် ငါ ထပ်သိခဲ့တာတွေ ရှိသေးတယ်။ ကျွန်းကို တည်ဆောက်ခဲ့တဲ့ ပညာရှင်တွေက လွတ်မြောက်လမ်းနဲ့ ပတ်သက်ပြီး ကျွန်းပေါ်မှာ နံပါတ်စဉ် တွေ တပ်ထားတယ်တဲ့။ အဲ့ဒီထဲက နံပါတ် (၃) ခုကို သူပြောပြလို့ ငါ သိခဲ့တယ်"

လက်ယာ ဦးခေါင်း ဆတ်ခနဲမော့သွား၏။ မျက်လုံးမှာလည်း မျှော်လင့်ခြင်းရောင်ခြည်တွေ လင်းသွားမည်ထင်သည်။ ကိုမိုးကြီးက သဘောပေါက်စွာ . . .

"မပူပါနဲ့။ အဲ့ဒီနေရာ (၃) ခုလုံးကို ပြီးရင်မင်းကိုငါလိုက်ပြပေးမယ်။ ကျန်တဲ့ အရေးကြီးအချက်တွေကိုလည်း အဲတော့မှ ထပ်ပြောတာပေါ့။ မဟုတ်ရင် မင်း နားရှုပ်သွားလိမ့်မယ်။ ယုံရလည်း တော်တော်ခက်တယ်ကွ"

တမင်လျှို့တာလားဟူသည် သဘောဖြင့်ကိုမိုးကြီးကို ကြည့်မိပါသည်။ ဒါပေမဲ့ ကိုမိုးကြီးမျက်နှာက ပကတိတည်ငြိမ်နေ၏။ အရင်ကထက်တောင် ပေါ့ပါးရွှင်လန်းလာသလို ရှိသည်။ တစ်ခါတစ်ရံမှာ တွေ့ရသည့် ဖုံးကွယ်မှုအရိပ်အငွေ့တွေတောင် ယခု မတွေ့ရတော့။

လူကဲခတ်မည့်သူမို့ ကိုမိုးကြီးအမှန်ကို ပြောနေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် သိချင်စိတ်ကို လျှော့ကာ မမေးမဖြစ်မေးခွန်းတစ်ခုကိုသာ မေးလိုက်သည်။

"ဦးစိုင်းလုံနဲ့ ဘယ်လိုဖြစ်ပြီး လမ်းခွဲသွားတာလဲ"

"လမ်းခွဲတာမဟုတ်ဘူး . . . လမ်းပျောက်သွားတာ။ ငါတို့နှစ်ယောက်နံပါတ် (၆) နယ်မြေမှာ လမ်းပျောက်သွားတယ်။ လမ်းစဆက်ရှာပေမဲ့ မရခဲ့ဘူး။ အဲ့ဒီနောက်မှာ ဦးစိုင်းလုံ ပျောက်သွားတာပဲ။ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့တာ။ ငါ ကျွန်းပေါ်မှာ တစ်ယောက်



တည်းရပ်တည်ခဲ့တဲ့ သုံးနှစ်လုံးလုံးဆိုပါတော့။ ညကတွေ့တာ ဒီသုံးနှစ်အတွင်း ပထမဆုံးအကြိမ်ပဲ"

ကိုမိုးကြီးစကားတို့ ရပ်သွားသည်။

"ဆက်ပြောလေဗျာ . . ."

"ပြီးပြီလေကွာ။ အဲဒါ ငါဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းအစုံပဲ။ ဒီကျွန်းပေါ်မှာ သက်ရှိလူနှစ်ယောက်နဲ့ ငါ ရင်းနှီးခဲ့တယ်။ တစ်ယောက်က ဦးစိုင်းလုံ နောက်တစ်ယောက်က မင်း . . ."

"ဒါပဲပေါ့ . . ."

"မင်းကို မပြောပြဖြစ်သေးတဲ့ ဇာတ်လမ်းက ဒါ အကုန်ပဲ"

လက်ယာ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ကိုမိုးကြီးမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လွှတ်ချလိုက်သလို ပေါ့ပါးသွားပုံရလေသည်။ ပျော်သွားပုံလည်း ရသည်။

"ကဲ . . . ဒီတစ်ခါ မင်းအလှည့်"

အလှည့်ကျမှတော့ နှဲ့စရာမလိုတော့ပါ။ သူ ကျွန်းပေါ်စရောက်သည်မှစ၍ ကြုံတွေ့ရသမျှတို့ကို တစ်ခုချင်း ပြောပြလိုက်သည်။ အဲ့ဒီထဲမှာ ကိုမိုးကြီး စိတ်ဝင်စားသော တချို့အချက်တွေလည်း ပါဝင်နေပါသည်။ သူ့စကားဆုံးဆုံးချင်းမှာပဲ . . .

"အဲဒါဆို မင်း ဦးစိုင်းလုံကို အရင်ကတည်းက မြင်ဖူးထားတာပေါ့"

"ဦးစိုင်းလုံတင် မဟုတ်ဘူး။ မနေ့ညက တွေ့ခဲ့ရတဲ့ ခေါင်းတုံးပြောင်နဲ့ လူရော၊ နောက်သုံးယောက်ကိုပါ တွေ့ဖူးတယ်။ သူတို့ထဲမှာ ထူးထူးခြားခြား မိန်းကလေးတစ်ယောက်ပါတယ်"

"ဟုတ်လား . . ."

"ညကတွေ့ခဲ့တဲ့ ခေါင်းတုံးနဲ့လူနာမည်က ကတ်လူတဲ့"

"ကျန်တဲ့လူတွေကတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"အကုန်လုံးတော့ မသိဘူး။ သူတို့ထဲမှာ တော်တော်ထူးခြား လူတစ်ယောက်လည်းရှိတယ်။ မျက်လုံးနဲ့ သွားကလွဲပြီး တစ်ကိုယ်လုံး မည်းနက်နေတာ နာမည်က 'သားတွေး'တဲ့။ ပြီးတော့ သူက အပူတော် တော်ကြောက်တယ်"

"ကပ္ပလီလား . . ."

"မဟုတ်ဘူး . . . ။ ကျွန်တော်တို့လို ဘာသာစကားကို ဟန်ကျပန်ကျပြောတာ။ လူမျိုးခြားမဟုတ်ဘူး"

"မင်းပဲ အသားမည်းတယ်ဆို"

"ထူးခြားတယ်ဆိုတာ အဲဒါပဲလေ။ ကျွန်တော်တို့လို ဘာသာ စကားပြောပြီး အသားအရောင်က လုံးလုံးမတူဘူး"

ကိုမိုးကြီး ငြိမ်ကာ သွားပါသည်။ မျက်လုံးကို မှေးကျင်းကာ အလေးအနက်တွေးတောပုံပေါက်သွား၏။ တစ်အောင့်ကြာတော့ . . .

"ထူးတော့ ထူးဆန်းတယ်နော် . . ."

"ဘာကိုလဲ . . . သားတွေးကို ပြောတာလား"

"မဟုတ်ဘူး။ သူတို့နဲ့ မင်းဆုံဆည်းခဲ့ရတဲ့ အချိန်တွေကိုပြော တာ။ အားလုံးက ညဘက်ကြီးပဲ ဖြစ်နေတယ်လေ"

တွေဝေမယ်ဆို တွေဝေလောက်ပါသည်။ ဟုတ်၏။ ဆုံတွေ့ခဲ့ရ သမျှ အကြိမ်တွေကို ပြန်လှန်ကြည့်ရင် အားလုံးက ညအချိန်တွေပဲ ဖြစ် လို့နေပါသည်။

"ကျွန်တော် လက်မခံတာလည်း အဲဒါပဲ။ အနည်းဆုံးနေ့ဘက် မှာ တစ်ကြိမ်တစ်ခါလောက်တော့ တွေ့သင့်တာပေါ့ဗျာ။ ပြီးတော့ ကျွန် တော်တို့က အငြိမ်ထိုင်နေတာလည်း မဟုတ်ဘူး။ ခြေတိုအောင်ပတ်ပြီး လမ်းရှာနေတာ။ ဒါကို အရိပ်အယောင်လေးလောက်တောင် မတွေ့ရဘူး ဆိုတော့ . . .

လက်ယာ စကားရပ်သွားစဉ် . . .



"တစ်ခုတော့ ရှိတယ်ကွ။ သူတို့အားလုံးက နေ့နဲ့ည မှားနေတဲ့ လူတွေလားမှ မသိတာ"

ထိုစကားက လက်ယာကို တွေဝေသွားစေပါသည်။ တွေဝေမှု နှင့်အတူ ခေါင်းထဲသို့လည်း ဖြစ်နိုင်ခြေတစ်ခု ရောက်လာသည်။

"နေ့ဘက်မှာ အဆင်မပြေလို့ အချိန်ပြောင်းပြီး လွတ်လမ်းရှာ နေကြတာလို့ ပြောချင်တာလား"

သူ့အမေးကို ကိုမိုးကြီးက မဖြေ။ သူ့အတွေးကိုသာ ချပြ သည်။

"ငါနဲ့ဦးစိုင်းလုံ ကွဲသွားတာ သုံးနှစ်ရှိပြီကွ။ စတွေ့တော့ သူ ဒီကျွန်းပေါ်မှာ ခုနစ်နှစ်နေပြီးနေပြီ။ အဲ့ဒီကာလတွေအတွင်း နေ့အလင်း ရောင်ရှိတဲ့အချိန်ပဲ။ ကျွန်းရဲ့ လွတ်မြောက်လမ်းကို ရှာဖွေခဲ့ကြတာ။ အခု ဆို သူ့အတွက် ဆယ်နှစ်။ ဆယ်နှစ်လုံးလုံး ကြိုးစားတာတောင် မလွတ် မြောက်သေးတဲ့အခါမှာ မူလလုပ်နည်းလုပ်ဟန်တွေကို သံသယဝင်ချင် ဝင်လာနိုင်တယ်လေ။ ဒီတော့ ကြိုးစားမှုအချိန်နှင့် အပိုင်းအခြားကိုလည်း ပြောင်းပစ်ချင် ပြောင်းပစ်နိုင်တယ်"

ကိုယ်မိုးကြီး တွေးဆမှုက ယုတ္တိရှိသလို ခံစားရသည်။ ဖြစ် လည်း ဖြစ်လောက်ပါသည်။ ဆယ်နှစ်လုံးလုံး ရှုံးနေရသူတစ်ယောက် အတွက် သူ့ရဲ့ ကြိုးစားမှုနည်းစနစ်တွေကို သံသယ ဝင်ကောင်းဝင်နိုင် ပါသည်။ နည်းမှားနေလို့လား။ (သို့) အချိန်မှားနေလို့လားဟူသည့် သံသယဖြင့် ပြောင်းလဲကောင်း ပြောင်းလဲပစ်နိုင်၏။

နေ့ဘက်မှာ လမ်းမပေါ်ဘဲ ညတွင်ပေါ်သည့် လမ်းမျိုး ဤ ကျွန်းမှာ ရှိကောင်းရှိနိုင်ပါသည်။ ထို့အတွက် ကိုမိုးကြီးစကားကို လက် ခံခေါင်းညိတ်လိုက်၏။ ညတွင် နိုးထပြီး နေ့တွင်အိပ်စက်တတ်သော လူတစ်စုများလား . . .။

"မင်းပြောသလိုဆို သူတို့ခန့်မှန်းချက်တွေက ကွက်တိမှန်နေ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဒါကိုတော့ ငြင်းပယ်၍မရ . . .

"ကတ်လူခန်းမှန်တာက လပြည့်ကျော်နှစ်ရက် ခေါင်ရေမရောက်ခင် ပထမရက်"

"အခုက လပြည့်ကျော် (၁) ရက်"

နှစ်ဦးသားငြိမ်ကာ သွား၏။ ကိုယ်စီအတွေးတွေဖြင့် နှုတ်ဆိတ်သွားကြသည်။ ကတ်လူ ခန့်မှန်းမှုမှာ လုံးဝ ဒက်ထိကို မှန်နေပါသည်။ ဒီကျွန်းကြီးရဲ့ နောက်ဆုံးတောင့်ခံနိုင်ချိန်က လပြည့်ကျော် (၂) ရက်။ ထိုနေ့ပြီးလျှင် ခေါင်ရေ။

ခေါင်ရေအတက်ကို ဘယ်လိုမှတောင့်ခံနိုင်ဖွယ်မရှိဟု ခန့်မှန်းထားခြင်းဖြစ်ပါသည်။ ဒီကြားထဲ လျှော်ဒဏ်ကြောင့် ကျွန်းကြီးက အချိန်မရွေး ရေအောက်သို့ မြုပ်ဆင်းဖွယ်ရှိနေ၏။

သူတို့အတွက် အချိန်မကျန်တော့။ ဒီနေ့ရယ်၊ မနက်ဖြန်ရယ်။ တကယ်လို့ ထိုအခြေအနေထက် စောသွားခဲ့လျှင်ရော . . .

အခုချိန်ဆို ဦးစိုင်းလုံတို့အုပ်စုရော ဘာတွေလုပ်နေကြပြီလဲ။ ဤကျွန်းမှ လွတ်မြောက်ရန် အသည်းအသန် ကြိုးစားနေကြပြီလား။

ထိုစဉ်မှာပဲ . . .

"သြော် . . . နေဦးကွ။ မင်းကိုပြဖို့ တစ်ခုရှိသေးတယ်"

ပြောပြောဆိုဆို ကိုမိုးကြီး တဲပေါ်တက်သွားသည်။ တဲအတွင်းပိုင်း အစအဆုံးမြင်သောနေရာမှာ ထိုင်နေခြင်းဖြစ်သည်မို့ ကိုမိုးကြီး ပြုလုပ်သမျှ အကုန်မြင်နေရပါသည်။ ကိုမိုးကြီးက တဲခေါင်းရင်းဘက်တွင်ထားထားသော သူ၏သေတ္တာလေးကို အဖုံးဖွင့်သည်။ ထိုသေတ္တာလေးမှာ ကိုမိုးကြီး မည်သူ့ကိုမျှ အထိမခံဘဲ သိမ်းဆည်းထားသော သေတ္တာလေး။ ပြီးတော့ ထိုအထဲမှ ဝါညစ်ညစ်အဝတ်ဖြင့် ပတ်ထားသော အရာလေးတစ်ခုကိုကိုင်ကာ ပြန်ဆင်းလာပါသည်။

လက်ယာ စိတ်ဝင်တစား ကြည့်နေမိသည်။ ဝါညစ်ညစ်အဝတ်



ဖြင့် ပတ်ထားသော အရာလေးမှာ ဘာလဲ၊ မည်သူ့ကိုမျှ အထိမခံဘဲ ခုန်းကွယ်သိမ်းဆည်းထားသည်ကို ကြည့်ခြင်းဖြင့် . . .

ရှေ့ကိုရောက်တော့ ကိုမိုးကြီးက ဖုံးအုပ်ထားသော အဝတ်ကိုဖယ်၏။ အဝတ်အောက်မှာ ထွက်ပေါ်လာသည်ကား . . .

အရုပ်တစ်ရုပ်၊ ရှင်းအောင်ပြောရပါက ကြေးဖြင့် သွန်းလုပ်ထားသော တစ်ပေသာသာ အရုပ်လေး၊ လက်နှစ်ဖက်ကို အပေါ်မြှောက်ကာ ဘော်ဝိုင်းသဏ္ဍာန် ကွင်းဝိုင်းလေးတစ်ခုကိုကိုင်ထားသည်။ မျက်နှာမှာတည်ကြည်ပြီး အချွန်အတက်ပါသော ချပ်ဝတ်တန်ဆာတွေကို ဝတ်ထားသည်။

ကြည့်ရုံနှင့်ပင် အရှိန်အဝါတစ်ခု ကိန်းဝပ်နေသလို ခံစားရသည်။ ယူကြည့်လိုက်တော့ အရုပ်လေးက လေးပင်စွာ လက်တွင်းပါလာသည်။ အောက်ခြေမှာ ကြေးနီဖြင့် အဝိုင်းပြားခံထားပြီး တောင်မတ်လို့ရသော ပုံသဏ္ဍာန်ဖြစ်ပါသည်။

ထိုကြေးနီအဝိုင်းပြားပေါ်မှာပင် ရေးထိုးထားသည်ကား . . .

"Titan"

စာတစ်လုံးချင်း အသံထွက်ဖတ်ပြီးသွားချိန်မှာ . . .

"ဟာ . . . ဒါ ကမ္ဘာစောင့်နတ်မင်း ရုပ်တုပဲ"

လက်ယာ တအံ့တသြဆိုတော့ ကိုမိုးကြီးပင် မျက်လုံးပြူးသွား၏။ ပြီး ကပျာကယာပင် အရုပ်လေးကို လက်တွင်း ပြန်ယူကြည့်သည်။ 'ကမ္ဘာစောင့်နတ်မင်းရုပ်တု' ဟူသည်ကြောင့် အံ့သြလှုပ်ရှားသွားခြင်းဖြစ်တာ . . .

လက်ယာကို တစ်လှည့်၊ လက်တွင်းမှ ရုပ်တုကို တစ်လှည့် ကြောင်ငေးလျက် . . .

"ဒီဟာကို ဘယ်ကရတာလဲ"

အလျင်စလို မေးလိုက်သော လက်ယာစကားကြောင့် . . .

"ဘယ်နေရာကဆိုပြီး အတိအကျတော့ မပြောတတ်တော့ဘူး ခလုတ်တိုက်မိပြီး ကောက်ရခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

ပိုလိုပင် အုံ့အားသင့်သွားရပါသည်။ ဒီ 'Titan' ရုပ်တုကို ခလု
တိုက်ပြီး ရခဲ့တာတဲ့။

"ဒီအရုပ်ကောက်ရပြီးတဲ့ အချိန်ကစပြီး ငါကျွန်းပေါ်က လွ
မြောက်သွားတယ်လို့ ခဏခဏ အိပ်မက်မက်တယ်။ အိပ်မက်ထဲ
တောင် ပျော်လိုက်တာကွာ။ ငါ့လောက်ပျော်တဲ့သူ ဒီကမ္ဘာမှာ မရှိ
သလိုပဲ။

အဲဒါကြောင့် ငါ ဒီအရုပ်လေးကို မြတ်မြတ်နိုးနိုး သိမ်းထ
တာ။ ငါ့ရဲ့ ကံကောင်းစေတဲ့ လက်ဆောင်အဖြစ်ပေါ့။ ဒီအရုပ်လေးရှိ
လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ငါ ဒီကျွန်းကနေ သေချာပေါ
လွတ်မှာ"

ထိုအတိုင်းဖြစ်ပါစေလို့သာ ဆုတောင်းရုံရှိတော့၏။ လက်
အရုပ်လေးကို သေချာထပ်ကြည့်ကာ . . .

"ဒါ ကမ္ဘာစောင့်နတ်မင်းရုပ်တုဆိုတာ ခင်ဗျား တကယ်
ဘူးပေါ့"

"မသိဘူး . . . ။ ဒါပေမဲ့ ဟောဒီကျွန်းနဲ့ ကြီးကြီးမားမား
သက်မှုတစ်ခု ရှိလိမ့်မယ်ဆိုတာတော့ သိနေတယ်"

ဟုတ်မှာပါ။ လက်ယာ စိတ်ထဲမှထောက်ခံဖြစ်သည်။ အကြော
မဲ့တော့ ဒီရုပ်ထုက ကျွန်းပေါ်ရောက်နေမှာ မဟုတ်။ ကိုမိုးကြီးက အ
လေးအား အဝတ်ဖြင့်ပြန်ပတ်ကာ ကျောမှာလွယ်သည်။

ပြီး ဓားမြှောင်ကို ခါးမှာထိုး၏။ လေးကိုကိုင်၊ မြားပလိုင်း
ပခုံးမှာချိတ်ကာ . . .

"ကဲ . . . သွားရအောင်"

"ဘယ်ကိုလဲ . . ."

"ငါတို့အတွက် အချိန်နှစ်ရက်ပဲ ရတော့တယ်လေ"



# XXVII

"ဦးစိုင်းလုံပြောတာက ကျွန်းကိုတည်ဆောက်သွားတဲ့ ပညာရှင်
ကြီးက ကျွန်းရဲ့အထင်ကရ နေရာတွေကို နံပါတ်စဉ် တပ်သွားတယ်တဲ့။
ဒီဂူက နံပါတ်တစ်။

ကိုမိုးကြီးညွှန်ပြသောဂူကို အစောပိုင်းကာလက လက်ယာ
ရှာဖွေထားပါသည်။ ရေကန်ရဲ့အောက်ဖက်မှ (1)ဟူပြီး ရေးထိုးထား
သော ဂူကြီး။ သူ့ကို ရေကန်သို့ လမ်းညွှန်ပေးခဲ့သည့် ကျောက်ဂူ။

ပြီးတော့ ဤဂူတွင်းထဲမှာ လူရိုးစုတစ်ခုရှိနေသည်။

"ဒီဂူထဲကို ကျွန်တော်ရောက်ဖူးတယ်။ လူရိုးစုတစ်ခုလည်း တွေ့
ခဲ့တယ်။ ကျွန်တော် ရေကန်ကို ရှာတွေ့ဖို့ သဲလွန်စပေးတာ ဒီဂူပေါ့"

"ဟုတ်လား . . . ဒါက နံပါတ် (၁) တဲ့"

• • •

ဒီရေကန်ကြီးက နံပါတ် (၇)။

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းရဲ့တစ်ခုတည်းသော ရေချိုကန်ကြီးကိုကြည့်ပြီး လက်ယာ ကြောင်သွားသည်။ လုံးဝ ထင်မှတ်မထားပါချေ။

"ဘာကြောင့်လဲဗျ။ အောက်ကဂူလိုမျိုး နံပါတ်ထိုးထားတာလည်း မတွေ့ပါဘူး"

"မင်း သတိမထားမိလို့ပါ။ ရေလယ်ကောင်က ကုန်းမို့မို့လေးကို သေချာကြည့်လိုက်။ အဲဒါ ရေနည်းလို့ အလိုလိုပေါ်လာတဲ့ ကုန်းမြေမဟုတ်ဘူး။ တမင်တကာရေပေါ် ပေါ်အောင် ဖန်တီးထားတဲ့ ကုန်းမြေ။ လာ . . . ဒီနေရာက လာကြည့်"

ကိုမိုးကြီး ခေါ်ရာနောက်သို့လိုက်ပြီး ရေလယ်ကို လှမ်းကြည့်တော့ . . .

"ဟင် . . ."

တကယ်ပါပဲ။ သူ သတိမထားမိခဲ့ပါ။ အရင်နေ့တွေလို ကျောငှက်အပေါင်း နားနေခြင်းမရှိသည်မို့ ကုန်းမြေမို့မို့က ထင်ရှားစွာပေါ်နေသည်။ အင်္ဂလိပ်အက္ခရာ (7)သဏ္ဍာန်ဖြစ်၏။

"ကျွန်တော်က ရေလယ်မှာ သောင်ထွန်းနေတာလို့ပဲ ထင်ထားတာဗျ"

"မဟုတ်ဘူး။ ရေနည်းတဲ့အခါလည်း ဒီအတိုင်းပဲ။ ရေများတဲ့ မိုးတွင်းမိုးအခါဆိုရင်လည်း ရေလယ်မှာ ဒီ (7) ပုံစံကပေါ်နေတာ။ ငှက်တွေနားမနေလို့ ရှင်းရှင်းမြင်ရတာ။ မဟုတ်ရင် မင်း သေချာမြင်ရမှာ မဟုတ်ဘူး"

အံ့သြပါရဲ့။

ရေကန်ဟာ နံပါတ် (၇) တဲ့။

• • •

"ဒါကတော့ နံပါတ်(၆) နယ်မြေပဲ။ ငါနဲ့ ဦးစိုင်းလုံ လူချင်းကွဲသွားတာ ဒီနယ်မြေထဲမှာပေါ့"



လက်ယာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရင်း . . .

"ကျွန်တော်တို့ အရင်နေ့တွေက လမ်းရှာရင်း ရောက်ခဲ့သလိုပဲ"

ကိုမိုးကြီးက ပြုံးကာ . . .

"မင်း မှတ်မိသားပဲ။ ဟုတ်တယ်။ ငါတို့ ဒီဘက်ကို ခဏခဏ ရောက်တယ်။ မင်းကိုပဲ ပြောပြမထားတာ"

ထိုစကားကြောင့် အတိတ်တစ်ခုကိုသတိရ၏။ ထို့ကြောင့် ...

"နောက်ထပ် ဖုံးကွယ်ထားတာတွေ ရှိသေးလား"

ကိုမိုးကြီးက မချိပြုံးတစ်ခုကိုပြုရင်း . . .

"မရှိတော့ပါဘူးကွာ။ ငါတို့တွေ အတ္တကင်းချိန်တန်ပြီလေ"

သူတို့နှစ်ယောက်လုံး ဟက်ဟက်ပက်ပက် ရယ်မိကြပါသည်။ ကိုယ့်အပြစ်ကိုယ်တွေးပြီးတော့လည်း ရှက်စိတ်ဖြစ်မိသည်။ လူ့စိတ်ရဲ့ သဘောသဘာဝကိုလည်း ယခုမှ ကိုယ်တိုင်ကိုယ်ကျ နားလည်လိုက်ပါသည်။

သူနှင့်ကိုမိုးကြီး အတူသွားအတူစားပြီး ရည်ရွယ်ချက်တစ်ခုတည်းကို အတူတူလျှောက်လှမ်းနေကြပေမဲ့ ဘယ်လောက်ပဲရင်းနှီးနေပါစေ။ တစ်ယောက်ကိုတစ်ယောက် ဖုံးကွယ်မှုတွေတော့ ရှိနေကြသေး၏။

ယခုလို သေဘေးနှင့် နီးကပ်လာမှသာ အကုန်လုံး ပွင့်အန်လာကြခြင်းဖြစ်သည်။ဒါက လူတွေရဲ့ သဘောသဘာဝပါပဲ။ လူတိုင်းလိုလိုမှာ ရှိတတ်ကြတဲ့ အတ္တတစ်ခုပါပဲ။ တချို့ကတော့ အကြောင်းပြချက်ရှာကာ 'ကိုယ့်အတွက် ဝှက်ဖဲတစ်ချပ်ချန်ထားသည်'ဟု ခေါင်းစဉ်လှလှ တတ်ကြလိမ့်မည်။

သို့ပေမဲ့လည်း တကယ့်တကယ်မှာတော့ . . .

"ဒါ . . . ငါသိထားသမျှ အကုန်ပဲ။ ဒီ့ထက်ပိုပြီး ဘာမှမသိတော့ဘူး"

"ကျွန်တော် တစ်ခုမေးချင်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သူ့အပြောကြောင့် "ဘာမှမသိတော့ဘူး"ဟု စကားခံထားသည့် ကိုမိုးကြီး မျက်လုံးပြူးကာ ကြည့်သည်။

"ဒီနေရာကို ဘာလို့ နံပါတ် (၆) နယ်မြေလို့ သတ်မှတ်ထားတာလဲ"

"ခုန ရောက်နလိုပဲကွ။ အပေါ်စီးက ကြည့်မှပဲ သဘောပေါက်မှာ။ ဦးစိုင်းလုံပြောတာတော့ တို့ဘေးပတ်ပတ်လည်မှာရှိနေတဲ့ ကုန်းမြင့်တွေ၊ တောတန်းတွေက အင်္ဂလိပ်အက္ခရာ (၆)ပုံစံ ဖြစ်နေတယ်တဲ့။ ဟုတ်မဟုတ်တော့ ငါလည်း သေချာမကြည့်ဖူးဘူး။ နေရာက အကျယ်ကြီးကွ။ စုံအောင်လိုက်ကြည့်ရင် တစ်နေ ကုန်သွားနိုင်တယ်။ အဲဒါကြောင့် ငါနဲ့ ဦးစိုင်းလုံ ဒီနယ်မြေထဲမှာ လူချင်းကွဲသွားတာပေါ့။ ငါတို့ အခု ရောက်နေတာ အစပိုင်းပဲ ရှိသေးတယ်။ ဟိုးအတွင်းထဲကို ဆက်ဝင်ရဦးမှာ"

ကိုမိုးကြီး ညွှန်ပြသော အတွင်းဘက်ဆီသို့ မျှော်ကြည့်မိပါသည်။ အုပ်ဆိုင်းနေသော သစ်ပင်တွေ၊ တောတန်းကြီးတွေနှင့် မှိုင်းမှိုင်းကာနေသည်။ အထက်ပိုင်းဆီမှာတောင် မြူဖုံးပြီး ညို့နေ၏။

"အတွင်းက တောနက်တယ်ကွ"

တစ်ယောက်တည်း ပြောသလိုရေရွတ်ရင်း အတွင်းဘက်တိုးဝင်ရန်ပြင်တော့ . . .

"အတွင်းထဲမှာ ဘာရှိလို့လဲ"

လက်ထဲမှဓားဖြင့် နွယ်တစ်ချောင်းကို ခုတ်ဖြတ်သည်။ နွယ်မှာ တိခနဲပြတ်ကျရင်း ရှေ့သို့ ပုံကျလာ၏။ ထိုနွယ်ကို ဓားဦးဖြင့်ဘေးသို့ ကော်ထုတ်ကာ . . .

"အထိမ်းအမှတ် ကျောက်တိုင်တစ်ခုရှိတယ်"

* * *



# XXVIII

'ဘွား' ခနဲတွေ့တော့ ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင်ဖြစ်သွားရပါသည်။ ကျောက်တိုင်ကြီးက အကြီးကြီးမဟုတ်ပေမဲ့ ရပ်ငေးသွားရလောက်အောင် ဆွဲဆောင်မှုရှိသည်ဆိုတာတော့ သေချာ၏။

ခန့်မှန်းခြေ ပေနှစ်ဆယ်လောက်အမြင့် ရှိမည်ထင်ရသည်။ လုံးတော်မှာ အောက်ပိုင်းတုတ်ပြီး အဖျားရှူးသွားသည်မို့ ခန့်မှန်းလို့မရ။ ပွတ်လုံးသဏ္ဌာန်မဟုတ်ဘဲ လေးထောင့်စက်စက် ကျောက်တိုင်အမျိုးအစားဖြစ်ပါသည်။ ဘေးပတ်ပတ်လည်မှာ နှစ်ရှည်လများပေါက်ရောက်ထားသော မြက်ပင်ရှည်တို့မှလွဲ၍ သစ်ပင်ကြီးမရှိ။

တောအုပ်မှထွက်ထွက်ချင်း ဘွားခနဲတွေ့လိုက်ရသည်မို့ ခဏတာ မှင်သက်သွားရ၏။ သစ်လွင်လျက်ရှိသည်တော့ မဟုတ်ပါ။ မိုးဒဏ်၊ နေဒဏ်၊ လေဒဏ်တို့ကြောင့် ဟောင်းနွမ်းမှိန်ဖျော့လျက်ရှိနေပါပြီ။ ရေညှိတို့ တချို့တစ်ဝက် တက်နေပြီ။ အချို့နေရာတွေမှာတော့ ဖုန်နှင့်ချေးတွေ အထပ်လိုက်ကွာနေ၏။

ကြောင်ငေးသွားသော လက်ယာပုံစံကိုကြည့်ပြီး ကိုမိုးကြီးက . . .

"ဒါ 'နံပါတ် (၆)' နယ်မြေထဲက အထင်ကရနေရာတစ်ခုပေါ့



www.burmeseclassic.com

www.burmeseclassic.com

ကွာ။ ငါနဲ့ဦးစိုင်းလုံ ဒီနေရာမှာ နှစ်ရက်လောက်နေခဲ့ဖူးတယ်။ အနား သွားကြည့်ပါဦး။ မင်း ပိုပြီး စိတ်ဝင်စားသွားမှာပါ"

ကိုမိုးကြီးစကားကြောင့် လက်ယာ မြက်ပင်တို့ကိုနင်းဖြတ်ပြီး ကျောက်တိုင်ကြီးဆီ တိုးကပ်သွားလိုက်၏။ ကျောက်တိုင်ကြီးရဲ့အောက် ခြေမှာ စက်ဝိုင်းသဏ္ဌာန် ဆယ်ပေပတ်လည်လောက် ကျောက်သားခင်း ထားလေသည်။ ထိုအပေါ်မှာလည်း နွယ်မြက်တွေ၊ ကျောက်ကပ်ပင်တွေ မှာ ဟိုတစ်စ ဒီတစ်စ အက်ကွဲကြောင်းများကြား ပေါက်ရောက်လျက်ရှိ ပါသည်။

အနီးကပ်တွေ့တော့မှ ပို၍ ထုထည်ကြီးမားကြောင်း သိရသည်။ တစ်ပတ်ပတ်ကြည့်တော့ . . .

အောက်ဘက် တစ်နေရာတွင် . . .

| |
|---|
| ( ဥ ခေါင်းငယ် ဖိုဝင်)<br>လူ့ရွာမှ အပေါင်းအဖော်တစ်စု တည်ဆောက်ပြီးစီးသည်။ |

ရေးထိုးထားသော စာသားကိုဖတ်ကြည့်ပြီး ကိုမိုးကြီးပြောသည့် အတိုင်း စိတ်ဝင်စားမှုပိုသွားသည်။

ရက်စွဲမပါ၊ သမိုင်းကြောင်းမပါ။ ပြီးတော့ စိတ်ဝင်စားဖို့ကောင်း သော တစ်ခုက ကွင်းခတ်ထားသောစာသား။ ဤကျောက်တိုင်ကြီးရဲ့ နာမည်များလား။ ဖြစ်တော့မဖြစ်နိုင်ပါ။ အထိမ်းအမှတ်ပြု တည်ဆောက် ထားသော ကျောက်တိုင်ကိုတော့ ဤလိုနာမည်မျိုး ပေးလိမ့်မည်မထင်။

အောက်မှ တည်ဆောက်သူများရဲ့ နာမည်ကို ကြည့်ဦး။ 'လူ့ ရွာမှ အပေါင်းဖော်တစ်စု' တဲ့။ ဆန်းပြားနေတာတော့ သေချာသည်။ သူ့အထင် ဤကျွန်းကြီးအား တည်ဆောက်သွားသူ ပညာရှင်များ၊ စု



ပေါင်းစိုက်ထူခဲ့ကြသော အထိမ်းအမှတ် ကျောက်တိုင်ကြီးထင်ပါ၏။ အပေါ်မှ ကွင်းခတ်ထားသော စာသားမှာ ဆောက်လုပ်သူပညာရှင်တွေ ရဲ့နာမည်အတိုများလည်း ဖြစ်လောက်သည်။

နောက်ထပ်ထူးခြားမှုများကိုတော့ ဆက်မတွေ့ရပါ။ ကိုမိုးကြီး က အနားရောက်လာပြီး သူ့ပခုံးကိုပုတ်ကာ . . .

"ကဲ . . . ငါ့တာဝန်ပြီးပြီ။ ကျန်တာတော့ မင်းအပိုင်းပဲ"

လက်ယာ သက်ပြင်းတစ်ခုကို မှုတ်ထုတ်မိပါသည်။ ကိုမိုးကြီး ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်သည်။ သိရှိထားသမျှ အိတ် သွန်ဖာမှောက်ပြောပြပြီး သူ့နောက်မှ လိုက်တော့မည်ဟူသည့် သဘော ပါ။ ကြိုတွေးထားသော အခြေအနေတစ်ခုမို့ မတုန်လှုပ်ပါချေ။ ခက်တာ က ဘယ်ကစရမလဲ မသိချင်းပင်။

အချိန်မရှိ။

ရပ်နေလို့မရဘူးဆိုတာ နားလည်သည်။ ဒီတော့ ခေါင်းတွင်း မှာ မှတ်သားထားသော အကြောင်းအရာတွေကိုပဲ ပြန်စဉ်းစားလိုက်သည်။ ခဏတွင်းပင် ဝေဝါးနေသော အသိဉာဏ်မှာ ရှင်းလင်းကြည်လင်သွား ၏။ ထို့နောက်မှာ ဂရုတစိုက်မှတ်သားထားသော စကားတွေက သဲလွန် စတစ်ခုအဖြစ် ပြန်ပေါ်လာသည်။

ဦးစိုင်းလုံ၊ ကတ်လူနှင့် သားထွေးတို့ပြောခဲ့သည့်စကား . . .

"နံပါတ် (၅)နဲ့ နံပါတ် (၆) နယ်မြေ တစ်ခုနဲ့တစ်ခု ဆက်နေ တယ်။ နံပါတ် (၄) က နံပါတ် (၆) နယ်မြေထဲမှာ ပျောက်နေတယ်။ နံပါတ် (၄) ကိုတွေ့ရင် လမ်းစပြန်ရမယ်ဆိုတဲ့ စကား"

ထိုစကားက သဲလွန်စတစ်ခုအဖြစ် နားထဲမှာ ပြန်ကြားယောင် လာသည်။ ပြီးတော့ အကြိမ်ကြိမ်အခါခါ ကြားနေရသည့် 'water'။

ဆက်စပ်မှုတွေက ကြားခံမဲ့နေ၍ တစ်သီးတခြားစီဖြစ်နေပါ သည်။ လမ်းစတစ်ခုပေါ်လျှင်တော့ ထိုဆက်စပ်မှုတွေကို ရှာတွေ့နိုင်



www.burmeseclassic.com

www.burmeseclassic.com

လောက်၏။ အခုဟာက တစ်ခုနှင့်တစ်ခု ဘယ်လိုမှ ဆက်စပ်ကြည့်၍ မရ။

ထိုအခိုက်မှာပင် မေ့လျော့နေသော လူတစ်ယောက်ကို သတိရလိုက်၏။ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသတော်တော်ထွက်သွားသည်။

ဘာလို့ ကျွန်းစောင့်ကြီးကို မေ့နေတာပါလိမ့်။ ဘယ်ကစရမလဲဟူသော အဖြေမှာ ကျွန်းစောင့်ကြီးဆီမှာသာ ရှိပါလိမ့်မည်။ ကျွန်းစောင့်ကြီးကိုပဲ မေးရပါမည်။ လွယ်လွယ်နှင့်တော့ ဖြေမှာမဟုတ်။ သို့ပေမဲ့ သူ့မှာ နည်းလမ်းရှိ၏။ ထို့ကြောင့် . . .

"ကိုမိုးကြီး . . . ကျွန်တော့်ကို ကျွန်းစောင့်ကြီးနဲ့ ဆက်သွယ်လို့ရမယ့် speaker တွေ ကူရှာပေးစမ်းပါ"

"ဟေ . . . "

ခဏကြောင်သွားပေမဲ့ မကြာလိုက်။ မျက်လုံးနှစ်စုံမှာ နီးစပ်ရာသစ်ပင်တို့ပေါ် ဝေ့ဝဲသွားပါပြီ။

"ဟိုမှာ တွေ့ပြီ"

တွေ့တွေ့ချင်း အနားကိုပြေးကာ လက်ဖြင့်လှမ်းပုတ်ရင်း . . .

"ကျွန်းစောင့်ကြီး . . . "

အော်ခေါ်လိုက်ပေမဲ့ တုံ့ပြန်မှုမရ။

"ဗျို့ . . . ကျွန်းစောင့်ကြီး"

ငြိမ်ဝပ်လျက်ပင် ရှိနေပါသည်။ လက်ဖြင့် ထပ်ပုတ်သည်။

"ဘုတ် . . . ဘုတ် . . . "

တုံ့ပြန်သံမဲ့၊ အတော်ကြာသည်ထိ လှုပ်ရှားမှုမလာတော့ လက်ယာ စိတ်တိုလာပါသည်။

"ထားလိုက်ပါကွာ ပျက်နေတာနဲ့တူတယ်။ နောက်တစ်လုံး ထပ်ရှာကြတာပေါ့"

ဒီတစ်ခါတွင်တော့ တွေ့ရန် တော်တော်ကြာပါသည်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ပတ်ရှာတာပင် မတွေ့ပါ။



အချိန်မလောက်ငှလျှင် ကြုံနေကျအတိုင်းပါပဲ။

တွေ့မယ့်တွေ့တော့လည်း လက်တစ်ကမ်းအကွာမှာပင်ဖြစ်၏။ မောမောနှင့်ထိုင်နေတုန်း အရွက်ဖားဖား သစ်တစ်ပင်၏ပွကြားတွင်ဖြစ်ပါသည်။ သစ်ရွက်တွေဖုံးနေသည်မို့ တော်တန်ရုံမမြင်ရ။

တွေ့လျှင်တွေ့ချင်းပဲ . . .

"ကျွန်းစောင့်ကြီး . . . "

အကျယ်ကြီးအော်လိုက်တော့ ခပ်လှမ်းလှမ်းမှာ အမောဖြေနေသော ကိုမိုးကြီး ထလာသည်။ သူတို့နှစ်ဦး ကံကောင်းသွားခဲ့ပါပြီ။

"ပြောပါ . . . ဗျာ"

နောက်ဆုံးစကားကို အသံရှည်ဆွဲကာ မကြားရကြာပြီဖြစ်သော ကျွန်းစောင့်ကြီးအသံ ပေါ်လာ၏။

"ကျွန်တော်ခေါ်နေတာ ကြာပြီဗျ၊ မကြားဖူးလား"

"ဟေ . . . ဘယ်တုန်းက ခေါ်တာတုံး"

"ခုနလေးတင် ရှေ့က speaker နဲ့"

"ဟုတ်လား။ အဲဒီ speaker ပျက်နေတယ်နဲ့ တူတယ်ကွ။ ငါ မကြားရဘူး။ အခု မင်းအကျယ်ကြီးအော်လိုက်မှ ကြားတာ။ ဘယ်လိုလဲ အဆင်ပြေရဲ့လား"

"မပြေဘူး။ ကျွန်တော်တို့ နံပါတ်(၆)နယ်မြေထဲမှာ လမ်းပျောက်နေတယ်"

"အဲဒါ လူတိုင်းပဲလေကွာ။ မင်းတစ်ယောက်ထဲမှ မဟုတ်တာ။ ခင်းရှေ့လူတွေလည်း ဒီအတိုင်းကြုံရတာပဲ"

"လူတိုင်းကြုံတာ မှန်တယ်ဗျ။ သူတို့မှာ အကြိမ်ကြိမ်အခါခါ ထပ်ကြိုးစားဖို့ အချိန်ရှိတယ်။ ကျွန်တော့်မှာ မရှိဘူး"

"ဟေ . . . ဘာဖြစ်လို့လဲ"

လက်ယာနှင့် ကိုမိုးကြီး တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါသည်။ ပြီးတော့ လိုရင်းကိုသာ ရွေးထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားနဲ့ ကျွန်တော် အပေးအယူတစ်ခုလောက် လုပ်ရအောင် ဗျာ"

"ဟ . . . အထူးအဆန်းပါလား။ ဘယ်လိုအပေးအယူမျိုး လဲ"

သူ့စကားကို ကျွန်းစောင့်ကြီးက သွက်သွက်လက်လက်ပင် ပြန် မေး၏။ လက်ယာ သက်ပြင်းကိုချရင်း တစ်ခွန်းချင်းပြောလိုက်သည်။

"ခင်ဗျားအသက်အန္တရာယ်နဲ့ပတ်သက်တဲ့ အပေးအယူမျိုး"

"ဘာ . . . "

ကျယ်လောင်သွား၏။ ထင်မှတ်မထားသောစကားကို ကြားရ အတွက် ထိတ်လန့်သွားသလိုမျိုး။

"ဟုတ်တယ်။ ခင်ဗျားတင်မဟုတ်ဘူး၊ ကျွန်တော်တို့တွေအကုန် လုံးရဲ့ အသက်အန္တရာယ်ပါပါတယ်"

တိတ်ဆိတ်သွားပါသည်။ ကျွန်းစောင့်ကြီးဘက်မှ ချက်ချင်း စကားပြန်ထွက်မလာ။ လက်ယာနှင့် ကိုမိုးကြီးကတော့ speaker ကိုသာ အာရုံစိုက်ထားရ၏။ အတော်ကြီးကြာမှာ . . .

"ဘယ်လို အန္တရာယ်မျိုးတွေ ရှိနေလို့လဲ"

လေသံပျော့သွားသည်။ လက်ယာ ကျေနပ်သွားပါသည်။ ဘယ် သူမဆို ကိုယ့်အသက်ကိုတော့ ချစ်မြတ်နိုးတတ်ကြသည် မဟုတ်ပါလား။ ဒီတော့မှ ကြိုတင်တွေးထားသော စကားတို့ကို ဖွင့်ဟလိုက်သည်။

"ကျွန်တော်ပြောတဲ့ အပေးအယူဆိုတာ အဲဒါပဲ။ ခင်ဗျားအသက် ကို ကြိုတင်ကာကွယ်ဖို့ တိကျတဲ့ သတင်းတစ်ခုကို ကျွန်တော်ပေးမယ်။ ခင်ဗျားကလည်း ကျွန်တော်မေးမယ့်မေးခွန်းတစ်ခုကို ဖြေပေး"

"မင်း ငါ့ကို အကြောင်းလာရိုက်နေတာလား"

"ကျွန်တော် ကျိန်ပြောရဲတယ်ဗျာ။ အခုပြောမယ့်စကားတွေက လိမ်ဆယ်ပြီးပြောတာ တစ်ခုမှမပါဘူး။ ကျွန်တော် မသေချင်သေးဘူး။



ဘယ်သူ့ကိုမှလည်း အကြောင်းမဲ့ မသေစေချင်ဘူး။ ခင်ဗျားက လွှတ် လပ်တဲ့သူ၊ ကျွန်တော်တို့ထက် အခွင့်အရေးပိုရှိတယ်။ အဲဒါကြောင့် ကြို တင်ရှောင်လွဲလို့ရအောင် သတိပေးနေတာ"

သူ့စကားဆုံးတော့ . . .

"ငါ စိတ်ဝင်စားလာပြီကွ။ မင်းအသံနားထောင်ရတာ တစ်မျိုး ပဲ"

တကယ်ကို ရင်ဘတ်နဲ့ ပြောနေတာပါ။ လူ့ဘဝရဖို့ဆိုတာ မလွယ်။ ကံကောင်းလွန်း၍ရလာသော အသက်တစ်ချောင်းကို အကြောင်း မဲ့ မကုန်ဆုံးစေချင်။ စေတနာမှန်လို့နှင့် တူပါ၏။

"ဟုတ်ပြီကွာ . . . မင်း ဘာသိချင်တာလဲ။ ပြော . . . "

"ဒီနယ်မြေနဲ့ပတ်သက်ပြီး ကျွန်တော်သိထားတာ တစ်ခုရှိတယ်။ အဲဒါ မှန်တယ်၊ မမှန်ဘူးလောက်ပဲ သိချင်တာပါ။ ကျွန်တော်သိထား တာက ဒီလို . . . ။ နံပါတ် (၆) နယ်မြေနဲ့ နံပါတ် (၅)နယ်မြေနဲ့က ဆက်နေတာဆို။ ပြီးတော့ နံပါတ် (၆) နယ်မြေထဲမှာ နံပါတ် (၄)က ပျောက်နေတာလို့ သိထားတယ်။ အဲဒါ ဟုတ်လား"

မဆိုင်းမတွပင် . . .

"ဟုတ်တယ်လေ"

"ဒါဆို နံပါတ် (၄)ကိုတွေ့ရင် လမ်းစပြန်ရပြီဆိုတာကရော"

"အဲဒါတော့ မဟုတ်ဘူးကွ။ နံပါတ် (၄) နဲ့ လမ်းမှန်ပြန်ရောက် ဖို့က မဆိုင်ဘူး။ နံပါတ်(၅)နယ်မြေထဲကိုရောက်မှ မင်းတို့ လမ်းမှန်ကို တွေ့မှာ"

"ဘယ်လိုကြီးလဲဗျာ . . . ခင်ဗျားတို့ဟာက ခေါင်းတွေရှုပ်လာ ပြီ"

တကယ်လည်း ခေါင်းမှာပူပြီး ရှုပ်ထွေးလာသည်။ ကျွန်းစောင့် ကြီးစကားတွေ နားထောင်ရတာ သပွတ်အူကဲ့သို့ပင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်းရှင်းလေးပါကွာ။ ဒီလို . . . ဒီလို . . . ။ မင်းပြောသလိုပဲ နံပါတ် (၅) နယ်မြေနဲ့၊ နံပါတ် (၆)နယ်မြေနဲ့က ဆက်နေတာလေ။ အဲတော့ မင်းတို့ အရင်ဆုံး နံပါတ် (၄)ကိုတွေ့အောင်ရှာ။ ပြီးရင် နံပါတ် (၅) နယ်မြေထဲ ရောက်အောင်ကြိုးစား။

နယ်မြေနှစ်ခုက နီးနီးလေးကွ။ ကြားမှာ တောင်လေးတစ်လုံးပဲ ခံထားတာ။ အဲဒီအဆင့်ကို မင်းတို့ကျော်လွှန်နိုင်ပြီဆိုရင်တော့ လူတစ်ရာမှာ တစ်ယောက်မအောင်တဲ့ စာမေးပွဲ ကို မင်းတို့အောင်ပြီပေါ့ကွာ"

ဘာမှန်းမသိပေမဲ့ စိတ်ထဲမှာ အားတက်သွားရ၏။ သို့သော် -

"ဒါပေမဲ့ နှစ်ခုစလုံးက မလွယ်ဘူးကွ။ လွယ်ရင်လည်း လူတိုင်း နံပါတ် (၆) နယ်မြေမှာ လမ်းဆုံးမှာမဟုတ်ဘူးလေ"

ထိုအခိုက် . . .

"ဂျိန်း . . . ဒလိမ်း . . . "

အုံ့မှိုင်းနေသော မိုးကောင်းကင်က အသံပေးသည်။ မည်းနက်ပြာမဲနေသော မိုးသားလုံးကြီးများကို ထိန်းကွပ်ဖို့ ခက်လာသလိုမျိုး။

"မိုးတွေတော့ အုံ့မှိုင်းနေတယ်။ ကြည့်ရတာ . . . မင်းတို့ကို ကံကြမ္မာကြီးက မျက်နှာသာပေးမယ်ထင်တာပဲ"

ကောင်းကင်မှ တိမ်လိပ်များကိုကြည့်ရင်း လက်ယာ စိတ်ပျက်သွားရသည်။ ဒီမိုးကြီး ရွာချပါက ခိုက်ခိုက်တုန်အောင် ချမ်းတော့မည်။ သူတို့မှာ အမိုးအကာမပါ။

"မင်းသိချင်တာကို ငါပြောပြီးပြီ ကောင်လေးရ"

ဘာကိုဆိုလိုကြောင်း သဘောပေါက်သည်မို့ . . .

"လာမည့် လပြည့်ကျော် (၃)ရက်နေ့မှာ ကျွန်တော်တို့ကျွန်းကြီး ရေအောက်ကို မြုပ်သွားလိမ့်မယ်"

"ဘာ . . . "

ပထမအကြိမ်အတိုင်း ကျယ်လောင်သွားသော အာမေဋိတ်သံပါ။



"အဲဒါ အတိအကျပဲ။ ဒီနေ့ လပြည့်ကျော် (၁)ရက်။ ခင်ဗျားဒီကျွန်းကနေ ထွက်သွားဖို့ အချိန်ကောင်းကောင်းမိတယ်။ ကျွန်တော်တို့ကတော့ မပြောနိုင်ဘူး"

"ဘာကြောင့်လဲ . . . ဘာဖြစ်လို့ မင်း အဲလိုပြောရတာလဲ"

"ဒီကျွန်းကြီးရဲ့ အောက်ခြေအုတ်တိုင်က ဒီတစ်ခါ ခေါင်ရေအတက်ကို မခံနိုင်တော့ဘူး။ နောက်တစ်ခုက ငလျင်ဒဏ်ကြောင့် ကျွန်တော်တို့ကျွန်းကြီး အချိန်မရွေး ရေအောက်မြုပ်ဆင်းသွားနိုင်တယ်"

ထင်မှတ်မထားသည်ထက် ပိုမိုဆွံ့အ၏။ သစ်ရွက်ခတ်သံမှလွဲ၍ တည်ငြိမ်နေသည်။ မိုးသားတို့က တဖြည်းဖြည်း အနိမ့်ပိုင်းသို့ ပြုဆင်းလာနေပြီ။

မိုးကား မရွာသေး။



www.burmeseclassic.com

www.burmeseclassic.com

"နှုတ်ဆက်တယ် . . . ကောင်လေးရေ"

"ခင်ဗျား အခု သွားတော့မလို့လား"

"မဟုတ်ဘူး။ မင်းတို့ရပ်နေတဲ့ နံပါတ် (၆)နယ်မြေက ငါနဲ့ ကျွန်းသားတွေရဲ့ ဆက်သွယ်မှု အဆုံးသတ်ပဲ။ နံပါတ် (၆)နယ်မြေကို လွန်မြောက်ရင် ငါနဲ့ စကားပြောလို့ မရနိုင်တော့ဘူး"

"ဘာကြောင့်လဲ"

"ဒီအဆင့်ကို လွန်မြောက်တာနဲ့ မင်းတို့ရဲ့ ကြိုးစားမှုအရှိန်တွေ တစ်ဆင့်ပြီး တစ်ဆင့်တက်သွားပြီး ငါနဲ့မဆိုင်တော့ဘူး။ ငါ့အလုပ်က မင်းတို့ထွက်ပေါက်ကို ရောက်မရောက် စောင့်ကြည့်ဖို့"

"ကျွန်တော်တို့ စကားပြောတာ ဒါ နောက်ဆုံးပေါ့"

မဖြေ။ ဒါပေမဲ့ . . .

"ဂွတ်ဘိုင် . . . ကောင်လေး။ မင်းတို့ လွတ်မြောက်ပါစေ"



# XXIX

ထို့နောက်တော့ (၄)နဲ့ ပတ်သက်တာ ရှာလေတော့သည်။ ဘယ်လိုတွေ စရှာမလဲ သူတို့တိုင်ပင်တော့ . . .

ရေကန်ကိုတွေ့ရန် လမ်းညွှန်ထားသလိုမျိုး ဆိုင်းဘုတ်တပ်မြား ထိုးထားတာလည်း ဖြစ်နိုင်ပါသည်။ ရေကန်အောက်မှ ကျောက်ဂူလိုမျိုး နံပါတ်တပ်ထားတာလည်း ဖြစ်နိုင်ပါသည်။ ဒါမှမဟုတ် ရေကန်အလယ်မှ ကျွန်းလေးလိုမျိုး သင်္ကေတပြနံပါတ် ဖော်ထားသလိုလည်း ဖြစ်နိုင်ပါသည်။

ဒီတော့ ထိုးထိုးနှောက်နှောက်ကို ရှာရမည်ဖြစ်၏။ နံပါတ် (၆) နယ်မြေက အကျယ်ကြီး။ သူတို့အတွက် ရသည့်အချိန်မှာ နှစ်ရက်မပြည့်တော့။ ထို့ကြောင့် ကျောက်တိုင်ကြီးကို ဆုံမှတ်ပြုကာ သူနှင့်ကိုမိုးကြီး လူခွဲရှာရန် စီစဉ်သည်။

ညမိုးမချုပ်ခင် အရောက်ပြန်လာရန် သဘောတူကာ ရှာဖွေခြင်း အမှုကို စလေတော့သည်။

တစ်နေကုန် မိုးအုံ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူတို့စတင်ချိန်မှာ ဘယ်လောက်လဲမသိကြ။

နှစ်ယောက်သား ကျောခိုင်းပြီး တောတိုးရှာဖွေလိုက်ကြတာ တော

တစ်ဝက်မရှိခင်မှာပင် မှောင်ရိပ်သမ်းလာတော့သည်။

မကြာလိုက် . . .

တကယ်ပင် မိုးချုပ်သွားလေသည်။

# XXX



လပြည့်ကျော် (၂) ရက်



www.burmeseclassic.com

www.burmeseclassic.com

# XXXI

"ငါ ဘယ်လိုဖြစ်နေတာလဲ"

ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်ပေမဲ့ ဘာဖြစ်နေမှန်း သေချာမသဲကွဲ။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေက မလှုပ်ချင် မသယ်ချင်ဖြစ်နေသည်။ ခေါင်းမှာ မူးနေသလို၊ ရီဝေနေသလို၊ အမြင်အာရုံတွေလည်း တစ်ချက်တစ်ချက် ဝေဝါးသွားကာ မြင်နေသောအရာတွေက အရိပ်တွေနဲ့ရောပြီး နှစ်ထပ်သုံးထပ် ဖြစ်နေသည်။

"ဘာဖြစ်နေတာပါလိမ့်"

ထိုမေးခွန်းလိုပဲ ကိုယ်ကိုယ်ကိုယ် ပြန်မေးမိ၏။ အဖြေကပေါ်မလာ။ မနက်က ကိုမိုးကြီးနှင့် လမ်းမခွဲခင်အထိ အကောင်း။ အခုလေးတင် ချက်ချင်းလက်ငင်း ပြောင်းလဲသွားခြင်းဖြစ်သည်။ နှလုံးခုန်ပဲ မမှန်တာလား၊ ဒါမှမဟုတ် သွေးတိုးနေတာလား၊ သွေးတိုးတာတော့မဖြစ်နိုင်။ ပင်ပန်းလွန်းပြီး အအိပ်အစားပျက်ကာ သွေးကျတာဖြစ်နိုင်သည်။

လက်ယာ ခဏနားရန် ဆုံးဖြတ်ပြီး သစ်ပင်ရင်းတွင် ထိုင်ချလိုက်သည်။ ပြီး သစ်ပင်ပင်စည်ကိုမှီကာ မျက်လုံးမှိတ်တင်းရင်း အနားယူနေလိုက်၏။ ဒါပေမဲ့ ကြာကြာနားလို့မရ။ ကြီးမားသော ဖိစီးမှုတစ်ခုရှိနေသည်မို့ မတ်တတ်ပြန်ရပ်ပြီး ရှေ့ခရီးဆက်လိုက်သည်။

ခဏသာသက်သာပြီး အရင်လိုအခြေအနေတွေ ပြန်ဖြစ်လာသည်။ သိပ်မသွားလိုက်ရ။

"ဟင် . . ."

လက်ယာ မျက်လုံးပြူးသွားမိ၏။ သူ့ရှေ့မှာရှိနေသည်ကား မားမားစွင့်စွင့်ရပ်နေသော ကျောက်တိုင်ကြီး။

"ငါ လမ်းမှားလာတာလား"

မဝေခွဲတတ်။ မကြာသေးခင်ကပင် သူနှင့်ကိုမိုးကြီး ဤနေရာမှ လမ်းခွဲထွက်လာကြခြင်းဖြစ်ပါသည်။ ကိုမိုးကြီးပင် အခုလောက်ဆို ခရီးတော်တော်ပေါက်နေလောက်ပြီ။ သူက ဘယ်လိုဖြစ်ပြီး ဤနေရာသို့ ပြန်ရောက်လာတာလဲ။

အမြင်အာရုံတွေ မူးဝေနေလို့ပဲ လမ်းမှားပြီး မူလနေရာသို့ ပြန်ရောက်လာတာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် နောက်ပြန်လှည့်ရင်း တောတွင်းသို့ ပြန်လည်လျှောက်လှမ်းသွားလိုက်သည်။ တဖြည်းဖြည်းနှင့် သူ နားထိုင်နားခဲ့သောနေရာသို့ ရောက်လာသည်။

ခန္ဓာကိုယ်ကို သတိနှင့်ထိန်းနေရ၏။ စိတ်က လုံးဝမကြည်သင်။ ရောဂါတစ်ခုခု ဖိစီးလာတာတော့ သေချာသည်။

ထိုစဉ်မှာပင် မိုးဖွဲလေးတွေကျလာ၏။ မနေ့တစ်နေ့လုံးနှင့် တစ်ညလုံး အုံ့ဆိုင်းထားသောမိုးမှာ ယခုမှ စတင်လာလေပြီ။ မိုးစက်တွေ ခန္ဓာကိုယ်ပေါ်ထိတော့ အနည်းငယ် လန်းဆန်းလာသည်ထင်ရ၏။ ဒါပေမဲ့ ခဏပါပဲ။

မူလအတိုင်း လူက ထိုင်းမှိုင်းမြဲ ထိုင်းမှိုင်းလို့လာပါသည်။

ခြေတစ်လှမ်း . . .

နှစ်လှမ်း . . .





www.burmeseclassic.com

www.burmeseclassic.com

သူ ဆက်သွားလို့မရတော့။ ခေါင်းတွေ ချာချာလည်နေသည်။ အမြင်အာရုံတွေလည်း မှုန်ဝါးရှုပ်ထွေးလာသည်။

ဒါပေမဲ့ ခံစားမှုတစ်ခုကို သူ သတိထားလိုက်မိသည်။

"ဒါ သာမန်ခေါင်းမူးပုံမျိုးမဟုတ်"

ပြီးတော့ သူ့ပဲ အမြင်မှားတာလား။ သစ်ပင်ချုံနွယ်တွေမှာ တစ်ပင်နှင့်တစ်ပင် ဆင်တူနေသည်။ သူလျှောက်လှမ်းနေသော လမ်းမှာလည်း ထိုအတိုင်း။

စိတ်ကိုငြိမ်အောင်ထိန်းရန် နှလုံးခုန်နှုန်းကို စစ်ဆေးလိုက်သည်။ အလေ့အကျင့်ရှိနေသည်မို့ ခဏချင်းပင် အဖြေရသည်။ နှလုံးခုန်ပုံမှန်။ ဒါဆို ဘာလို့ ခေါင်းမူးတာလဲ။ သူ့လှုပ်ရှားမှုတွေ နှေးကွေးနေတာလဲ။

မျက်လုံးပြန်ဖွင့်ကာ အားတင်းရင်း ဆက်လျှောက်လိုက်ပါသည်။ သဲလွန်စတစ်ခုခုကို ဒီနေ့ တွေ့မှရမည်။ မဟုတ်လျှင် သူတို့ရဲ့အသက်ရှင်မှုမှာ မသေချာတော့။

ထို့ကြောင့် . . .

လျှောက်ရင်းလျှောက်ရင်းနဲ့ တစ်နေရာအရောက်မှာတော့ . . .

"ဘုရားရေ . . . "

နှုတ်မှ ဘုရားပင် တသွားရသည်။ သူတွေ့ရသည်ကား . . .

ခုနကျောက်တိုင်ကြီး။

မိုးဖွဲ့ဖွဲ့အောက်မှာ မားမားစွင့်စွင့် ဝံ့ကြွားလျက်။

သူနှင့်ကိုမိုးကြီး မနက်ကလမ်းခွဲခဲ့သောနေရာသို့ ဒုတိယအကြိမ် ပြန်ရောက်လာခြင်းဖြစ်ပါသည်။

"ဘုရား . . . ဘုရား . . . ငါ ဘာတွေဖြစ်နေတာလဲ"

လက်ယာ ပေါ့ပေါ့လေး သဘောမထားနိုင်တော့။ ခုနလေးပင် ရောက်လာခဲ့သောနေရာသို့ မျက်စိလည်ကာ ပြန်ရောက်နေခြင်းဖြစ်သည်။ တောလည်တာလား။

ဒါမှမဟုတ် တောခြောက်ခံရတာလား။



တစ်ခုခုတော့ မှားနေတာ သေချာသည်။ လက်တော့မလျှော့ချင်သေး။ ထပ်စမ်းကြည့်ချင်သေးသည်။ ထို့ကြောင့် . . .

ဒီတစ်ခါတော့ နှစ်ကြိမ်တိတိလှည့်ပြန်ခဲ့သော လမ်းကိုမရွေးတော့။ ကိုမိုးကြီးထွက်သွားရာလမ်းဘက်ကို ရွေးလိုက်သည်။

"ဂျိန်း . . . ဒလိမ်း . . . "

မိုးတွေခြိမ်းလာသည်။ လျှပ်စီးတွေ တဖျတ်ဖျတ်လက်လာသည်။ ကျောက်တိုင်ကြီးကို ကျောခိုင်းကာ လက်သီးကိုဆုပ်ရင်း တောတွင်းသို့ ပြန်တိုးဝင်လိုက်သည်။ ဒီတစ်ခါတော့ မြင်ကွင်းရောစရာမရှိ။ ကိုမိုးကြီး ထွက်သွားရာလမ်းမို့ ပတ်ဝန်းကျင် သူ့အတွက်အသစ်။

သို့ပေမဲ့ . . .

အဝေးကြီး မရောက်လိုက်ပါ။

"ဝေါ . . . ဝေါ . . . "

မိုးသည်းလာပေပြီ။ သည်းထန်သောမိုးရေနှင့်အတူ သူ့ခန္ဓာကိုယ်မှာလည်း ဝေဒနာတစ်ခု၏ ဖိစီးမှုဒဏ်ကို ပြန်ခံရပြီ။

သူ့တစ်ကိုယ်လုံး စိုရွှဲကာနေပါပြီ။ ကောင်းကင်တစ်ခွင်လုံး မည်းမည်းမှောင်ကာ လျှပ်စီးတွေ၊ မိုးခြိမ်းသံတွေနဲ့။

နောက်ထပ်စမ်းသပ်မှုတစ်ခုအဖြစ် သစ်ပင်ကြီးတစ်ပင်ကို သူ တွယ်တက်လိုက်ပါသည်။ မိုးရေတွေနဲ့မို့ သစ်ကိုင်းတွေ ချောနေ၏။ ကြိုးစားပြီး တက်လာရာ တစ်ဝက်လောက်ရောက်တော့ သူ့ဝေဒနာ နည်းနည်းသက်သာလာသည်။

ထိပ်ပိုင်းကိုရောက်တော့ လုံးဝသက်သာသွား၏။ စိတ်တွေ ရှင်းသွားသည်။ ခေါင်းနောက်တာတွေပျေပြီး ခန္ဓာကိုယ်က အရင်လို ပြန်ပေါ့ပါးလာသည်။ ခုနခံစားနေရသော ဝေဒနာတွေ လုံးဝမရှိတော့။

"ဘယ်လိုဖြစ်တာလဲ"

ကိုယ့်ကိုယ်ကိုယ်ပင် မယုံနိုင်အောင်ဖြစ်မိသည်။ ဆံပင်ဖျားတစ်ဆင့် မျက်နှာပေါ်စီးကျလာသော မိုးရေတွေကို ပွတ်သပ်ကာ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်ကိုကြည့်မိ၏။ သစ်ပင်ထိပ်ဖျားမှာမို့ အကုန်လုံးကို အပေါ်စီးမှမြင်ရသည်။

ခပ်လှမ်းလှမ်းမှာ ကျောက်တိုင်ကြီးရဲ့ထိပ်ပိုင်းကို မြင်ရသည်။ ပြီးတော့ မနေ့က သူသွားခဲ့သည့်နေရာတွေကိုလည်း ပြန်ရှာတွေ့လာသည်။ ခဏချင်းပင် ပတ်ဝန်းကျင်နှင့် လမ်းကြောင်းအားလုံးကို မှတ်မိလာ၏။

စိတ်မှာ ကြည်လင်နေပြီမို့ အောက်ကိုပြန်ဆင်းလိုက်သည်။ မပြီးပြတ်သေးသောအလုပ်တွေ ကျန်နေသေးသည် မဟုတ်ပါလား။

ခြေထောက်နှင့်မြေကြီး ထိမိသွားစဉ်မှာပဲ . . .

"ဟင် . . . "

ရင်တစ်ခုလုံး လေးလံကာ အရင်လိုဝေဒနာတွေကို ပြန်ခံစားရတော့၏။

ဘာကြောင့် မြေပြင်ပေါ်ရောက်တာနဲ့ ဒီဝေဒနာတွေ ပြန်ခံစားရတာလဲ။

အံကြိတ်ကာ အသံကုန်အော်ပစ်လိုက်သည်။ စိတ်တွေရှုပ်ထွေးနေပါပြီ။

နောက်ဆုံးတော့ သည်းခံနိုင်စွမ်းမဲ့ကာ ဦးတည်ရာမရှိ ထွက်ပြေးလိုက်ပါတော့သည်။

မိုးတွေ တဝုန်းဝုန်းရွာနေသည်။ လျှပ်စီးတွေ သဲကြီးမဲကြီးလက်နေသည်။ မိုးခြိမ်းသံတွေမှလည်း ကြားမကောင်း။

ထိုအရာတွေအောက်မှာ လူတစ်ယောက် စိတ်ရှုပ်ထွေးစွာနှင့် ဦးတည်ရာမဲ့ ပြေးလွှားနေသည်။

သူ့ဦးတည်ရာကို သူမသိပေမဲ့။ သိသူတစ်ယောက်တော့ရှိ၏။

လက်ယာ ဒူးထောက်ကျသွားသည်။ စိတ်တိုလွန်းသဖြင့် လက်ထဲမှဓားနှင့် ကျောက်တိုင်ကြီးကို ပစ်ပေါက်လိုက်ပါသည်။

"ချလွမ်း . . . "



တတိယအကြိမ်မြောက် တွေ့ဆုံမှုသည် အရင်လိုမပျော့ပျောင်းတော့၊ အားပါသည်ကြောင့် ဓားမှာ ကျောက်တိုင်ကြီးရဲ့ကိုယ်ထည်ကို ရိုက်ခတ်မိပြီး ဘေးသို့ လွင့်စင်သွားသည်။ ဒါပေမဲ့ . . .

ဒီတစ်ခါ မျက်လုံးပြူးမှုကတော့ ထူးဆန်းသွားလို့ပါပဲ။

ကျောက်တိုင်ကြီးရဲ့ ကိုယ်ထည်တစ်ဝက်လောက်မှာ အငွေ့တွေ တလူလူထွက်နေသည်။ ရွာသွန်းနေသော မိုးဒဏ်ကြောင့် တရှဲရှဲအော်မြည်ရင်း အငွေ့တွေထွက်လာပုံက အထူးအဆန်း။

လက်ယာ ဒူးထောက်လျက်မှပင် ကြောင်ငေးသွားသည်။ ပြီးနောက်နာပေါ်မှရေတွေကို သပ်ချရင်း ထိုနေရာအား မမှိတ်မသုန်ကြည့်မိတော့ . . .

မျက်နှာပြင်တစ်နေရာမှ ထွက်ပေါ်လာနေခြင်းဖြစ်ပါသည်။ ကျောက်တိုင်ရဲ့ ကိုယ်ထည်တစ်ဝက်လောက်မှာမို့ သူ့အရပ်နှစ်ပြန်လောက်အမြင့်ရှိပေလိမ့်မည်။ ကြည့်ရင်းကြည့်ရင်းနှင့် အငွေ့တွေ တဖြည်းဖြည်းပါးလာ၏။ မိုးကပဲ သည်းလို့လား၊ အရှိန်ပဲ ကုန်လို့လားမသိ မီးခိုးထွက်မှု နည်းသွားသည်ကား . . .

ထို့နောက်မှာကား . . .

တဖြည်းဖြည်းနှင့် . . .

မီးခိုးတွေ လုံးဝကုန်ဆုံးသွားချိန်မှာ ကျောက်သားပေါ်တွင် ပေါ်လာသည်။

$$4 = H_2O$$

"ဟာ . . . "

သူ အာမေဋိတ်သံနှင့် မရေးမနှောင်းမှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘုတ် . . . ဘုတ် . . . ဘုတ် . . . "

မြေကြီးနှင့် တစ်စုံတစ်ရာ ထိရိုက်သံ။

"ဘုတ် . . . ဘုတ် . . . "

သူ့ရဲ့နောက်ကျောဘက်ဆီမှ ပေါ်လာနေခြင်း။

ဖျင်းခနဲ ကြက်သီးတို့ထသွားကာ အန္တရာယ်အငွေ့အသက် တစ်ခုကို ခံစားလိုက်ရသည်။ ထို့ကြောင့် ကပျာကယာပင် ဓားလွင့်ကျ သွားသောနေရာသို့ ပြေးကာ ဓားကိုကောက်ယူလိုက်သည်။ ထိုခဏမှာ တော့ . . .

"ဘုတ် . . . "

မြေကြီးနှင့် ထုရိုက်သံက ပိုကျယ်လာ၏။ ဓားကို တင်းတင်း ဆုပ်ရင်း နောက်ဖက်ကို လှည့်လိုက်သည်။ မိုးသည်းသည်းအောက်မှာ တောကြီးမည်းမည်းကလွဲပြီး ဘာကိုမျှ မတွေ့ရ။ သို့ပေမဲ့ . . .

"ဘုတ် . . . ဘုတ် . . . "

ထိုအသံက တောထဲမှာနေပြီး တဖြည်းဖြည်းသူနှင့်နီးလာသလို

"ဘုတ် . . . ဘုတ် . . . "

နီးသထက် နီးလာနေပြီ။ ဘာလဲ၊ ဘာကောင်ကြီးလဲ။

စိတ်ကိုတင်းရင်း အသံကြားရာဆီသို့ မမှိတ်မသုန် ကြည့်မိ သည်။ ထိုခဏမှာပင် တောတန်းထဲမှ လျှောထွက်လာသော သတ္တဝါကြီး တစ်ကောင်ရဲ့ မျက်လုံးတစ်စုံကို သူ သေချာ တွေ့လိုက်ရလေပြီ။

"ဟာ . . . "

သွေးပျက်လောက်ချေပြီ။



# XXXII

ကြီးမားတုတ်ခိုင်လွန်းသော မြွေကြီးတစ်ကောင်။

မျက်လုံးတို့မှာ အရောင်တလက်လက်။ ဦးခေါင်းကို မြေတွင် ဝပ်တွားရင်း သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"ဘုတ် . . . ဘုတ် . . . "

သစ်ပင်ကို ကိုယ်တစ်ပိုင်းပတ်ကာ အမြီးကို မြေမှာ ရိုက်နေခြင်း ဖြစ်သည်။ ဘာမြွေကြီးမှန်း သူမသိ။ မျက်လုံးတို့မှာ ဓာတ်ပုံရိုက်သလို တဖျတ်ဖျတ်လက်နေသည်မို့ . . .

ထိုခဏမှာပင် လက်ယာ အားလုံးကို သဘောပေါက်လိုက်တော့ ၏။ သူ မျက်စိလည်ကာ ကျောက်တိုင်ကြီးဆီသို့ ပြန်ပြန်ရောက်နေခြင်း မှာ ဤမြွေကြီး ညို့ထားခြင်းဖြစ်ပါသည်။ မိုးရေတွေအောက်မှာ မြွေကြီး က သူ့အား အစာတစ်ကောင်လို မုဆိုးကြည့်ဖြင့် ကြည့်လို့နေချေပြီ။

ပထမတော့ ထင်မှတ်မထားသော အန္တရာယ်မို့ လက်ယာကြောင် ငေးထိတ်လန့်သွားရသော်လည်း ခဏချင်းပင် စိတ်ကို စုစည်းလိုက်နိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com

မြွေသတ္တဝါတို့၏ ညှို့ယူခြင်းနှင့်မတော်သက်၍ကြားဖူးနေခဲ့ သော်လည်း ကိုယ်တိုင် မကြုံဖူးသည်မို့ ဝေဝေဝါးဝါး။ ခုနလိုဝေဒနာမျိုး တွေ ခံစားရပေမဲ့ ချက်ချင်းလက်ငင်း ထိုအရာကို သတိမရ။

ယခု မြွေကြီးကို လက်တွေ့မြင်မှသာ သဘောပေါက်သွားရခြင်း ဖြစ်ပါသည်။ မြွေတို့သည် မိမိဖမ်းယူလိုသော သတ္တဝါ၏ခြေရာကို ညှို့ ကြိုးထောက်က ညှို့ယူခြင်းဖြစ်ပါ၏။ ညှို့ကွင်းမိနေသော မည်သည့် သတ္တဝါမဆို ရုန်းထွက်ရန် ခက်ခဲလေသည်။ မျက်စိလည်လမ်းမှားပြီး ညှို့ကွင်းလွှတ်ထားသော ဧရိယာအတွင်းမှာသာ တဝဲလည်လည်ဖြစ်နေ တတ်သည်။

ဒီမြွေကြီး သူ့ကိုညှို့ထားသည်မို့ ကျောက်တိုင်ဆီသို့သာ အကြိမ်ကြိမ် ပြန်ရောက်နေရခြင်းဖြစ်ပါသည်။ ယခုတော့ . . .

"ဘုတ် . . . "

သစ်ပင်တွင်ပတ်ထားသော အမြီးမှာ တဖြည်းဖြည်း ပြေလျော့ လာသည်။ ပြီးတော့ မြွေကြီးက ရှေ့ကို တရွေ့ရွေ့တိုးလာသည်။ လက်ယာ ဓားကို တင်းတင်းဆုပ်ရင်း စိတ်လွှတ်ထွက်မသွားအောင် သတိထား နေရ၏။ ရှောင်ပြေးလို့ မရတော့ပါ။ ရှောင်ပြေးနိုင်သည့် အခြေအနေ ပြီးဆုံးတာ ကြာခဲ့ပြီ။

ယခုက ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ရပေတော့မည်။ နောက်ဆုတ် လို့မရ။ သွေးပျက်လို့မရ။ ကြောက်လန့်လို့မရ။

မြွေကြီးရဲ့ မျက်လုံးအစုံမှာ သူ့မျက်လုံးကို တည့်တည့်စိုက်ကြည့် ရင်း ရှေ့တိုးလာချင်းဖြစ်သည်မို့ ရှေ့သို့ရောက်မှန်းမသိ ရောက်လာသည် ကိုပင် သတိမထားမိ။

တဖြည်းဖြည်းနှင့် သူနဲ့မြွေကြီးအကြားမှာ ဆယ်ပေလောက်သာ ကွာဝေးတော့သည်။ အနီးကပ်မြင်ရမှ သွေးပျက်ဖွယ်ကောင်းလှလေ သည်။ လုံးပတ်က လူကြီးပေါင်လုံးထက်သာသည်။ အရောင်မှာ မည်း ညိုမှုန်မှိုင်းပြီး အကွက်ကြီးတွေက ကြောက်မက်ရွံ့ရှာဖွယ်။



ထိုအကွာအဝေးရောက်ချိန်မှာ မြွေကြီးသည် လုံးဝမလှုပ်မယှက် ဘဲ ငြိမ်သွားတော့၏။ ပြီးတော့ တဖြည်းဖြည်းနှင့် ခန္ဓာကိုယ်အရေပြား တွေ ကျုံ့လာသည်။ ကိုယ်ကို နောက်သို့ဆွဲကျုံ့လိုက်သည့်သဘော။

လက်ယာ သဘောပေါက်လိုက်ပြီ။

ထင်ထားသလိုပါပဲ။

'ရှူး' ခနဲ လျှောထွက်လာသောအရှိန်ကို သူလုံးဝမတားဆီးနိုင်။ မြွေကြီးက သူ့ခြေတစ်ဖက်ကို ထိုးပတ်တော့ လက်ယာ လဲကျသွားသည်။ ထို့နောက်မှ မြွေကြီးနှင့် သူ လုံးထွေးရစ်ပတ်သွားတော့သည်။ မြွေကြီး က လျင်မြန်စွာဖြင့် သူ့တစ်ကိုယ်လုံးအား ရစ်ပတ်ရန် ကြိုးစားသည်။ လက်ယာလည်း အတင်းရုန်းကန်သည်။ လက်ထဲမှ ဓားဖြင့် ခုတ်သည်။

သို့ပေမဲ့ အရာမထင်ပါ။ ရုန်းကန်ရင်း၊ ရှောင်တိမ်းရင်း ခုတ် ရသည်မို့ မထိ။ မြွေကြီးကတော့ ပတ်ထားသည်ကို လျှော့မပေးဘဲ ထပ် ပတ်၍ရရန်ကိုသာ အတင်းကြိုးစားသည်မို့ သူနှင့်မြွေကြီးမှာ လုံးထွေး ရစ်ပတ်ရင်းနှင့် တစ်လိမ့်ပြီးတလိမ့် လိမ့်ထွက်နေပါသည်။

"ဗျော . . . ဝရော . . . "

တောင်စောင်းတစ်ခုအရောက်မှာ အရှိန်မထိန်းနိုင်ဘဲ ရစ်ပတ် ထားသည့်အတိုင်း အောက်ဘက်သို့ လိမ့်ဆင်းသွားသည်။

"ရှူး . . . ဖူး . . . "

မြွေကြီးက နှာကိုမှုတ်ရင်း သူ့လည်ပင်းကို ပတ်၏။ လက်ယာ မြွေကြီးဦးခေါင်းကို အမိအရဖမ်းကိုင်ကာ လက်နှင့်လိမ်ချိုးထားသည်။

"ဝရော . . . ဝရုန်း . . . "

လိမ့်ဆင်းသွားရာတစ်လျှောက် သစ်ပင်တွေ၊ သစ်ခက်တွေ၊ ကျောက်တုံးတွေနှင့် ဝင်တိုက်မိသည်။ မြွေကြီးကိုယ်ထည်နှင့်မို့ လက်ယာ သက်သာနေရ၏။ ဒါပေမဲ့ ရေရှည်အန်မတုနိုင်ပါ။ မြွေကြီးမှာ သူ့ထက် အများကြီးအားသာသည်မို့ အချိန်ကြာလာတာနှင့်အမျှ သူ့ဘက်က အရေး နိမ့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မြွေကြီးခေါ်ဆောင်ရာလမ်းအတိုင်း ပါနေရသည်မို့ ဘယ်ရောက် [illegible] လို့ ရောက်နေမှန်းလည်းမသိ။ တောင်စောင်းတစ်ခုမှ ဆင်ခြေလျှော အတိုင်း လိမ့်ဆင်းလာတာတော့ သိသည်။

တဖြည်းဖြည်းနှင့် မြွေကြီးရဲ့ရစ်ပတ်မှုက ပိုမိုထိရောက်လာသည်။ ပထမ ခါး၊ ခါးကနေ ရင်ဘတ်၊ ပြီးတော့ လည်ပင်း။ သို့ပေမဲ့ လက်ယာ သတိမလွတ်သေး။ မြွေကြီးဦးခေါင်းကို တံတောင်ကွေးဖြင့် ညှပ်ကာ အားရှိသလောက် လိမ်ချိုးထားဆဲ။

နောက်လက်တစ်ဖက်က ဓားကိုကိုင်ထားသည်။ ဒါပေမဲ့ ထို ဓားမှာ မြွေကြီးရစ်ပတ်ရာအတွင်းထဲသို့ ရောက်နေပြီဖြစ်၏။

"အင်း . . . အား . . . "

လက်ယာ အံကိုကြိတ်ကာ ခေါင်းကိုညှစ်ထားမိ၏။ သူ အလွတ် မပေးနိုင်ပါ။ ခေါင်းကိုလွှတ်ပေးလိုက်ပါက သူသေဖို့ သေချာနေပြီဖြစ် သည်။

မြွေရဲ့သဘောက စိတ်ကြိုက်ရစ်ပတ်ပြီးသွားလျှင် သူ့ရဲ့ကိုယ် ထည်ဖြင့် အတွင်းမှသတ္တဝါကို တစ်ရစ်ချင်း ဆွဲညှစ်ပေမည်။ မြွေရဲ့ညှစ် အားကြောင့် သတ္တဝါမှာ မလှုပ်နိုင်၊ မရုန်းနိုင် ပျော့ခွေသွားတော့မှ အရိုး အဆစ်တွေ ပြုတ်ထွက်အောင် တစ်ချက်တည်း ဆွဲဆန့်ပစ်မည်။

တဖြောင်းဖြောင်းမြည်ကာ အရိုးအဆစ်တွေပြုတ်ထွက်ပြီးနောက် မှာတော့ လှုပ်ရှားမှုမရှိသော ခန္ဓာကိုယ်ကြီးကို တစ်ဆင့်ချင်း ဝါးမျိုပေ တော့မည်။

ထိုအကြောင်းသိထားသည်မို့ လက်ယာ မြွေကြီးရဲ့ဦးခေါင်းကို အလွှတ်မပေး။

"ရှလော . . . ဝေါ . . . ဝေါ . . . "

မိုးရေတွေထဲမို့ သူတို့မှာလည်း မထိန်းနိုင်မပြုနိုင်။ ဆင်ခြေလျှော အတိုင်း ဆင်းမြဲဆင်းလျက်၊ သူ့တစ်ကိုယ်လုံးကို ပတ်မိထားပေမဲ့ အောက် သို့လိမ့်ဆင်းနေသည်မို့ ညှစ်ရန် အခွင့်မသာတာလည်း ဖြစ်လိမ့်မည်။



မိုးမှာ [illegible]ခြင်းမရှိ။ တဝုန်းဝုန်း ရွာသွန်းနေပြီး ထိုမိုးရေတွေ အောက်မှာပင် သူနှင့်မြွေကြီးမှာ အသက်လုနေရသည်။ တစ်ချိန်တွင်တော့ လက်ယာဘက်မှ အခွင့်သာသွား၏။ မြွေကြီးရဲ့ ရစ်ပတ်မှုတစ်ချက် အလျော့တွင် လှုပ်မရ၍ ရင်ဘတ်မှာကပ်နေသော ဓားကို အသွားဘက် လှည့်ကိုင်လိုက်နိုင်သည်။

ဓားသွားမှာ အပြင်ဘက်ရောက်သွား၍ ဒီတစ်ချိန် မြွေကြီးဆွဲ ညှစ်လျှင် သူ့ကိုယ်ထည် ပြတ်ရှသွားလိမ့်မည်။ ဓားကိုသာ ဒီအတိုင်း ကိုင်ထားနိုင်ပါက ရစ်ပတ်မှုအားတင်းလေ ပိုကောင်းလေ။

ဒီလိုနှင့် . . .

မြွေကြီးက သည်းကြီးမည်းကြီး ပတ်ထားဆဲ။

သူကလည်း အားရှိသလောက် တိုက်ခိုက်ဆဲ။

မိုးကလည်း တဝုန်းဝုန်း ရွာသွန်းနေဆဲဖြင့် . . .

တောင်ဆင်းလမ်းဆုံးသွားစဉ်မှာတော့ . . .

လက်ယာခန္ဓာကိုယ်မှာ လေဟာနယ်ထဲသို့ ရောက်သွားလေ သည်။

ထို့အတူ သူ့ကိုရစ်ပတ်ထားသည့် သတ္တဝါကြီးမှာလည်း . . .

" . . . . . "

" . . . . . "

"ဝုန်း . . . "

ကျယ်လောင်သော ပြုတ်ကျသံကြီးတစ်သံ ဟိုးအောက်ဖက်ဆီ မှ ထွက်သွားသည်။ ထိုနောက်မှာ . . .

**"အား . . . "**



www.burmeseclassic.com

www.burmeseclassic.com

## XXXIII

မျက်လုံးနှစ်လုံးဖွင့်တော့ သူ့အပေါ်ဘက်ဆီမှာ မီးခိုးတွေဝဲ
နေသည်။ သေချာကြည့်တော့မှ မဟုတ်။ အမည်းရောင်အမှုန်စလေးတွေ
မျောလွင့်နေခြင်းဖြစ်ပါသည်။ ထထိုင်လိုက်တော့ နံဘေးဆီမှ အပိုင်းပို
ပြတ်နေသော မြွေကြီးတစ်ကောင်ရဲ့ ကိုယ်ထည်ကို သွေးသံရဲရဲဖြင့် မြ
ရ၏။

ပထမ လက်ယာ ကြောင်သွားသည်။ ပြီးမှ မကြာခင်က
ပျက်သွားခဲ့သော အတိတ်တစ်ခုကို သတိရကာ နောက်ဖက် ကပျာက
လှည့်ကြည့်လိုက်တော့ မြွေကြီးဦးခေါင်းက ကျောက်တုံးကြီးတစ်
အောက်မှာ ပိပြားနေချေပြီ။ သေသွားပြီဖြစ်သည်။ စိုးရိမ်စရာမရှိတော့

ထိုအခါကျမှ ရောက်ရှိနေသော ဘေးပတ်ဝန်းကျင်ကို စူးစမ်း
ကာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်တော့ . . .

သူ့တစ်ကိုယ်လုံး မည်းမည်းလူးပ်နေပြီဖြစ်၏။ လက်မောင်း
လက်ချောင်းနှင့် လည်ပင်းတွေမှာ မီးသွေးမှုန်ဖြူးထားသလို မည်းနေ
အဝတ်တွေပေါ်မှာလည်း ထိုအတိုင်း။ ခြေထောက်နှစ်ချောင်းမှာလည်
မီးသွေးခဲတမျှ။



ပတ်ဝန်းကျင်တစ်ခွင်လုံးမှာလည်း ကျောက်တောင်၊ ကျောက်သား အားလုံး . . . အားလုံး မည်းမှောင်၍သာ နေပါသည်။ ချက်ချင်းပင် သဘောပေါက်လိုက်၏။ သူ ကျောက်မီးသွေးတွင်းကြီးတစ်ခုထဲသို့ ပြုတ်ကျနေတာပါ။ မြွေကြီးနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် သတ်ပုတ်ရင်းမှ ဆင်ခြေလျှောအတိုင်း လိမ့်ဆင်းလာသည်။ ပြီးတော့ လမ်းအဆုံးမှာ အရှိန်မထိန်းနိုင်ဘဲ လေဟာနယ်ထဲသို့ ပြုတ်ကျသွားသည်။

ထိုပြုတ်ကျခဲ့သောနေရာက ယခုကျောက်မီးသွေးတွင်းကြီး။ ဒါပါပဲ။ အပေါ်ကိုမော့ကြည့်တော့ တော်တော်မြင့်ကြောင်း တွေ့ရသည်။ မြွေကြီးကတော့ ပြုတ်ကျသည့်အရှိန်နှင့် ဓားတစ်ချောင်း၏ ဖြတ်တောက်မှုတို့ပေါင်းကာ သေဆုံးနေချေပြီ။

သူသာ ကံကောင်းထောက်မစွာ အသက်ရှင်ကျန်နေခြင်းဖြစ်ပါ၏။ တွင်းကြီးက တော်တော်နက်ကာ လျှိုသဘော အောက်ဘက်သို့ နိမ့်ဆင်းသွားသည့် လမ်းတစ်ခုရှိသည်။ မိုးရေတို့စီးဆင်းရာ မြောင်းတစ်ခုလည်း ဖြစ်နိုင်သည်။

မိုးတိတ်သွားပြီဖြစ်ပေမဲ့ ကောင်းကင်က မှိုင်းညို့နေတုန်း။ ရေစီးကြောင်းလေးတစ်ခုက ထိုလမ်းလေးအတိုင်း စီးဆင်းလို့နေသည်။ ဒီလောက်ဆိုလျှင် သူ့အတွက် စိုးရိမ်ဖွယ်အခြေအနေမဖြစ်သေး။ တွင်းပေါ်သို့ ပြန်တက်နိုင်လျှင် မူလနေရာသို့ ပြန်ရောက်ပေလိမ့်မည်။

ခက်တာက တွင်းပေါ်တက်ရာမှာ လုံးဝမလွယ်ကူ။ တွင်းကြီးက ကုတ်တွယ်စရာ အဖု၊ အထစ်မရှိဘဲ မိုးရေတွေ စီးဆင်းထားမှုကြောင့် ပြောင်ချောသလိုဖြစ်နေသည်။

သူ့အနီးဝန်းကျင်မှာလည်း အားကိုးအားပြုစရာ သစ်ပင်၊ နွယ်ပင်မရှိ။ ထိုစဉ်မှာပင် နာမည်အော်ခေါ်သံတစ်ခုလိုလို သဲ့သဲ့ကြားလိုက်ရသည်။ လက်ယာ ငြိမ်ကာ နားစွင့်ကြည့်လိုက်၏။ ဟုတ်ပါသည်။ သူ့နာမည်ကို အော်ဟစ်ခေါ်ငင်နေသော အသံသဲ့သဲ့လေးတစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com

"လက်ယာ . . . လက်ယာရေ . . . လက်ယာ . . ."

ကိုမိုးကြီးအသံ။ သေချာ နားထောင်လိုက်ရပြီးသည့်နောက်မှာ လူက အားတက်သွား၏။ ထို့ကြောင့် အသံကုန်ပြန်ဟစ်ကာ . . .

"ကိုမိုးကြီးရေ . . . ကျွန်တော် ဒီမှာ"

သူ့အသံကြားရလို့လားမသိ တစ်ဖက်မှ နာမည်ခေါ်သံ တိတ်သွားပြီးတော့ . . .

"လက်ယာ . . . ကြားလား၊ မင်း ငါ့အသံကို ကြားရလား"

"ကြားတယ် . . . ကြားတယ် ကိုမိုးကြီး။ ကျွန်တော် ဒီအောက်ထဲမှာ"

အသံက လည်ချောင်းကိုခြစ်ကာ ထွက်သွား၏။

"အေး . . . ဘယ်မှာလဲ၊ မင်းဘယ်မှာလဲ။ မင်းအော်သံကို ကြားရလို့ လိုက်ရှာနေတာ"

"ကျွန်တော် ဒီအောက်ထဲမှာ ကိုမိုးကြီး။ လမ်းအဆုံးတွင်းကြီးထဲမှာ"

သူ့အသံထွက်ပေါ်ရာ နေရာကို ကျက်မိသွားသည်ထင်၏။ ခဏအကြာမှာ . . .

"အေး . . . အေး . . . လာနေပြီ။ ငါ ဆင်ခြေလျှောအတိုင်း ဆင်းလာနေပြီ။ ခဏလေး"

မကြာလိုက်ပါ။ တွင်းကြီးအပေါ်ဘက်မှ ခေါင်းတစ်လုံး ပြူလာပါသည်။ သူ့ကိုတွေ့တော့ ကိုမိုးကြီး ထိတ်လန့်သွား၏။ လက်ယာ သဘောပေါက်ကာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ရင်း . . .

"ကျွန်တော်လက်ယာ . . . ကိုမိုးကြီး၊ မကြောက်နဲ့။ ကျောက်မီးသွေးတွင်းထဲ ပြုတ်ကျလို့ အခုလိုပုံစံဖြစ်နေတာ"

"ဩော် . . . အေး . . . ဟုတ်ပြီ၊ ဟုတ်ပြီ။ ခဏစောင့် ငါ ဆင်းလာခဲ့မယ်"



တားချိန်မရလိုက်ပါ။ ပြန်လှည့်ထွက်သွားလေသည်။ မကြာခင်မှာ နွယ်ရှည်တစ်ချောင်း တွင်းထဲသို့ ကျလာ၏။ ပြီးတော့ နွယ်ကိုခိုရင်း ကိုမိုးကြီး ဆင်းလာသည်။ အောက်ကိုရောက်တော့ . . .

"ဟာ . . . ဟောကောင် . . . ဒါကြီးက . . . "

မီးသွေးမှုန်တွေဖြင့် မည်းနက်ကာ သွေးအလူးလူးဖြစ်နေသော မြွေကြီးကိုမြင်ပြီး အထိတ်တလန့်မေးတော့ . . .

"ဒီကောင်ကြီးနဲ့ဖိုက်ပြီး နှစ်ယောက်စလုံး တွင်းထဲပြုတ်ကျလာတာ။ သေသွားပါပြီ"

ကျောက်တုံးကြီးအောက်မှာ ပိပြားနေသော ဦးခေါင်းပိုင်းကို လက်ညှိုးထိုးပြရင်းပြောတော့ . . .

"နည်းနည်းနောနောကောင်ကြီး မဟုတ်ဘူးကွ"

ကိုယ်လုံးပိုင်းကြီးတွေကိုကြည့်ကာ မှတ်ချက်ပြုသည်။ လက်ယာမှာတော့ ပခုံးသာတွန့်ပြမိ၏။ ပြီးမှ ကိုမိုးကြီးပခုံးကို လှမ်းပုတ်ရင်း–

"ခင်ဗျားက ဘာလို့ အောက်ဆင်းလာရတာလဲ။ ကျွန်တော် တက်ခဲ့ရင် ပြီးနေတဲ့ဥစ္စာ"

သူ့စကားကြောင့် ကိုမိုးကြီးက မျက်နှာကိုရှုံ့တွရင်း . . .

"ဒီနေရာကို မင်းမြင်ဖူးလား။ ရောက်ရော ရောက်ဖူးလား"

"ဟင့်အင်း . . . "

"အေး . . . ငါလည်း အတူတူပဲ။ အဲဒါကြောင့်မလို့ ဆင်းလာတာ"

လက်ယာ သဘောပေါက်လိုက်လေပြီ။ အပေါ်ဘက်မှာရှိနေသော နံပါတ် (၆) နယ်မြေတစ်ခွင်လုံး စုံသွားခဲ့ပြီ။ အခုကရော ဘာနယ်မြေလဲ။

"လာ . . . သွားကြမယ်"

ပခုံးမှာပိုးထားသော ကမ္ဗာစောင့်ရုပ်တုကို နေရာပြင်ပိုးရင်း ရေစီးနေသော မြောင်းလေးအတိုင်း ကိုမိုးကြီးက ဦးဆောင်လျှောက်ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ကောင်းမွန်သော ဆုံးဖြတ်ချက်ပေမို့ သူလည်း နောက်မှ လိုက်သွားသည်။

မြောင်းလေးမှာ တော်တော်ရှည်၏။ မကြာခင်က သည်းကြီးမည်းကြီးရွာထားခဲ့သော မိုးရေတွေကြောင့် ရေတိမ်တိမ်မှာလည်း စီးဆင်းနေလျက်ပါပင်။ ဒီအတိုင်း ဆက်လိုက်လျှင်တော့ ရေမြောင်းလေးရဲ့အဆုံးတစ်နေရာကို သူတို့ရောက်ပေလိမ့်မည်။ ထိုနေရာမှာ ဘာရှိမလဲ။

သူတို့၏ တစ်ဖက်တစ်ချက် ကမ်းပါးယံတို့မှာလည်း ယခုတိုင်ကျောက်မီးသွေးများပင်ဖြစ်၏။ တော်တော်ကြီးမားသော ကျောက်မီးသွေးတောပင်။ ရေစီးကြောင်းလေးအတိုင်း လိုက်ခဲ့ကြရာမှ တချို့နေရာတို့တွင် ကျောက်တုံးတွေကို ကျော်ရသည်။ သစ်မြစ်၊ သစ်ဆုံတို့၏အောက်မှ ငုံ့ဝင်ရတာတွေလည်း ရှိသည်။

ဒီလိုနှင့် . . .

"ရှေ့မှာ ဆုံးပြီထင်တယ်ကွ"

အားရဝမ်းသာပြောရင်း ကိုမိုးကြီးက အလျင်အမြန် ပြေးသွားသည်။ သူကတော့ ခပ်သွက်သွက်သာ ဆက်လှမ်းဖြစ်၏။ မကြာလိုက်ကိုမိုးကြီး၏ ပြေးနေသောခြေလှမ်းများ တုံ့ခနဲရပ်ကာ . . .

"ဟာ . . . "

ကိုမိုးကြီးမှာ တောင့်တောင့်ကြီး ရပ်သွားလေသည်။

"ကိုမိုးကြီး . . . ဘာဖြစ်တာလဲ"

ကိုမိုးကြီးပုံစံကို နောက်မှလှမ်းကြည့်ရင်း စိုးရိမ်ကာ အလျင်အမြန်ပြေးသွားလိုက်တော့ . . .

ကိုမိုးကြီး နောက်သို့ရောက်ရောက်ချင်း မျက်လုံးနှစ်လုံးတွင်းမှာ မြင်လိုက်ရသည်ကား . . .

"ဟာ . . . ဘုရားရေ"

*** 



# XXXIV

တကယ်ပင် ဘုရားတရုပါလိမ့်မည်။

လုံးဝမဖြစ်နိုင်သော မြင်ကွင်းတစ်ခုပါ။ သူတို့ရဲ့အောက်ဖက်ချောက်ချလောက်မှာ စိမ်းလန်းစိုပြည်သော တောအုပ်လေးတစ်ခုရှိနေပသည်။ ထိုတောအုပ်လေးရဲ့ အလယ်မှာကား တစ်ချိန်တုန်းက ခန့်ထည်စွာ တည်ဆောက်ထားခဲ့ဟန်တူသော ဘုရားကျောင်းပျက်ကြီးတစ်ခု။

အမိုးအကာတို့ ကင်းမဲ့နေပြီဖြစ်ပြီး အတွင်းတိုင်လုံးများကိုသာ ဟိုတစ်ခု ဒီတစ်ခု ထိုးထိုးထောင်ထောင်တွေ့ရသည်။ ဘုရားကျောင်းကြီးအား ကာရံထားသည့် အုတ်တံတိုင်းတို့မှာလည်း ပေါက်ပြဲဆွေးမြည့်ကာ မြေဇာမြက်ပင်တွေပေါက်နေ၏။

ပျက်စီးယိုယွင်းနေသော သဏ္ဍာန်ပင် တော်တော်ကြာညောင်းခဲ့ပြီဖြစ်ပါသည်။ ဘာအတွက်ကြောင့် ဤလိုမြေနိမ့်ပိုင်းမှာ ဘုရားကျောင်းဆောက်သွားခဲ့တာလဲ စဉ်းစား၍မရ။ အမိုးအကာ၊ စည်းရိုးတွေ ပြိုကျပျက်စီးနေပြီဖြစ်ပေမဲ့ ယခုတိုင် အကောင်းပကတိရှိနေသော အရာတစ်ခုကိုလည်း သူတို့ လှမ်းတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါက ဘုရားကျောင်းအတွင်းပိုင်းမှာ ရှိနေသော ကြီးမား သပ္ပာယ်သည့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ။

အဝေးမှဖြစ်သည်မို့ လောလောဆယ် ထိုမျှလောက်သာ မြင် တွေ့ရသည်။ ထိုမြင်ကွင်းကပင် သူတို့ကို ဆွဲဆောင်သွားချေပြီ။

"ကျွန်တော် ဆင်းမယ်"

လူတစ်ရပ်လောက်သာမြင့်သည်မို့ လက်ယာ အောက်ဖက်ကို တွယ်ဆင်းလိုက်သည်။ ပြီး ကိုမိုးကြီးပါ လိုက်ဆင်းရန် လှည့်ပြောစဉ်

နံဘေးကျောက်သားပေါ်မှာ တွေ့လိုက်ရသည်ကား . . .

"ဟာ . . . ကိုမိုးကြီး . . . "

သူ့ပုံစံနှင့် စကားကြောင့် ကိုမိုးကြီး လှည့်ကြည့်စဉ် . . .

## 5

ကျောက်သားတွင် ထွင်းထားခြင်းမဟုတ်။ သံပြားတွင်ရေးကာ ကျောက်သားကိုယ်ထည်တွင် တသားတည်းကျအောင် ကပ်ထားခြင်း ဖြစ်ပါသည်။

"ဒါ နံပါတ် (၅) နယ်မြေလား"

ကိုမိုးကြီး တအံ့တသြဆိုတော့ . . .

"ဟုတ်တယ် . . . ။ ကျွန်တော်တို့ထွက်လာတဲ့ ကျောက်မီး သွေးတွင်းကြီးက နံပါတ် (၅) နယ်မြေပဲ"

ကိုမိုးကြီးမျက်နှာ၌ တစ်မုဟုတ်ချင်းပင် အပျော်တို့ လွှမ်းကဲသွား ပြီး . . .

"ဒါဆို ငါတို့ နံပါတ် (၅) နယ်မြေကို ရှာတွေ့ခဲ့ပြီပေါ့"

"ဟုတ်တယ်"



ပြောပြီး လှည့်ထွက်တော့ ကိုမိုးကြီး အောက်သို့ ကမန်းကတန်း ဆင်းကာ သူ့နောက်သို့လိုက်လာသည်။ မြက်ရိုင်းတောသို့တိုးရင်း ဘုရား ကျောင်းစည်းရိုးဟုထင်ရသော မြေပုံခဲကြီးကိုကျော်ကာ အဝသို့ရောက် လာတော့ . . .

နံဘေးအုတ်သားပေါ်တွင် ထင်ရှားစွာရိုက်နှိပ်ထားသည့် နံပါတ် တစ်ခုကို ထပ်တွေ့ရပါသည်။

## 2

ထိုနံပါတ်ကိုမြင်တော့ ကိုမိုးကြီးက . . .

"ဟော့ကောင် . . . ဒီဘုရားကျောင်းက နံပါတ် (၂) လို့ ဆိုလို တာလား"

"ဟုတ်လိမ့်မယ်"

လက်ယာ အတွင်းသို့ လျှောက်ဝင်ခဲ့လိုက်သည်။ ဗုဒ္ဓဆင်းတု တော်ကြီးမှာ အနီးကပ်ကြည့်မှ သပ္ပာယ်လွန်းနေပါသည်။ လက်ရာက ရှေးဟောင်းဆန်ပေမဲ့ အနုပညာမြောက်၏။ ရာသီဥတုပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ထားပေမဲ့ ရုပ်ပွားတော်၏ သဏ္ဍာန်တော်မှာ လွန်စွာကြည် ညိုဖွယ်ကောင်းလှသည်။

ဒူးထောက်ချကာ လက်ယာ ကုန်းကန်တော့တော့ ကိုမိုးကြီး လည်း နောက်မှလိုက်ကန်တော့သည်။

ဦးသုံးကြိမ်ချပြီးသွားစဉ်၌ လက်ယာ အမှတ်အသားတစ်ခုကို ထပ်တွေ့လိုက်ရသည်။ အဲဒါက ဗုဒ္ဓဆင်းတုတော်၏ ပလ္လင်တော်အောက် ခြေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

# 3

"ကိုမိုးကြီး . . . ဟိုမှာ နံပါတ် (၃)"

သူညွှန်ပြရာကိုကြည့်ကာ ကိုမိုးကြီး လွန်စွာ အံ့သြနေချေပြီ။ သေချာမှု ရှိမရှိ လက်ယာ အနီးကပ်ကြည့်လိုက်သည်။ ဟုတ်၏။ ဒါက နံပါတ် (၃)ပါ။ ဒီလိုဆို . . .

"ဟင် . . . "

ရုပ်ပွားတော်ရှေ့တည့်တည့် ပလ္လင်ပေါ်မှာရှိနေသော အဝိုင်းပေါက်လေးတစ်ခု။ အနက် လက်တစ်ဆစ်လောက်ပင် ရှိလိမ့်မည်။ ဒါ ဟာ ဘာလဲ။ ဆီမီးအိုး၊ ပန်းအိုးထားဖို့ အပေါက်ဖောက်ထားတာလား။

ထိုစဉ်မှာပင် သူ့ခေါင်းထဲမှာ အလင်းရောင်တစ်ချက် လက်သွားချေလေပြီ။

'ဒိုင်း'ခနဲဆောင့်ခုန်သော နှလုံးသားနောက်မှာ အသက်ရှူသံတွေ ပြင်းကုန်၏။ လှုပ်ရှားသွားသော ရင်ခုန်မှုတွေနှင့်အတူ နှုတ်မှလည်း . .

"ကိုမိုးကြီး . . . ခင်ဗျားလွယ်ထားတဲ့ရုပ်တု ကျွန်တော့်ကို မြန်မြန်ပေးစမ်းပါ"

အလျင်လိုသွားသော သူ့ပုံစံကြောင့် ကိုမိုးကြီးက ကပျာကယာပင် ကျောမှရုပ်တုကို ချွတ်ပေး၏။ လက်တွင်းရောက်လာသော ရုပ်တုကိုကြည့်ပြီး သူနှုတ်ခမ်းတွေ တွန့်ကွေးသွားချေပြီ။

အဝိုင်းပေါက်တွင်းသို့ ကမ္ဘာစောင့်နတ်မင်းရုတ်တုအား အတည့်ထည့်ပြီးသွားချိန်၌ . . .

အရာရာသည် တစ်စုံတစ်ရာ အကူအညီမပါဘဲ အံ့ဝင်ခွင်ကျ ဖြစ်သွားတော့၏။



လက်ယာမျက်စိကို မှိတ်ထားလိုက်သည်။ ပြီး ရှေ့တည့်တည့်မှာရှိနေသော ဗုဒ္ဓဆင်းတုတော်ကြီးအား အာရုံပြုကာ . . .

ကမ္ဘာစောင့်နတ်မင်းရုပ်တုကို ညာဘက်ဆွဲလှည့်လိုက်စဉ် . .

"ကလစ် . . . "

အသံတစ်ခုက ဘယ်ကမှန်းမသိ ထွက်ပေါ်လာသည်။

ထို့နောက်မှာ . . .

"ကိုမိုးကြီး . . . ကျွန်တော် အားလုံးကို နားလည်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

# XXXIV

"တကယ်တော့ ကျွန်တော်တို့တွေဟာ (၃၇) ဆိုတဲ့ဂဏန်းတစ်လုံးရဲ့ လှည့်စားမှုကို ခံနေရတာပဲ"

"ဘာ . . . ဘယ်လို . . . "

"ကျွန်တော်တို့ ကျွန်းပေါ်စရောက်တော့ ကျွန်းထဲကိုမပင်ခင် ဝင်ပေါက် (၄) ခုကို ခင်ဗျား မှတ်မိသေးလား"

ကိုမိုးကြီး မဆိုင်းမတွပင် . . .

"မှတ်မိတာပေါ့။ ပန်းနွယ်တွေနဲ့ မုခ်ဦးပုံလုပ်ထားတဲ့ ဝင်ပေါက် (၄)ခုလေ။ အပေါ်မှာ နံပါတ်တွေတောင် တပ်ထားသေးတယ်။ 3,6,9,12 ဆိုပြီးတော့"

"ဟုတ်တယ် . . . အဲဒီဂဏန်းလေးလုံးကို (၃၇) နဲ့ မြှောက်ကြည့်လိုက်"

သူ့ငကားကြောင့် ကြောင်သွားပြီး . . .

"အခုမြှောက်ရမှာလား"

လက်ယာ အလျှင်အမြန်ပင် နီးစပ်ရာခဲတစ်လုံးကိုယူကာ ဘုရားဆင်းတုတော်ရှေ့ ကျောက်သားပေါ်တွင် လက်တွေ့မြှောက်ပြလိုက်သည်။



| | | | | | | |
|---|---|---|---|---|---|---|
| 3 | x | 37 | = | 1 | 1 | 1 |
| 6 | x | 37 | = | 2 | 2 | 2 |
| 9 | x | 37 | = | 3 | 3 | 3 |
| 12 | x | 37 | = | 4 | 4 | 4 |

မြှောက်ပြီးသွားတော့ အောက်ဆုံးကိန်းတန်းကို ဝိုင်းပြကာ . .

"ဒါ ကျွန်တော့်ကို ရေကန်ဆီရောက်အောင် ပို့ပေးတဲ့ ကိန်းတန်းပဲ။ ဒီလိုကိန်းတန်းမျိုးကို ပင်လယ်ထဲကကြည့်ရင် မြင်ရတဲ့ ကျောက်ဆောင်ကြီးတစ်ခုပေါ်မှာ ကျွန်တော် ထပ်တွေ့ထားသေးတယ်လို့ ပြောတာရော မှတ်မိသေးလား"

ဒီတစ်ခါတော့ ကိုမိုးကြီး အနည်းငယ်စဉ်းစားသွား၏။ ပြီးတော့မှ . . .

"သြော် . . . မှတ်မိပြီ။ စာလုံးအကြီးကြီးတွေနဲ့ ရေးထားတယ် ဆိုတာလား"

"ဟုတ်တယ် . . . အဲဒီကိန်းတန်းကျတော့ ဒီလိုမျိုး"

12 3 x 7 ( ) +

"သုံးနဲ့ ခုနစ်ကြားက ကြက်ခြေခတ်က အမြှောက်လက္ခဏာပဲ။ ဆိုလိုတာက (3)နဲ့ (7)ကို မြှောက်ခိုင်းတာမဟုတ်ဘူး။ (12)နဲ့ (37)ကို မြှောက်ခိုင်းတာ။ အဖြေကတော့ အပေါ်ကဝိုင်းပြထားတဲ့ ကိန်းတန်းထဲက နောက်ဆုံးဂဏန်းသုံးလုံးပဲ။ (444)"

"ဒါဆို ကွင်းစကွင်းပိတ်ထဲက လေးသုံးလုံးပေါ့"

"ဟုတ်တယ်လေ"

ဟုဆိုကာ ကွင်းစကွင်းပိတ်ထဲသို့ လေးသုံးလုံးကို ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကြီးက . . .

"နောက်က အပေါင်းလက္ခဏာကရော . . . "

"အခု ကျွန်တော်တို့ရောက်နေတာ အဲဒီအဆင့်ပဲ။ သဘောက တော့ မြှောက်လဒ်လေးသုံးလုံးကို ထပ်ပေါင်းခိုင်းတာပဲ။ ဒီမှာ . . .

4 + 4 + 4 = 12

"ဟင် . . . ဒါဆို အဖြေက (၁၂) ပြန်ရတာပေါ့"

"အသေအချာပဲ။ သူတစ်ခုတည်း မဟုတ်ဘူး။ အပေါ်က ကိန်း တွေရဲ့ မြှောက်လဒ်ကို ပေါင်းကြည့်ရင်လည်း မူလမြှောက်ဖော်ကိန်းကို ပြန်ရတယ်"

| | | | | | | | |
|---|---|---|---|---|---|---|---|
| 3 | x | 37 | = | 111 | 1+1+1 | = | 3 |
| 6 | x | 37 | = | 222 | 2+2+2 | = | 6 |
| 9 | x | 37 | = | 333 | 3+3+3 | = | 9 |
| 12 | x | 37 | = | 444 | 4+4+4 | = | 12 |

"ဟ . . . အထူးအဆန်းပါလား"

"အပေါ်သုံးခုက ကျွန်တော်တို့နဲ့ မပတ်သက်ဘူး။ ကျွန်တော် တို့နဲ့ တိုက်ရိုက်ပတ်သက်တာ အောက်ဆုံးကိန်းတန်းပဲ။ ရေကန်အောက် ခြေက ဂူထဲမှာ (12) နဲ့ (37) ရဲ့ မြှောက်လဒ် (444) ကို ကျွန်တော် ရပြီး သွားပြီ"

"အဲတော့ အခု ငါတို့လုပ်ရမှာက . . ."

"လွယ်လွယ်လေးလေး။ သီအိုရီအတိုင်း (444) ကို ပေါင်းရုံ ပေါ့"



ကိုမိုးကြီး မျက်စိမျက်နှာ ပျက်သွား၏။

"အဲဒါမှ ခက်တာပဲ။ ငါတို့မှ နံပါတ် (၄) ကို ရှာမတွေ့သေး တာ။ အခု ငါတို့တွေ့ထားတာ နံပါတ် (၅) နယ်မြေရယ်၊ နံပါတ် (၂) ရယ်၊ (၃) ရယ်လေ။ နံပါတ် (၄) က . . . "

"ကျွန်တော် တွေ့ထားတယ်"

"ဘာ . . . "

တုန်၍ပင် သွားပါသည်။ ပြီး တအံ့တသြမျက်နှာဖြင့် သူ့ကို ကြည့်ရင်း . . .

"ဘယ် . . . ဘယ်မှာလဲ။ ဘယ်မှာရှာတွေ့ထားတာလဲ၊ ဘယ် တုန်းက . . . "

မေးခွန်းတွေ တသီကြီးထွက်လာ၏။ ကိုမိုးကြီးမျက်နှာမှာ သုံး နှစ်သုံးမိုးရှာခဲ့ရသော ဆုလာဘ်တစ်ခုကို လက်ဝယ်ပိုင်ဆိုင်ရတော့မည့် ကံကောင်းသူတစ်ယောက်လိုမျိုး အပြုံးပွင့်တွေဝေသီလို့။ လက်ယာ ဖြည်း ဖြည်းချင်း ပြောပြသည်။

"ကျွန်တော် မြွေကြီးနဲ့မတိုးခင် ကျောက်တိုင်မှာ မြင်ခဲ့ရတာ ကျောက်တိုင်က ဘယ်သူမှရှာမတွေ့တဲ့ နံပါတ် (၄)ပဲ။ နံပါတ် (၆) နယ်မြေမှာ ပျောက်နေတဲ့ နံပါတ် (၄) က ကျောက်တိုင်ပဲ"

"ဟေ . . . "

"ဟုတ်တယ် . . . မိုးစက်တွေအောက်မှာ ကျောက်တိုင်က မီး ခိုးတွေထွက်ပြီး ဒီစာပေါ်လာတာပဲ"

$$4 = H_2O$$

www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးကြီးမျက်နှာမှာ အံ့သြခြင်းနှင့် ပြုံးထွက်နေသည်။ လက်ယာ ရေးပြသည်ကို အပြန်ပြန်အလှန်လှန်ကြည့်ရင်း . . .

"ဘာလို့ မိုးရွာမှ မီးခိုးတွေထွက်ပြီး ပေါ်လာရတာလဲ . . .။ ဒီအတိုင်း . . . "

ကိုမိုးကြီး စကားမဆုံးလိုက်။

"ဦးစိုင်းလုံပြောတဲ့ water ဆိုတာ အဲဒါလေ။ ကျောက်တိုင်ကို ရေထိရမယ်လို့ ပြောတာ။ ဒါကို နားမလည်လို့ နံပါတ် (၆) နယ်မြေမှာ လမ်းပျောက်ကုန်ကြတာပဲ။ ဦးစိုင်းလုံကိုယ်တိုင်လည်း အပြည့်အစုံမသိလို့ လမ်းပျောက်ခဲ့တယ်။ ကျန်တဲ့လူတွေလည်း ဒီအတိုင်းပဲ။ ကျွန်တော်တို့တောင် ကံကောင်းလို့"

ကိုမိုးကြီးမှာ စုတ်တသပ်သပ်ဖြစ်နေတော့၏။

"တော်သေးတာပေါ့ကွာ။ မဟုတ်ရင် ငါတို့လည်း သူတို့အတိုင်းပဲ ရေ့ဆက်လို့ဖြစ်မှာမဟုတ်ဘူး"

"မိုးရွာတာကို ကျေးဇူးတင်ရမယ်။ ပြီးတော့ မြွေကြီးလည်း ကျေးဇူးတင်ရမယ့်အထဲမှာ ပါတယ်။ သူညို့ထားလို့ ကျောက်တိုင်ကို အကြိမ်ကြိမ်ပြန်ရောက်ပြီး ဒီစာကိုမြင်တာ။ ပြီးတော့ သူ့ကြောင့်ပဲ နံပါတ် (၅) နယ်မြေထဲကို ပြုတ်ကျလာတာ"

"ဟုတ်တယ်နော်"

ကိုမိုးကြီး အံ့သြဝမ်းသာပြောသည်။ ပြီးတော့ မျက်မှောင်ကို တစ်ချက်ကြုတ်ကာ . . .

"ဒါနဲ့ နေပါဦး။ မင်းပြောသလိုဆို ($H_2O$) ကို သုံးခါပေါင်းရမယ်ပေါ့"

လက်ယာ ပြုံးလိုက်၏။ ထိုအပြုံးက သူပြုံးနေကျ အပြုံး။ အားလုံးကို အနိုင်ယူတတ်သည့် အပြုံး။

"မဟုတ်သေးဘူး။ ($H_2O$)မှာ ထပ်မြှုပ်ထားသေးတယ်"

"ဟေ . . . "

"သူ့ရဲ့ $H_2O$ ကို ဆက်ခွဲကြည့်ရင် ဒီလိုရတယ်"



# $H_2O$ = ⊢ ⊣ 2 O

"7,3,2,0"

ကိုမိုးကြီးက ရေးပြသည်ကို ကြည့်ပြီး ဂဏန်းတစ်လုံးချင်း အသံထွက်ဖတ်သည်။

"အဲဒီ ဂဏန်းလေးလုံးကို ပေါင်းရင်လည်း (12)ပဲ။

7 + 3 + 2 + 0 = 12

ကိုမိုးကြီးမှာ ကြောင်ပြီးရင်း ကြောင်လို့ပင်နေပါသည်။ သူ့ကို ကြည့်ပြီးလည်း စုတ်ခဏခဏ သတ်သည်။ 'မင်းမို့လို့ကွာ' ဆိုတာကိုလည်း ခဏခဏပြော၏။ သူပေါင်းပြသည်ကို ကြည့်ပြီး . . .

"ဒီတော့ မင်းဆိုလိုတာက . . . "

"သီအိုရီအတိုင်း (444) ကို ပေါင်းမယ့်နေရာမှာ အခုရတဲ့ (7320) ကို ပေါင်းလိုက်ပေါ့။ အဖြေက အတူတူပဲ"

ကိုမိုးကြီးမှာ စိတ်ပျက်လက်ပျက်ဟန်တွေ ချက်ချင်းပေါ်သွားသည်။ ပြီး ခေါင်းကိုကုတ်ကာ . . .

"ရှုပ်လာပြီကွာ။ ငါတို့က ဘယ်လိုထပ်ပေါင်းရဦးမှာလဲ"

လက်ယာ 'ဟက်' ခနဲတစ်ချက်ရယ်ကာ . . .

"ပေါင်းပြီးသွားပြီလေ။ ဒီမှာ . . . "

ကမ္ဘာစောင့်နတ်မင်းရုပ်တုကို လက်ညှိုးထိုးပြတော့ ကိုမိုးကြီးက နားမလည်နိုင်စွာ သူ့ကိုကြည့်သည်။ ခေါင်းတော်တော်ရှုပ်နေပုံပါပဲ။ ပြီး မကြာခင်ရတော့မည့် အဖြေတစ်ခုအတွက်လည်း စိတ်စောနေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာစောင့်နတ်မင်းရုပ်တုကို ကိုယ်ထည်မှကိုင်ကာ
သို့ လှည့်သည်။

"ကလစ် . . . "

ဟု အသံမြည်တော့ . . .

"ဒါ . . . ဟိုးလွန်ခဲ့တဲ့ နှစ်တော်တော်များများကတည်းက ပိတ်ထားတဲ့ တံခါးပဲ"

လက်ယာ နှုတ်မှပြောပြီး ရုပ်တုကို ညာဘက်သို့ ပြန်လှည့်သည်။

"ကလစ် . . . "

"ဒါက ခုနအတိုင်း လမ်းပွင့်သွားပြီ"

ကိုမိုးကြီး ပတ်ဝန်းကျင်ကို အသည်းအသန် ရှာဖွေပါသည်။ လမ်းပွင့်ပြီဟု ပြောသည်ကြောင့် ထိုလမ်းကို ဝမ်းသာအားရရှာဖွေခြင်းဖြစ်သည်။

"ဒီလောက်နဲ့တော့ မရဘူးပေါ့ဗျာ။ ကျွန်တော်တို့ဘက်က အား တော့ နည်းနည်းစိုက်ရဦးမှာပေါ့။ (7, 3, 2, 0) ကို ပေါင်းရဦးမယ်လေ (7) က ရေကန်၊ (3) က ဘုရားဆင်းတုတော်၊ (2) က ဘုရားကျောင်း၊ (0) ကတော့ ခင်ဗျားကောက်ရထားတဲ့ ဟောဒီ ကမ္ဘာစောင့်နတ်မင်းရုပ်တု လေးပဲ။ ဘာဖြစ်လို့လဲဆိုတော့ လက်နှစ်ဖက်နဲ့ကိုင်ထားတဲ့ ကွင်းဝိုင်း က သုညလေ"

| | | | | |
|---|---|---|---|---|
| 7 | = | L | ake | (ရေကန်) |
| 3 | = | i | dol | (ရုပ်ပွားဆင်းတု) |
| 2 | = | f | ane | (ဘုရားကျောင်း) |
| 0 | = | t | itan | (ကမ္ဘာစောင့်နတ်) |



"ကွင်းဝိုင်းလိုက်တာ အဖြေပဲ"

"l . . . i . . . f . . . t . . . လဖ်"

"ကျွန်တော်တို့ကို 'မ' နိုင်းဘာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကို 'မ' ရမှာလဲ"

"ဟောဒီ . . . ဘုရားဆင်းတုတော်ကြီးကို"



"ဝေါ . . . ကျလိ . . . ကျလိ . . . ဂျိ . . . ဂျိ . . . "

ဆင်းတုတော်ကြီး၏အောက်ခြေမှာ လူတစ်ကိုယ်စာ လမ်းပွင့်သွား၏။ လှေကားထစ်ကလေးတွေနှင့် အောက်သို့ဆင်းရမည်ဖြစ်သည်။ သူနှင့်ကိုမိုးကြီး တစ်ဦးကိုတစ်ဦး အကြာကြီး ကြည့်မိသွားပါသည်။ ထို အကြည့်ထဲတွင်ပင် အဓိပ္ပာယ်တွေများစွာ ပါဝင်နေပါ၏။

ကျေးဇူးတင်မှုတွေ၊ နားလည်မှုတွေ၊ ရင်းနှီးမှုတွေ၊ ဖော်မပြနိုင်သော ဝမ်းသာမှုတွေ ပါဝင်ရောနှောလျက်။

လက်ယာ ယဉ်ယဉ်ကျေးကျေးပင် ပြုံးပြဖြစ်သည်။

ပြီးတော့ လှေကားခင်းသောလမ်းလေးကို ငုံ့ကြည့်ကာ . . .

"ဒီလမ်းလေးဆုံးရင်တော့ ထွက်ပေါက်ကို ရောက်ပြီထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

လမ်းဆုံးသို့ ရောက်ခဲ့ပြီ။

တွေ့ရသည်ကား သူတို့တပ်မက်သော ထွက်ပေါက်မဟုတ်။

ခေါင်းစဉ်တစ်ခုနှင့် ဂူပေါက်လေးခုပါ။

(သို့)

လမ်းလေးသွယ်။



"သေဆုံးခြင်းဟာ ဒီကျွန်းရဲ့အဖြေပဲ"

| | | | |
|---|---|---|---|
| 3 | 6 | 9 | 12 |



www.burmeseclassic.com

www.burmeseclassic.com

ဒါတင်မဟုတ်၊ ထိုဂူပေါက်လေးခုနှင့် မလှမ်းမကမ်းတွင် ကမ္ပည်း စာတမ်းလိုလို၊ သတိပေးကြေညာချက်လိုလို အရာတစ်ခုလည်း ရှိနေပါ သေးသည်။

ထိုအရာကား . . .



နောက်ဆုံးကစားပွဲ

- ဤလမ်းလေးခုမှ တစ်လမ်းသည် သင့်အား လောကကြီး နှင့် ပြန်လည်ဆက်သွယ်ပေးမည့်လမ်းဖြစ်သည်။
- မည်သည့်လမ်းမဆို သင်ဝင်ရောက်လိုက်ပါက ဂူပေါက် တံခါးမှာ အလိုလို ပိတ်သွားပေမည်။ ပြန်ထွက်၍မရ။
- လွတ်မြောက်ရာလမ်းမှလွဲ၍ ကျန်လမ်းသုံးခုမှာ ထွက် ပေါက်မဲ့သော အလုံပိတ်လမ်းများဖြစ်သည်။
- လမ်းတစ်ခုကိုသာ သေချာရွေးချယ်ပါ။
- မှားယွင်းရွေးချယ်မိပါက သင့်အသက်သည် အလုံပိတ်ဂူ လမ်းတွင်း၌ မှောင်မည်းခြောက်ကပ်စွာဖြင့် မွန်းကြပ်သေ ဆုံးသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

# XXXVI

စာဆုံးတော့ ကျောချမ်းသွားရသည်။ ပြီး ကိုယ့်ကိုယ်ကိုယ်လည်း စကားတစ်ခွန်းပြောမိ၏။

"လက်ယာရေ . . . ဒီတစ်ပွဲကတော့ မင်းစွမ်းရည်ကို အကောင်းဆုံး ဆုံးဖြတ်ပေးမဲ့ စိန်ခေါ်ပွဲပဲ"

ဟုတ်သည်။ ယခုပွဲသည် အသက်ကို အလောင်းအစားပြုရတော့မည့် စိန်ခေါ်ပွဲပင် မဟုတ်ပါလား။ အရင်တွေ့ရသည့် အခြေအနေတွေနှင့် လုံးဝကို ကွဲလွဲသွားပေပြီ။ ကျွန်းပေါ်ရောက်စဉ်က လောကကြီးနဲ့ အလှမ်းဝေးသည်ဆိုပေမဲ့ အသက်ရှင်ရန် အခွင့်အရေးရှိသေးသည်။ ယခုတစ်ချက်မှားပါက အသက်ရှင်ရန် လုံးဝ မဖြစ်နိုင်တော့ပါချေ။

လောကကြီးဆီ ပြန်ရောက်ရန်တော့ လမ်းတစ်ခုသာ ခြားတော့၏။ ဒါပေမဲ့ သေဆုံးခြင်းလမ်းနှင့် ပိုနီးပါသည်။

"ငါ ဒီစကားကို ကြားဖူးတယ်"

ကောက်ခါငင်ကာ ထပြောသော ကိုမိုးကြီးစကားကြောင့် လက်ယာ လှည့်ကြည့်စဉ် . . .



"သေဆုံးခြင်းဟာ ဒီကျွန်းရဲ့အဖြေပဲ။ ငါ ဘယ်မှာ ကြားဖူးတာပါလိမ့်"

လမ်းလေးခု၏အပေါ်ဘက်ဆီမှ စာကြောင်းအား မျှော်ကြည့်ရင်းပြောတော့ လက်ယာလည်း သူ့နည်းတူ စဉ်းစားသွားပါသည်။ ဒီစကားကို သူလည်း ကြားဖူးပါသည်။ ဘယ်သူပြောတာပါလိမ့်။ သေချာစဉ်းစားလိုက်တော့ သူ့မှတ်ဉာဏ်ပဲကောင်းသည်လား၊ ကြားချိန်ပဲ နည်းလို့လားမသိ လက်ယာ မှတ်မိသွား၏။

"ဒါ ကျွန်းစောင့်ကြီး ပြောဖူးတဲ့စကားပဲ"

"ဟေ . . . "

ကိုမိုးကြီး မျက်လုံးပြူးသွားသည်။ သူ့ကို ကြောင်ကြည့်နေလျက်မှ . . .

"ဟုတ်တယ် . . . ဟုတ်တယ်။ အဲဒီစကားက သူပြောတဲ့စကား။ ငါတို့ ကျွန်းပေါ်ကိုစရောက်ပြီး လမ်းလေးခုထဲမဝင်ခင်မှာပြောတာ။ ဟုတ်တယ်မလား"

လက်ယာ ခေါင်းညိတ်ပြလိုက်သည်။ ကိုမိုးကြီးမှာ ဘာကိုသတိရသွားပြန်သည်မသိ။ လမ်းလေးခုအပေါ်ဘက်မှ နံပတ်များကိုမော့ကြည့်ကာ . . .

"ဒါနဲ့ နေပါဦး။ ဒီနံပါတ်တွေက ငါတို့ကျွန်းထဲမဝင်ခင် ဝင်ပေါက်လေးခုရဲ့အပေါ်မှာ ချိတ်ထားတဲ့ နံပါတ်တွေနဲ့ အတူတူပါပဲလား"

ဒါကိုတော့ အစကနဦးကတည်းက သူ ရိပ်မိထားခဲ့သည်။

"ဟုတ်တယ်လေ . . . ကျွန်တော် ခုန တွက်ပြခဲ့သလိုပေါ့ . . ကိုမိုးကြီးရာ။ အစနဲ့အဆုံးက အတူတူပဲ။ ကြားထဲမှာပဲ ကျွန်တော်တို့ကို သူတို့စိတ်ကြိုက် လှည့်ထားတာ"

နားလည်သွားသလို ကိုမိုးကြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး လမ်းလေးခုအပေါ်ဘက်မှ စာကြောင်းကိုပြန်ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဘာလဲကွ။ ငါတို့သေမှ ဒီကျွန်းရဲ့အဖြေကိုရမယ်လို့ ပြောတာလား"

"အဲလိုတော့ ဟုတ်မယ်မထင်ဘူး"

လက်ယာ စဉ်းစားရပြန်ပါ၏။ ပွဲက အများမခံသောအခြေအနေသို့ ရောက်ခဲ့ပြီမဟုတ်ပါလား။ နောက်ဆုံးအဆင့်၊ နောက်ဆုံးစိန်ခေါ်ပွဲ။ လမ်းရဲ့ဟိုတစ်ဖက်မှာ မျှော်လင့်ခြင်းရောင်နီတွေရှိသလို အလျော်အစားလည်း ကြမ်းပေသည်။ စဉ်းစားရင်းနှင့် နားထဲမှာ အသံတစ်ခုကို ထပ်ကြားရသည်။ ကျွန်းစောင့်ကြီးပြောခဲ့တဲ့စကား။ သတိရလျှင်ရချင်းမှာပဲ . . .

"နေဦး . . . ကျွန်းစောင့်ကြီးပြောတာ နောက်တစ်ခုရှိသေးတယ်။ ဒီစကားမပြောခင် သူ တစ်ခုပြောတယ်။ ဝင်ပေါက်လေးခုထဲက တစ်ခုမှာ အရမ်းအဆိပ်ပြင်းတဲ့ မြွေတွေ နေထိုင်တယ်တဲ့။ အဲဒီစကားပြောပြီးမှ သေဆုံးခြင်းဟာ ဒီကျွန်းရဲ့အဖြေပဲလို့ ပြောတာ"

သူစကားဆုံးစဉ် ကိုမိုးကြီး မျက်လုံးမှေးကျဉ်းသွားလေသည်။ သူပြောတာ ဟုတ်မဟုတ် မှတ်ဉာဏ်ကို ပြန်ဖော်နေသည်ထင်၏။ ပြီးတော့မှ . . .

"သူ ဘာကိုဆိုတာလို့ မင်းထင်လဲ"

"ကျွန်တော့်အထင်တော့ . . ."

လက်ယာ စကားကိုရပ်ပြီး လမ်းလေးခုအပေါ်ဘက်ဆီမှ နံပါတ်တို့ကို တစ်ခုချင်း သေချာကြည့်သည်။ ပြီးတော့ . . .

"ကျွန်းရဲ့ထွက်ပေါက်ဟာ သေဆုံးခြင်းရှိရာလမ်းပဲလို့ ပြောတာဖြစ်လိမ့်မယ်"

"ဘာကြီးလဲ"

မေးခွန်းတစ်ခုက ချက်ချင်းထွက်လာတော့ . . .

"ဝင်ပေါက်မှာ မြွေတွေရှိတဲ့လမ်းကိုပဲအခု ကျွန်တော်တို့ ရွေးရမှာ"



ဟော . . ."

ထိတ်လန့်သွားပါသည်။ ပြီး နားမလည်နိုင်မှုတွေ အုံကြွကာ သူ့ကိုကြည့်တော့ . . .

"သူတို့ဆိုလိုတဲ့သဘောက ဝင်ပေါက်လေးခုမှာ မြွေတွေရှိတဲ့လမ်းကို ကျွန်တော်တို့ ဝင်သွားခဲ့ရင် သေချာပေါက် အသက်ဆုံးလိမ့်မယ်။ သေဆုံးခြင်းဟာ ကျွန်းရဲ့အဖြေဆိုတော့ အဲဒီသေဆုံးခြင်းရှိရာလမ်းကပဲ ကျွန်းရဲ့အဖြေပဲပေါ့"

" . . . . . "

"ဝင်ပေါက်လေးခုမှာ မြွေဆိုးတွေရှိတဲ့လမ်းက နံပါတ်ဘယ်လောက်လဲ။ အဲဒီနံပါတ်ကိုပဲ အခု ထွက်ပေါက်မှာ ကျွန်တော်တို့ ရွေးရမှာ"

" . . . . . "

"အခု လမ်းမှာတော့ လောကကြီးဆီ ပြန်ရောက်ဖို့ကလွဲပြီး ဘာမြွေမှ ရှိမှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

## XXXVII

စကားဆုံးစဉ်မှာ အကြာကြီး တိတ်သွားလေသည်။

"မြွေဆိုးတွေရှိတဲ့လမ်းကို သိဖို့က ကိုယ်တိုင်ဝင်ကြည့်မှပဲ ရလိမ့်မယ်"

"ခင်ဗျား ကျွန်းထဲကိုဝင်တော့ နံပါတ်ဘယ်လောက်ကို ရွေးခဲ့လဲ"

ကိုမိုးကြီး တစ်ချက်စဉ်းစားပြီး . . .

"၉ . . . . "

လက်ယာ စိတ်ပျက်သွားချေပြီ။ ဒါဆိုလျှင်တော့ မျှော်လင့်ချက်မရှိတော့ပါ။ ကိုယ်တိုင်ကိုယ်ကျ ဝင်ကြည့်မှပင်ရတော့မည်။

"ကျွန်တော်က (12)။ ခင်ဗျားရွေးတဲ့လမ်းနဲ့ ကျွန်တော်ရွေးတဲ့လမ်းက အတွင်းထဲမှာ ပေါင်းထားတယ်"

"ဟုတ်တယ် . . . ။ ငါလည်း သတိထားမိတယ်။ ဒီလိုဆို အဖြေက (3)နဲ့ (6)တစ်ခုခုပဲ"

ဒုတိယအကြိမ်မြောက် အကြာကြီး တိတ်သွားပြန်ပါသည်။ ပြီးတော့ သူနှင့်ကိုမိုးကြီး တစ်ဦးကိုတစ်ဦး မမှိတ်မသုန် စိုက်ကြည့်ဖြစ်ကြ၏။



အချိန်တွေအကြာကြီး။

ပတ်ဝန်းကျင်မှာ အလင်းရောင်နည်းပါးလာနေပြီ။ ကောင်းကင်တစ်ခွင်လုံးလည်း မှိုင်းညို့အုံ့မည်းကာ အနားယူတော့မည်။ နေ့ရက်တစ်ခု ကုန်ဆုံးတော့မည်ဖြစ်၏။

ထို့အတူ သူတို့ အားကိုးအားထားပြုထားသော လပြည့်ကျော် (၂)ရက်မှာလည်း ပျောက်ဆုံးလုလု အလင်းရောင်နှင့်အတူ ပါသွားတော့မည်။

မကြာခင် မိုးချုပ်ပေတော့မည်။

"ကျွန်တော် သွားမယ်"

သူ့စကားဆုံးတော့ ကိုမိုးကြီးက မတ်တတ်ရပ်ကာ . . .

"မဟုတ်ဘူး၊ ငါသွားမယ်"

လုံးဝ မဖြစ်ပါ။ မကြာခင် ညအချိန်ရောက်ပေပြီ။ တစ်တောလုံး မှောင်တော့မည်ပဲ။ တိမ်မည်းတွေဖုံးနေသည်မို့ လရောင်လည်း ရှိမည်မဟုတ်ပါ။ ဒီလိုမှောင်ကြီးမည်းကြီးမှာ မြွေဆိုးတောကို ရှာဖွေရမည်ဆိုသည်ကား . . .

မဖြစ်။

တွေးကြည့်ရုံနှင့်ပင် ကြက်သီးထလောက်သည်။ တစ်ယောက်တည်းသွားရန် ဘယ်လိုမှမဖြစ်နိုင်ပါ။ ထို့ကြောင့် . . .

"ကျွန်တော်လည်း လိုက်မယ်"

"မဖြစ်ဘူး၊ မင်းနေခဲ့။ မင်းလိုက်ရင် ကြာနေမှာ"

"ဟာ . . . မဟုတ်တာ။ ကိုမိုးကြီးကလည်း ဒီလောက်ထိနေလာခဲ့ပြီးမှ သေလည်းအတူတူ၊ ရှင်လည်း အတူတူပေါ့ဗျာ။ မရဘူး၊ ကျွန်တော်လည်း လိုက်မယ်"

ကိုမိုးကြီးက သူ့အား တည့်တည့်စူးစူးကြည့်သည်။ ကိုမိုးကြီး မျက်လုံးတွေမှာ ကြင်နာမှုနှင့် အနစ်နာခံလိုမှု အရိပ်အငွေ့တွေ ထင်ဟပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ . . . ကောင်လေး။ မင်းသေချာစဉ်းစား။ ငါတို့အတွက် အချိန်ကုန်သလောက် ဖြစ်နေပြီ။ မကြာခင်နာရီပိုင်းအတွင်း ဒီရေတွေ တက်တော့မှာ။ ဒီတစ်ခါတက်မှာ ခေါင်ရေ။ ထွက်ပေါက်ကိုမရောက် ဘဲ နှစ်ယောက်လုံး သေသွားလိမ့်မယ်"

"အဲဒါဆို ခင်ဗျားကရော ဒီအချိန်လေးနဲ့ ဝင်ပေါက်လေးခုကို ရောက်အောင် ဘယ်လိုသွားမှာလဲ"

ကိုမိုးကြီး မဲ့ပြီးတစ်ခုကို ပြုံးသည်။

"ငါ ဒီကျွန်းပေါ်မှာနေလာတာ သုံးနှစ်ရှိပြီ။ အဲဒီနေရာကို အမြန် ဆုံးရောက်အောင် သွားလို့ရမယ့်နည်းလမ်း ငါ့မှာရှိတယ်"

"ဒါဆို ဘာဖြစ်လဲဗျ။ ကျွန်တော်လိုက်လို့ရတာပဲ"

"မရဘူး။ ငါ မင်းကို မစောင့်နိုင်ဘူး။ ငါတစ်ယောက်တည်းပဲ သွားပြီး အချိန်မီပြန်လာရမှာ"

ပြောပြီး ကိုမိုးကြီးက သူရပ်နေရာသို့ လျှောက်လာသည်။

"အဓိပ္ပာယ်မရှိတာဗျာ။ ခင်ဗျားတစ်ယောက်တည်း ညကြီးမိုးချုပ် မြွေတွေပေါတဲ့နေရာကို ဘယ်လိုသွားလို့ဖြစ်မလဲ"

ကိုမိုးကြီးက ရှေ့တည့်တည့်မှာ မျက်နှာချင်းဆိုင်ရပ်၏။ ပြီးတော့ မျက်နှာကိုတည်ရင်း သူ့ကိုစိုက်ကြည့်ကာ . . .

"ပြောလို့မရဘူးလား . . . ကောင်လေး"

"မရဘူး။ ကျွန်တော်ပါ လိုက် . . ."

စကားမဆုံးလိုက် . . .

"ခွပ် . . ."

• • •

လူတစ်ယောက် ခွေလဲကျသွားသည်။ လဲကျသွားသူကို မတ် တတ်ရပ်နေသူက စိတ်မကောင်းစွာကြည့်ရင်း . . .



"ဒီကျွန်းကြီးအကြောင်းကို မင်း ငါ့လောက်နားမလည်ပါဘူး ကောင်လေးရာ။ ငါပြန်လာမယ့်အချိန်ကိုသာ အိပ်စောင့်နေတော့"

ပြီးတော့ . . .

ခပ်သွက်သွက် လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

# XXXVIII

"ကောင်လေး . . . ထတော့"

လှုပ်နှိုးလိုက်သော လက်တစ်ဖက်ကြောင့် လက်ယာ မျက်လုံး ပွင့်သွားသည်။ မျက်လုံးပွင့်ပွင့်ချင်း မြင်လိုက်ရသည်ကား . . .

"ဟာ . . . ဦးစိုင်းလုံ"

ထင်မှတ်မထားသည်မို့ လန့်ဖျတ်ကာ ထထိုင်လိုက်စဉ် . . .

"ငါတို့ အတူတူသေရအောင်"

"ဗျာ . . ."

"ဟိုမှာကြည့်လိုက် . . ."

ဦးစိုင်းလုံညွှန်ပြရာကို ကြည့်လိုက်မိတော့ . . .

"ဘုရားရေ . . ."

လက်ယာ ပါးစပ်ဟောင်းလောင်းပင် ပွင့်သွားရပါသည်။ ရှေ့ ပင်လယ်လှိုင်းလုံးကြီးတစ်လုံး မိုးထိမြင့်သည်ထင်ရလောက်အောင် ရှုန်း ကြွအော်မြည်လာသည်။

'ဒါ ဒီရေတက်တာလား'။ သူ့အတွေးမဆုံးခင် ထိုလှိုင်းလုံးကြီး က ပင်လယ်ဆီ ပြန်ကျသွား၏။



ဝုန်း ဟူသော ရေလှိုင်းပုတ်သံကြီးက ကြောက်ခမန်းလိလိ ထွက် လာသည်။ ပြီးတော့ နောက်တစ်ကြိမ် ရုန်းကြွ၍ 'ဝရော' ဟူသည့် အား ယူသံကြီးကိုလည်း ကြားရသည်။ မှောင်မိုက်သော ညယံဖြစ်ပေမဲ့ လှိုင်း ပုံစံနှင့် အော်မြည်လာသံက အမြင်မှားစရာမရှိ။

ထိုစဉ်မှာပင် သူတို့ရပ်တည်ရာမြေကြီးမှာ သိမ့်သိမ့်တုန်သွား ပါသည်။ မတ်တတ်ရပ်ရန် ကြိုးစားစဉ်မှာပဲ ပြန်လဲကျသွားပြီး သစ်ပင် တွေ ယိမ်းထိုးကုန်၏။

"ဝုန်း . . . ဝုန်း . . . ဝုန်း . . ."

ပြင်းထန်သော ငလျင်လှုပ်မှုကြီးတစ်ခုကြောင့် ခဏချင်းပင် သူ တို့ရပ်တည်ရာမြေပြင်မှာ ပက်ကြားတွေအက်လာသည်။ ကျောက်တောင် တွေ ကွဲအက်ကုန်သည်။ ပင်လယ်ပြင်မှ တဝေါဝေါအော်မြည်လာသံကြီး မှာလည်း သွေးပျက်မတတ်။

မကြာခင်မှာပဲ ဤနေရာက သချိုင်းမြေဖြစ်သွားတော့မလို။

"ဝေါ . . . ဝေါ . . . ဝုန်း . . . ဝရုန်း . . . ဝုန်း . . ."

ကမ္ဘာပျက်သလို တစ်ကျွန်းလုံးတုန်ခါနေစဉ်မှာပင် သူ လူတစ် ယောက်ကို သတိရလိုက်သည်။

"ကိုမိုးကြီး . . . ကိုမိုးကြီးရော . . . ကိုမိုးကြီး ဘယ်မှာလဲ"

"သူ မြွေကိုက်လို့ သေသွားပြီ"

"ဗျာ . . ."

"ဟုတ်တယ် , . . ။ မင်းလည်း မကြာခင်သေတော့မှာ။ ငါ လည်း အတူတူပဲ။ ငါတင်မဟုတ်ဘူး ကျွန်းပေါ်မှာရှိသမျှ သတ္တဝါတွေ အကုန်လုံး သေတော့မှာ။ ဟား . . . ဟား . . . ဟား . . ."

ဦးစိုင်းလုံမှာ ပင်လယ်ပြင်ဘက်ကို မျှော်ကြည့်ရင်း သူရူးတစ် ယောက်လို တဟားဟားအော်ရယ်နေပါသည်။

"မဟုတ်ဘူး . . . မဟုတ်ဘူး။ ကျွန်တော် မသေချင်သေးဘူး။ ကျွန်တော် အသက်ရှင်ရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com

အာခေါင်ခြစ်ကာ အော်တော့ ဦးစိုင်းလုံက သနားစရာသတ္တဝါ တစ်ကောင်လို ငုံ့ကြည့်ပါသည်။ ပြီးတော့ ပင်လယ်ပြင်ကြီးဘက်ကို မျက်နှာမူကာ လက်နှစ်ဖက်ကို ဆန့်မြှောက်ရင်း . . .

"ဟား . . . ဟား . . . ဟား . . . ဒီလိုလှိုင်းလုံးကြီးတွေကို ဘယ်လိုမှ တောင့်ခံနိုင်မှာမဟုတ်ဘူး။ တစ်ကျွန်းလုံး ရေအောက်ရောက်တော့မှာ။ တစ်ကျွန်းလုံး ရေအောက်ရောက်တော့မှာ။ ဟား . . . ဟား"

စကားမဆုံးပါချေ။ ခုနထက် သာလွန်ကြီးမားသော ရေမလှိုင်းလုံးကြီး သူတို့မျက်စိရှေ့မှာ ကြွတက်သွားသည်။

"လာနေပြီ၊ လာနေပြီ။ ဟိုမှာ လာနေပြီ"

မျက်စိတစ်မှိတ်အတွင်းမှာပင် လက်နှစ်ဖက်ဆန့်မြှောက်ကာ တကြော်ကြော်အော်ဟစ်နေသော ဦးစိုင်းလုံကိုယ်ပေါ်သို့ ရေလုံးကြီး ပြိုကျသွားပါတော့သည်။

"ဝုန်း . . . "

တာဝေးပြေးကားတစ်စင်းက ရင်ဝဖြတ်တိုက်ခြင်း ခံလိုက်ရသလို လက်ယာ လွင့်ထွက်သွားပါသည်။

ထို့နောက်မှာ . . .

သူတို့ရပ်တည်ရာ ကျွန်းကြီးတစ်ခုလုံး ရေအောက်မြုပ်ဆင်းသွားသည်ကို နောက်ဆုံးအကြိမ် မြင်လိုက်ရတော့၏။

ရင်ထဲမှာတော့ 'ငါ မသေချင်သေးဘူး' ဟု အကြိမ်ကြိမ်အော်နေသည်။



မ သေ ချင် သေး ဘူး

ငါ မသေချင်သေးဘူး

ငါ အသက် ရှင်ချင်သေးတယ်။

ငါ့မှာ အလုပ်တွေကျန်သေးတယ်။

ငါ . . . .

ငါ . . .

ငါ . . . . .

အသက်ရှင်မှရမယ်။



www.burmeseclassic.com

www.burmeseclassic.com

'ငေါက်' ခနဲ ထထိုင်တော့ . . .

"ဝုတ် . . . ဝုတ် . . . ဝုတ် ဝုတ် . . ."

ခွေးတစ်ကောင်က သူ့ကိုကြည့်ကာ သဲကြီးမဲကြီးဟောင်နေသည်။ ထိုခွေးကိုမြင်တော့ ချက်ချင်းပဲ မှတ်မိလိုက်သည်။ သူ့ငါးကင်တစ်ကောင်ကို လုပြေးသည့်ခွေး။ ပြီးတော့ သူကိုယ်တိုင် ကျကျနနအစာကျွေးဖူးသည့်ခွေး။

ဘာကြောင့် သူ့ကို သဲကြီးမဲကြီး ဟောင်နေတာနည်း။ ပြီးတော့ ခွေးက ဘောင်းဘီစကို ကိုက်ကိုက်ဆွဲနေသည်။

"ဝုတ် . . . ဝုတ် . . ."

နံဘေးဝန်းကျင်ကို ကြည့်ပြီးလည်း ဟောင်သည်။ ဒီတော့မှ သူလည်း ပတ်ဝန်းကျင်ကို သတိပြုမိလိုက်သည့်အချိန်မှာ . . .

"ဟင် . . ."

"မိုးလင်းလုပြီ၊ ဝေလီဝေလင်းပင်မကတော့။ သေချာထပ်ကြည့်တော့ ထွက်ပေါက်လေးခုက သူနှင့်မလှမ်းမကမ်းမှာ မြူငွေ့ငွေ့ဖြင့် ရှိနေသည်။ အနီးဝန်းကျင်မှ သဏ္ဌာန်အားလုံးမှာလည်း အရင်ကအတိုင်း ဘာမျှမပြောင်းလဲ။



"ငါ အိပ်မက် မက်နေတာလား"

ကိုယ့်ကိုယ်ကိုယ်ပြန်မေးတော့ ဝေဝေဝါးဝါး။ ရေရာမှုမရှိ။ မြင်ရသော မြင်ကွင်းအရတော့ ညက ဤနေရာကို ပင်လယ်လှိုင်းလုံးကြီးတွေ ရိုက်နှက်ခဲ့ခြင်း မဖြစ်နိုင်ပါ။ ပြီးတော့ သူတို့ကျွန်းကြီးမှာလည်း လျှင်ဒဏ်ကြောင့် ရေအောက်သို့ မြုပ်ဆင်းမသွားသေး။

ဒါဆို ခေါင်ရေကို ခံနိုင်သွားသည်ဆိုသည့်သဘောလား။ အားလုံးက ဝေဝါးရှုပ်ထွေးစွာ ခေါင်းတွင်းမှာ တရစ်ဝဲဝဲဖြစ်နေသည်။

အိပ်မက်လား၊ တကယ်လား။

"ဝုတ် ဝုတ် . . . ဝုတ် ဝုတ် . . ."

ခွေးက သူ့ဘောင်းဘီစကို ကိုက်ဆွဲပြီး ဟောင်သည်။ ပြီးတော့ သူ့နောက်ကျောဘက်ကို လေးငါးလှမ်းပြေးသည်။ ထိုနေရာမှ ထပ်ဟောင်သည်။ ဘောင်းဘီစကို ပြန်လာဆွဲပြန်သည်။

လက်ယာ သဘောပေါက်လိုက်ပြီ။ သူ့ကိုခေါ်နေတာပါ။

'ဝုန်း' ခနဲကုန်းထကာ ခွေးနောက်ကို ပြေးလိုက်ခဲ့တော့၏။ စိတ်ထဲမှာလေးနေသည်။ တစ်နေရာရောက်တော့ ရှေ့ကပြေးနေသောခွေးမှာ ရပ်သွား၏။ ထိုနေရာသို့ လက်ယာ ရောက်သွားစဉ်မှာပင် . . .

"ဟာ . . . ကိုမိုးကြီး"

ကိုမိုးကြီးမှာ မြေပြင်ပေါ်တွင် မှောက်လျက်လဲနေသည်။ လက်ယာ ပြေးပွေ့လိုက်တော့ လက်တွင်းမှာ ပျော့ခွေကာ ပါလာသည်။

"ဖြစ်မှဖြစ်ရလေ . . . ကိုမိုးကြီးရယ်"

ကိုမိုးကြီးမျက်နှာတစ်ပြင်လုံး ဖြာနှမ်းနေပါသည်။ အသားတွေလည်း ပြာကာ သွေးတွေထွက်နေ၏။ ကိုမိုးကြီးလက်မောင်းမှာ အစွယ်ပေါက်ရာအချို့၊ ခြေထောက်မှာရော . . .

ပခုံးနှင့် လည်ပင်းမှာရော . . .

မချိတင်ကဲ အံကြိတ်ပြောသံကြောင့် ကိုမိုးကြီး မျက်လုံးနှစ်လုံးမှာ ပွင့်လာ၏။ ပွင့်ပွင့်ချင်း သူ့ကိုတွေ့တော့ အားယူပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားတန်မဲ့ လက်ယာပါးပြင်ပေါ် မျက်ရည်တို့ တစ်ပေါက်ချင်း ကျလာပါသည်။

"ငါ . . . ငါသိခဲ့ပြီ လက်ယာ။ ထွက်ပေါက်ကို ငါရှာတွေ့ခဲ့ပြီ"

မောဟိုက်ယိမ်းထိုးသော ကိုမိုးကြီးအသံကို ကြားရတော့ . . .

"ကိုမိုးကြီးရယ် . . . "

ထိုမျှသာ စကားဆိုနိုင်ပါတော့သည်။ ကိုမိုးကြီးပုံစံကို ကြည့်ပြီး စကားလုံးတွေက လည်ချောင်းဝမှာ တစ်နေသည်။ ရင်တွင်းမှာ တနင့်နင့်ဆို့ကာ မျက်ရည်တို့ပင် တစ်ပေါက်ပြီးတစ်ပေါက်။

"ငါ . . . ငါ မသေခင် တစ်ခုလောက် မင်းကိုပြောချင်တယ်ကွာ"

ပြောပြီး မျက်ဖြူတစ်ချက်လန်သွားတော့ . . .

"ကိုမိုးကြီး . . . "

ကျယ်လောင်သွားသော သူ့အသံကြောင့် ကိုမိုးကြီး မျက်လုံးကို ပြန်ဖွင့်ရင်း အားယူသည်။ ကိုမိုးကြီးခန္ဓာကိုယ်မှာ မြွေဆိပ်တွေ တရိပ်ရိပ်တက်နေပြီ။ မည်းပြာသောနှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်လာကာ ခန္ဓာကိုယ်မှာလည်း အကြောဆွဲသလို တစ်ချက်တစ်ချက် တုန်သွားသည်။

ထိုစဉ်မှာပင် . . .

တုန်ယင်နေသော နှုတ်ခမ်းတို့ကို အားယူဖွင့်ဟရင်း . . .

"ငါ အခုပဲ ဒီကိုပြန်ရောက်တာ။ မင်း ငါ့ကိုရှာတွေ့တာ တော်တော်ကံကောင်းတယ်။ မဟုတ်ရင် ငါပြောချင်တာ ပြောလိုက်ရမှာမဟုတ်ဘူး"

"ပြောလေဗျာ . . . ကိုမိုးကြီးရဲ့၊ ကိုမိုးကြီး ဘာပြောချင်တာလဲ။ ပြော . . . ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ငိုသံပါကြီးဖြင့် မချိတင်ကဲဆိုတော့ . . .



"မင်း . . . မင်းရဲ့စာအုပ်လေးကို ငါနဲ့အတူ ထားခဲ့ပေးပါကွာ။ ငါ့ . . . ငါ့ရဲ့ အမိုက်စိတ်တွေကို ပြောင်းလဲပေးခဲ့တဲ့ မင်းကို အများကြီး ကျေးဇူးတင်ပါတယ်။ မင်းစာအုပ်လေးကိုရောပဲ"

ပြောပြီး ကိုမိုးကြီးမှာ ရင်ဘတ်ကြီး နိမ့်ကာမြင့်ကာဖြင့် မောဟိုက်ကာသွားတော့၏။ လက်ယာ ဖြည်မဆည်နိုင်သော ဝမ်းနည်းကြည်နူးခြင်းတွေ အကြိမ်ကြိမ်ဖြစ်မိတော့သည်။ လုံးဝထင်မှတ်မထား။ ကိုမိုးကြီး ထိုအရာကိုတောင်းဆိုမည်ဟု လုံးဝထင်မှတ်မထားခဲ့။

"ပေးမှာပေါ့ဗျ . . . ကိုမိုးကြီးရဲ့။ ခင်ဗျားလိုချင်ရင် ကျွန်တော်ပေးမှာပေါ့"

မျက်ရည်တွေ ဒလဟောဖြင့် ရင်ဘတ်တွင်းမှ စာအုပ်ကိုထုတ်ကာ ကိုမိုးကြီးလက်တွင်း ထည့်ပေးသည်။ လက်တွင်းရောက်လာသော စာအုပ်လေးကိုကြည့်ကာ ကိုမိုးကြီးမျက်နှာ၌ ဝမ်းသာပီတိစိတ်တွေ တစ်ခုချင်း ပေါ်လာ၏။

ပြီးတော့ အသက်ပြင်းပြင်းတစ်ချက်ကို အားရပါးရ ရှိုက်ရှူရင်း . . .

"လက် . . . လက် . . . ယာ . . . ငါလေ . . . ကိုဗမော် ကို ပြန်မသတ်တော့ပါဘူးကွာ . . . နော် . . . "

'ကိုမိုးကြီးရေ' ဟု လောကကြီးတစ်ခုလုံးကြားအောင်သာ အော်လိုက်ချင်တော့သည်။ ဝမ်းသာမှုတွေ၊ ကြည်နူးမှုတွေ၊ အကောင်းမြင်စိတ်ရသွားသည့် ကိုမိုးကြီးအတွက် ပီတိဖြစ်မှုတွေ ရင်တွင်း၌ တစ်လိမ့်ချင်း ထိုးထွက်လာလိုက်သည်မှာ တအား။

ဒါပေမဲ့ . . .

ကိုမိုးကြီးကတော့ စာအုပ်လေးကို ကိုင်ရင်း ငြိမ်သက်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

တူးယက်စရာ တစ်စုံတစ်ရာမရှိပေမဲ့ လက်ယာ အတတ်နိုင်ဆုံးတော့ ကြိုးစားခဲ့သည်။ ကိုမိုးကြီးတော့ နေရထိုင်ရ အနည်းငယ်ကြပ်မည်ထင်၏။ တစ်တောင်မနက်သော မြေကျင်းတစ်ကျင်းရဲ့ ရင်ဘတ်ပတ်ကြားအကျ်ထဲမှာ ကိုမိုးကြီးရဲ့ရုပ်ကလာပ်က ငြိမ်သက်စွာ လဲလျောင်းလို့။

ရင်ဘတ်ပေါ်တွင် သူတောင့်တောင့်တတ လိုချင်တပ်မက်ခဲ့သော 'စိတ်၏အရည်အသွေး' စာအုပ်လေးကိုတင်ကာ လက်နှစ်ဖက်နှင့် အုပ်ကိုင်လို့။

ကိုမိုးကြီးမျက်နှာက ပြုံးနေသယောင်။ ဒါမှမဟုတ် ကျေနပ်နေသယောင်။ လူ့ဘဝ၏ တကယ့်ချမ်းသာစစ်ကို နောက်ဆုံးအချိန်မှာ ရှာတွေ့သွားသည့် အောင်မြင်သူတစ်ယောက်လို ဝံ့ကြွားနေသယောင်။

သို့မဟုတ် အေးချမ်းနေသယောင်။

အဓိပ္ပာယ်များစွာ ဖော်ဆောင်လျက်ရှိပါ၏။ ဤကျွန်းကြီးမှ မလွတ်မြောက်ခဲ့ပေမဲ့ ဘဝထဲမှ လွတ်မြောက်သွားတာလား။ ကိုမိုးကြီးကတော့ သူ့ဘဝသူ ကျေနပ်သွားခဲ့သည်ဆိုတာ နောက်ဆုံးထွက်သက်၌ မျက်နှာပေါ် တင်ပြသွားခဲ့သည်။



သူကတော့ ကိုမိုးကြီးကို ကြည့်ရင်း စကားတိုးတိုးဆိုဖြစ်ပါသည်။

"ဒီဘဝမှာ တစ်ပြန်တလဲလဲ ရုန်းကန်လှုပ်ရှားခဲ့တာတွေ၊ ဖတ်ရှုမှတ်သားခဲ့တာတွေ၊ ကြိုးစားအားထုတ်ခဲ့တာတွေက နီးစပ်ရာနောက်ဘဝမှာ အကြောင်းအားလျော်စွာ ပြန်ပေါ်လာတတ်တယ်တဲ့။ သိပြီး တတ်ပြီး ဖြစ်နေတတ်တယ်တဲ့။

ကိုမိုးကြီး အခု ဒီစာအုပ်လေးကို စွဲလမ်းနှစ်ခြိုက်ခဲ့တယ်။ စာအုပ်လေးထဲက အကြောင်းအရာတွေကို ဖတ်ရှုမှတ်သားခဲ့တယ်။ အဲဒီအရှိန်တွေမကုန်ဘဲ နောက်ဘဝထိ အသိအာရုံထဲမှာ စွဲမြဲနေပါစေ။

တပြန်တလဲလဲ ပေါ်လာပါစေ။

ပြီးတော့ စာအုပ်လေးရဲ့ ရည်ရွယ်ချက်အတိုင်း . . .

'ဘဝကြီးကို အောင်မြင်စွာ အနိုင်ယူနိုင်ပါစေ'

မြေမှုန့်တစ်ဆုပ် ကျဲချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မြေပုံမို့မို့လေးကို နောက်ဆုံးတစ်ခေါက်ကြည့်ပြီး ကျောခိုင်းလိုက်ပါသည်။ ကိုမိုးကြီးတော့ အေးချမ်းစွာ အနားယူနေလိမ့်မည်။

ပြီးတော့ မပြီးဆုံးသေးသည့် သံသရာခရီးကို လျှောက်လှမ်းဖို့အတွက်လည်း အားယူနေပေလိမ့်မည်။

ကိုမိုးကြီး နောက်ဆုံးလဲကျခဲ့ရာနေရာသို့ ပြန်လျှောက်လာလိုက်၏။ မြေပြင်မှာ ကိုမိုးကြီးရေးခြစ်သွားခဲ့သော လက်ချောင်းရာလေးသုံးခု ရှိနေပါသည်။

ကျွန်းရဲ့ထွက်ပေါက်အတွက် သူ့ကို အဖြေထုတ်ပေးသွားခြင်းဖြစ်ပါ၏။ အသက်မမီခဲ့ပါက ဤအမှတ်အသားကိုကြည့်ပြီး လွတ်မြောက်လမ်းရှာတွေ့ရန် သူ့အတွက် ချန်ပေးသွားခြင်းဖြစ်နိုင်ပါသည်။

မြေပြင်မှာ မထင်မရှား ရေးခြစ်သွားခဲ့သော လက်ချောင်းရာလေးသုံးခုကို ကြည့်ပြီးတော့ . . .



နံပါတ် (၃) ဝင်ပေါက်ကို လှမ်းဝင်လိုက်ချိန် . . .

"ဂျလိ . . . ဂျလိ . . . ဝုန်း . . . "

ကျယ်လောင်စွာ မြည်ဟည်းရင်း ဝင်ပေါက်တံခါးကြီး ပိတ်သွား၏။ အတွင်းဘက်မှာ သူတစ်ယောက်တည်း။

မှောင်မည်းနေခြင်းတော့ မဟုတ်ပါ။ ဘာကြောင့်မှန်းမသိ ဂူလမ်းတွင်းမှာ အလင်းအနည်းငယ် ဖောက်ဝင်နေပါသည်။

နောက်လှည့်မရသည်မို့ တစ်လှမ်းချင်း လျှောက်သွားလိုက်တော့ . . .

"ငါ တကယ်စိတ်မကောင်းပါဘူးကွာ"

မကြားရကြာပြီဖြစ်သော ကျွန်းစောင့်ကြီးရဲ့ ဝမ်းနည်းစကား။ ဘယ်နေရာက ပေါ်လာမှန်းမသိ။ အားလုံးကို သိနေပုံရပါသည်။

"သူ့ကံပေါ့ကွာ။ လောကကြီးဆီ ပြန်သွားဖို့ ကံကုန်သွားပြီနဲ့တူတယ်"

လက်ယာ ခြေလှမ်းကိုမရပ်ဘဲ ကြားရသောစကားကို နားထောင်ရင်း တစ်လှမ်းချင်း လှမ်းလာခဲ့သည်။ ဘယ်နေရာက ကျွန်းစောင့်ကြီးအသံ ပေါ်လာမှန်းမသိပေမဲ့ ဂူလမ်းတစ်ခုလုံးမှာတော့ ဟိန်းထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ . . မင်း သူ့တို့စကားကို နားမယောင်စေ လို့။ သူတို့ဆိုတာ ဦးစိုင်းလုံတို့အုပ်စုကို ပြောတာ။ တကယ်တော့ သူတို့တွေအကုန်လုံးက ဟိုးသက္ကရာဇ်တော်တော်ဝေးဝေးကတည်းက သေဆုံးပြီးတဲ့ လူတွေကွ"

"ဗျာ . . . "

လက်ယာ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"အဲဒီအတိုင်းပဲကွ။ သူတို့အုပ်စုက ရောက်လာတဲ့လူ တော်တော်များများကို အမျိုးမျိုးခြောက်လှန့်ကြတယ်။ လမ်းမှားရောက်အောင် လုပ်ကြတယ်။ သူတို့လိုပဲ ကျွန်းပေါ်မှာ ပြန်လမ်းမဲ့သေဆုံးသွားအောင် လှည့်စားကြတယ်။ လူတိုင်းတော့ သူတို့နဲ့မဆုံဘူး။ ဆုံတဲ့လူ တော်တော်များများကလည်း သူတို့လိုဖြစ်သွားတာ များတယ်။

ဘာလို့ လူတိုင်း သူတို့နဲ့မဆုံလည်းဆိုတော့ သူတို့အသက်ရှင်စဉ်ကာလ နေထိုင်ကျက်စားခဲ့တဲ့ နေရာတွေမှာပဲ သူတို့ အခုနေကြတာလေ။ ဒီတော့ သူတို့ကျက်စားခဲ့တဲ့ နေရာတွေကို ရောက်တဲ့လူလောက်ပဲ သူတို့နဲ့ဆုံတာ။ မင်းသွားတဲ့နေရာတွေကလည်း သူတို့ကျက်စားခဲ့တဲ့ နေရာတွေဆိုတော့ ခဏခဏ ဆုံနေတာပေါ့"

လက်ယာ ဘာဖြေလို့ ဖြေရမှန်းပင်မသိတော့ပါချေ။ ပြီးတော့ ကျွန်းစောင့်ကြီးစကားတွေ မှန်၊ မမှန်ဆိုတာလည်း ဝေခွဲရခက်နေ၏။ ဒါပေမဲ့ လုံးဝလက်မခံနိုင်သော အကြောင်းအရာတစ်ခုကိုတော့ ချက်ချင်းမေးလိုက်သည်။

"ဒါဆို ကျွန်းပေါ်ကို ဒီရေတွေတက်လာတာတွေ၊ အနောက်ဖက်ကမ်းပါးကြီး မြုပ်သွားတာတွေ၊ ကျွန်းကြီး ပင်လယ်ရေအောက်ထဲ နစ်ဝင်သွားတာတွေကရော ဘယ်လိုပြောမလဲ"

အမေးရှည်ပေမဲ့ အဖြေက တစ်ခွန်းတည်း။

"မင်း တောခြောက်တယ်ဆိုတာကို ကြားဖူးလား"



ပြီးတော့ နောက်ဆက်တွဲစကားတွေ ပေါ်လာသည်။

"မင်းမို့လို့ ဒီလောက်ပဲခံရတာ။ တချို့တွေဆို မင်းထက်အဆပေါင်းများစွာသာတဲ့ ကြောက်မက်ဖွယ်တွေ မြင်တွေ့ပြီး စိတ်မထိန်းနိုင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့လူတွေတောင် ရှိတယ်"

လက်ယာ ကြက်သီးပင် ထချင်သလိုလိုဖြစ်သွားရသည်။ ထို့ကြောင့် . . .

"အဲလိုဆို ကျွန်တော့်ကို အရင်ကတည်းက ပြောပါလား။ ဘာလို့ အခုမှပြောရတာလဲ"

ကျွန်းစောင့်ကြီး၏ ခြောက်ကပ်ကပ်ရယ်သံကို ကြားရသည်။

"ဆန္ဒမစောနဲ့ . . . ကောင်လေးရ။ မင်း အခုလိုထွက်ပေါက်ကိုတွေ့ဖို့ သူတို့ဆီကရခဲ့တဲ့ သဲလွန်စတွေ မရှိဘူးလား။ ဥပမာ နံပါတ်(၅)၊ နယ်မြေနဲ့ နံပါတ် (၆)နယ်မြေက ဆက်နေတယ်တို့၊ နံပါတ် (၄)က နံပါတ် (၆)နယ်မြေထဲမှာ ပျောက်နေတယ်တို့ ဆိုတာလေ"

ဒီလိုတော့လည်း ဟုတ်ပါသည်။ သူ ငြိမ်သွားတော့ . . .

"ကဲပါ . . . အဲဒါတွေ ထားလိုက်ပါတော့။ ရှေ့မှာ တံခါးတစ်ချပ်က မင်းအဖွင့်ကို စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

တံခါးရှေ့ရောက်တော့ . . .

"နောက်ဆုံးအနေနဲ့ပေါ့ကွာ။ ကျောက်ခုတင်ပေါ်မှာဆွဲထားတဲ့ ဗန်ဂိုးရဲ့ Three Hands ပန်းချီကားထဲက မင်းဘာလို့ လက်သီးဆုပ်ထားတဲ့ အောက်ဆုံးပုံကို ရွေးတာလဲ"

ဒီမေးခွန်းကတော့ အခက်အခဲမရှိပါချေ။ လောကလူသားအားလုံးကို သူဖြစ်စေချင်သော ဆန္ဒလေးပါပဲ။

ထိုဆန္ဒစကားလေးတွေဆုံးတော့ . . .

"ဂျိန်း . . . "

တံခါးကြီးတစ်ချပ် ပွင့်သွားပါသည်။



သူမြင်လိုက်ရသည်ကား . . .

လက်တစ်ဖက်ကို ဆန့်တန်းရင်း ပြုံးဝံ့ဝံ့ မတ်တတ်ရပ်နေသူတစ်ယောက်။

"ကျွန်းစောင့်ကြီး . . . "

လက်ယာ နှုတ်မှထွက်သွားတော့ . . .

"ဟုတ်ပါ့ဗျာ . . . ကွန်ဂရက်ကျူလေးရှင်းပါ"

လက်ယာ ပြန်လည်နှုတ်ဆက် ပွေ့ဖက်တော့ . . .

"အံ့ဖွယ်လူသားပါပဲ။ ငါတို့ကျွန်းကြီးရဲ့ ငါးယောက်မြောက် လွတ်လပ်သူပေါ့"

ကျွန်းစောင့်ကြီးက သူ့ပခုံးကိုဖက်ကာ တစ်နေရာခေါ်သွားသည်။ ဘာမှန်းမသိ ကျွန်းစောင့်ကြီးခေါ်ဆောင်ရာနောက် လိုက်သွားမိတော့ . . .

"ကဲ . . . ဒီမှာ မင်းနာမည်ကို ကိုယ်တိုင်သာ ထိုးလိုက်တော့"

လက်ယာ ခဏချင်းပင် သဘောပေါက်လိုက်ပါသည်။ သူတွေ့ရသည်ကား ကမ္ပည်းကျောက်စာချပ်တစ်ခု။ ယိုအပေါ်မှာ လူလေးယောက်နာမည်ကို မညီမညာလက်ရေးတွေနှင့် ရေးထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက်သွားသူတွေပါ။

ဤကျွန်းကြီးပေါ်မှ သူ့ရှေ့က လွတ်မြောက်ထားသူ လေးဦး။

တစ်ဦးချင်းနာမည်အား ဖတ်ကြည့်ရင်း ကျွန်းစောင့်ကြီးစကားကို လိုက်နာလိုက်ပါသည်။

ငါးယောက်မြောက် လွတ်လပ်သူအဖြစ် ကမ္ပည်းကျောက်စာမှာ ရေးထိုးလိုက်၏။

စောထီး

*Laung Sue Le*

ကနုဦး

မြဲနှစ်

မိုးကြိုး

ရေးထိုးမှုဆုံးတော့ ကျွန်းစောင့်ကြီးက သူ့အား စူးစူးနစ်နစ်ကြည့်နေသည်။ ပြီးတော့ ခေါင်းကိုညိတ်ရင်း စကားတစ်ခွန်းဆို၏။

"လောကကြီးဆီ တကယ်ပြန်သွားသင့်တဲ့ လူတစ်ယောက်ပါပဲ"



BURMESE CLASSIC .com

Ending



www.burmeseclassic.com

www.burmeseclassic.com

ရောင်နီလာပြီဖြစ်၏။ ပင်လယ်ကမ်းစပ် တစ်နေရာတွင် လူနှစ်ယောက် မတ်တတ်ရပ်နေသည်။

တစ်ဦးက ပင်လယ်ပြင်ကြီးကို ကြည့်နေပြီး ကျန်တစ်ဦးကတော့ အရပ်မျက်နှာတစ်ခုသို့ မမိုတ်မသုန် စိုက်ကြည့်နေ၏။ ပင်လယ်ပြင်ကြီးကို ကြည့်သူမှာ အဖြူရောင်အဝတ်ကို အထက်အောက်ဝတ်ဆင်၍ အသက်ကြီးပုံရသည်။

မျက်လုံးမှာ ကြည်လင်ပြီး ရင့်ကျက်ပြည့်စုံနေသလို . . .

"ဘာလိုလိုနဲ့ ခင်ဗျားတို့ ကျွန်းကြီးတောင် (၆၁)နှစ်ပြည့်တော့မယ်နော်"

ကျွန်းစောင့်ကြီး ပြုံး၏။

"ဒါလည်း သိတာပဲလား"

"ဥ ဒေါင်းငယ် ဖိုဝင် လေဗျာ . . ."

| | | |
|---|---|---|
| ဥ | = | ၁ |
| ဒေါင်းငယ် | = | ၇ + ၂ = ၉ |
| ဖို | = | ၅ |
| ဝင် | = | ၄ |

ဥ ဒေါင်းငယ် ဖိုဝင် = ၁၉၅၄

တည်ဆောက်ပြီးစီးသည့် သက္ကရာဇ်ကိုပဲ ကျောက်ဆောင်ကြီးနံရံမှာ စာလုံးကြီးများဖြင့် ရေးထားပါသေးသည်။



တကယ်တော့ . . .

လူသားတွေအဖြစ် စတင်ကတည်းက ကျွန်တော်တို့ကိုယ်တွင်းမှာ ဘုရားသခင်ထည့်ပေးလိုက်တဲ့ အရာလေးတစ်ခု ရှိနေပါတယ်။ အဲဒါကတော့ ကောင်းမွန်တဲ့ မေတ္တာတရားပါပဲ။

ထိုအရာလေးက ကျွန်တော်တို့ကိုယ်တွင်းမှာ အစဉ်သဖြင့် တည်ရှိနေတယ်။ ဒါပေမဲ့ ပိတ်ဖုံးကာဆီးထားတဲ့အရာတွေ များလွန်းတဲ့အတွက် အပြင်ကို ထိုးမထွက်နိုင်ဘူး။

ကျွန်တော်ရွေးချယ်လိုက်တဲ့ လက်ဝါးပန်းချီပုံလိုပဲပေါ့။ ကောင်းမွန်တဲ့ မေတ္တာတရားလေးက လက်သီးဆုပ်အတွင်းထဲကို ရောက်နေတယ်။ ထိုအရာလေးကို ကျွန်တော်တို့လက်ချောင်းတွေကပဲ ဖုံးအုပ်ကွယ်ဝှက်ထားပါတယ်။ တကယ်တော့ တရားခံဟာ တခြားသူမဟုတ်ပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ပါပဲ။

လူတွေဟာ ကမ္ဘာကြီးကို ပြောင်းလဲဖို့ ကြိုးစားကြတယ်။

လောကလူသားအားလုံးကို ပြောင်းလဲဖို့ ကြိုးစားကြတယ်။

အမှန်က မိမိကိုယ်မိမိ အရင်ဆုံး ပြောင်းလဲရမှာပါ။ ကိုယ်ကိုယ်တိုင် ပြောင်းလဲနိုင်မှ တခြားအရာတွေကို ပြောင်းလဲပစ်ဖို့ ဖြစ်နိုင်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်အရပ်မှာကား . . .

ရွှေရောင်၊ ငွေရောင်တွေ လင်းလို့။

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက်တစ်နာရီ
ငါးဆယ့်နှစ်မိနစ် ရှိပါပြီခင်ဗျား။

BURMESE CLASSIC .com

THOE SAUNG

# သိုးဆောင်း

## ကတိ သစ္စာ တည်သောခါဝယ်၊
## နှယ်မြက်သစ်ပင် ချစ်သက်ဝင်၏

လုံးချင်းဝတ္ထုသစ်

HWE THAMIEE PUBLISHING HOUSE
01 242219 / 09 5101890

coming soon
on book

www.burmeseclassic.com